


# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ ပါဝင်ပံ့ပိုးမှုများအား ဖွင့်လှစ်ဖော်ထုတ်ခြင်း

## အခွင့်အလမ်းများ၊ အတားအဆီးများနှင့် ရှေးရှုရာလမ်းကြောင်း

## မျက်နှာဖုံးကာဗာဒီဇိုင်းနှင့်စပ်လျဉ်း၍

ဤစာအုပ်၏ မျက်နှာဖုံးတွင် အသုံးပြုထားသော ဒီဇိုင်းပုံသည် မြန်မာနိုင်ငံရှိလူမှုအဖွဲ့အစည်းများ၏ ပင်ကိုအားဖြင့် စဉ်ဆက်မပြတ်ပြောင်းလဲမှု၊ အပြန်အလှန်ဆက်သွယ်မှုစသည့်အခြေအနေကို ထင်ဟပ်ပြသထားခြင်းပင်ဖြစ်ပါသည်။

သရုပ်ဖော်ပုံပါ စက်ဝန်း၏ စက်ဝန်းမျဉ်းပြင်မျဉ်းတလျှောက် တိုင်ပုံစံ (Bar Chart) သည် အဖွဲ့အစည်းတစ်ခုချင်းစီတွင် ပါဝင်ဆောင်ရွက်နေသော လူအရေအတွက်ကိုပုံဖော်ထားသည်။ ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်သည် အခြားသောအဖွဲ့အစည်းနှင့် ဆက်သွယ်ချိတ်ဆက်သွားချိန်တွင် အတွင်းမျဉ်းကြောင်းများသည် ဆုံတွေ့ကြသည်။ ဖြတ်မျဉ်းအများအပြားသည် လူမှုအဖွဲ့အစည်းများအနေဖြင့် မည်သို့ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ကြခြင်း၊ တိုးတက်ကြီးထွားလာခြင်းကိုဖော်ပြနေပါသည်။ တစ်ခုချင်းစီအနေဖြင့် သူတို့သည် အရေးပါသော်လည်း အတူတကွဖြစ်ခြင်းအားဖြင့် ကျယ်ပြန့်သော ထိရောက်သော ရိုက်ချက်များဖြစ်လာကြသည်။


သရုပ်ဖော်ပုံသည် ဤ ဆွေးနွေးချက်စာတမ်းအတွက် သုတေသနလုပ်စဉ်က ရရှိခဲ့သော မူလသတင်းအချက်အလက်များအပေါ်အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

PAUNG SIE FACILITY

# အရပ်ဘက်လူမှုအဖွဲ့အစည်း မိသားစုနှင့် နိုင်ငံတော်အားပေါင်းကူးပေးခြင်း




## အလျင်အမြန်ပြောင်းလဲမှုသည် နိုင်ငံရေးအကူး အပြောင်းနှင့် အဓိက အဖြစ်အပျက်များအားဖြင့် အစပျိုးဖြစ်ပေါ်လာခြင်း




## အဓိကငြိမ်းချမ်းရေး တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှုများ



# မြန်မာနိုင်ငံတွင်ရှိသော အရပ်ဘက်လူ့အဖွဲ့အစည်းများသွားနေသောလမ်းကြောင်း

**၁**

### အဖွဲ့အစည်းအသစ်များ

အဖွဲ့အစည်းအသစ်များပြားလာသည်။

**၂**

### မှတ်ပုံတင်ခြင်း

အဖွဲ့အများစုသည်မှတ်ပုံတင်လာကြသည်။

**၃**

### မူဝါဒရေးရာဆိုင်ရာများတွင် ပါဝင်ကြသော အရပ်ဘက်အဖွဲ့အစည်းများ

အဆိုပါအဖွဲ့အစည်းများသည်
မူဝါဒရေးဆိုင်ရာကိစ္စရပ်များတွင်
ပိုမိုဆောင်ရွက်လိုကြသည်။

**၄**

### ကွန်ရက်အဖွဲ့အစည်းများ

အရပ်ဘက်အဖွဲ့အစည်းများသည်
ကွန်ရက်အဖွဲ့များထူထောင်လာကြသည်။

**၅**

### ကျားမရေးရာဆိုင်ရာအဖွဲ့များ

အမျိုးသမီးအဖွဲ့အစည်းများသည်
ကျားမရေးရာကဏ္ဍတွင်ပါဝင်လာစေရန်
စည်းရုံးလှုံ့ဆော်လာကြသည်။

**၆**

### လူငယ်အဖွဲ့အစည်းများ

လူငယ်အဖွဲ့အစည်းများသည်လည်း
ပိုမိုလူသိများလာကြသည်။

**၇**

### အပစ်အခတ်ရပ်စဲရေး

လက်နက်ကိုင်အဖွဲ့အစည်းများသည်
နှစ်ဦးနှစ်ဖက်အပစ်အခတ်ရပ်စဲခြင်းစတင်ပြီး
ဆက်သွယ်ဆောင်ရွက်လာကြသည်။

**၈**

### နယ်စပ်အခြေစိုက်အဖွဲ့အစည်းများ

နယ်စပ်များတွင်အခြေစိုက်သော
အဖွဲ့အစည်းများသည်လည်း
အရေးပါအရာရောက်နေဆဲဖြစ်သည်။

**၉**

### စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ

စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များသည်
တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများအား
ထိန်းသိမ်းခြင်းဖြင့် ဖွံ့ဖြိုးအားကောင်းလာကြသည်။

# မာတိကာ


ကျေးဇူးတင်လွှာ .......................................................................................1

စာရှုသူသို့........................................................................................1

သဘောထား အယူအဆဆိုင်ရာ မူဘောင်နှင့် အဓိပ္ပာယ် ဖွင့်ဆိုချက်များ ..........................................3

အတိုကောက် အက္ခရာအညွှန်း ..............................................................................4

နိဒါန်း ..............................................................................................9

အခန်း ၁ - အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုတာ ဘာလဲ။ .........................................................11

  ၁-၁။ မိသားစုနှင့် နိုင်ငံတော်အကြားရှိကွက်လပ်........................................................ 11

  ၁-၂။ ငြိမ်းချမ်းရေး သဘောတူညီမှုတွင် အရပ်ဘက်လူမှု အဖွဲ့အစည်းပါဝင်စေခြင်းဖြင့် ပိုမိုအောင်မြင်နိုင်ပါသည်။................ 12

အခန်း ၂ - မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ.....................................13

  ၂-၁။ မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ သမိုင်း အကျဉ်း .................................................. 13

  ၂-၂။ အရပ်ဘက်လူမှု အဖွဲ့အစည်း နှင့် ရည်ရွယ်တည်တံ့သော ငြိမ်းချမ်းရေး................................................ 17

  ၂-၃။ တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွင်းနှင့် လုပ်ငန်းစဉ် ပြင်ပမှ အရပ်ဘက် လူမှု အဖွဲ့အစည်း၏ အခန်းကဏ္ဍ ....... 19

  ၂-၄။ အရပ်ဘက် လူမှုအဖွဲ့အစည်းကို ဘာတွေက အထောက်အကူ ပြုသလဲ။ ဘာတွေက အဟန့်အတား ဖြစ်နေလဲ။ ........... 23

  ၂-၅။ လက်ရှိ အလားအလာများ.................................................................................. 30

အခန်း ၃။  ငြိမ်းချမ်းရေးတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ..................................44

  ၃-၁။ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ လုပ်ငန်းများ - ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အထောက်အကူ ပြုခြင်း............... 44

    လုပ်ငန်းဆောင်ရွက်ချက် ၁ - ကာကွယ်စောင့်ရှောက်ခြင်း.................................................... 46

    လုပ်ငန်းဆောင်ရွက်ချက် ၂ - စောင့်ကြည့်လေ့လာခြင်း ..................................................... 48

    လုပ်ငန်းဆောင်ရွက်ချက် ၃ - အသိပေး ဆွေးနွေးခြင်း........................................................ 50

    လုပ်ငန်း ဆောင်ရွက်ချက် ၄ - လူမှုရေး ပုံသွင်းခြင်း........................................................ 51

    လုပ်ငန်း ဆောင်ရွက်ချက် ၅ - လူမှုပေါင်းစည်း ညီညွတ်မှု ................................................. 52

    လုပ်ငန်း ဆောင်ရွက်ချက် ၆ - စေ့စပ်ဖျန်ဖြေခြင်းနှင့် ပံ့ပိုးကူညီခြင်း.............................................. 53

    လုပ်ငန်း ဆောင်ရွက်ချက် ၇ - ဝန်ဆောင်မှုပေးခြင်း.......................................................... 54

  ၃-၂။ အခြားသော လုပ်ငန်းများ - ပေါင်းကူးဆက်သွယ်ပေးခြင်းနှင့်  ဆန္ဒထုတ်ဖော်ပေးခြင်း ........................................ 57

  ၃-၃။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ခရီးမှာ အစမျှသာ ရှိပါသေးသည်။ ............................................... 59

အခန်း ၄။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လျှပ်တစ်ပြက်မြင်ကွင်း...........................................60

နောက်ဆက်တွဲ ၁၊ နည်းစနစ် .............................................................................85

နောက်ဆက်တွဲ ၂ - 'ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး စာစဉ်များအတွက် ကူညီထောက်ပံ့မှုများ'.........87

နောက်ဆက်တွဲ ၃ - ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ တို့၏ ခေတ်ပြိုင်စွမ်းအားများ ......................................88

နောက်ဆက်တွဲ ၄ ........................................................................................93



မိချမ်းဆိပ်၊ မွန်လူငယ်ပညာရေးအဖွဲ့အစည်း

# ကျေးဇူးတင်လွှာ

ဤ *ဆွေးနွေးချက် စာတမ်း*သည် အုပ်စု အတော်များများနှင့် မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းအသီးသီးရှိ လူများထံမှ အမျိုးမျိုးသော သဘောထား အမြင်များဖြင့် ပြုစုထားခြင်း ဖြစ်ပါသည်။ ထိုသူများသည် ၎င်းတို့၏ နေ့စဉ်ဘဝတွင် နည်းအမျိုးမျိုးဖြင့် သက်ရောက်မှု ရှိနေသည့် ရှုပ်ထွေးခက်ခဲသော အပြောင်းအလဲကြားမှ ဖွံ့ဖြိုးမှုအကြောင်း တိုက်တွန်းလှုံ့ဆော်ခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် တစ်ခါတစ်ရံ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ခြင်း ပြုလုပ်သူများ ဖြစ်ကြပါသည်။ ဤ ဆွေးနွေးချက် စာတမ်းသည် ၎င်းတို့အတွက်နှင့် လူမှုပေါင်းစည်းညီညွတ်မှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် ၎င်းတို့၏ စိတ်ပိုင်းဖြတ်ထားမှုတို့ကို ရည်ညွှန်း၍ ပြုစုထားခြင်း ဖြစ်ပါသည်။

*ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ဖြစ်စဉ်များအတွက် အထောက်အကူပြုမှု* ဤစာတမ်းကို Michael Lidauer၊ စောချစ်သက်ထွန်း၊ လဆန်အောင် နှင့် စိမ့်စိမ့်ထွန်း တို့က ပြုစုထားခြင်း ဖြစ်ပါသည်။ ပြင်ပမှ လေ့လာသုံးသပ်သူများ ဖြစ်ကြသည့် Roger Mac Ginty နှင့် Ashlay South တို့က သုတေသနတွင် အသုံးပြုသည့် နည်းစနစ်နှင့် စာတမ်းအပေါ် အဖိုးမဖြတ်နိုင်သော ထင်မြင်သုံးသပ်ချက်များ ပေးခဲ့ပါသည်။ *စာတမ်း*ထွက်ပေါ်လာရေးအတွက် စီမံခန့်ခွဲပေးခဲ့သူ Caitlin Williscroft ၊ တည်းဖြတ်ခြင်း၊ ဒီဇိုင်းဆွဲခြင်းနှင့် အချက်အလက်များကို ရုပ်လုံးပေါ်အောင် ပြုလုပ်ပေးခြင်း စသည့် လုပ်ငန်း အသီးသီးကို လုပ်ဆောင် ကြခြင်းဖြင့် စာတမ်းထုတ်ဝေရေး လုပ်ငန်းစဉ် အောင်မြင်အောင် အထောက်အကူပေးခဲ့ကြသည့် ဦးဇော်မြင့်၊ Joshua Carroll ၊ Karlien Truyens ၊ Yan Oak နှင့် Miranda Franks တို့အားလည်း ကျေးဇူးတင်ရှိပါသည်။

ပေါင်းစည်းလုပ်ငန်းအဖွဲ့ ၂၀၁၈-မြန်မာပြည်၏ ငြိမ်းချမ်းရေးအတွက် အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၏ ပါဝင်ပံ့ပိုးမှုများအား ဖွင့်လှစ်ဖော်ထုတ်ခြင်း။

## စာရှုသူသို့

ဤ *ဆွေးနွေးချက် စာတမ်း*သည် မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုအကြောင်း အကောင်းဆုံး ဖော်ပြချက် မဟုတ်ဘဲ ရှုထောင့်တစ်ခုကို နမူနာအဖြစ် ဖော်ပြထားခြင်း ဖြစ်ပါသည်။ ဤစာတမ်းသည် ဤအကြောင်းအရာနှင့် ပတ်သက်၍ များစွာလိုအပ်နေသော ပြောဆိုဆွေးနွေးမှုများ၊ ငြင်းခုံမှုများ ထပ်မံပြုလုပ်သွားရန် အားပေးတိုက်တွန်းခြင်းလည်း ဖြစ်ပါသည်။ ထို့ပြင်အရပ်ဘက်လူမှု အဖွဲ့အစည်း အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ငြိမ်းချမ်းရေး ရရှိရေးအတွက် မီးမောင်းထိုး၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် ပုံစံအမျိုးမျိုးဖြင့် နေ့စဉ်နှင့်အမျှ ပံ့ပိုးထောက်ကူပေးမှုများကို အခြေခံ၍ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြစေရန် ရည်ရွယ်ပါသည်။ ရည်ညွှန်းချက်များအပေါ် အခြေခံ၍ ခွဲခြမ်းစိတ်ဖြာလေ့လာမှုများ ပြုလုပ်ထားပါသည်။

သုတေသန ပြုလုပ်ရာ၌ မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်၊ ဖွန်လအထိ ဖြစ်ပွားခဲ့သော ဖြစ်ရပ်များ အကျုံးဝင် ပါသည်။ ယခုကဲ့သို့ လျင်မြန်စွာ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေတွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ အတွင်း ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် များမကြာမီက ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ကချင် ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခ ဖြစ်ရပ်များကဲ့သို့ များမကြာသေးမီက ပေါ်ပေါက်ခဲ့သော အဖြစ်အပျက်များမှာ ဤ *စာတမ်း*တွင် ပါဝင်နိုင်မည် မဟုတ်ပါ။ စာရှုသူများ အနေဖြင့် ဤ *ဆွေးနွေးချက် စာတမ်း* နှင့် ပတ်သက်၍ မိမိတို့၏ ထင်မြင်ချက်၊ တုံ့ပြန်ချက်နှင့် အတွေး အမြင်များကို ပေါင်းစည်းလုပ်ငန်းအဖွဲ့ အား analysis@paungsiefacility.org အီးမေးလ် သို့ စာပို့ကာ မျှဝေပေးပါရန် အားပေးတိုက်တွန်းပါသည်။

## ဆွေးနွေးရန်မေးခွန်းများ

1. မြန်မာနိုင်ငံ၏ အရပ်ဘက်လူမှုအဖွဲ့အစည်းများကို မည်သူတို့ဖြင့်ဖွဲ့စည်းထားသနည်း။ အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် အထောက်အကူမပြုသောအဖွဲ့အစည်းများ ရှိပါသလား။
2. အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မည်သို့ ပါဝင် ပံ့ပိုးပေးသနည်း။
3. ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အရပ်ဘက်လူ့မှုအဖွဲ့အစည်းများ၏ ပါဝင်မှုသည် အရေးပါကြောင်း အဘယ်ကြောင့်စဉ်းစားသင့်သနည်း။
4. အရပ်ဘက်လူ့မှုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ လူမှုပေါင်းစည်းညီညွတ်မှု လုပ်ငန်းများတွင် မည်သို့ ပါဝင်နိုင်သနည်း။
5. အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ကျွမ်းကျင်မှုဆိုင်ရာ အသင်းအဖွဲ့များသာ ဖြစ်ပါသလား။
6. မြန်မာနိုင်ငံ၏သမိုင်းကြောင်းတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် မည်သို့ ပါဝင်ပံ့ပိုးပေး ခဲ့သနည်း။
7. မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလသည် အရပ်ဖက်လူမှုအဖွဲ့အစည်းများကို မည်သို့ သက်ရောက်မှု ရှိသနည်း။
8. မြန်မာနိုင်ငံတွင် မည်သည့်အကြောင်းအချင်းအရာများက အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ပံ့ပိုးမှုပေး၍ မည်သည့် အကြောင်းအချင်းရာများက ဟန့်တားနေသနည်း။
9. မီဒီယာနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကြားရှိ ဆက်သွယ်မှုမှာ အဘယ်နည်း။
10. ကျားမတန်းတူညီမျှရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မည်သို့တိုးတက်အောင် ဆောင်ရွက်နိုင်သနည်း။
11. မြန်မာ့အသွင်ကူးပြောင်းရေးကာလတွင် နယ်စပ်ဒေသရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ မည်သို့ ပြောင်းလဲလာခဲ့ ကြသနည်း။
12. ပြည်တွင်းနှင့် ပြည်ပရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ငြိမ်းချမ်းရေးဖြစ်စဉ်ကို မည်သို့လွှမ်းမိုးသနည်း။
13. အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုများသည် လူမှုပေါင်းစည်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကြား ကွာဟမှုများရှိပါသလား။
14. ငြိမ်းချမ်းရေးတည်ဆောက်သူများသည် လက်ရှိအခြေနေတွင် နိုင်ငံတော်အဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်တို့၌ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းရာတွင် မည်သည့်ညှိနှိုင်းဆောင်ရွက်မှုများကို လုပ်နေကြသနည်း။ ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်စေရန် မည်သို့သော ဆက်သွယ်ရေးလမ်းကြောင်းများလိုအပ်နေပါသနည်း။

# သဘောထား အယူအဆဆိုင်ရာ မူဘောင်နှင့် အဓိပ္ပာယ် ဖွင့်ဆိုချက်များ

**အရပ်ဘက်လူမှု အဖွဲ့အစည်း** -အရပ်ဘက်လူမှု အဖွဲ့အစည်းဆိုသည်မှာ မိသားစုနှင့် နိုင်ငံတော် အကြားရှိ ကွက်လပ်ကို ပေါင်းကူးပေးသည်ဟု ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ သို့ရာတွင် နိုင်ငံရေးပါတီများ၊ လုပ်ငန်း ဆိုင်ရာ သမဂ္ဂနှင့် အသင်းအဖွဲ့များ၊ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ (EAOs) မပါဝင်ပါ။ ဤဆွေးနွေးချက် *စာတမ်း* အတွက် သုတေသန ပြုလုပ်ရာတွင့် အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ (NGOs)၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး-အဆင့်များရှိအရပ်ဘက်လူမှု အဖွဲ့အစည်း (CSOs) နှင့် ယင်းတို့မှ ပေါ်ထွက်လာသော ကွန်ရက်များအား ပြည့်ပြည့်ဝဝ မဟုတ်သော်လည်း အဓိကထား ဦးတည်ဆောင်ရွက်ခဲ့ပါသည်။ သုတေသန ပြုလုပ်ရာတွင် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု အသင်းများလည်း ပါဝင်ပါသည်။ သို့ရာတွင် အများစုသည် ကဏ္ဍအမျိုးမျိုးတွင် ပါဝင်နေကြပြီး တစ်ဦးချင်း အနေဖြင့် ဆက်နွယ်မှုမှာ အဖွဲ့အစည်းတစ်ခုကိုသာ ရည်ညွှန်းကန့်သတ် ထားခြင်းမရှိဘဲ အချိန်နှင့်အမျှ ပြောင်းလဲနေပါသည်။ ဘာသာရေး အခြေပြု အဖွဲ့အစည်းများမှာလည်း မြန်မာနိုင်ငံတွင် အရေးပါသဖြင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများတွင် ပါဝင်ပါသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်းမှာ ပင်ကိုအားဖြင့် ရောနှောနေတတ်ပြီး၊ ယင်း၏ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ ကျား-မ၊ အဆင့်အတန်းနှင့် ပညာရေး နောက်ခံတို့နှင့် ဆက်စပ်၍ ကွဲပြားကြ ပါသည်။ ယင်းတို့ အထဲတွင် လူမျိုးစုများမှာ ကိုယ်ပိုင်လက္ခဏာ၏ အထင်ရှားဆုံး ပြယုဂ် အဖြစ် ရပ်တည်နေပါသည်။

**လူမှုပေါင်းစည်းညီညွတ်မှု** - ပေါင်းစည်း ညီညွတ်သော လူ့အဖွဲ့အစည်း တွင် အားလုံးသာယာဝပြောရေးအတွက် ဆောင်ရွက်နိုင်ပြီးမိမိတို့ ၏ လူ့အဖွဲ့ အစည်းဖြစ်သည် ဟူသော ခံစားချက်၊ ခံယူချက် ဖြစ်ပေါ် လာပါမည်။ ယုံကြည်မှုကို အားပေးမြှင့်တင်နိုင်ပြီးအားလုံး ကြွယ်ဝ ချမ်းသာရန်နှင့် ငြိမ်းချမ်း စွာ တိုးတက်မှုရရှိရန် အခွင့်အလမ်းရရှိ ကြပါသည်။

**ငြိမ်းချမ်းရေး တည်ဆောက်ခြင်း** - ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ဆိုသည်မှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးနှင့် အကြမ်း ဖက်သော ပဋိပက္ခများ ဖြစ်ပွားရန်၊ ပြန်လည်ဖြစ်ပွားရန် သို့မဟုတ် ဆက်လက် ဖြစ်ပွားရန် ဖြစ်နိုင်ခြေ ရှိမှုကို လျော့ပါးစေသည့် အလား အလာများကို ပိုမိုအားကောင်းစေသော ရေရှည် တည်တံ့သည့် အခင်းအကျင်းနှင့် လုပ်ငန်းစဉ်များကို အားပေးမြှင့်တင်၍ ပံ့ပိုး ထောက်ကူပေးသော လုပ်ဆောင်မှု ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆို ပါသည်။[1] ဤ *စာတမ်း* တွင် ငြိမ်းချမ်းရေး တည်ဆောက်ရာ၌ အရပ်ဘက်လူမှုအဖွဲ့အစည်း၏ ပါဝင်လုပ်ဆောင်မှုအဖြစ် လူမျိုးစုများ အကြား၊ ကိုးကွယ်သည့် ဘာသာ တရားများ အကြားနှင့် အသိုင်း အဝိုင်းများ အကြား တင်းမာမှု လျော့ပါးရေးနှင့် လူမှုရေး ပေါင်းစည်း ညီညွတ်မှု မြှင့်တင် ပေးရေးအတွက် အရပ်ဘက်လူမှု အဖွဲ့အစည်း ဦးဆောင်သော လုပ်ဆောင်မှုကို ရည်ညွှန်းပါသည်။

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်** - ဤသုတေသန အတွက် "*ငြိမ်းချမ်းရေး လုပ်ငန်းစဉ်*" ကို တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်နွယ် နေသော နိုင်ငံတော်အဆင့်သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးခြင်းများဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကောင်အထည် ဖော်ခြင်းသည် ၂၀၁၁ ခုနှစ်မှ စတင်သည့် အစိုးရ ဦးဆောင်သော ပဏာမ ဆောင်ရွက်ချက်များ နှင့် ဆက်နွယ်သော နှစ်ဦးနှစ်ဖက် အပစ် အခတ် ရပ်စဲရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ၊ ပူးတွဲစောင့်ကြည့်ရေး ကော်မတီများ (JMCs) နှင့် အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲတို့ ပေါ်ထွက်လာ စေခဲ့ပါသည်။ ဤ *စာတမ်း*အတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင် လုပ်ဆောင်မှုကို တိုက်ရိုက် ပါဝင်လုပ်ဆောင်ခြင်း (ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပါဝင်ခြင်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု အကောင်အထည်ဖော်ခြင်းမှ အထောက်အကူပြုခြင်း) နှင့် သွယ်ဝိုက်၍ ပါဝင် လုပ်ဆောင်ခြင်း (ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် နိုင်ငံရေး တည်ဆောက်ပုံ ပြင်ပမှ အဓိကကျသော ပံ့ပိုးမှုများ ပေးခြင်း) ဟူ၍ အမျိုးအစား ခွဲနိုင်ပါသည်။

**ကျား-မ ရေးရာ** - ကျား-မရေးရာဆိုသည်မှာ ယောကျ်ားဆန်မှု၊ မိန်းမဆန်မှု အစရှိသည့် ကျွန်ုပ်တို့၏ သိရှိနားလည်မှုကို ဆုံးဖြတ် ပေးသည့် လူမှုရေးအရ သတ်မှတ်လက်ခံထားသော အခန်းကဏ္ဍများ၊ အပြုအမူများ၊ လုပ်ဆောင်မှုများနှင့် အရည်အသွေးများ ဖြစ်သည်။ ကျား-မ ကွဲပြားမှုနှင့် ယောကျ်ားဆန်ခြင်း/ မိန်းမဆန်ခြင်း စသည် တို့ သည်တစ်ကမ္ဘာလုံး တစ်ပြေးညီသတ်မှတ်ချက်မရှိဘဲ သီးသန့် ယဉ်ကျေးမှု အလိုက် သတ်မှတ်ဖော်ထုတ်ကြပြီး လူမျိုးစု၊ လူမျိုး၊ ဘာသာရေးနှင့် အဆင့်အတန်း စသည့် အခြားသော အကြောင်းရင်းခံ များ၏ ခိုင်ခိုင်မာမာ လွှမ်းမိုးမှုတို့ရှိနေပါသည်။[2]

**လူငယ်** - မြန်မာနိုင်ငံတော်၏ လူငယ်ရေးရာမူဝါဒအရ လူငယ် ဆိုသည် မှာ အသက် ၁၅ နှစ်နှင့် ၃၅ နှစ်ကြား ရှိသူဟု အဓိပ္ပာယ် ဖွင့်ဆိုထား ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် (UNSCR) အမှတ် ၂၂၅၀ တွင်မူ လူငယ်ကို အသက် ၁၈ နှစ်နှင့် ၂၉ နှစ်ကြားရှိသူ ဟု ယူဆပါသည်။

# အတိုကောက် အက္ခရာအညွှန်း

| | |
|---|---|
| AA | ရခိုင့်တပ်မတော် |
| ACCM | ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စောင့်ကြည့်သည့် အရပ်သားမဟာမိတ်အဖွဲ့ |
| AGIPP | ငြိမ်ချမ်းရေး အတွက် ကျား-မ တန်းတူရေး မဟာမိတ်အဖွဲ့ |
| ALP | ရခိုင်ပြည်လွတ်မြောက်ရေးပါတီ |
| ANP | ရခိုင်အမျိုးသားပါတီ |
| ARSA | အာရ်ကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် |
| BCN | မြန်မာဌာန နယ်သာလန် |
| BGF | နယ်ခြားစောင့်တပ် |
| BNI | မြန်မာ နိုင်ငံတကာ သတင်းဌာန |
| BWU | မြန်မာအမျိုးသမီးများသမဂ္ဂ |
| CBO | ရပ်ရွာအခြေပြုအဖွဲ့အစည်း |
| CCM | ပစ်ခတ်တိုက်ခိုက်မှု အရပ်သား စောင့်ကြည့်ရေး အဖွဲ့ |
| CCMT | ချင်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု စောင့်ကြည့်ရေးအဖွဲ့ |
| CDES | တိုင်းရင်းသား လူမျိုးရေးရာ ဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း |
| CDNH | ကွဲပြားခြားနားမှုနှင့် အမျိုးသားရေသဟဇာတ  ဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ |
| CEDAW | အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် |
| CHRO | ချင်းလူ့အခွင့်အရေးအဖွဲ့ |
| CIDKP | ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ရသည့် ကရင်ပြည်သူများဆိုင်ရာ ကော်မတီ |
| CMN | ချင်းမီဒီယာ ကွန်ရက် |
| CNF | ချင်းအမျိုးသား တပ်ဦး |
| CPTC | ချင်းပြည်နယ် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ကော်မတီ |
| CPM | အရပ်သား အကာအကွယ်ပေးမှု စောင့်ကြည့်ရေး |
| CSFoP | ငြိမ်းချမ်းရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်း ညီလာခံ |
| CSNeP | ငြိမ်းချမ်းရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက် |
| CSO | အရပ်ဘက် လူမှုအဖွဲ့အစည်း |
| CT | ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ |
| DPN | နိုင်ငံရေး ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ |
| EAOs | တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ |
| EMReF | ပညာအလင်းပွင့် မြန်မာသုတေသန ဖောင်ဒေးရှင်း |
| ENAC | တိုင်းရင်းသား လူမျိုးရေးရာ စင်တာ |
| ENMF | တိုင်းရင်းသား လူမျိုးများ စေ့စပ်ဖျန်ဖြေရေး အဖွဲ့ |
| EPLO | ဥရောပ ငြိမ်းချမ်းရေး တည်ဆောက်မှုဆက်ဆံရေးရုံး |
| EU | ဥရောပ သမဂ္ဂ |
| FFSS | အခမဲ့ နာရေးကူညီမှုအသင်း |
| GBV | ကျား-မ အခြေပြု အကြမ်းဖက်မှု |
| GDI | အေးချမ်းမြန်မာ အင်စတီကျု |
| GEN | ကျား-မရေးရာ တန်းတူညီမျှရေး ကွန်ရက် |
| GoM | မြန်မာနိုင်ငံ အစိုးရ |
| GONGO | အစိုးရ ဦးဆောင်သော အစိုးရ မဟုတ်သော လူမှု အဖွဲ့အစည်းများ |
| HURFOM | မွန်ဒေသ လူ့အခွင့်အရေး ဖောင်ဒေးရှင်း |
| ICG | နိုင်ငံတကာ အရေးအခင်းအဖွဲ့ |

# အတိုကောက် အက္ခရာအညွှန်း

| | |
|---|---|
| IDPs | ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများ |
| IFY | ယုံကြည်မှုပေါင်းစုံ လူငယ်များ |
| ILO | အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ |
| INGO | နိုင်ငံတကာ အစိုးရ မဟုတ်သော             အဖွဲ့အစည်း |
| JMC | ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ |
| JMC-L | ပူးတွဲစောင့်ကြည့်ရေး ကော်မတီ - ဒေသအဆင့် |
| JMC-S | ပူးတွဲစောင့်ကြည့်ရေး ကော်မတီ -ပြည်နယ်အဆင့် |
| JMC-U | ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ |
| JPF | ငြိမ်းချမ်းရေး ပူးပေါင်းရန်ပုံငွေအဖွဲ့ |
| JST | ပူးတွဲ မဟာဗျူဟာအဖွဲ့ |
| KBC | ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ ချုပ် |
| KDG | ကချင် ဖွံ့ဖြိုးရေးအဖွဲ့ |
| KDN | ကချင် ဖွံ့ဖြိုးရေး ကွန်ရက် |
| KE | ကရင်နီ အမြဲစိမ်းလန်း အဖွဲ့ |
| KED | ကရင်နီ ပညာရေးဌာန |
| KESAN | ကရင် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေး လှုပ်ရှားမှု ကွန်ရက် |
| KHRG | ကရင် လူ့အခွင့်အရေးအဖွဲ့ |
| KIA | ကချင်လွတ်မြောက်ရေးတပ် |
| KIO | ကချင်လွတ်လပ်ရေးအဖွဲ့ |
| KMSS | ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း |
| KNA | ကရင် အမျိုးသား အသင်း |
| KNPP | ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ |
| KNU | ကရင်အမျိုးသား အစည်းအရုံး |
| KNWO | ကရင်နီ အမျိုးသမီး အစည်းအရုံး |
| KNYN | ကချင် အမျိုးသား လူငယ်ကွန်ရက် |
| KNYO | ကရင်နီ အမျိုးသား လူငယ်များ အစည်းအရုံး |
| KRDC | ကချင် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ |
| KRW | ကရင် မြစ်ချောင်းများ စောင့်ကြည့်ရေး အဖွဲ့ |
| KSCN | ကရင်ပြည်နယ် အရပ်ဘက် လူမှုအဖွဲ့အစည်းကွန်ရက် |
| KSCSN | ကချင်ပြည်နယ် အရပ်ဘက် လူမှုအဖွဲ့အစည်းကွန်ရက် |
| KSPMN | ကယားပြည်နယ် ငြိမ်းချမ်းရေး စောင့်ကြည့်ရေး ကွန်ရက် |
| KSWDC | ကရင်နီ လူမှုဘဝ ဖူလုံဖွံ့ဖြိုးမှု ဌာန |
| KSWN | ကချင်ပြည်နယ် အမျိုးသမီးများ ကွန်ရက် |
| KWA | ကချင် အမျိုးသမီး အစည်းအရုံး |
| KWAT | ကချင်အမျိုးသမီးများ အစည်းအရုံး (ထိုင်းနိုင်ငံ) |
| KWEG | ကရင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ |
| KWHRO | ကူကီး အမျိုးသမီးများ လူ့အခွင့်အရေးအဖွဲ့ |
| KWO | ကရင် အမျိုးသမီး အစည်းအရုံး |
| KyWO | ကယန်း အမျိုးသမီးများ အစည်းအရုံး |
| LCMs | ဒေသတွင်း အပစ်အခတ် ရပ်စဲရေး စောင့်ကြည့်သူများ |
| LIFT | အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေ |
| LRC | ဖွံ့ဖြိုးရေး မဏ္ဍိုင်အဖွဲ့ |

# အတိုကောက် အက္ခရာအညွှန်း

| | |
|---|---|
| MFE | မြန်မာ့ ပဥ္စမ မဏ္ဍိုင် |
| MIDO | ဖွံ့ဖြိုးမှုအတွက် မြန်မာ အိုင်စီတီအဖွဲ့ |
| MNCWA | မြန်မာနိုင်ငံ အမျိုးသမီးရေးရာကော်မတီ |
| MNEC | မွန်အမျိုးသား ပညာရေး ကော်မတီ |
| MNHC | မွန်အမျိုးသား ကျန်းမာရေး ကော်မတီ |
| MPC | မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန |
| MPSI | Myanmar Peacec Support Initiative |
| MRDC | မွန် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီ |
| MSCSN | မွန်ပြည်နယ် အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက် |
| MWO | မွန်အမျိုးသမီးများ အဖွဲ့ |
| MYPO | မွန်လူငယ် တိုးတက်ရေး အဖွဲ့ |
| NA-B | မြောက်ပိုင်း မဟာမိတ်အဖွဲ့ - မြန်မာနိုင်ငံ (NA-B) |
| NCA | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် |
| NDAA | အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် |
| NDI | အမျိုးသား ဒီမိုကရက်တစ် အင်စတီကျူ |
| NEYA | တိုင်းရင်းသား လူငယ်များမဟာမိတ် |
| NGO | အစိုးရ မဟုတ်သော အဖွဲ့အစည်း |
| NGSS | ရှမ်းပြည်နယ် မျိုးဆက်သစ်အဖွဲ့ |
| NLD | အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် |
| NMSP | မွန်ပြည်သစ်ပါတီ |
| NP | Nonviolent Peace Force |
| NRPC | အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန |
| Nyein | ငြိမ်း (Shalom) ဖောင်ဒေးရှင်း |
| OHCHR | ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး |
| OMI | ပွင့်လင်းမြန်မာ့ရှေ့ဆောင် |
| PACE | ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ |
| PCG | ငြိမ်းချမ်းရေး ဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ |
| PDI | ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး အဖွဲ့ |
| PfP | ပြည်သူ့အတွက် ပြည်သူများ |
| PI | ပြည်ထောင်စု အင်စတီကျူ |
| PSF | ပေါင်းစည်းလုပ်ငန်းအဖွဲ့ |
| PWO | ပအိုဝ့် အမျိုးသမီးများ သမဂ္ဂ |
| RCSS | ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ |
| RISE | လူမှုရေးရာ သုတေသနအဖွဲ့ |
| RPF | ရာမည ငြိမ်းချမ်းရေး ဖောင်ဒေးရှင်း |
| RWA | ရခိုင် အမျိုးသမီးများ အသင်း |
| RWU | ရခိုင်အမျိုးသမီးများ အစည်းအရုံး |
| SAZ | ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ |
| SEDF | ပီတိအပြုံး ပညာရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း |
| SFCG | ဘုံသဘောတူညီမှု ရှာဖွေခြင်း |
| SLORC | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| SPDC | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |

# အတိုကောက် အက္ခရာအညွှန်း

| | |
|---|---|
| SOP | လုပ်ငန်းဖော်ဆောင်ရေး လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ |
| SSA-N | ရှမ်းပြည် တပ်မတော်-မြောက်ပိုင်း |
| SSA-S | ရှမ်းပြည် တပ်မတော်-တောင်ပိုင်း |
| SWAN | ရှမ်းအမျိုးသမီးများ လှုပ်ရှားမှု ကွန်ရက် |
| SYCB | မြန်မာနိုင်ငံ ကျောင်းသားနှင့် လူငယ်များ  ညီလာခံ |
| TAF | အာရှဖောင်ဒေးရှင်း |
| TAT | နည်းပညာ အကြံပေးအဖွဲ့ |
| TBC | နယ်စပ်ဒေသ ပူးပေါင်းအဖွဲ့ |
| TGO | သင်္ဂဟ ဂျန်ဒါအဖွဲ့အစည်း |
| TIPS | တကောင်း နိုင်ငံရေး လေ့လာမှု အဖွဲ့ |
| TNI | နိုင်ငံတကာ အင်စတီကျု |
| TNLA | တအာန်း အမျိုးသား လွတ်မြောက်ရေးတပ် |
| ToR | လုပ်ငန်းတာဝန်များ |
| TSYU | တအာင်း ကျောင်းသားနှင့် လူငယ်များအဖွဲ့ |
| TWO | တအာင်း အမျိုးသမီးများ အဖွဲ့ |
| TWU | ထားဝယ် အမျိုးသမီး သမဂ္ဂ |
| TYO | ထားဝယ် လူငယ် အစည်းအရုံး |
| UKSY | ကရင်နီပြည် လူငယ်များ သမဂ္ဂ |
| UNDP | ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် |
| UNFC | ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ |
| UNSCR | ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် |
| UPC | ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ |
| UPDJC | ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ |
| USDA | ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း |
| USDP | ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ |
| USIP | အမေရိကန် ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျု |
| UWSA | 'ဝ' ပြည် သွေးစည်းညီညွတ်ရေးတပ် |
| VAW | အမျိုးသမီးများအပေါ် အကြမ်းဖက်မှု |
| WAPAN | အမျိုးသမီးများနှင့် ငြိမ်းချမ်းရေး လှုပ်ရှားမှု ကွန်ရက် |
| WLB | အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| WON | အမျိုးသမီး အဖွဲ့များ ကွန်ရက် |
| WPN | ကချင် အလင်းရောင် |
| WPN-A | အမျိုးသမီးများ ငြိမ်းချမ်းရေး ကွန်ရက် - အာရ်ကန် |
| WRWAB | အမျိုးသမီး အခွင့်အရေးနှင့် မြန်မာနိုင်ငံ လူမှုဖူလုံရေး အသင်း |
| YMBA | ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်း |
| YSPS | ရန်ကုန် နိုင်ငံရေး သိပ္ပံ |




*မိကွန်းချမ်းနွန်၊ မွန်အမျိုးသမီးအဖွဲ့အစည်း*

# နိဒါန်း

ရန်ကုန်မှ ခရစ်ယာန်ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ်ချားလ်စ် မောင်ဘို ကဲ့သို့ ထင်ရှားသည့် ခေါင်းဆောင်များမှသည် တစ်နိုင်ငံလုံးမှ မြို့ကြီး၊ မြို့ငယ်များရှိအရပ်ဘက်လူမှု အဖွဲ့အစည်းမှ ဦးဆောင်သူများ၊ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ ပြည်သူများအထိ ငြိမ်းချမ်းရေး ဖော်ဆောင်ရန်နှင့် ၎င်းတို့၏ လူမှု အသိုင်းအဝိုင်းတွင် လူမှုပေါင်းစည်း ညီညွတ်မှု ရရှိရေး အတွက် နေ့စဉ်နှင့်အမျှ လုပ်ကိုင်နေကြပါသည်။ နိုင်ငံတစ်ဝန်း ဒေသအလိုက် အဆင့်ဆင့် လုပ်ဆောင်မှု များသည် လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် အပြောင်းအလဲများတွင် အရပ်ဘက်လူမှု အဖွဲ့အစည်း (CSOs) အနေဖြင့် ပို၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် တရားဝင် ပါဝင်လုပ်ဆောင်မှုကို အားဖြည့် ပေးပါသည်။

မြန်မာနိုင်ငံ ပြည်သူများသည် လက်နက်ကိုင် ပဋိပက္ခကို ဆယ်စုနှစ်နှင့်ချီ၍ ကြုံလာခဲ့ရပါသည်။ မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ ၏ သုံးပုံတစ်ပုံကျော်မှာ ပဋိပက္ခ၏ ဒဏ်ကို တစ်နည်းနည်းဖြင့် ခံစားနေရပါသည်။[3] ဦးသိန်းစိန် အစိုးရ အုပ်ချုပ်ရေး အပြောင်းအလဲတွင် အပစ်အခတ် ရပ်စဲမှု အသစ်ကို ဖော်ဆောင်ခဲ့ပြီး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို စတင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းနေသည့် ထိုကာလ အတွင်းမှာပင် ကချင်ပြည်နယ် မြောက်ပိုင်း၌ တိုက်ပွဲသစ်များ ဖြစ်ပွားလာသလို ရခိုင်ပြည်နယ်၌လည်း အသိုင်းအဝိုင်းများ အကြား အကြမ်းဖက်မှုများ ပျံ့နှံ့လာသည်ကို တွေ့မြင်လာရပါသည်။

၁၉၉၉ ခုနှစ်တွင် သုတေသီ David Steinberg က မြန်မာနိုင်ငံတွင်အရပ်ဘက်လူမှု အဖွဲ့အစည်း၏ ကဏ္ဍ ကွယ်ပျောက်သွားပြီ သို့မဟုတ် *"ပို၍ အတိအကျ ဆိုရပါက ဖျက်ဆီးခံလိုက်ရခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်"*[4] ဟု ဖော်ပြခဲ့ပါသည်။ သို့ရာတွင် အရပ်ဘက်လူမှု အဖွဲ့အစည်းမှာ ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ သမိုင်းဝင် အရပ်ဘက်လူမှု အဖွဲ့အစည်းဖွံ့ဖြိုးမှုအပေါ် အခြေခံ၍ ပိုမိုတက်ကြွလာပြီး၊ ထင်သာမြင်သာ ရှိလာပါသည်။ အဖွဲ့အများအပြားမှာ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (EAOs) အမျိုးမျိုးတို့ အကြား တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကို အတွင်းနှင့် ပြင်ပမှ ဝန်းရံခြင်းတို့ဖြင့် စုစည်းလုပ်ဆောင်ခဲ့ ကြပါသည်။ ၎င်းတို့သည် မိမိတို့ ဒေသခံ လူထုများအတွင်း အောက်ခြေမှ အထက်သို့ တဖြည်းဖြည်း တိုးတက်သွားသည့် ပုံစံဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ရန် ကြိုးပမ်းမှုများကို အလွတ်သဘော ဖြင့်လည်းပိုမိုစတင်၍ လုပ်ဆောင်ခဲ့ကြပါသည်။

ယင်းအရပ်ဘက်လူမှုအဖွဲ့အစည်း၏ ငြိမ်းချမ်းရေး ကြိုးပမ်းမှုများကို နိုင်ငံတကာက အသိအမှတ်ပြု ချီးကျူး ကြပါသည်။ အမျိုးသမီး ခေါင်းဆောင် အများအပြား ပါဝင်သော မြန်မာနိုင်ငံရှိအရပ်ဘက်လူမှု အဖွဲ့အစည်းထဲမှ ခေါင်းဆောင် အချို့မှာ ငြိမ်းချမ်းရေး ရရှိရေး ကြိုးပမ်းစွမ်းဆောင်မှု များအတွက် ဒေသတွင်းနှင့် ကမ္ဘာမှ ချီးမြှင့်သော ဆုများကို လက်ခံရရှိခဲ့ကြပါသည်။ အချို့ကို ဖော်ပြရလျှင်မေတ္တာဖောင်ဒေးရှင်း တည်ထောင်သူ ဒေါ်ဆိုင်းရော်လဖိုင်သည် ၂၀၁၃ ခုနှစ်တွင် Ramon Magsaysay ဆုကိုလည်းကောင်း၊မွန်အမျိုးသမီးများအဖွဲ့ ဥက္ကဋ္ဌ၊ မိကွန်ချမ်းနွန်သည် ၂၀၁၄ ခုနှစ်တွင် N ငြိမ်းချမ်းရေး ဆုကို အမျိုးသမီးများ ငြိမ်းချမ်းရေး ကွန်ရက်-အာရကန်မှ ဝေဝေနုနှင့် ပူးတွဲ၍ လည်းကောင်း၊ ကချင် ငြိမ်းချမ်းရေး လှုပ်ရှားသူ မိုင်းမိုင်က အမေရိကန် သံရုံး၏ ၂၀၁၇ ခုနှစ်၊ အပြောင်းအလဲ ဖော်ဆောင်သည့် အမျိုးသမီးဆု ကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ပါသည်။

> အရပ်ဘက်လူမှုအဖွဲ့အစည်းများမှာ ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ သမိုင်းဝင် အရပ်ဘက်လူမှု အဖွဲ့အစည်းဖွံ့ဖြိုးမှုအပေါ် အခြေခံ၍ ပိုမိုတက်ကြွလာပြီး၊ ထင်သာမြင်သာ ရှိလာပါသည်။

ဤ *ဆွေးနွေးချက် စာတမ်း* သည် ငြိမ်းချမ်းသော မြန်မာနိုင်ငံ ဖြစ်ပေါ်ရေးအတွက် လုပ်ဆောင်နေကြသော ပြည်သူများ၏ ကြိုးပမ်းမှုများကို ပို၍နက်ရှိုင်းစွာ သိရှိလာစေရန် ကြိုးစားထားပါသည်။ စာတမ်း၏ ရည်ရွယ်ချက်မှာအရပ်ဘက်လူမှု အဖွဲ့အစည်း အနေဖြင့် နိုင်ငံ၏ ခက်ခဲရှုပ်ထွေးလှသော အပြောင်းအလဲ အတွက် မည်သို့ပံ့ပိုး ဆောင်ရွက်နေသည်ကို ပြည်သူများ ပိုမိုသိရှိနားလည်စေရေးအတွက် အထောက်အကူ ပြုစေရန် ဖြစ်ပါသည်။ ဤ *စာတမ်း* သည် မြန်မာနိုင်ငံတွင် သမိုင်းကြောင်းအရနှင့် မျက်မှောက် ခေတ် ကာလအရပ်ဘက်လူမှု အဖွဲ့အစည်း၏ အနေအထား တဖြည်းဖြည်းပြောင်းလဲတိုးတက်လာပုံကို အကြမ်းဖျင်း ဖော်ပြခြင်းဖြင့် စတင်ထားပြီး၊ ငြိမ်းချမ်းရေးအတွက် ပြည်သူများ၏ ပါဝင်လုပ်ဆောင်မှုကို အထောက်အကူပြုသည့် သို့မဟုတ် ချုပ်ချယ်ဟန့်တားသည့် အခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် မြန်မာနိုင်ငံ အရပ်ဘက်လူမှုအဖွဲ့အစည်းက အလွတ်သဘောနှင့် တရားဝင် ပံ့ပိုး ဆောင်ရွက်မှုများကို ဖော်ပြထားပါသည်။

ဤ *စာတမ်း* ၏ ရည်မှန်းချက် ပန်းတိုင်မှာ တစ်စထက်တစ်စ လျင်မြန်စွာ တိုးတက်ဖြစ်ပေါ်နေသော အခြေအနေတွင် မဖြစ်နိုင်သော လုပ်ငန်းတစ်ခုဖြစ်သည့် တစ်ဦး၊ တစ်ဖွဲ့ချင်းစီတိုင်း၏ ငြိမ်းချမ်းရေးအတွက် ပံ့ပိုးဆောင်ရွက်ချက်များကို ဖော်ပြရန် မဟုတ်ပါ။ သို့ရာတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများနှင့် ဆွေးနွေးမှုအတွက် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော အခွင့်အလမ်းများကို လမ်းညွှန်သဖွယ် ဖော်ပြရန် ဖြစ်ပါသည်။ အသုံးပြုသည့် နည်းစနစ်နှင့် ပတ်သက်၍ အသေးစိတ် ဖော်ပြချက်ကို

နောက်ဆက်တွဲ-၁ တွင် ကြည့်ရှုနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ နောက်ခံ အကြောင်းအရာများမှာ ယင်းကိစ္စနှင့် ပတ်သက်၍ အကျွမ်းတဝင် မရှိသော စာဖတ်ပရိသတ်များအတွက် ရည်ရွယ်ပါသည်။ နောက်ဆက်တွဲ ၃ ကို ကြည့်ပါ။

ထို့နောက် ဤ စာတမ်းတွင် မြန်မာနိုင်ငံ၌ အရပ်ဘက်လူမှုအဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများကို ဆန်းစစ် လေ့လာထားပါသည်။ အခြားလေ့လာမှုများတွင် ကမ္ဘာတစ်ဝန်းမှ နိုင်ငံ ၁၆ နိုင်ငံတွင် ၃ နှစ်တာ သုတေသန စီမံချက်ဖြစ်သည့် Thania Paffenholz ၏ *"အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု - အရေးပါသော ဆန်းစစ်လေ့လာချက်"* ကို အခြေခံ၍ အသုံးပြုထားပါသည်။[5] Paffenholzသည် ကာကွယ်စောင့်ရှောက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ စည်းရုံးတိုက်တွန်းခြင်း၊ လူမှုရေးဝင်ဆံ့ခြင်း၊ လူမှု ပေါင်းစည်း ညီညွတ်မှု၊ ကြားဝင်စေ့စပ်ပေးခြင်းနှင့် ပံ့ပိုးကူညီပေးခြင်း၊ နှင့် ဝန်ဆောင်မှုပေးခြင်း ဟူ၍ ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း၏ လုပ်ငန်း ၇ ခုကို ချမှတ်ထားပါသည်။ Paffenholz က *"အရပ်ဘက်လူမှုအဖွဲ့အစည်းသည် ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အရေးပါသော နည်းလမ်းဖြင့် ပံ့ပိုးကူညီပေးနိုင်သည်။ သို့ရာတွင် ၎င်းတို့သည် အများအားဖြင့် အထောက်အကူပြုသည့် ကဏ္ဍမှသာ ပါဝင်ပါသည်"* ဟူ၍ နိဂုံးချုပ်ထားပါသည်။ ဤ ဆွေးနွေးချက် စာတမ်းအတွင်း ဆန်းစစ် လေ့လာရာတွင် အထက်ဖော်ပြပါ မူဘောင်သည် မြန်မာနိုင်ငံအတွက် မည်မျှအသုံးဝင်၍ လက်တွေ့ အသုံးချ နိုင်မည်နည်းဟု မေးခွန်းထုတ်ထားပြီး၊ မြန်မာနိုင်ငံ အရပ်ဘက်လူမှု အဖွဲ့အစည်း ၏ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်း ၇ ရပ်ကို ဆန်းစစ်လေ့လာ ထားပါသည်။

နောက်ဆုံး အနေဖြင့် ဤ စာတမ်းတွင် နိုင်ငံ၏ ပြည်နယ်တိုင်းအတွက် ငြိမ်းချမ်းရေး၊ ပဋိပက္ခနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းတို့အကြောင်း ခြုံငုံသုံးသပ်ချက်အပြင် တိုင်းဒေသကြီး ၇ ခုလုံးအတွက် အကျဉ်းချုပ်ဖော်ပြချက်တို့ ပါရှိပါသည်။

# အခန်း ၁ - အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုတာ ဘာလဲ။

## ၁-၁။ မိသားစုနှင့် နိုင်ငံတော်အကြားရှိကွက်လပ်

အရပ်ဘက်လူမှုအဖွဲ့အစည်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုခြင်းမှာ ရိုးစင်းလွယ်ကူသောလုပ်ငန်း မဟုတ်ပါ။ အချို့ ဖွင့်ဆိုချက်များမှာ ထပ်နေပြီး၊ တစ်ခါတစ်ရံ အဓိပ္ပာယ်ချင်း အပြိုင်အဆိုင် ဖြစ်နေပါသည်။ အမည်နာမမှာ လုပ်ငန်းများနှင့် အဖွဲ့အစည်းများကို ခြုံငုံထားပြီး၊ အမြတ်အစွန်းအတွက် မဟုတ်သော၊ အသင်း၊ ရပ်ရွာအဖွဲ့၊ ပြည်သူ့အဖွဲ့၊ အောက်ခြေမှအထက်သို့ ဖွံ့ဖြိုးသွားသည့် အဖွဲ့၊ ပြည်သူ ဗဟိုပြုအဖွဲ့ စသည်ဖြင့်အခြား အမည် အမျိုးမျိုးဖြင့် ခေါ်ဝေါ်လေ့ရှိပါသည်။ ဤ ဆွေးနွေးချက် *စာတမ်း* အတွက် တွင်မူ အရပ်ဘက်လူမှုအဖွဲ့အစည်းကိုမိသားစုနှင့် နိုင်ငံတော် အကြားရှိ ကွက်လပ်ကို ပေါင်းကူးပေးသည့်ဟု ကျယ်ကျယ်ပြန့်ပြန့်အဓိပ္ပာယ် ဖွင့်ဆိုထား ပါသည်။[6]

အရပ်ဘက်လူမှုအဖွဲ့အစည်းကို ကောင်းမွန်သည့် အများနှင့်ဆိုင်သောအရာတစ်ခုသဖွယ် မှတ်ယူထားလေ့ ရှိပါသည်။ သို့ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းသည် အများအတွက် အထောက်အကူ မပြုဟု ယူဆစရာ သာဓကများစွာ ရှိပါသည်။ အများအတွက် အထောက်အကူ မပြုသော အဖွဲ့အစည်း (uncivil society) ဆိုရာတွင် ပြဿနာများကို ဖြစ်ပေါ်စေရန် စည်းရုံးသည့် အုပ်စု၊ တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၊ဥပမာ ခွဲခြားဆက်ဆံသည့် သို့မဟုတ် အမုန်းစကားများကို တိုးပွားစေ သူများကို ဆိုလိုပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် အရပ်ဘက်လူမှုအဖွဲ့အစည်း၏

> ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းပါဝင်စေခြင်းဖြင့် ရေရှည်ကြာ တည်တံ့သော ငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေသည်။

အခန်းကဏ္ဍကို အလွန်အမင်း ဖော်ကျူးခြင်း မပြုမိရန် အရေးကြီး ပါသည်။[7] အရပ်ဘက်လူမှုအဖွဲ့အစည်းသည် ငြိမ်းချမ်းရေးအတွက် ပံ့ပိုးထောက်ကူ ပေးနိုင်သကဲ့သို့ အကြမ်းဖက်မှုနှင့် ပဋိပက္ခကိုလည်း အားပေးနိုင်ပါသည်။ ထို့ပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းသည် တိုးတက်မှု ဆိတ်သုဉ်းနေသည် မဟုတ်ပါ။ အချိန်နှင့်အမျှ တိုးတက်ဖြစ်ပေါ်ပြောင်းလဲနေပြီး၊ နိုင်ငံအတွင်း နိုင်ငံရေး နှင့် လူမှုရေးအရ ကျယ်ပြန့်စွာ တုံ့ပြန်ဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းအုပ်စုများသည် လူမျိုးစု၊ ကိုးကွယ် သည့်ဘာသာ၊ ကျား-မ၊ အဆင့်အတန်း၊ အသက် အရွယ်နှင့် အတွေးအခေါ်အရ အမျိုးမျိုး စုံလင်လှပါသည်။ အချို့က လူ့ပ်ရှားပြောင်းလဲရေး ဂါဒနှင့် နိုင်ငံရေး လုပ်ငန်းစဉ်များကို အလေးထားကြပါသည်။ အခြားသူများကမူ ပြည်သူလူထုအား လူသားချင်း စာနာ ထောက်ထားမှု အကူအညီ၊ ကျန်းမာရေး၊ ပညာရေး သို့မဟုတ် ဥပဒေရေးရာ ကိုယ်စားပြုမှု စသည်ဖြင့် ဂန်ဆောင်မှုများ ပေးရန် ပိုမိုအာရုံစိုက် ကြပါသည်။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးဆိုင်ရာ စီရင်စုများဖြစ်သည့် ရပ်ကွက်နှင့် ကျေးရွာများတွင်



*ဘာသာပေါင်းစုံလူငယ်များစုပေါင်းလမ်းလျှောက်*

ပြည်သူများက လူမှုဂန်ထမ်း လုပ်ငန်းများ ဆောင်ရွက်ရန်၊ အမျိုးသမီးများနှင့် လူငယ်အဖွဲ့များဖွဲ့စည်းရန်၊ သွေးလှူဒါန်းရန် နှင့် အခမဲ့ နာရေးကူညီမှု လုပ်ငန်းများ ဆောင်ရွက်ရန် တို့အတွက် စုစည်းကြပါသည်။ အများအားဖြင့် ယင်း အဖွဲ့များ မှာ နိုင်ငံရေးကို ပေါ်ပေါ်ထင်ထင် မလုပ်ကြပါ။

ဤဆန်းစစ်လေ့လာချက်တွင် လွတ်လပ်စွာ စည်းရုံး ဖွဲ့စည်း ထားသည့် အဖွဲ့များ အပေါ်တွင်သာ အဓိက အာရုံစိုက် လေ့လာပြီး နိုင်ငံရေး ပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ (EAOs)၊ အစိုးရက စည်းရုံးဖွဲ့စည်း ထားသည့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (GONGOs)၊ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများနှင့် လုပ်ငန်းဆိုင်ရာ အစည်းအရုံး များနှင့် အဖွဲ့အစည်းများကို ချန်လှပ်ထားပါသည်။ သို့ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက်နယ်နိမိ တ် ကန့်သတ်ချက်မှာ ရောနှော နေနိုင်ပါသည်။ ဤသုတေသနတွင် လူတွေ့ မေးမြန်း ခဲ့သူ အချို့မှာလည်း အစိုးရ နောက်ခံရှိသူ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဂင်များ ဖြစ်ကြ ပါသည်။

## ၁-၂။ အရပ်ဘက်လူမှု အဖွဲ့အစည်း နှင့် ရည်ရှည်တည်တံ့သော ငြိမ်းချမ်းရေး

ကျယ်ပြန့်သော အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ အထောက်အထားများက ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အရပ်ဘက်လူမှု အဖွဲ့အစည်းပါဂင်စေခြင်းဖြင့် ကာလရှည်ကြာ တည်တံ့သည့် ငြိမ်းချမ်းရေးကို ရရှိစေကြောင်း ပြသနေပါသည်။ ယင်းအချက်ကို သာဓက အနေဖြင့် စစ်အေးခေတ် နောက်ပိုင်း ငြိမ်းချမ်းရေး သဘောတူညီမှုများကို အရေအတွက်အရ လေ့လာမှုက ထောက်ခံနေပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်း၏ အလွှာအသီးသီး အတွင်းနှင့် တစ်ခုနှင့်တစ်ခုကြားတွင် မတူကွဲပြားမှု များစွာ ရှိပါသည်။ ယင်းမှာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းအတွက် အင်အား ကောင်းသော နည်းအချက် တစ်ခု ဖြစ်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အမျိုးသမီး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို သုတေသန ပြုလုပ်ရာတွင် ဥပမာအားဖြင့် အမျိုးသမီးများ၏ အဓိပ္ပာယ် ပြည့်ဂသော ပါဂင်မှုသည် ငြိမ်းချမ်းရေး သဘော တူညီချက် ရရှိရန် ဖြစ်နိုင်ခြေ ပို၍များကြောင်း သိမြင်လာစေ ပါသည်။[8] အလားတူပင် လူငယ် များအား ငြိမ်းချမ်းရေး လုပ်ငန်းများတွင် ပါဂင်လာစေခြင်းဖြင့် ကောင်းမွန်သော အကျိုးရလဒ်ကို ထွက်ပေါ်စေကြောင်း သိရှိနားလည် လာကြပါသည်။[9] သုတေသန ပြုချက်အရ လူငယ်များ အပြောင်းအလဲတွင် အခန်းကဏ္ဍ တစ်ခုမှ ပါဂင်ခြင်းဖြင့် ငြိမ်းချမ်းစွာ အတူနေထိုင်နိုင်မှုကို ပိုမိုတိုးတက်စေပြီး၊ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများကို လျော့ပါးစေကာ ခုခံနိုင်စွမ်း နည်းပါးသူများအတွက် အထောက် အကူ ဖြစ်စေကြောင်း ဖော်ပြနေပါသည်။[10]

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အရပ်ဘက်လူမှု အဖွဲ့အစည်း (CSOs) ပါဂင်စေခြင်းသည် ဖွံ့ဖြိုးမှုကို ရရှိနိုင်ရန် အကောင်းဆုံးသော နည်းလမ်းများမှ တစ်ခု ဖြစ်ပြီး မြေပြင်တွင် လက်တွေ့ဖြစ်ပေါ်နေသည်များမှ ကင်းကွာနေသော အင်အား ကြီးသော စီးပွားရေး လုပ်ငန်းရှင်ကြီးများ၏ စေ့ဆော်မှုကြောင့် မဟုတ်သည့် ဖွံ့ဖြိုးမှုကိုရရှိစေပါသည်။ ဒေသအလိုက်နှင့် အောက်ခြေအဖွဲ့များသည်လည်း အကြမ်းဖက်မှုများ ဖြစ်ပေါ် စေသော အကြောင်းရင်း ဇစ်မြစ်ကို ဖော်ထုတ်၍ ယင်းပြဿနာ များကို ငြိမ်းချမ်းရေး စားပွဲသို့ ယူဆောင်လာရန် ကောင်းစွာ ပြင်ဆင်ထားပြီးဖြစ်ပါသည်။ လူမှုအဖွဲ့ အစည်းများသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတွင် နည်းအမျိုးမျိုးဖြင့် ပါဂင်ပံ့ပိုးနေကြောင်း ဤသုတေသန အရတွေ့ ရှိရပါသည်။ အချို့ သော သူများက "ငြိမ်းချမ်းရေး တည်ဆောက်တဲ့ အခါမှာ အရပ်ဘက်လူမှု အဖွဲ့ အစည်းအနေနဲ့ အရေးပါတဲ့ ကဏ္ဍမှာ ပါဂင်နိုင်သော်လည်းအများအားဖြင့် ဝိုင်းဂန်းကူညီသည့် အခြေအနေတွင်သာရှိနေသည်။[11]

### ဆွေးနွေးရန်မေးခွန်းများ

1. မြန်မာနိုင်ငံ၏ အရပ်ဘက်လူမှုအဖွဲ့အစည်းများကို မည်သူတို့ဖြင့်ဖွဲ့စည်းထားသနည်း။ အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် အထောက်အကူမပြုသောအဖွဲ့အစည်းများ ရှိပါသလား။
2. အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မည်သို့ ပါဝင်ပံ့ပိုးပေးသနည်း။
3. ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုသည် အရေးပါကြောင်း အဘယ်ကြောင့်စဉ်းစားသင့်သနည်း။
4. အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ လူမှုပေါင်းစည်းရေး လုပ်ငန်းများတွင် မည်သို့ ပါဝင်ပံ့ပိုးပေး သနည်း။
5. အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ကျွမ်းကျင်မှုဆိုင်ရာ အသင်းအဖွဲ့များသာ ဖြစ်ပါသလား။

# အခန်း ၂ - မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

ဤအခန်း၌ မြန်မာနိုင်ငံအရပ်ဘက် လူမှုအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံ၏ နိုင်ငံရေးအကူးအပြောင်းကာလတွင် တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွင်းနှင့် လုပ်ငန်းစဉ် ပြင်ပမှ ငြိမ်းချမ်းရေးအတွက် မည်ကဲ့သို့ ပံ့ပိုး ကူညီပေးနေသည်ကို ဆန်းစစ်လေ့လာခြင်း မပြုမီ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အားသမိုင်းကြောင်းအရ အကျဉ်းချုပ် ခြုံငုံသုံးသပ်ချက်ဖြင့် စတင်ထားပါသည်။ တဖန် ဤအခန်းတွင် မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများအား အထောက်အကူပြုသည့် အကြောင်းရင်းခံ အခြေအနေများနှင့် အဟန့်အတား ဖြစ်စေသည့် အကြောင်းရင်းခံ အခြေအနေ များကို လေ့လာထားပြီး၊ ဆက်လက်၍ ဤ ဆွေးနွေးချက် စာတမ်း အတွက် ကောက်ယူ စုဆောင်းထားသည့် အချက် အလက်များမှ ထွက်ပေါ်လာသည့် အရပ်ဘက် လူမှု အဖွဲ့ အစည်းများ၏ အဓိကကျသော အလားအလာများကို လေ့လာဆန်းစစ်ထားပါသည်။

## ၂-၁။ မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ သမိုင်း အကျဉ်း

ယနေ့ အရပ်ဘက် လူမှုအဖွဲ့အစည်း အကြောင်းကို ဗြိတိသျှ ကိုလိုနီ အုပ်ချုပ်ရေးကို တုံ့ပြန်ရန် ဖွဲ့စည်းခဲ့သည့် ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်း (YMBA) ကဲ့သို့သော အသင်းများ ဖွဲ့စည်းခဲ့သည့် လွတ်လပ်ရေး မရမီ အချိန်ကစ၍ ခြေရာကောက်နိုင်မည် ဖြစ်ပါသည်။ အစောဆုံး အရပ်ဘက် လူမှုအဖွဲ့အစည်းများထဲမှ တစ်ခုမှာ ကရင်အမျိုးသားအသင်း (KNA) သို့မဟုတ် ပြည်ပတွင် ပညာသင်ကြားခဲ့သော ကရင်များက ၁၈၈၁ ခုနှစ်တွင် ထူထောင်ခဲ့သည့်ဒေါ်ကလု ပင်ဖြစ်သည်။ KNA ၏ ရည်ရွယ်ချက်မှာ ကရင်လူမျိုးများ၏ ပေါင်းစည်းထားသည့် ဝိသေသ လက္ခဏာ၊ ဦးဆောင်မှုနှင့် ပညာရေးတို့ကို အားပေးမြှင့်တင်ပေးရန်နှင့် ကရင်ပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်တွင် အခြား ကရင်အဖွဲ့အစည်းများ[12] ပေါ်ထွန်းလာခဲ့ပြီး၊ ကရင်အမျိုးသား အစည်းအရုံး (KNU) ကို ဖွဲ့စည်းခဲ့ပါသည်။[13]

၁၉၆၂ ခုနှစ်တွင် ဦးနေဝင်း အစိုးရ အာဏာရလာပြီးနောက် နိုင်ငံတော်က ယင်း၏အာဏာကို လူမှုဘဝ၏ ယခင်ကရှိခဲ့သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကဏ္ဍအပေါ် လွှမ်းမိုးချဲ့ထွင် လာခဲ့ပါ သည်။[14] အချို့သော စောင့်ကြည့် လေ့လာသူများက မြန်မာနိုင်ငံမှ အရပ်ဘက် လူမှုအဖွဲ့ အစည်းများသည် အစိုးရ အဆက်ဆက် အောက်တွင် ၂၀၁၀ ပြည့်နှစ်တိုင်အောင် ရပ်တည်နိုင်မှု မရှိခဲ့ကြောင်း သုံးသပ် ကြပါသည်။ သို့ရာတွင် ယင်းသုံးသပ်ချက်ကို မကြာသေးမီ နှစ်များက ပြန်လည် သုံးသပ်ခဲ့ပါသည်။[15] အများပြည်သူဆိုင်ရာ ကဏ္ဍများတွင် ပြည်သူလူထု၏ စည်းရုံးနိုင်စွမ်းအပေါ် ခက်ခဲ ရှုပ်ထွေးသော ကန့်သတ်ချုပ်ချယ်မှုများ ရှိနေသော်လည်း အရပ်ဘက် လူမှု အဖွဲ့အစည်းများမှာ တိုင်းပြည်၏ အစွန်အဖျား ဒေသများနှင့် အဖွဲ့အစည်းနှစ်ခု၏ ထိန်းချုပ်မှု ရှိနေသော နယ်မြေများ အပါအဝင် ဒေသများတွင် သီးခြားပုံစံများဖြင့် အမှန်တကယ် တည်ရှိနေခဲ့ပါသည်။

> “အရပ်ဘက် လူမှုအဖွဲ့အစည်းသည် ယင်း၏ အခန်းကဏ္ဍနှင့် လုပ်ငန်းများကို ထူထောင်ခဲ့ပြီး၊ အစိုးရ၏ အာရုံစိုက်မှုမှ လွတ်ကင်းခဲ့ပါသည်။”

၁၉၈၈ ခုနှစ်တွင် ဦးစောမောင် အစိုးရ အာဏာရလာပြီး နောက်ပိုင်း ၁၉၉၂ ခုနှစ်တွင် ဦးသန်းရွှေ အစိုးရ အာဏာရ လာခဲ့ရာ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ အများအပြား ထောင်သွင်းအကျဉ်းချ ခံခဲ့ရခြင်း၊ မြေအောက်လှုပ်ရှားမှု (လျှို့ဝှက်လှုပ်ရှားမှု) များတွင် ရောက်ရှိသွားခြင်း သို့မဟုတ် နိုင်ငံပြင်ပသို့ ထွက်ခွာသွားခြင်းများ ဖြစ်ပေါ်ခဲ့ကြရပါသည်။ တစ်ချိန်တည်းမှာပင် အစိုးရသည် ပြည်သူ့ရေးရာ ကိစ္စများ တွင် ပြည်သူလူထု၏ ပါဝင်ပတ်သက်မှုအပေါ် ယင်း၏ ဩဇာအရှိန်အဝါကို တိုးမြှင့်ရန်အတွက် အစိုးရက စည်းရုံးစီစဉ်သည့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (GONGOS) ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းအဖွဲ့အစည်းများတွင် လူအများအပြား ပါဝင်သည့် မဝင်မနေရ အဖွဲ့အစည်း တစ်ခုဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း (USDA) ပါဝင် ပါသည်။[16] သို့ရာတွင် အချိန်ကြာလာ သည်နှင့်အမျှ အရပ်ဘက် လူမှုအဖွဲ့အစည်းသည် ယင်း၏ အခန်းကဏ္ဍနှင့် လုပ်ငန်းများကို ထူထောင်ခဲ့ပြီး၊ အစိုးရ၏ အာရုံစိုက်မှုမှ လွတ်ကင်းခဲ့ပါသည်။

အစိုးရသည် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ (EAOs) နှင့် နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ်များ လက်မှတ် ရေးထိုးခဲ့ရာ နောက်ဆုံးတွင် ယင်းသဘောတူညီချက်များမှာ ရေရှည်ခိုင်မာသော ငြိမ်းချမ်းရေးကို မဖော်ဆောင်နိုင်ဘဲ



*ဒေါက်တာငွေးနောင် (ဝဲ)၊ ကရင်ပြည်နယ်ကြက်ခြေနီဥက္ကဋ္ဌ၊ ဦးမြင့်နိုင် (ယာ) ကြီးကြပ်ရေးကော်မတီ ဘားအံတက္ကသိုလ် နှင့် စီမံချက်ကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး*

ရှိခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ဤလုပ်ငန်းစဉ်မှာ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်နှင့် ပြန်လည်ပေါ်ထွန်းလာစေရန် ဖန်တီးပေးခဲ့ပါသည်။ ယခုအခါ နိုင်ငံတစ်ဝန်းတွင် ဝန်ထမ်းပေါင်း ၇၀၀ ကျော်ရှိသော မြန်မာနိုင်ငံ၏ အကြီးဆုံးဖြစ်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) ဖြစ်သည့် မေတ္တာ ဖောင်ဒေးရှင်း[17] ကို ကချင်လွတ်မြောက်ရေးတပ် (KIA) နှင့် တပ်မတော်တို့အကြား ၁၉၉၄ ခုနှစ်၊ နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို တုံ့ပြန်သည့် အနေဖြင့် ကချင်ပြည်နယ်တွင် စတင်ဖွဲ့စည်း ခဲ့ပါသည်။ မေတ္တာ ဖောင်ဒေးရှင်းသည် စတင်ဖွဲ့စည်းစဉ်ကပင် ဒေသဖွံ့ဖြိုးရေးကို အာရုံစိုက် ဆောင်ရွက်ခဲ့ပြီး၊ နိုင်ငံရေး ပါတီများနှင့် တိုက်ရိုက်ဆက်စပ်မှုကို ရှောင်ရှားခဲ့ပါသည်။

အထက်ဖော်ပြပါ နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ရရှိပြီးနောက် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များအပေါ် အာရုံစိုက် ဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ အကြီးဆုံး အရပ်ဘက် လူမှုအဖွဲ့အစည်းဖြစ်သော ငြိမ်း (Shalom) ဖောင်ဒေးရှင်း[18] ပေါ်ပေါက်လာခဲ့ပါသည်။ သဘောတူ စာချုပ် လက်မှတ်ရေးထိုးနိုင်ရန် နှစ်ဖက်တပ်များအား စေ့စပ်ဆွေးနွေး ညှိနှိုင်းနိုင်ရန် ကူညီခဲ့သည့် သိက္ခာတော်ရ ဒေါက်တာ Saboi Jum တည်ထောင်ခဲ့သော ငြိမ်းဖောင်ဒေးရှင်းသည် ၂၀၀၀ ပြည့်နှစ် အတွင်း နိုင်ငံတစ်ဝန်း တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

ငြိမ်းဖောင်ဒေးရှင်းသည် ၂၀၁၀ ပြည့်နှစ်အထိ ငြိမ်းချမ်းရေး အကြောင်း ပညာပေးမှုအပေါ် အာရုံစိုက်ခဲ့ပါသည်။ ယင်း၏ အဖွဲ့များသည် ပြည်သူများအား သဘောထား ပြောင်းလဲစေရန်နှင့် ပဋိပက္ခ စီမံခန့်ခွဲမှု စွမ်းရည် ရရှိအောင် သင်ကြားပြသပေးရန် ရည်ရွယ်၍ အခမ်းအနားပွဲပေါင်း ရာနှင့်ချီ၍ စီစဉ်ပြုလုပ်ခဲ့ပါသည်။ ငြိမ်းဖောင်ဒေးရှင်းသည် ဘာသာပေါင်းစုံ လူငယ်များ ငြိမ်းချမ်းရေး သင်တန်းများကိုလည်း ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်များအတွင်း ကျင်းပပြုလုပ်ခဲ့ပြီး၊ အင်ဒိုနီးရှားနိုင်ငံ လူငယ်များ စခန်းချပွဲအတွက် ကူညီခဲ့ရာ ယင်းမှာ မြန်မာနိုင်ငံတွင် အခြားသော ဘာသာပေါင်းစုံ လှုပ်ရှားမှုများအတွက် အစပျိုးပေးသလို ဖြစ်လာခဲ့ပါသည်။[19] ငြိမ်းဖောင်ဒေးရှင်းသည် ယင်း၏ အလေးပေးလုပ်ဆောင်သောလုပ်ငန်းနယ်ပယ်ကို ချဲ့ထွင်ခဲ့ရာ ယခုအခါ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ယင်း၏ ခေါင်းဆောင်များနှင့် တိုက်ရိုက် ထိတွေ့ဆက်စပ်ပြီး၊ အဆင့်မြင့် နည်းပညာ၊ အကြံပေးမှုနှင့် ညှိနှိုင်းဆောင်ရွက်မှု ကဏ္ဍများတွင် ပါဝင် ဆောင်ရွက်လျက် ရှိပါသည်။

အခြား အရပ်ဘက် လူမှုအဖွဲ့အစည်းများသည်လည်း နိုင်ငံတော်က မဆောင်ရွက်နိုင်သည့် ကဏ္ဍများတွင် တိုးတက်ကြီးထွားလာခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် ရန်ကုန်မြို့၌ သရုပ်ဆောင် ဦးကျော်သူ တည်ထောင် ခဲ့သော အခမဲ့ နာရေးကူညီမှုအသင်း (FFSS) ကို အစိုးရက မဆောင်ရွက်နိုင်သည့် ကွက်လပ်ကို ဖြည့်ဆည်းသည့်

အနေဖြင့် ငွေကြေးမတတ်နိုင်သူများအား လူမှုရေး ဝန်ဆောင်မှုပေးရန် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ အသင်းကို မြန်မာ ဗုဒ္ဓဘာသာဝင် အများစုက ဦးဆောင်သော်လည်း အခမဲ့ နာရေးကူညီမှု အသင်းမှာ လူမျိုးစု အသီးသီးနှင့် ဘာသာရေး အသိုင်းအဝိုင်း အသီးသီးသို့ ပျံ့နှံ့သွားခဲ့ပြီး၊ အခမဲ့ နာရေးကူညီမှုအသင်းကို အခြားအဖွဲ့အစည်းများက နမူနာယူခဲ့ကြပါသည်။ အသင်းအနေဖြင့် နိုင်ငံရေးကိစ္စကို ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့ဖူးခြင်း မရှိသော်လည်း အသင်း၏ လှုပ်ရှားမှုများကို နောက်ပိုင်းတွင် "*အနုနည်း အင်အားဖြင့် တော်လှန်မှု*" အဖြစ် ဖော်ပြခဲ့ကြပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းမှ ဝါရင့် စည်းရုံးတိုက်တွန်း ဆွေးနွေးသူ တစ်ဦးကမူ အခမဲ့ နာရေးကူညီမှုအသင်းကို ဩဇာတိက္ကမရှိသူ တစ်ဦးက ဦးဆောင်တဲ့အတွက် "*နောက်လိုက်နောက်ပါတွေ များလာတယ်။ ကွန်ရက်တွေတော့ ဖြစ်မလာဘူး*" ဟု စိုးရိမ်ပူပန်မှုကို ဖွင့်ဟ ပြောဆိုပါသည်။[20]

ဦးသိန်းစိန်၏ အသွင်ကူးပြောင်းရေး အစိုးရ မတိုင်မီ ကန့်သတ်ချုပ်ချယ်မှု ပိုမိုများပြားသော အခြေအနေတွင် ပညာရေးသည်လည်း အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အဓိက အာရုံစိုက်ရာ ကဏ္ဍတစ်ခုဖြစ်ပါသည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ရှိ ခရစ်ယာန် အသိုင်းအဝိုင်းများနှင့် ဘုရားကျောင်း များက နည်းပညာ ဗဟုသုတနှင့် ကျွမ်းကျင်မှု လွှဲပြောင်းပေးရာ နေရာဌာနများ ဖြစ်လာချိန်တွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများက နိုင်ငံသား ပညာရေးကို စတင်ပံ့ပိုး ပေးလာပါသည်။ ဘုရားကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့် ဆောင်ရွက်နေသော ဌာန အနည်းစုထဲတွင် ပါဝင်ပြီး၊ အလားအလာကောင်းသော အရပ်ဘက် လူမှုအဖွဲ့အစည်း လုပ်ငန်းများအတွက် နေရာဖန်တီးပေးပါသည်။

အထူးသဖြင့် ဘုရားကျောင်းများသည် အခြားအခြေအနေများတွင် ဘာသာရေးနှင့် မဆိုင်သော ဌာန များတွင် တည်ရှိသည့် အရပ်ဘက် လူမှုအဖွဲ့အစည်း လှုပ်ရှားမှုများအတွက် နေရာ အခွင့်အလမ်း ဖန်တီးပေး ပါသည်။[21] ဥပမာ ကရင်ဖွံ့ဖြိုးရေး ကွန်ရက် (KDN) သည် ဘုရားကျောင်းဝင်းအတွင်း အခြားနေရာများတွင် ပြုလုပ်၍ ရနိုင်ဖွယ် မရှိသည့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပါသည်။ ယင်းအဖွဲ့က ယင်း၏ ပဋိပက္ခ စီမံခန့်ခွဲမှု၊ ဒီမိုကရေစီ စနစ်ဖော်ဆောင်ခြင်းနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း တို့နှင့် ပတ်သက်သည့် အစည်းအဝေးများကို "*သမ္မာကျမ်းစာအား ကရင်လူမျိုး အမြင်ဖြင့် ဖတ်ရှုခြင်း*" အလုပ်ရုံ ဆွေးနွေးပွဲများ အဖြစ် ကြေညာခဲ့ပါသည်။

"ဘုရားကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့် ဆောင်ရွက်နေသော ဌာန အနည်းစုထဲတွင် ပါဝင်ပြီး၊ အလားအလာကောင်းသော အရပ်ဘက် လူမှုအဖွဲ့အစည်း လုပ်ငန်းများအတွက် နေရာဖန်တီးပေးပါသည်။"

အထင်ကရဖြစ်သော ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲ မတိုင်မီ အဓိကကျသော ဖြစ်ရပ်နှစ်ခုမှာ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အင်အားကို ထုတ်ဖော်ပြသလိုက်ခြင်း ဖြစ်ပါသည်။ ယင်းတို့မှာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ ဦးဆောင်သော အဖွဲ့၏ နိုင်ငံရေး စွမ်းရည်ကို လက်တွေ့ပြသသည့် ၂၀၀၇ ခုနှစ်၊ "*ရွှေဝါရောင် တော်လှန်ရေး*" နှင့် ဘာသာရေး အခြေပြု အဖွဲ့အစည်းများနှင့် အခြား အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ စုစည်းလုပ်ဆောင်မှုနှင့် စည်းရုံးဖွဲ့စည်းမှု စွမ်းရည်ကို ထုတ်ဖော်ပြသ နိုင်ခဲ့သည့် ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သော ဆိုင်ကလုန်း နာဂစ် မုန်တိုင်းတို့ဖြစ်ပါသည်။[22] နာဂစ်မုန်တိုင်းက မြို့ပြနှင့် ကျေးလက် ရပ်ရွာလူထုတို့အကြား ဆက်သွယ်မှုကို ဖြစ်ပေါ်စေပြီး ပထမဆုံး အနေဖြင့် ဖြစ်ရပ် အများအပြားတွင် ဒေသတွင်း လုပ်ငန်း လုပ်ဆောင်သူများအဖြစ် အချင်းချင်း ပို၍ပို၍ သိရှိလာစေခဲ့ ပါသည်။ အဖွဲ့အစည်းနှင့် ကွန်ရက် အများအပြား၏ ထိုသို့ အလျင်အမြန် ဖြစ်ပေါ်တိုးတက်ခဲ့သည့် အချိန်အခါကို ပြန်လည် ခြေရာခံ တွေ့ရှိနိုင်ပါသည်။[23]

ဖြစ်ရပ်နှစ်ခုစလုံးတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ နိုင်ငံရေးတွင် ပါဝင် ပတ်သက်လာမှုကို မြင်တွေ့ရမည့် အလားအလာကို ဖြစ်ပေါ်စေပါသည်။ ဤအလားအလာမှာ "*အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က အစိုးရအပေါ် အသာစီး ရနေစဉ်တွင် ရပ်ရွာ လူထုနှင့် ထိတွေ့၍ အားပေးကူညီမှုကို စုစည်းရယူရန် နည်းလမ်းတစ်ရပ် အနေနှင့် လူမှုရေး လုပ်ငန်းတွင် ပါဝင် လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ကြောင့် ပိုမိုကြီးမားလာသည်*" ဟု အချို့က ဆိုပါသည်။[24]

၁၉၉၀ ပြည့်လွန်နှစ်များ၏ အလယ်ပိုင်းတွင် ထိုင်းနိုင်ငံအတွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းများ ကြီးထွားစ ပြုလာပြီး၊ ချင်းမိုင်နှင့် မဲဆောက်မြို့များမှာ ပြည်ပရောက် တက်ကြွလှုပ်ရှားသူများ၏ ဗဟိုချက် ဖြစ်လာပါသည်။ *(ထပ်မံ သိရှိလိုပါက အခန်း-၂၊ 'နယ်စပ်ဖြတ်ကျော် အဖွဲ့အစည်းများမှာ ဆက်စပ်ပတ်သက်နေဆဲ ဖြစ်သည်' တွင်ကြည့်ပါ။)*[25] နယ်စပ် အခြေပြု အဖွဲ့အစည်းများသည် အခွင့်အရေး အခြေပြု၊ အထောက်အထား အခြေပြုနှင့် စည်းရုံးတိုက်တွန်း ဆွေးနွေးမှုကို အလေးပေးသော နည်းလမ်းများကို ပို၍ပို၍

သုံးစွဲစ ပြုလာပြီး၊ ဖက်ဒရယ်ဂါဒ[26] အကြောင်း စတင်ပြောဆိုစ ပြုလာပါသည်။ နိုင်ငံတွင်းရှိ ရပ်ရွာလူထုများအကြား အနည်းဆုံးအားဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များထံ ရောက်ရှိနိုင်သော နယ်မြေများတွင် ဝန်ဆောင်မှုများပေးပါသည်။ ဤကာလအတောအတွင်း နိုင်ငံတကာ အလှူရှင်များက နိုင်ငံတွင်းရှိ ပြည်တွင်းနေရပ် စွန့်ခွာထွက်ပြေးရသူများ (IDPs) အား အကူအညီများ စတင်ပေးခြင်းနှင့်အတူ ထိုင်းနိုင်ငံ အတွင်းရှိ ဒုက္ခသည်များအားလည်း ထောက်ပံ့ခဲ့ပါသည်။

> ၁၉၈၈ ခုနှစ် မျိုးဆက် အများအပြားမှာ ထောင်သွင်း အကျဉ်းချ ခံရခြင်း သို့မဟုတ် ပြည်ပသို့ ထွက်ခွာရခြင်းများ ကြုံတွေ့ကြရပြီး၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးရေး လုပ်ငန်းမှာလည်း အဓိကအားဖြင့် ငယ်ရွယ်သည့် မျိုးဆက်များသို့ လွှဲထားပေးခဲ့ရပါသည်

၁၉၉၀ ပြည့်လွန်နှစ်များမှ စ၍ ပဋိပက္ခဒဏ် ခံစားနေရသော အထူးသဖြင့် အရှေ့တောင်ပိုင်းမှ ရပ်ရွာလူထု များသာလျှင် - သို့မဟုတ် အများစုက - ထိုင်းနိုင်ငံမှ နယ်စပ်ဖြတ်ကျော် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဒေသတွင်း အဖွဲ့အစည်းများအား လက်လှမ်းမီနိုင်ကြပြီး၊ ယင်းအကူအညီများကြောင့် လူ့အသက်ပေါင်း များစွာ ကယ်တင်နိုင်ခဲ့ကာ ဒေသခံများအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးရန် လုပ်ဆောင်ခဲ့ကြပါသည်။[27] နယ်စပ်ဖြတ်ကျော် ကူညီထောက်ပံ့မှုများမှာ ကချင်ပြည်နယ်ကဲ့သို့ ပဋိပက္ခကြောင့် အစိုးရ ထိန်းချုပ် နယ်မြေများမှ ရောက်ရှိရန် မစွမ်းနိုင်သော နယ်မြေများတွင် အရေးပါဆဲ ဖြစ်နေပါသည်။[28]

အပြောင်းအလဲ မတိုင်မီက ၁၉၈၈ ခုနှစ် မျိုးဆက် အများအပြားမှာ ထောင်သွင်း အကျဉ်းချ ခံရခြင်း သို့မဟုတ် ပြည်ပသို့ ထွက်ခွာရခြင်းများ ကြုံတွေ့ကြရပြီး၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးရေး လုပ်ငန်းမှာလည်း အဓိကအားဖြင့် ငယ်ရွယ်သည့် မျိုးဆက်များသို့ လွှဲထားပေးခဲ့ရပါသည်။ ယင်းအချက်ကို ယနေ့ နိုင်ငံရေး ပါတီများတွင် ခေါင်းဆောင်ပိုင်း အများစုမှာ အသက်အရွယ် ကြီးရင့်သူများ ဖြစ်နေပြီး (အသက် ၇၀ ကျော်များ ဖြစ်လေ့ရှိပြီး) အရပ်ဘက် လူမှုအဖွဲ့အစည်းများတွင် အဖွဲ့ဝင်များမှာ အသက် ၄၀ အောက် ရှိသူများ ဖြစ်နေလေ့ ရှိခြင်းက သက်သေပြနေပါသည်။[29] (ထပ်မံ သိရှိလိုပါက အခန်း ၂-၅၊ ‘လူငယ်အဖွဲ့အစည်းများမှာ ပိုမိုထင်ရှားလာကြသည်’ တွင်ကြည့်ပါ။)

နိုင်ငံတကာ အဖွဲ့များက ယင်း လူငယ်မျိုးဆက်များအား သင်တန်းနှင့် ပညာပေး ကာလများအတွင်း တွင်လည်းကောင်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများက အလုပ်အကိုင် ရရှိပြီးနောက်တွင် လည်းကောင်း ဆန်းစစ်ဝေဖန် တွေးခေါ်တတ်အောင် လေ့ကျင့်ရန် အားပေးပါသည်။ ဥပမာအားဖြင့် ဗြိတိသျှကောင်စီ သည် ကိုယ်ပိုင်ဂိုသေသ အခြေပြုနှင့် အကြောင်းအရာအလိုက် စကားပြောဆို ဆွေးနွေးရေး ကလပ်များ ပါရှိသည့် အစီအစဉ် တစ်ခုကို ပြုလုပ်ပါသည်။ ဆရာများအတွက် လူ့အခွင့်အရေး နှင့် ၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ မတိုင်မီ ရက်သတ္တပတ်များတွင် ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးပွဲ ဖိုရမ် ကျင်းပပြုလုပ်ခြင်း ကဲ့သို့သော အထူးအစီအစဉ်များကိုလည်း ကျင်းပပေးပါသည်။

ဤသို့ ထောက်ပံ့ကူညီမှုမှာ အရေးပါသော ကဏ္ဍတစ်ခုအဖြစ် ပါဝင်သော်လည်း ၂၀၁၇ ခုနှစ် ရွှေဂါရောင် တော်လှန်ရေး၊ ၂၀၀၈ ခုနှစ် ဆိုင်ကလုန်း နာဂစ်မုန်တိုင်းနှင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ တစ်ပိုက်တွင် အဖွဲ့အစည်းများမှာ နိုင်ငံတကာ ထောက်ပံ့ကူညီမှု မပါဘဲ ပေါ်ထွန်းလာခဲ့ပါသည်။



*ရခိုင်ပြည်နယ်မှ မဲဆန္ဒပေးသူတစ်ဦး (Source: Frontier)*

## ၂-၂။ မြန်မာနိုင်ငံ အပြောင်းအလဲ အတွင်းမှ အရပ်ဘက် လူမှုအဖွဲ့အစည်း

*မြန်မာနိုင်ငံ အစိုးရ (GoM) နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ (EAOs) အကြား ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အထောက်အကူပြုမှု ကဏ္ဍမှာ အတော်အတန် ကျယ်ပြန့်လာပါသည်။[30]*

ဆိုင်ကလုန်း နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် အရပ်ဘက်လူမှုအဖွဲ့အစည်းသည် "နိုင်ငံရေး အရှိန်အဟုန်" ဆက်လက်မြင့်မားနေပြီး၊ မြို့ပြနှင့် ကျေးလက်တွင် အဖွဲ့အစည်းသစ် အများအပြား ဖွဲ့စည်းလာကြပါသည်။[31] ပြည်ပရောက် စည်းရုံးတိုက်တွန်း ဆွေးနွေးသူများမှာ ၂၀၁၂ ခုနှစ် အတွင်း မြန်မာနိုင်ငံသို့ ပြန်လာစ ပြုလာပါသည်။ ဦးသိန်းစိန် အစိုးရသည် ထင်ရှားသော ခေါင်းဆောင်အချို့ နှင့် အခြားပြည်တွင်း အဖွဲ့အစည်း များအား မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်း ဗဟိုဌာန (MPC) နှင့် ပူးပေါင်းရန် ဖိတ်ခေါ်ခဲ့ပါသည်။ ထို့အပြင် စည်းရုံးတိုက်တွန်း ဆွေးနွေးသူများကိုလည်း နိုင်ငံတော်အဆင့်တွင် ကူညီ ဆောင်ရွက်ပေးရန် ကြိုဆိုခဲ့ကြပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်း များကလည်း မြန်မာနိုင်ငံအတွင်း ရင်ဆိုင်နေရသော ပြဿနာများနှင့် ပတ်သက်၍ အတူစုရုံး လှုပ်ရှားခဲ့ကြပါသည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်ရှိ မြစ်ဆုံဆည်နှင့် ပတ်သက်၍ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ ကျယ်ကျယ်ပြန့်ပြန့် ကန့်ကွက်မှုမှာ ၂၀၁၁ ခုနှစ်တွင် စီမံချက် ခေတ္တရပ်ဆိုင်းစေသော အဓိက အကြောင်းအချက်တစ်ခု ဖြစ်ပါသည်။

အခြား အကြောင်းအချက် တစ်ခုမှာ အရပ်ဘက် လူမှုအဖွဲ့ အစည်းအား နိုင်ငံရေးအရ တက်ကြွအောင်လှုံ့ဆော် ပေးသော နာဂစ်မုန်တိုင်းဖြစ်ပြီး၊ အငြင်းပွားဖွယ်ဖြစ်သည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆန္ဒခံယူပွဲ ကျင်းပ ခါနီးတွင် တိုက်ခတ်ခဲ့သော ယင်းမုန်တိုင်းကြောင့် အကြီးအကျယ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူ အများအပြားက ဆန္ဒခံယူပွဲ ကျင်းပသည့် အချိန်ဇယားနှင့် ဆန္ဒခံယူပွဲ၏ ရလဒ်ကို ကန့်ကွက်ခဲ့ကြပါသည်။ ဆန္ဒခံယူပွဲကို ကျင်းပ ပြီးနောက် ၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်သို့ ဝင်ရောက်နိုင်ခဲ့ပြီး၊ နိုင်ငံသားအခွင့်အရေးနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ မကြုံစဖူး ပါဝင်ပတ်သက်မှုကို အစပျိုးပေး ခဲ့ပါသည်။ အစိုးရနှင့် အဆက်အသွယ် ပြုရာတွင် ထင်ရှားသော Myanmar Egress

> “၂၀၁၀ နှင့် ၂၀၁၂ ခုနှစ်၌ ကောက်ယူသော စစ်တမ်းများအရ အရပ်ဘက် လူမှုအဖွဲ့အစည်း အနေဖြင့် ပြည်သူ့ နီတိအစီအစဉ်နှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အစီအစဉ်များတွင် စတင်ပါဝင်လာနိုင်ခဲ့ပါသည်။”

မှ ဒေါက်တာ နေဝင်းမောင်မှာ အဆိုပါ ပါဝင်ပတ်သက်မှုတွင် အထင်ရှားဆုံး ဖြစ်ပါသည်။[32]

ဒေါ်အောင်ဆန်းစုကြည် အာဏာရရှိ လာစေသည့် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲကလည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ စောင့်ကြည့်လေ့လာသူနှင့် မဲဆန္ဒရှင် ပညာပေးသူအဖြစ် စည်းရုံးလှုပ်ရှားမှု စွမ်းရည်ကို ပြသစေနိုင်ခဲ့ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း အများအပြားက လွတ်လပ်၍ တရားမျှတစွာ မဲပေးနိုင်မှု အတွက် စုပေါင်းကြိုးပမ်း အားထုတ်ခဲ့ကြပြီး၊ ယင်းအားထုတ်မှုမှာ များစွာ အောင်မြင်သည်ဟု ယူဆကြ ပါသည်။ တစ်ချိန်တည်းမှာပင် နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် အသစ်များက နိုင်ငံရေး လုပ်ငန်းစဉ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို လှုံ့ဆော်အားပေးခဲ့ပါသည်။ *“အစိုးရ၏ အကြီးပိုင်း ခေါင်းဆောင်များက အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အဓိကကျသော အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး၊ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်း နစ်ခုစလုံးတွင် ပါဝင် ဆောင်ရွက်ရန် အရပ်ဘက် လူမှုအဖွဲ့အစည်းများအား ဖိတ်ခေါ်ခဲ့ကြပါသည်။”*[33] (အသေးစိတ် သိရှိလိုပါက အခန်း ၃-၁၊ အရပ်ဘက် လူမှုအဖွဲ့အစည်း လုပ်ငန်းများ- ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုခြင်း တွင်ကြည့်ပါ။) အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ၂၀၁၁ ခုနှစ်တွင် ကချင်ပြည်နယ်၌ တစ်ကျော့ပြန် ဖြစ်ပွားခဲ့သော ပဋိပက္ခနှင့် ၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု တို့ကဲ့သို့ အကြမ်းဖက်မှု အသစ်များနှင့် ဖြစ်ပွားဆဲ အကြမ်းဖက်မှုများကိုလည်း တုံ့ပြန်ခဲ့ကြပါသည်။[34]

နိုင်ငံရေး အပြောင်းအလဲ မစတင်မီ လူအနည်းငယ်က အင်တာနက်နှင့် လွတ်လပ်သော မီဒီယာများကို အသုံးပြုနိုင်ခဲ့ပါသည်။ မထုတ်ဝေမီ ကြိုတင်ဆင်ဆာ စိစစ်သောစနစ် ဖျက်သိမ်းခြင်းနှင့် တယ်လီဖုန်း ဆင်းကတ်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်သဖြင့် အင်တာနက်ကို ရုတ်တရက် တစ်ရှိန်ထိုး အသုံးပြု လာကြခြင်းကြောင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများက ကူညီကိုင်တွယ် ဖြေရှင်းပေးရသည့် စိန်ခေါ်မှု အသစ်များကို ဖန်တီးပေးခဲ့ပါသည်။

မဟုတ်မမှန်သော ကောလာဟလများကို ဖေ့စ်ဘွတ်ပေါ်တွင် ရေးသား လာကြပြီး၊ အနည်းဆုံး အသုံးပြုသူ ၁၀ သန်းရှိသော မြန်မာနိုင်ငံတွင် အတွင်ကျယ်ဆုံး အသုံးပြုသည့် လမ်းကြောင်းတစ်ခု ဖြစ်ပါသည်။[35] အချို့က ဖေ့စ်ဘွတ်ကို သတင်းအမှားများ ဖြန့်ဖြူး၍ အသိုင်းအဝိုင်းများ အကြား တင်းမာမှုများ ဖန်တီးရန်အတွက် အသုံးပြုကြပါသည်။ ၂၀၁၄ ခုနှစ်တွင် မန္တလေး၌ ဖြစ်ပွားခဲ့သော ဒေသတွင်းပဋိပက္ခမှာ အဓမ္မ ပြုကျင့်သည်ဆိုသော ကောလာဟလ တစ်ခု ဖေ့စ်ဘွတ်ပေါ်တွင် ပျံ့နှံ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။ အွန်လိုင်းပေါ်မှ သတင်းအမှားများမှာ နိုင်ငံတစ်ဝန်းမှ အခြားသော အကြမ်းဖက်မှုများ၏ အဓိက လက်သည်ဖြစ်ပါသည်။ *(ဤ ဆွေးနွေးချက် စာတမ်းမှာ ၂၀၁၇ ခုနှစ်၊ ဖွန်လအထိ ဖြစ်ရပ်များကိုသာ အာရုံစိုက်၍ ဆန်းစစ်လေ့လာခြင်း ဖြစ်သဖြင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုတွင် ဖေ့စ်ဘွတ်၏ အခန်းကဏ္ဍမှာ ဤစာတမ်းတွင် မပါဝင်ခြင်း ဖြစ်ပါသည်။)*

အရပ်ဘက် လူမှုအဖွဲ့အစည်းသည် ယင်းစိန်ခေါ်မှုများကို တောင်ကြီးတွင် ပြုလုပ်ခဲ့သည့် လှုပ်ရှားမှု တစ်ခု[36] အပါအဝင် စောစီးစွာ ကြိုတင် သတိပေးမှု လုပ်ငန်းများနှင့် ကောလာဟလများကို တန်ပြန်၍ အဖြစ်မှန် သိရှိစေရန် ဆောင်ရွက်ခြင်းနှင့် တင်းမာမှုများ လျော့ကျစေရန် ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။ ပန်းစကား (*“flower speech”*) ကဲ့သို့သော လှုပ်ရှားမှုဖြင့် အွန်လိုင်းတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးကို အားပေးမြှင့်တင် ပေးခဲ့ပါသည်။[37] ပန်းစကား လှုပ်ရှားမှုကို ဘလော့ဂ်ဂါ တစ်ဦးဖြစ်သူ နေဘုန်းလတ် က ထူထောင်ခဲ့ပြီး၊ ၎င်းမှာ ၂၀၀၇ ခုနှစ် ရွှေဝါရောင် တော်လှန်ရေးအကြောင်း ရေးသားပြီးနောက် ထောင်ဒဏ် အနှစ် ၂၀ ကျခံခဲ့ရသော်လည်း၊ ၂၀၁၂ ခုနှစ်တွင် ထောင်မှ လွတ်မြောက်ခဲ့ပါသည်။[38] အရပ်ဘက် လူမှု အဖွဲ့အစည်းမှ ဂါရင့် ခေါင်းဆောင်တစ်ဦးကမူ အဆိုပါ လှုပ်ရှားဆောင်ရွက်မှုများကို သမ္မတ ဦးသိန်းစိန် အစိုးရက ကြိုဆိုခဲ့ပြီး၊ ယင်းသို့ကြိုဆိုခဲ့ခြင်းမှာ အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် အတက်ကြွဆုံး ဖြစ်နေ၍ ဖြစ်သည်ဟု ယူဆပါသည်။[39] ဤအယူအဆမှာ ဒေသတွင်းပဋိပက္ခများက နိုင်ငံရေး အပြောင်းအလဲကို မတည်မငြိမ်ဖြစ်အောင် တမင်သက်သက် လှုံ့ဆော်ပေးခြင်း ဖြစ်နိုင်သည် ဆိုသော ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ထားမှုကို ပိုမိုခိုင်မာစေပါသည်။ အချို့သော လေ့လာ ဆန်းစစ်သူများ ကမူ ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင် ဘာသာဝင်များ အကြား ပဋိပက္ခမှာ အကြမ်းဖက်မှု ပိုင်းရုံနေသော ဖြစ်ရပ်ထဲတွင် တည်ဆောက်ထားသဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများသည် ဘာသာရေးအရ သို့မဟုတ် အသိုင်းအဝိုင်း အချင်းချင်း

ဖြစ်ပွားသည်ဟု မမြင်ကြသလို နေ့စဉ် ဘဝအတွက် အဓိကကျသော စိုးရိမ် ပူပန်စရာ တစ်ခုအဖြစ် မမြင်ကြဟု ယူဆကြပါသည်။[40]

သုတေသန ပညာရှင်များကလည်း အရပ်ဘက် လူမှုအဖွဲ့အစည်းက အောင်မြင်စွာ အရှိန်လျှော့ချ နိုင်ခဲ့သော ဖြစ်အံ့ဆဲဆဲ အကြမ်းဖက်မှု ဖြစ်ရပ်များကို စတင်စုံစမ်း လေ့လာခဲ့ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ဘာသာရေး ခေါင်းဆောင်များက အခြား တက်ကြွသည့် နိုင်ငံသားများနှင့် အတူတွဲ၍ လုပ်ဆောင်ခဲ့သည် ဆိုသော အဓိကကျသည့် အကြောင်းရင်း တစ်ခုကို Walton နှင့် အခြားသူများ (၂၀၁၇ ခုနှစ်) က တွေ့ရှိခဲ့ကြပါသည်။[41] သို့သော်လည်း ယင်းကြိုးပမ်းမှုများတွင် "*ယခင်က တည်ရှိပြီးဖြစ်သည့် ဘာသာ ပေါင်းစုံ အဖွဲ့များ သို့မဟုတ် ငြိမ်းချမ်းရေး တည်ဆောက်မှု အဖွဲ့များ သေချာပေါက် ပါဝင်ခြင်း မရှိပါ။*"[42] တကယ်တမ်းတွင် ပါဝင်ပတ်သက်သူများက သက်ဆိုင်ရာ အသိုင်းအဝိုင်းများ အတွင်းနှင့် ဒေသ အာဏာပိုင် များနှင့် ယုံကြည်မှုနှင့် အများယုံကြည် လက်ခံနိုင်မှုကို တည်ဆောက်ခဲ့ပါသည်။ အကြောင်းမှာ ၎င်းတို့သည် ယခင်က ငြိမ်းချမ်းရေးနှင့် အသိုင်းအဝိုင်း အချင်းချင်း သဟဇာတဖြစ်ရေး တို့နှင့် ဆက်နွယ်မှု မရှိသည့် အခြား လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ "*ယခင်က လုပ်ဆောင်ခဲ့သည့် ယင်းလုပ်ငန်းများကြောင့် ၎င်းတို့အနေဖြင့် အကြမ်းဖက်မှုနှင့် ပတ်သက်၍ အကြံဉာဏ်ပေးခြင်း၊ အငြင်းပွားမှုများကို စေ့စပ်ဖျန်ဖြေ ပေးခြင်းနှင့် အသိုင်းအဝိုင်းများ အကြားနှင့် ဆွေးနွေးရန် တွန့်ဆုတ် နေသူများအကြား ယုံကြည်စိတ်ချရသော ပါဝင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခြင်း*"[43] တို့ကို လုပ်ဆောင် နိုင်ခဲ့ပါသည်။

## ၂-၃။ တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွင်းနှင့် လုပ်ငန်းစဉ် ပြင်ပမှ အရပ်ဘက် လူမှု အဖွဲ့အစည်း၏ အခန်းကဏ္ဍ

အရပ်ဘက် လူမှုအဖွဲ့အစည်းသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တရားဝင် ကြေညာထားသော လုပ်ငန်းစဉ်အတွင်းမှလည်းကောင်း၊ လုပ်ငန်းစဉ်လမ်းကြောင်း ပြင်ပမှ လည်းကောင်း ပါဝင်ပတ်သက်နေပါသည်။ တရားဝင် ပါဝင်ပတ်သက်နေသော အဓိကကျသည့် နယ်ပယ် တစ်ခုမှာ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲ (CSO Forum) ဖြစ်ပါသည်။ ယင်းမှာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် မူဘောင်အောက်မှ ကိစ္စရပ် အခြေပြု ဆွေးနွေးပွဲများ အတွက် အရပ်ဘက် လူမှု အဖွဲ့အစည်းများ တွေ့ဆုံရာ အမျိုးသား စင်မြင့်တစ်ခု ဖြစ်ပါသည်။ ဤအခန်းတွင် ငြိမ်းချမ်းရေး၌ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ပါဝင်မှုကို အထောက်အကူပေးသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များကို မဆွေးနွေးမီ တရားဝင် လုပ်ငန်းစဉ်တွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများ မည်ကဲ့သို့ ပါဝင်ပတ်သက်နေသည်ကို အကျဉ်းအားဖြင့် စတင်ဖော်ပြမည် ဖြစ်ပါသည်။

> “နှစ်ဘက်အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်များက နိုင်ငံရေးလုပ်ငန်းစဉ်တွင် အရပ်ဘက်လူမှုအဖွဲ့ အစည်း များ၏ အခန်းကဏ္ဍကို လှုံ့ဆော်အားပေးခဲ့သည်။”

ကနဦး အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့က ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) က နိုင်ငံရေး ဆွေးနွေးပွဲ လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို ထူထောင်ပေးခဲ့ပါသည်။ ထိုကော်မတီသည် အမျိုးသားအဆင့် ဆွေးနွေးပွဲ လုပ်ငန်းစဉ်မှတစ်ဆင့် ပြည်ထောင်စု ငြိမ်းချမ်းရေး သဘောတူညီချက်သို့ ဦးတည် သွားရန် ရည်ရွယ်ပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ကလည်း နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေး ချိုးဖောက်မှုများကို လေ့လာစောင့်ကြည့်၍ ကိုင်တွယ် ဆောင်ရွက်ရန် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ကို ဖွဲ့စည်းပေးခဲ့ပါသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲ ကော်မတီ (UPDJC) အား အားလုံးပါဝင်သော ဆွေးနွေးပွဲ တစ်ခုကို လွှတ်တော်ပြင်ပ၌ ကျင်းပရန် တာဝန်ပေးထားပါသည်။ သို့ရာတွင် ယင်းဆွေးနွေးပွဲမှ ပြည်ထောင်စု သဘောတူညီချက်တစ်ခု ရေးဆွဲပြီး၊ နောင်တွင် ပြည်ထောင်စု လွှတ်တော်၌ အတည်ပြုမည် ဖြစ်ပါသည်။[44] ၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင် UPDJC က ဆွေးနွေးရမည့် အဓိက ကဏ္ဍများဖြစ်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝ သယံဇာတ စသည့် ကဏ္ဍများကို ကြေညာခဲ့ပါသည်။[45] ၂၀၁၆ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ အစိုးရက လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခံရသည့် နိုင်ငံရေး ပါတီများသာ ပါဝင်တက်ရောက်ရန် နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှာ အဓိက အားဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဆွေးနွေးပွဲ (CSO Forum) မှတစ်ဆင့် ပါဝင် တက်ရောက်ရန် ဆုံးဖြတ်ခဲ့ပြီး၊ ဆွေးနွေးရမည့် ကိစ္စရပ်များကို ကန့်သတ်ထားခဲ့ပါသည်။[46]

> "အရပ်ဘက် လူမှုအဖွဲ့ အစည်းအများစုသည် လက်ရှိ နိုင်ငံရေး ဖြစ်စဉ်တွင် ပါဝင်ရန် အဆင်သင့်မဖြစ်သေးပါ။"

(အောက်တွင်ကြည့်ပါ။) အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဆွေးနွေးပွဲမှာ ပြိုင်တူကျင်းပခြင်း ဖြစ်သော်လည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ရန် လမ်းကြောင်း ဖြစ်ပါသည်။ ခြုံငုံဖော်ပြရလျှင် ဤတရားဝင် ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများအတွက် နေရာအကန့်အသတ်ရှိပြီး၊ ယင်း၏ လုပ်ငန်း အများအပြားမှာ လုပ်ငန်းစဉ် အတွင်းနှင့် လုပ်ငန်းစဉ်တစ်ပိုက်သို့ ဦးတည် နေပြီး၊ ပြင်ပမှ သြဇာသက်ရောက်ရန် ကြိုးပမ်းသည့် သဘော ဖြစ်ပါသည်။

အမျိုးသားအဆင့် ဆွေးနွေးပွဲမှာ ရှုပ်ထွေးသော လုပ်ငန်းစဉ် ဖြစ်ပြီး၊ အဓိကအပိုင်းသုံးပိုင်း ခွဲထားပါသည်။ တစ်ပိုင်းမှာ အရပ်ဘက် လူမှုအဖွဲ့အစည်း ဆွေးနွေးပွဲဖြစ်ပြီး၊ နောက် တစ်ပိုင်းမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ဦးဆောင်သော တိုင်းရင်းသားများ ဆွေးနွေးပွဲ ဖြစ်ပါသည်။ တတိယအပိုင်းမှာ ဒေသအလိုက် ဆွေးနွေးပွဲဖြစ်ပြီး၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် လုပ်ငန်းစဉ်ဖြစ်ကာ အစိုးရက ဦးဆောင်၍ ဆက်စပ်ပတ်သက်သူ အများအပြား ပါဝင်ပါသည်။[47] အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အဓိက လမ်းကြောင်းမှာ ပြိုင်တူကျင်းပသည့် အရပ်ဘက် လူမှု အဖွဲ့အစည်း ဆွေးနွေးပွဲ ဖြစ်သော်လည်း ထိုအပိုင်းသုံးပိုင်း စလုံးတွင် ပါဝင်နိုင်ပါသည်။ ဤ ဆွေးနွေးချက် စာတမ်း ပြုစုချိန်တွင် ပထမအကြိမ် အမျိုးသားအဆင့် ဆွေးနွေးပွဲများ ကျင်းပပြီး ဖြစ်ပါသည်။

UPDJC သည် ပဲခူးတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဒေသဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ခွင့်ပြုပေးခဲ့သည်။[48] သို့သော်လည်း ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိုင်းရင်းသားများ၏ ဆွေးနွေးပွဲများ ကျင်းပရေးကို ခွင့်ပြုပေးခြင်း မရှိသေးပါ။


၂၀၁၆ ခုနှစ်၊ မေလတွင် ဒေါ်အောင်ဆန်းစုကြည်က အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲကို ပြိုင်တူ ကျင်းပမည် ဖြစ်ကြောင်း ကြေညာသည့်အခါ ဆွေးနွေးရမည့် ကဏ္ဍများတွင် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် ကိစ္စရပ်များသာ ပါဝင်လာပြီး၊ နိုင်ငံရေးနှင့် လုံခြုံရေးမှာ အရပ်ဘက် လူမှု အဖွဲ့အစည်းများ ဆွေးနွေးပွဲ၏ ဘောင် သတ်မှတ်ချက် ပြင်ပတွင် ရောက်ရှိနေပါသည်။[50] ယင်း ကြေညာချက် ထွက်ပေါ်လာပြီးနောက်ပိုင်း အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲ နယ်ပယ်အတိုင်းအတာကို စီစဉ်ရေးဆွဲရန် လေးဦးပါ ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းခဲ့ ပါသည်။ နောက်ပိုင်းတွင်ဆွေးနွေးပွဲကို ကြီးကြပ်ကွပ်ကဲရန် အဖွဲ့ဝင် ၄၃ ဦးပါဝင်သော ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းခဲ့ ပါသည်။

အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲတွင် ကန့်သတ် ချက်များဖြင့်သာ ဆွေးနွေးနိုင်မည် ဖြစ်၍ အရပ်ဘက် လူမှု အဖွဲ့အစည်း အများအပြားက လူသိရှင်ကြား ကန့်ကွက်ခဲ့ ပါသည်။ အကြောင်းမှာ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ခေါင်းဆောင်များက ပင်လုံညီလာခံတွင် ဆုံးဖြတ်ချက် ချမှတ်ရာ၌ ပါဝင်လိုကြပြီး၊ နိုင်ငံရေးနှင့် လုံခြုံရေး ကဏ္ဍများ ကို ဆွေးနွေးလိုကြခြင်းကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အရပ်ဘက် လူမှု အဖွဲ့ အစည်း ၄၃ ခုက အကြိုဆွေးနွေးပွဲ တစ်ခုကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တောင်ကြီးမြို့၌ စီစဉ်ကျင်းပခဲ့ပြီး၊ နိုင်ငံရေး နှင့် လုံခြုံရေး ကဏ္ဍများကိုလည်း ဆွေးနွေးခဲ့ပါသည်။[51]

အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲတွင် နိုင်ငံ တစ်ဝန်းမှ အရပ်ဘက် လူမှု အဖွဲ့အစည်းကိုယ်စားလှယ် ၅၀၀ ကျော် တက်ရောက်ခဲ့ရာ အရေးပါသော ဆွေးနွေးပွဲ တစ်ရပ် ဖြစ်ပါသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲတွင် နိုင်ငံအတွင်းရှိ မြို့နယ်အားလုံးနီးပါးမှ တစ်မြို့နယ်လျှင် အနည်းဆုံး တစ်ဦးစီ တက်ရောက်ခဲ့ပြီး၊ အထူးသဖြင့် တိုင်းဒေသကြီးများမှ လူအများအပြားကို လက်ရှိ ဆောင်ရွက်နေသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်

| လူမျိုးအလိုက်ဆွေးနွေးပွဲ | ဒေသအလိုက် ဆွေးနွေးပွဲ | အကြောင်းရာအလိုက် |
|---|---|---|
| ကရင် (၂၀၁၇ခုနှစ်၊ ဇန်နဝါရီ)[49]<br>ပအိုဝ်း (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ)<br>ချင်း(၂၀၁၇ ခုနှစ်၊ဖေဖော်ဝါရီ) | တနင်္သာရီတိုင်းဒေသကြီး<br>(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ) | တောင်ကြီးတွင် အကြိုဆွေးနွေးပွဲ ကျင်းပပြီးနောက် အရပ်ဘက်လူမှု အဖွဲ့အစည်း ဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေပြည်တော်၌ ကျင်းပခဲ့သည်။ |

# မြန်မာနိုင်ငံတွင်အရေးပါသော သမိုင်းဝင်ဖြစ်ရပ်များနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ ပေါ်ပေါက်လာသည့် ဖြစ်ရပ်များကို ဖော်ပြသောအချိန်ဇယား



ပတ်သက်သည့် ကိစ္စရပ်များကို သိရှိထိတွေ့ နိုင်စေရန် အထောက်အကူ ပြုခဲ့ပါသည်။ အခြားတစ်ဘက်တွင် စီစဉ်သူများနှင့် မြို့နယ်၊ ပြည်နယ် နှင့် တိုင်းဒေသကြီး ကိုယ်စား တက်ရောက်သူ နှစ်မျိုးစလုံး၏ ကိုယ်စားပြုမှုနှင့် ပတ်သက်၍ မေးခွန်းများ မေးမြန်းခဲ့ကြပါသည်။[52] အမျိုးသားအဆင့် မူဝါဒများကို သတ်မှတ်နိုင်မည့် မည်သည့် အကြောင်းအရာများကို ဆွေးနွေးမည်၊ အဓိက ပြဿနာရပ်များကို မည်သို့ ဦးစားပေး သတ်မှတ်မည် တို့နှင့် ပတ်သက်၍လည်း မေးခွန်းများ မေးမြန်းခဲ့ပါသည်။

ပြိုင်တူဆောင်ရွက်သည့် လုပ်ငန်းစဉ် လမ်းကြောင်းကို ရွေးချယ်ရာ၌ ဤမူဘောင်အတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများကို မည်သို့ အသုံးပြုမည် ဆိုသော ကိစ္စရပ်နှင့် ပတ်သက်၍လည်း စိုးရိမ်ပူပန်မှုများ ရှိပါသည်။ မကွေးမြို့မှအရပ်ဘက် လူမှုအဖွဲ့ အစည်း ခေါင်းဆောင်တစ်ဦးက *"အရပ်ဘက်လူမှု အဖွဲ့အစည်း ဆွေးနွေးပွဲက ကစားပွဲမှာ ပါချင်လို့ တောင်းဆို နေတဲ့ ကလေး လေးတစ်ယောက်နဲ့ တူနေတယ်။ ဒီကလေး အတွက် ဘယ်လို ကဏ္ဍက ပါရမယ်ဆိုတာ တိတိကျကျ မရှိဘူး ဖြစ်နေတယ်"* ဟု ပြောပါသည်။[53] တွေ့ဆုံမေးမြန်းခဲ့သော အခြားသူတစ်ဦးကမူ *"အရပ်ဘက် လူမှု အဖွဲ့အစည်း အများစုက လက်ရှိ နိုင်ငံရေး လုပ်ငန်းစဉ်မှာ ပါဝင်ဖို့ အဆင်သင့် မဖြစ်ကြသေးဘူး"* ဟု ဆို ပါသည်။[54]

အချို့သော အရပ်ဘက် လူမှုအဖွဲ့အစည်းများက အရပ်ဘက် လူမှုအဖွဲ့အစည်း ဆွေးနွေးပွဲ ဦးဆောင်မှု ပြင်ပမှ အမျိုးသားအဆင့် ဆွေးနွေးပွဲတွင် ပါဝင်နိုင်ရေး မဟာဗျူဟာကျကျ ချဉ်းကပ်မှု ပြုကြ ပါသည်။ ဥပမာအားဖြင့် မူဝါဒအမြင်အပေါ် ပြင်ပမှ သြဇာသက်ရောက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မူဝါဒဆိုင်ရာ စာတမ်းရေးသားရေး အပေါ် အာရုံစိုက်ကြပါသည်။ ယင်းကို နိုင်ငံရေးအရ ပါဝင်နိုင်ရေး လမ်းကြောင်း တစ်ခုအဖြစ် ရှုမြင်ကြပါသည်။ (ထပ်မံသိရှိလိုပါက အခန်း ၂-၅ ကိုကြည့်ပါ။) အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးကမူ မူဝါဒဆိုင်ရာစာတမ်း ရေးသားရေးကို ဦးတည်ခြင်းသည် *"ထောင်ချောက်"*[55] တစ်ခု ဖြစ်နိုင်ကြောင်း၊ တက်ကြွလှုပ်ရှားမှု လျော့နည်း ကျဆင်းပြီး အရပ်ဘက် လူမှုအဖွဲ့အစည်းများဘက်မှ ပုံစံသစ်များဖြင့် ပါဝင်ဆောင်ရွက်မှုနှင့် သြဇာသက်ရောက်နိုင်မှုတို့ နည်းပါးသွားနိုင်ကြောင်း သတိပေးပြောကြားပါသည်။[56]

စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ် ရေးဆွဲရန်၊ အပစ်အခတ် ရပ်စဲရေး ချိုးဖောက်မှုများကို လေ့လာအတည်ပြု၍ တုံ့ပြန်နိုင်ရန်[57] တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် လက်မှတ်ရေးထိုးပြီးနောက် ချက်ချင်း ဆိုသလို ဖွဲ့စည်းခဲ့သော ပူးတွဲစောင့်ကြည့်ရေး ကော်မတီတွင် ပြည်ထောင်စုအဆင့် (JMC_U)၊ ပြည်နယ်အဆင့် (JMC_S) နှင့် ဒေသအဆင့် (JMC_L)[58] ဟူ၍ အဆင့်သုံးဆင့် ရှိပါသည်။ (JMC_U) တွင် အစိုးရ သို့မဟုတ် တပ်မတော်မှ ကိုယ်စားလှယ် ၁၀ ဦး နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် ၁၀ ဦး ပါဝင်ပါသည်။ နှစ်ဘက်စလုံးက အရပ်သား ၃ ဦးစီ အဆိုပြုကာ စုစုပေါင်း အရပ်သား ၆ ဦးကို (အားလုံး အမျိုးသားများ ဖြစ်ပါသည်) (JMC_U)[59] တွင် အဖွဲ့ဝင်အဖြစ် ထပ်မံ ထည့်သွင်းပါသည်။ အောက်အဆင့်များတွင် ဤဖွဲ့စည်းပုံ အတိုင်း ဖွဲ့စည်းပြီး၊ နောက်ထပ် ဒုတိယ ဥက္ကဋ္ဌ တစ်ဦး ထားရှိရာ အများအားဖြင့် အရပ်သား ဖြစ်ပါသည်။[60]

မူအားဖြင့် JMC မှ အရပ်သား အဖွဲ့ဝင်များသည် အခြားအဖွဲ့ဝင်များနည်းတူ ဆုံးဖြတ်ပိုင်ခွင့် အာဏာ ရှိသော်လည်း စေ့စပ်ဖျန်ဖြေရေး အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရလေ့ ရှိသည်ဟု ဆိုပါသည်။[61] အရပ်သား အဖွဲ့ဝင်များသည် *"ပြည်သူလူထု၏"* အမြင်ကို ယူဆောင်လာနိုင်မည်ဟု ယူဆကြသည့်အပြင် ဘက်လိုက်မှုနည်းသည်ဟု ရှုမြင်ကြပါသည်။ JMC တွင် အရပ်သား အဖွဲ့ဝင်များမှာ တာဝန်အမျိုးမျိုး ထမ်းဆောင်လျက် မြန်မာနိုင်ငံ၏ အပြောင်းအလဲတွင် အခန်းကဏ္ဍ အမျိုးမျိုးမှ ပါဝင်လုပ်ဆောင် နေကြပါသည်။[62] အခြားအဖွဲ့ဝင်များမှ ၎င်းတို့အတွက် အထောက်အပံ့အဖြစ် ရုံးများ၊ ရန်ပုံငွေများ ရရှိနိုင် သော်လည်း အရပ်သား အဖွဲ့ဝင်များမှာ အရင်းအမြစ်များ လိုအပ်လေ့ ရှိကြပါသည်။[63] JMC အရပ်သား အဖွဲ့ဝင်များနှင့် ငြိမ်းချမ်းရေး စောင့်ကြည့် အကဲခတ်သူများ သို့မဟုတ် ရပ်ရွာ ကာကွယ် စောင့်ရှောက်မှု စောင့်ကြည့် လေ့လာသူများ အကြားတွင် တရားဝင် ထိတွေ့ဆက်ဆံမှု မရှိပါ။[64] သို့သော်လည်း ပုဂ္ဂိုလ်ရေးအရ ဆက်ဆံသည့် အလွတ်သဘော ဆက်သွယ်မှုလမ်းကြောင်း ရှိနေပါသည်။[65]

ငြိမ်းချမ်းရေးအတွက် ပံ့ပိုးကူညီလိုသော အရပ်ဘက် လူမှုအဖွဲ့အစည်း၏ မျှော်လင့်ချက်ကို အထောက်အကူပြုသော အကြောင်းအချက်များနှင့် အဟန့်အတား ဖြစ်စေသော အကြောင်း အချက်များ ရှိပါသည်။ မြန်မာနိုင်ငံ၏ လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ် နေသော အခြေအနေများကို တွေ့မြင်လာရသည်နှင့်အမျှ ယင်းသို့ အထောက်အကူပြုသည့် အခြေအနေ များနှင့် ပိတ်ပင် ဟန့်တားသည့် အခြေအနေ များမှာ ပြောင်းလဲလေ့ ရှိသည်ကို သတိပြုလျက် လာမည့်အခန်းတွင် ယင်းအခြေအနေများကို ဖော်ပြသွားမည် ဖြစ်ပါသည်။

# လူမှုအဖွဲ့အစည်းများအား ကူညီပေးသော (သို့) ဟန့်တားစေသောအချက်များ




အထက်ဖော်ပြပါရုပ်ပုံဖြင့်ဖော်ပြထားသည့်အချက်များသည် လူမှုအဖွဲ့အစည်းများအားကူညီပေးသည့် အချက်များနှင့် အဟန့်အတားဖြစ်စေသည့် အချက်များ ဖြစ်ပါသည်။ ဖော်ပြပါအချက်အလက်ခြောက်ခုအား Paffenholz's ငြိမ်းချမ်းရေးတည်ဆောက်ခြင်းမူဘောင်မှ ထုတ်နှုတ်ထားခြင်းဖြစ်ပြီး၊ ယင်းအချက်များသည် လူမှုအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ပေးနိုင်စွမ်းရှိခြင်း သို့မဟုတ် မရှိခြင်းကို ဖြစ်ပေါ်စေပါသည်။

## ၂-၄။ အရပ်ဘက် လူမှုအဖွဲ့အစည်းကို ဘာတွေက အထောက်အကူ ပြုသလဲ။ ဘာတွေက အဟန့်အတား ဖြစ်နေလဲ။

*"ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အဓိပ္ပာယ် ပြည့်ဝသော အခန်းကဏ္ဍမှ အရပ်ဘက်လူမှုအဖွဲ့အစည်း ပါဝင်နိုင်စွမ်းကို အကန့်အသတ်ဖြစ်စေသည့် အရေးအကြီးဆုံး အကြောင်းအချက်မှာ အကြမ်းဖက်မှု ဖြစ်ပါသည်။"*

- Thania Paffenholz ၊ CCDP အစီရင်ခံစာ

ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ ကြိုးပမ်းချက်များကို အထောက် အကူပေးသော သို့မဟုတ် အတားအဆီး ဖြစ်စေသော အဓိက အကြောင်းအချက် ၆ ခု ရှိပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်စွာ ဆန်းစစ်လေ့လာ နိုင်ရန် ရေးဆွဲထားသော Paffenholz ၏ မူဘောင်တွင် အဆိုပါ အကြောင်းအချက်များကို အထောက်အကူပြုသည့် အကြောင်းအချက်များနှင့် ပိတ်ပင်ဟန့်တားသည့် အကြောင်းအချက်များဟု ရည်ညွှန်းဖော်ပြ ပါသည်။ ထိုအကြောင်းအချက်များတွင် နိုင်ငံတော်နှင့် ဆက်ဆံရေး၊ လုပ်ငန်းဆောင်ရွက်သည့် နေရာရှိ အကြမ်းဖက်မှု အဆင့်နှင့် မီဒီယာ လွတ်လပ်ခွင့်တို့ ပါဝင်ပါသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်းအတွင်း မတူ ကွဲပြားမှု၊ အထူးသဖြင့် ဒေသအလိုက် ပြင်ပမှ နိုင်ငံရေးဆောင်ရွက်သူများ ၏ သြဇာသက်ရောက်မှုနှင့် အလှူရှင်အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုတို့သည်လည်း ငြိမ်းချမ်းရေးတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ ပါဝင်ပတ်သက်မှုအပေါ် အကျိုးသက်ရောက် စေသော အဓိက အပိုင်းကဏ္ဍများ ဖြစ်ပါသည်။[66] ယင်းအကြောင်း ၆ခုကို မြန်မာနိုင်ငံ၏ ရေမြေအနေအထားအရ အောက်ပါအတိုင်း ဆန်းစစ် ထားပါသည်။

### အကြောင်းရင်း ၁ - နိုင်ငံတော်နှင့်ဆက်ဆံရေး

၂၀၁၀ ပြည့်နှစ် မတိုင်မီက မြန်မာ့ လူ့ဘောင်အဖွဲ့အစည်းမှာ ကန့်သတ်ချက် အလွန်များပြားပြီး နေ့စဉ်ဘဝနေထိုင်မှုအတွင်း လူမှုထိန်းချုပ်မှုများကို အမြဲမပြတ် ကြုံတွေ့ရပါသည်။ သို့သော်လည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ပင်ကိုအားဖြင့် ကြံ့ကြံ့ခံနိုင်သည့် သဘောသဘာဝ ရှိခြင်း ကြောင့် နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲထားသော နယ်မြေများနှင့် အစိုးရ အာရုံစူးစိုက်မှု နည်းပါးသော နေရာများတွင် ၎င်းတို့ စတင်ပေါ်ပေါက်လာပါသည်။ မြန်မာနိုင်ငံ၏ အသွင်ပြောင်းလဲရေးမှလည်း အခွင့်အလမ်းများထွက်ပေါ်လာပြီး အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် လုပ်ငန်းများ သိသိသာသာ တိုးတက်လုပ်ဆောင်လာကြပါသည်။ သို့သော်လည်း သမ္မတ ဦးသိန်းစိန်နှင့် ဝန်ကြီး ဦးအောင်မင်း တို့က အထက်မှချုပ်ကိုင် ညွှန်ကြားသော အပြောင်းအလဲမျိုး ဖြစ်စေရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ စွမ်းအားကို ထိန်းသိမ်းကန့်သတ်ရန် ကြိုးစားခဲ့သည်ဟု အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ထိပ်တန်းခေါင်းဆောင်အချို့က

> “အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် ဒေသအာဏာပိုင်များနှင့် တွေ့ဆုံရေးမှာ ပြည်နယ်တစ်ခုနှင့် တစ်ခု၊ လူပုဂ္ဂိုလ် တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားပြီး၊ ပုဂ္ဂိုလ်ရေး ဆက်ဆံမှု အပေါ် မူတည်လေ့ ရှိပါသည်”

ယူဆကြပါသည်။[67] အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင်များ အားလုံးက ယင်းသို့ ရှုမြင် သုံးသပ်ခြင်း မဟုတ်ကြောင်းကိုမူ သတိပြုသင့်ပါသည်။

လက်ရှိမြန်မာ အစိုးရသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများအား ကန့်သတ်ချက်များ ဆက်လက်၍ ထားရှိပါသည်။ အချို့သော အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင်များက အရပ်ဘက် လူမှုအဖွဲ့အစည်း ဆွေးနွေးပွဲနှင့် ပြိုင်တူကျင်းပမည့် နိုင်ငံရေး ဆွေးနွေးပွဲတွင် ၎င်းတို့၏ တရားဝင် ပါဝင်နိုင်မှုအပေါ် ကန့်သတ်မှုများ ပြုလုပ်ခြင်းနှင့် ဆွေးနွေး နိုင်သည့် ကိစ္စရပ် အမျိုးအစားနှင့် ပတ်သက်သည့် ကန့်သတ်ချက်ဘောင်များ ချမှတ်ခြင်း တို့နှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ခဲ့ကြပါသည်။ အခြားသူများကမူ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် အရပ်ဘက် လူမှုအဖွဲ့အစည်းများအား ဝန်ဆောင်မှု ပေးရေးကိုသာ လုပ်စေလိုသည်ဟု ယူဆကြ ပါသည်။  အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးက *“အရပ်ဘက် လူမှုအဖွဲ့အစည်းတွေဟာ လူမှုရေးလုပ်ငန်းကိုပဲ လုပ်သင့်တယ်ဆိုတာ နားလည်မှု လွဲတာပဲဖြစ်မယ်။ လူမှုရေး လုပ်ငန်းဆိုတာ အစိုးရက လုပ်သင့်တယ်”* ဟု ပြောပါသည်။[68] လွှတ်တော် ကိုယ်စား လှယ်ဟောင်း တစ်ဦးက နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ အရပ်ဘက် လူမှုအဖွဲ့ အစည်းများအပေါ် အမြင်အား ရည်ညွှန်း ပြောဆိုရာတွင် *“ကျွန်တော်တို့က ဆွေးနွေးညှိနှိုင်းမှုတစ်ခု ကို ဘယ်လိုအစပြုမလဲဆိုတာ သူ့ဆီကနေ သင်ယူခဲ့တာ။ ဒါပေမဲ့သူက သူပြောတဲ့အတိုင်း မလုပ်ဘူး။ ဒီတော့ ကျွန်တော်တို့က သူ့ကို ဆွေးနွေးပွဲတွေ ပိုပြီးဖွင့်ပေးဖို့ တွန်းအားပေးနေရတယ်”* ဟု ပြောပါသည်။[69]

အရပ်ဘက် လူမှုအဖွဲ့အစည်းများက ၂၀၁၆ ခုနှစ်၊ အစိုးရ အပြောင်းအလဲတွင် အရပ်ဘက် လူမှု အဖွဲ့အစည်း များနှင့် ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် ပြည်နယ်/ တိုင်းဒေသကြီး အဆင့် လွှတ်တော်များ အပါအဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဦးဆောင်ရန် တာဝန်ပေး ထားသော အစိုးရ ဌာနများနှင့် အဆက်အသွယ် ပြတ်သွားခဲ့ကြောင်း တင်ပြကြပါသည်။ NLD ဦးဆောင်သော အစိုးရသည် ဒေသအဆင့်တွင် အတွေ့အကြုံအပေါ် မူတည်၍ ကြည့်လေ့ရှိပါသည်။ သို့ရာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် ဒေသအာဏာပိုင်များနှင့် တွေ့ဆုံရေးမှာ ပြည်နယ်တစ်ခုနှင့် တစ်ခု၊ လူပုဂ္ဂိုလ် တစ်ဦးနှင့် တစ်ဦး ကွဲပြားခြားနားပြီး၊ ပုဂ္ဂိုလ်ရေး ဆက်ဆံမှု အပေါ် မူတည် လေ့ရှိပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင်များက ၎င်းတို့အပေါ် နှင့် ရုံးများ၊ လုပ်ငန်းများအား စောင့်ကြည့်မှုများ၊[70] အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခမ်းအနား ပွဲများအပေါ် ကန့်သတ် ခြင်းများ ပြုလုပ်ခံရကြောင်း ဆက်လက် တင်ပြကြပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း အများ အပြားက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်သွယ်ခြင်းကို တရားမဝင်ကြောင်း ကြေညာထားသည့် ၁၉၀၈ ခုနှစ်၊ မတရားအသင်း အက်ဥပဒေသည် အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်း မရှိသည့် နယ်မြေများတွင် လုပ်ငန်းများလုပ်ဆောင်ပါက ကန့်သတ်ချုပ်ချယ်မှု အဖြစ် ရှုမြင်ကြပါသည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် တွေ့ဆုံမေးမြန်းခဲ့စဉ်အတွင်း အရပ်ဘက် လူမှုအဖွဲ့အစည်းတွင် လုပ်ကိုင်နေသူများက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်သွယ်ခြင်းအတွက် ယင်းဥပဒေအရ တရားစွဲဆို ခံရမည်ကို စိုးရိမ်ကြောင်း ပြောပြကြပါသည်။ ကျား-မရေးရာ ကို အာရုံစိုက် ဆောင်ရွက်သော အရပ်ဘက် လူမှု အဖွဲ့အစည်း အချို့က အမျိုး၊ ဘာသာ၊ သာသနာ ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ၄ ခုကို ဆန့်ကျင်ခြင်းနှင့် ကျား-မ တန်းတူညီမျှမှုအတွက် စည်းရုံး၊ တိုက်တွန်း ဆွေးနွေးမှုများ ပိုမို ကျယ်ပြန့်စွာ လုပ်ဆောင်ခြင်းကြောင့် ခြိမ်းခြောက်၊ နှောင့်ယှက်မှုများ ခံရကြောင်း တင်ပြကြ ပါသည်။[71]  အရပ်ဘက် လူမှုအဖွဲ့အစည်းမှ စည်းရုံး၊ တိုက်တွန်း ဆွေးနွေးသူများလည်း ၂၀၁၃ ခုနှစ်၊ ဆက်သွယ်ရေး ဥပဒေအရ အရေးယူ ခံကြရပြီး၊ အချို့သော အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင်များက ယင်းဥပဒေကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် အတားအဆီး တစ်ခုအဖြစ် ယူဆကြပါသည်။[72]

၂၀၁၄ ခုနှစ်၊ အသင်းအဖွဲ့ မှတ်ပုံတင်ရေး ဥပဒေတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ မှတ်ပုံတင် ရန်အတွက် စည်းကမ်းချက်များ ပြဋ္ဌာန်းထားပါသည်။ သို့သော်လည်း ကွန်ရက်အဖွဲ့များ၏ မှတ်ပုံတင်ရေးမှာ ဥပဒေတွင် ဖော်ပြမထားသဖြင့် မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။ (ထပ်မံသိရှိ လိုပါက အခန်း ၂-၅၊ ‘အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပို၍မှတ်ပုံတင်လာကြသည်’ တွင်ကြည့်ပါ။)

## အကြောင်းရင်း ၂ - အကြမ်းဖက်မှု အဆင့်

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကွန်မြူနစ် သောင်းကျန်းမှု ကျယ်ပြန့်လာချိန်မှလွဲ၍[73] အချိန်တော်တော်များများမှာ လက်နက်ကိုင် ပဋိပက္ခကြောင့် မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေ အလုံးစုံကို တိုက်ရိုက် ထိခိုက်ခြင်း မရှိခဲ့ဖူးပါ။ အတိအကျ ဆိုရလျှင် နိုင်ငံ၏ အစွန်အဖျားများတွင် အထူးသဖြင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံ တို့နှင့် ထိစပ်နေသော နယ်စပ်တွင်သာ ဖြစ်ပွားပါသည်။ သို့သော်လည်း Mary Callahan ရေးသားသကဲ့သို့ *"နိုင်ငံ တစ်ခုလုံးနှင့် လူထုတစ်ရပ်လုံး ပဋိပက္ခကြောင့် အနည်းဆုံးအားဖြင့် သွယ်ဝိုက်၍ ထိခိုက်စေပါသည်။ သို့ရာတွင် ဆယ်စုနှစ်နှင့် ချီနေသော မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်တွင် မည်သည့်နယ်မြေများနှင့် လူဦးရေ မည်မျှကို ကိုင်တွယ်ဖြေရှင်း ပေးနိုင်သည်၊ မည်မျှ ထိခိုက်ခံစားရသည်၊ မည်မျှ စည်းရုံး စုစည်း ပေးနိုင်သည်၊ မည်မျှ ပျောက်ကွယ်သွားသည် နှင့်/ သို့မဟုတ် မည်မျှ အသက်ရှင် ကျန်ရစ်သည် ဆိုသော အချက်များမှာ အကြီးအကျယ် ကွဲလွဲမှု ရှိနေပါသည်။"*[74] အချို့သော ဆန်းစစ် လေ့လာမှုများအရ ပဋိပက္ခကြောင့် မြို့နယ်များ၏ သုံးပုံတစ်ပုံမှာ အတိုင်းအတာ တစ်ခုအထိ ထိခိုက်ခံစားရပါသည်။ ၁၉၉၀ ပြည့်နှစ်၊ နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲရေးကြောင့် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ် အပါအဝင် နယ်မြေအချို့တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် နေရာ ရရှိလာစေပါသည်။ ဤအလား အလာမှာ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ရရှိသည့်အခါ ပြန်လည် ပေါ်ထွက်လာပါသည်။

ပြင်းထန်သော အကြမ်းဖက်မှု အခြေအနေအောက်မှ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ လုပ်ငန်းများမှာ နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲထားသော နယ်မြေများနှင့် ပင်ကိုအားဖြင့် ကွာခြားပါသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် အကြမ်းဖက်မှုကို တုံ့ပြန်ရာတွင် တည်ငြိမ်နေသော နယ်မြေများရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ လုပ်ကိုင်ဆောင်ရွက်ပုံနှင့် မတူဘဲ စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း နှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးခြင်း စသည့် နည်းအမျိုးမျိုးဖြင့် တုံ့ပြန် ကြပါသည်။

ရခိုင်ပြည်နယ်နှင့် အခြားဒေသများတွင် အကြမ်းဖက်မှုအပေါ် တုံ့ပြန်ပုံကို ကြည့်ခြင်းအားဖြင့် အကြမ်းဖက်မှုက အရပ်ဘက် လူမှုအဖွဲ့အစည်း လုပ်ငန်းအပေါ် သက်ရောက်မှု ရှိပုံကို တွေ့မြင်နိုင်ပါသည်။ တိုင်းရင်းသား

> "ပြင်းထန်သော အကြမ်းဖက်မှု အခြေအနေအောက်မှ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ လုပ်ငန်းများမှာ နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲထားသော နယ်မြေများနှင့် ပင်ကိုအားဖြင့် ကွာခြားပါသည်"




လက်နက်ကိုင် အဖွဲ့များအကြား ပဋိပက္ခသည် မတူညီသော လူမျိုးစုများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်ပြီး စိန်ခေါ်မှု အခက်အခဲများ ဖြစ်ပေါ်စေရာ အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ပဋိပက္ခ အရှိန် လျော့ကျရေး ကြိုးပမ်းမှုများဖြင့် ကိုင်တွယ်ဖြေရှင်းရန် သင့်လျော်ပါသည်။ ယင်းဖြစ်ရပ်မျိုးမှာ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ရှမ်းနှင့် တအာင်း လူမျိုးစုများ အကြားတွင်လည်းကောင်း၊ (အခန်း ၄-၇၊ 'ရှမ်းပြည်နယ်အကြောင်း အကျဉ်းချုပ် ဖော်ပြချက်' တွင်ကြည့်ပါ။) ကချင် ပြည်နယ်တွင် ရှမ်းနှင့် ကချင်လူမျိုးစုများ အကြားတွင်လည်းကောင်း ဖြစ်ပွားခဲ့ပါသည်။[75]

## အကြောင်းရင်း ၃ - မီဒီယာ လွတ်လပ်ခွင့်နှင့် မီဒီယာ၏ အခန်းကဏ္ဍ

မကြာသေးမီက နှစ်များအတွင်း မြန်မာနိုင်ငံတွင် မီဒီယာ၏ အခန်းကဏ္ဍမှာ လျင်လျင်မြန်မြန် ကျယ်ပြန့်လာခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှ စ၍ စာအုပ်များ ထုတ်ဝေခြင်းမပြုမီ ကြိုတင်၍ ဆင်ဆာ စိစစ်ခြင်းကို ဖျက်သိမ်းခဲ့ပြီး၊ ပုဂ္ဂလိက နေ့စဉ်သတင်းစာများနှင့် အခြားမီဒီယာများ တိုးပွား လာစေရန် ခွင့်ပြုခဲ့ကာ စာနယ်ဇင်းသမားများအတွက် သင်တန်းများ ပိုမို ရရှိလာခဲ့ပါသည်။ ယင်းအခြေအနေကြောင့် နိုင်ငံတစ်ဝန်းတွင် အများပြည်သူ၏ စိတ်ဝင်စားမှု တိုးမြင့်လာစေပြီး အရည် အသွေးရှိသော စာနယ်ဇင်း လောကကို တိုးတက်စေပါသည်။[76] ထိုသို့ ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ သော်လည်း စိန်ခေါ်မှုများ ရှိနေဆဲ ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ Freedom House ၏ ထုတ်ပြန်ချက် တစ်ခုအရ *"အစိုးရသည် မီဒီယာအပေါ် တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ဆဲဖြစ်ပြီး၊"* ယင်းမှာ အစိုးရ၊ တပ်မတော်နှင့် သောင်းကျန်းသူ အဖွဲ့များနှင့် ပတ်သက်၍ ဝေဖန်ရေးသားသော သတင်းများမှာ မီဒီယာ သမားများအတွက် အန္တရာယ် ရှိနေဆဲဖြစ်ကြောင်း အဓိပ္ပာယ် သက်ရောက်ပါသည်။[77] လွတ်လပ်သော မီဒီယာများမှာလည်း နာတာရှည် စွဲနေသော အရင်းအနှီး လိုအပ်မှုနှင့် တွေ့ကြုံနေ ရသဖြင့် ၎င်းတို့၏ သတင်းများ နိုင်ငံအနှံ့သို့ ပိုမိုရောက်ရှိရေး ဆောင်ရွက်နိုင်စွမ်းကို ကန့်သတ်ခံနေ ရပါသည်။

စာနယ်ဇင်း သမားများသည် နိုင်ငံတစ်ဝန်းမှ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအကြောင်း ရေးသားကြပြီး၊ တိုင်းရင်းသား

> “၂၀၁၁ ခုနှစ်မှစ၍ စာအုပ်များ ထုတ်ဝေခြင်းမပြုမီ ကြိုတင်၍ ဆင်ဆာ စိစစ်ခြင်းကို ဖျက်သိမ်းခဲ့ပြီး၊ ပုဂ္ဂလိက နေ့စဉ်သတင်းစာများနှင့် အခြားမီဒီယာများ တိုးပွားလာခဲ့သည်။”

လက်နက်ကိုင် အဖွဲ့များနှင့် အတန်အသင့် ဆက်သွယ်ခွင့် ရရှိကြပါသည်။ ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် စာနယ်ဇင်းသမား ၃ ဦးမှာ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် သတင်းပေးပို့သည့် အတွက် မတရားအသင်း အက်ဥပဒေဖြင့် စွဲချက်တင်ခံရပြီး၊ နောက်ပိုင်းတွင် ယင်းစွပ်စွဲချက်ကို ရုပ်သိမ်းခဲ့ပါသည်။[78] ပြည်တွင်းသတင်း တစ်ပုဒ်အရ မြန်မာနိုင်ငံ၏ သတင်းမီဒီယာ ဥပဒေမှာ “*စာနယ်ဇင်းသမားများအား ပဋိပက္ခ ဖြစ်ပွားမှုကို သတင်းပေးပို့ချိန်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်းမှ ကျယ်ကျယ်ပြန့်ပြန့် ကင်းလွတ်ခွင့် ရထားပါသည်။*”[79] NLD မှ ပြောရေး ဆိုခွင့် ရှိသူတစ်ဦးက မြန်မာနိုင်ငံတွင် စာနယ်ဇင်းသမားများအား ဖမ်းဆီး ထိန်းသိမ်း မှုကြောင့် သတင်း လွတ်လပ်ခွင့်ကို မထိခိုက်နိုင်ဟု ဆိုပါသည်။[80] အသရေဖျက်မှုများတွင် ဆက်သွယ်ရေး ဥပဒေကို အသုံးပြုခြင်းမှာ (အခန်း ၂-၄၊ ‘နိုင်ငံတော်နှင့် ဆက်ဆံရေး’ တွင်ကြည့်ပါ။) နိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်မှုများ ပြန်လည်ပေါ်ပေါက်လာခြင်းကို ညွှန်ပြနေ ပါသည်။ ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် သတင်းထောက် ၁၀၀ ကျော်က ပုဒ်မ ၆၆ (ဃ) ကို ဆန့်ကျင်သော လှုပ်ရှားမှု တစ်ခုကို စတင်ခဲ့ပြီး၊ စာနယ်ဇင်းသမားများအား ကာကွယ်ရန် ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းခဲ့ ပါသည်။[81] စာနယ်ဇင်းသမား အချို့က ၎င်းတို့အနေဖြင့် အစိုးရအကြောင်း ရေးသည့်အခါ ကိုယ်တိုင် စိစစ်တည်းဖြတ်မှုကို ပိုမို၍ လုပ်ဆောင်လာကြောင်း ပြောပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းမှ လုပ်ငန်းဆောင်ရွက်သူများနှင့် စာနယ်ဇင်းသမားများ အကြား လုပ်ငန်းများထပ်နေမှု နှင့် ပူးပေါင်းဆောင်ရွက်မှု အချို့ ရှိပါသည်။ဥပမာအားဖြင့် မွန်ပြည်နယ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် မီဒီယာ ဌာနများအကြား လစဉ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ရှိပြီး၊ တောင်ပိုင်း မြန်မာ စာနယ်ဇင်း သမားများ ကွန်ရက်က ပံ့ပိုးကူညီပေးပါသည်။[82] အရပ်ဘက် လူမှုအဖွဲ့အစည်းများကလည်း နိုင်ငံသား စာနယ်ဇင်းသမားများ ပုံစံအမျိုးမျိုး၊ မီဒီယာ စောင့်ကြည့် လေ့လာရေးနှင့် မြန်မာနိုင်ငံတွင် လူသုံးအများဆုံး လူမှု ကွန်ရက် မီဒီယာစင်မြင့် ဖြစ်သော ဖေ့စ်ဘွတ် ပေါ်တွင် ထွက်ပေါ်လာလေ့ရှိသည့် အမုန်းစကားများ ဆန့်ကျင်ရေး ဆောင်ရွက်မှုများကို လုပ်ဆောင်ကြပါသည်။ သာဓက အနေဖြင့် ကယားပြည်နယ်တွင် ကန္တာရဝတီတိုင်းမ်စ် က အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့်အတူ အဖွဲ့ဝင်များအစီအစဉ် (fellowship program) ကို ဆောင်ရွက်ပါသည်။ အဖွဲ့ဝင်များသည် ကျေးရွာများသို့ သတင်းစာများဖြန့်ဖြူးပေးကြပြီး၊ အစွန်အဖျား ဒေသများတွင်သတင်းအချက်အလက်များ စုဆောင်းနည်း သင်တန်းကို တက်ရောက်ကြပါသည်။ ယင်းသတင်းစာသည် ကရင်နီ တိုင်းရင်းသား အမျိုးသမီးများ အဖွဲ့ (KNOW) နှင့် ပူးပေါင်း၍ ထိုင်းနိုင်ငံရှိ ဒုက္ခသည် စခန်းများတွင် အမျိုးသမီးများအား သင်တန်းများ ပေးပါသည်။[83]

## အကြောင်းရင်း ၄ - အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွင်း မတူကွဲပြားမှု

*“ကျွန်တော်တို့ အတူတွဲ မလုပ်ဘူးဆိုရင် ကျွန်တော်တို့ ခရီးရောက်မှာ မဟုတ်ဘူး…*
*ကျွန်တော်တို့ ကိုယ်တိုင်က ကျွန်တော်တို့အတွက် အကြီးမားဆုံး အဟန့် အတား ဖြစ်နေတယ်။”*

- ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် လွိုင်ကော်မြို့၌ ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းချက်

မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများတွင် နယ်မြေဒေသတစ်ခုအတွင်း၌သာ ဖွဲ့စည်း ဆောင်ရွက်သော အဖွဲ့အစည်းများမှအစပြု၍ နိုင်ငံအနှံ့ ဖွဲ့စည်းဆောင်ရွက်သော အဖွဲ့အစည်းများ အထိ အမျိုးမျိုးသော အဖွဲ့အစည်းများ ပါဝင်ပါသည်။ အဖွဲ့အစည်းများသည် ကိုးကွယ်ယုံကြည်မှု၊ ကျား-မရေးရာ ဂိုသေသလက္ခဏာ၊ အသက်အရွယ်အုပ်စုနှင့် အတွေးအမြင် စသည့် ကဏ္ဍ အတော်များများကို ကိုယ်စားပြု ပါသည်။ အချို့သော ထောက်ခံအားပေးသူများနှင့် အုပ်စု များမှာ ကျေးလက်တွင် လုပ်ဆောင်ပြီး၊ အချို့က မြို့ပြ တွင်လည်းကောင်း၊ အချို့က နိုင်ငံ၏ နယ်စပ်ဒေသ များနှင့် နိုင်ငံတွင်း၌လည်းကောင်း လုပ်ငန်းများလုပ်ဆောင်ပါသည်။ ပထဝီဝင် အနေအထား ကွဲပြားမှုက လက်တစ်ကမ်းရှိ လုပ်ငန်းများအား အာရုံစိုက်မှုအပေါ် အကျိုးသက်ရောက်လေ့ ရှိပါသည်။ ဥပမာအားဖြင့် တိုင်းဒေသကြီးများရှိအရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ပြည်နယ်ရှိ အဖွဲ့အစည်းများထက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်မှု များစွာနည်းပါး ပါသည်။ တိုင်းရင်းသား လူမျိုးစုများ၏ နိုင်ငံရေးမှာ တိုင်းဒေသ ကြီး အများအပြားတွင် အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်သော် လည်း အထူးသဖြင့် တိုင်းရင်းသား ပြည်နယ်များနှင့် ထိစပ် နေသော နယ်နိမိတ် တစ်လျှောက်တွင် ပို၍ အရေးပါပါသည်။ မည်သို့ပင်ဆိုစေ တိုင်းရင်းသားဖြစ်မှုသည် အရပ်ဘက် လူမှုအဖွဲ့အစည်းတွင် ဖော်ပြနေသော ကိုယ်ပိုင်ဂိုသေသ

လက္ခဏာများ အနက် အရေးအပါဆုံး တစ်ခုဖြစ်ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ မတူကွဲပြားမှုသည် ကွဲပြားမှုနှင့် ခြားနားမှုကို ထင်ဟပ်စေကာမူ အင်အားတစ်ရပ်အဖြစ် အဓိပ္ပာယ် ကောက်ယူနိုင်ပါသည်။

> “အခန်းတစ်ခန်းထဲမှာ လူနှစ်ယောက် ပြဿနာ တစ်ခုကို ဖြေရှင်းဖို့ ကြိုးစားမယ်ဆိုရင် အဖွဲ့သုံးဖွဲ့ ကွဲသွားတတ်ကြတယ်”

အရပ်ဘက် လူမှုအဖွဲ့အစည်းများအကြား အပြန်အလှန် တုံ့ပြန်ဆောင်ရွက်မှုသည် ၎င်းတို့၏ ကြီးပွား တိုးတက်မှု၊ ဖွံ့ဖြိုးမှုနှင့် ထိရောက်မှု တို့အတွက် အရေးပါသော အကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။ လူမှုပေါင်းစည်းညီညွတ်မှုကို တိုးတက်ကောင်းမွန်စေရန် အတွက် လူမျိုးရေးနှင့် ဘာသာရေး နယ်နိမိတ် များကို ကျော်လွန်၍ ရောက်ရှိနိုင်သော အစပျိုး လုပ်ငန်းများမှာ လောလောဆယ်တွင် ရှားပါးနေ ပါသည်။ (အခန်း ၃-၁၊ 'လူမှုရေး ပေါင်းစည်း ညီညွတ်မှု' တွင် ကြည့်ပါ။) နိုင်ငံအဆင့်နှင့် အောက်အဆင့်များတွင် ကွန်ရက်များ ဖွဲ့စည်းခဲ့သော်လည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများမှာ အရင်းအမြစ်များနှင့် ပုဂ္ဂိုလ်ရေး အသိအမှတ်ပြုမှု သို့မဟုတ် အဆင့်အတန်းအပေါ် *"အန္တရာယ် ရှိသော ပြိုင်ဆိုင်မှု"* ၏ ဩဇာသက်ရောက်မှု ခံနေရခြင်းနှင့် အင်အားပြိုင်ဆိုင်မှုများ ဖြစ်ပေါ် တတ်ခြင်းကြောင့် ပြိုင်ဆိုင်မှုနှင့် ကွဲကွာမှုများ ဖြစ်ပေါ်လာပုံ ရပါသည်။[84] ဤပြဿနာမျိုးအတွက် မြန်မာတို့ ပြောဆိုလေ့ရှိသည်မှာ *"အခန်းတစ်ခန်းထဲမှာ လူနှစ်ယောက် ပြဿနာ တစ်ခုကို ဖြေရှင်းဖို့ ကြိုးစားမယ်ဆိုရင် အဖွဲ့သုံးဖွဲ့ ကွဲသွားတတ်ကြတယ်"* ဟု ဖြစ်ပါသည်။ ဖြစ်ရပ်အားလုံးတွင် မဟုတ်သော်လည်း အပြန်အလှန် တုံ့ပြန်ပြောင်းလဲမှုတွင် ပုဂ္ဂိုလ်ရေး ပြိုင်ဆိုင်မှုများ ဖြစ်ပေါ် နေသည့် ဖြစ်ရပ်များစွာ ရှိပါသည်။ အလှူရှင် တစ်ဦးလည်းဖြစ်ပြီး၊ မြန်မာ့နိုင်ငံရေး အခြေအနေကို ကာလကြာရှည်စွာ စောင့်ကြည့်လေ့လာခဲ့သူ တစ်ဦး၏ ပြောစကားမှာ *"ဒီနိုင်ငံက အပြိုင်အဆိုင် တွေနဲ့ မနာလိုမှုတွေ ပြည့်နေတဲ့ နေရာပဲ"* ဟု ဖြစ်ပါသည်။[85] ယင်းသဘောထားကို အရပ်ဘက် လူမှု အဖွဲ့အစည်းများ အကြားတွင် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ် ပြုထားပုံ ရပါသည်။ ဘားအံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းမှ အမျိုးသမီးခေါင်းဆောင် တစ်ဦးက *"အရပ်ဘက် လူမှု အဖွဲ့အစည်း အများစုက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အကူအညီ ပေးချင်ကြတယ် [....] ဒါပေမဲ့ သူတို့က သမိုင်းကြောင်းနဲ့ ပဋိပက္ခ ဖြစ်စေတဲ့ အကြောင်းရင်းတွေကို မသိကြဘူး။ အရပ်ဘက် လူမှု အဖွဲ့အစည်း အတော်များများက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဘတ်ဂျက်ကြောင့် စိတ်ဝင်စားကြတာ။ နိုင်ငံရေးကြောင့် မဟုတ်ဘူး။"*[86] နိုင်ငံတကာ အကူအညီများကြောင့် အရပ်ဘက် လူမှု အဖွဲ့ စည်းများအကြားပြိုင်ဆိုင်မှုနှင့် မနာလိုမှုများ ဖြစ်လာသည် ဟု တွေ့ဆုံမေးမြန်း ခဲ့သော အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင် အချို့က ပြောပါသည်။ ရန်ကုန်မြို့ ပြင်ပ၊ အထူးသဖြင့် ကျေးလက်ဒေသများနှင့် နိုင်ငံတကာနှင့် ထိစပ်နေသည့် နယ်နိမိတ် တစ်လျှောက် လုပ်ငန်းများ လုပ်ဆောင်နေသော အဖွဲ့အစည်းများက မြို့ထဲရှိ ၎င်းတို့ကဲ့သို့ လုပ်ဆောင်နေသူ များသည် ရန်ပုံငွေ ရရှိမှုတွင် မမျှတသော အကျိုးကျေးဇူးများ ရရှိနေသည်ဟု ယူဆကြပါသည်။ လားရှိုးမှ ခေါင်းဆောင်တစ်ဦးကမူ *"အလှူရှင်တွေက ဝေးလံဒေသမှာရှိတဲ့ အရပ်ဘက် လူမှု အဖွဲ့အစည်းတွေကို တကယ်တမ်း မကူညီကြဘူး။ ဒါပေမဲ့ အဲဒီ အရပ်ဘက် လူမှု အဖွဲ့အစည်း တွေဟာ ရပ်ရွာလူထုတွေနဲ့ တကယ်တမ်း ထိတွေ့နေကြတာပါ။ အလှူရှင်တွေက အဆိုပြုလွှာ ကောင်းကောင်း ရေးလာတဲ့ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေကိုပဲ မပေးသင့်ပါဘူး။ သူတို့ ဘာလုပ် နေတယ် ဆိုတာကို ကြည့်သင့်တယ်"* ဟု ပြောပါသည်။[87] ချင်းပြည်နယ်မှ စည်းရုံးတိုက်တွန်း ဆွေးနွေးနေသူ အခြားတစ်ဦးကမူ *"မြို့နယ်အဆင့် ရပ်ရွာအခြေပြု အဖွဲ့အစည်း တွေက အဆိုပြုလွှာ တစ်စောင်ကို ဘယ်လိုရေးရတယ်ဆိုတာ မသိကြဘူး။ ဒါပေမဲ့ သူတို့က ပြဿနာကို ဘယ်လို ကိုင်တွယ်ရမယ်ဆိုတာ သိတယ်"* ဟု ဆိုပါသည်။[88] အရပ်ဘက် လူမှု အဖွဲ့အစည်း အချို့ကမူ တောင်ကြီးမှ ခေါင်းဆောင်တစ်ဦး ပြောသကဲ့သို့ နိုင်ငံတကာ၏ ဩဇာအရှိန်အဝါက အကျိုး သက်ရောက်မှု ရှိသည်ဟု ယူဆပါသည်။ *"နိုင်ငံတကာ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းတွေ ရောက်လာတော့ ကျွန်တော်တို့ရဲ့ ညီညွတ်မှုလည်း ပြိုကွဲတော့တာပဲ[...] အရပ်ဘက်လူမှုအဖွဲ့အစည်း အတော်များများက စီမံချက်ကိုပဲ စိတ်သန်နေကြတယ်။ ရန်ပုံငွေ ရမယ့်နောက်ကိုပဲ လိုက်နေ ကြတယ် [.....] အခုဆို ရပ်ရွာလူထုတွေက ကျွန်တော်တို့ ပိုက်ဆံမပေးရင် လာကြမှာ မဟုတ်ဘူး။"*[89]

> “အရပ်ဘက် လူမှု အဖွဲ့အစည်း အတော်များများက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဘတ်ဂျက်ကြောင့် စိတ်ဝင်စားကြတာ။ နိုင်ငံရေးကြောင့် မဟုတ်ဘူး။”



*လှိုင်းပိုးညိုဝင်း၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)*

## အကြောင်းရင်း ၅ - ပြင်ပမှ နိုင်ငံရေး လုပ်ဆောင်သူများ၏ ဩဇာ သက်ရောက်မှု[90]

ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ ပြည်ပရောက် တိုင်းရင်းသား လက်နက်ကိုင်များ၏ တည်ရှိနေမှုကို ဆယ်စုနှစ်ကြာ ခွင့်ပြုထားပါသည်။ ချင်းမိုင်မြို့သည် အထူးသဖြင့် ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) တည်ရှိနေသဖြင့် တိုင်းရင်းသား လူမျိုးစုများ၏ နိုင်ငံရေး ဆောင်ရွက်ရာ အရေးပါသည့် ဗဟိုချက်အဖြစ် ဆက်လက် တည်ရှိနေပါသည်။ ထို့အပြင် ထိုင်းနိုင်ငံသည် ဒုက္ခသည် ၁၀၀,၀၀၀ ကျော်နှင့် မြန်မာရွှေ့ပြောင်း လုပ်သား ၃ သန်းကျော်အထိ လက်ခံထားရပြီး၊ ၎င်းတို့အနက် အများစုမှာ တရားဝင် နေထိုင်ခွင့် လက်မှတ် မရှိကြပါ။

တရုတ်နိုင်ငံသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ဩဇာညောင်းသော ပါဝင်လုပ်ဆောင်သူ တစ်ဦး ဖြစ်ပါသည်။[91] ချင်းမိုင်တွင် အခြေစိုက်သော ပြည်ပရောက် အဖွဲ့အစည်းများအတွက် တရုတ် နိုင်ငံကို ဖြတ်၍ သွားရသော လမ်းကြောင်းသည် ကချင်ပြည်နယ်သို့ ရောက်ရှိရန် အမြန်ဆုံးနှင့် အန္တရာယ် အကင်းဆုံး လမ်းကြောင်းအဖြစ် ကာလ အတော်ကြာကပင် ရှိနေခဲ့ ပါသည်။ တရုတ်နိုင်ငံသည်လည်း ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ကချင်ပြည်နယ်တွင် ဖြစ်ပွားသည့် လက်နက်ကိုင် ပဋိပက္ခမှ ပျံ့နှံ့ကူးစက်လာသည့် ရလဒ်ကို ခံစားနေရပြီး၊ ကချင်ပြည်နယ်မှ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူ လူဦးရေ အမြောက်အမြားကို လက်ခံထားရပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွင်း ကြီးမားသော အခြေခံ အဆောက်အအုံ စီမံချက်များကို တိုး၍တိုး၍ ရင်းနှီးမြှုပ်နှံ နေပါသည်။ အိန္ဒိယ၏ အခန်းကဏ္ဍမှာ ထိုမျှလောက် ထူးခြားမှု မရှိပါ။ သို့သော်လည်း စစ်ကိုင်းတိုင်း ဒေသကြီး အတွင်းရှိ နာဂကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသ (SAZ) မှ နယ်စပ်တစ်လျှောက် နာဂ လက်နက်ကိုင် အဖွဲ့များ၏ အခန်းကဏ္ဍနှင့် ဆက်စပ်မှု ရှိပါသည်။ အိန္ဒိယ နိုင်ငံသည် ယခင်က ချင်းအမျိုးသား တပ်ဦး (CNF) အတွက် ခိုလှုံစရာ ထောက်ပံ့ပေးခဲ့ပြီး၊[92] နယ်စပ်မြို့ များတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ဆက်ဆံမှု အချို့ ရှိသည့် ရခိုင်လူမျိုးများကို လက်ခံထားပါသည်။ အလားတူပင် ဘင်္ဂလားဒေ့ရှ် နိုင်ငံက ရခိုင်ပြည်နယ်မှ ဒုက္ခသည်များကို လက်ခံထားပါသည်။[93]

## အကြောင်းရင်း ၆ - အလှူရှင်များ၏ ပါဝင်ပတ်သက်မှု အခန်းကဏ္ဍ

*ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံထားတာထက် ပိုပြီး မျှော်လင့်ပါတယ်။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းမှ နိုင်ငံသား စီမံကိန်း အရာရှိ*

*- စစ်တွေမြို့၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်*

နိုင်ငံတကာ အကူအညီသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပိုမိုကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်ရေး အတွက်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။[94] ၂၀၁၂ ခုနှစ်တွင် နိုင်ငံတကာမှ အရေးယူ ပိတ်ဆို့မှုများ လျော့ပါးသက်သာ လာချိန်မှစ၍ နိုင်ငံတကာ ထောက်ပံ့ကူညီမှု ပမာဏမှာ သိသိ သာသာ တိုးတက်လာပါသည်။ တွေ့ဆုံမေးမြန်းချိန်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်း

> အခုဆိုရင် ငြိမ်းချမ်းရေး ကဏ္ဍ တစ်ခုပဲ ရန်ပုံငွေ ထောက်ပံ့တော့တယ်

ခေါင်းဆောင် များက အလှူရှင်များမှာ ၎င်းတို့၏ ထောက်ပံ့မှုများကို အရပ်ဘက် လူမှုအဖွဲ့အစည်း များထက် အစိုးရ ဆီသို့ ပို၍ပို၍ ရွေ့သွားနေသည်ဟု ၎င်း၏ အမြင်ကို ပြောပါသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်း များ၏ အလှူရှင်အပေါ်အမြင်မှာ ကွဲပြားပြီး၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ၎င်းတို့၏ အပြန်အလှန် တုံ့ပြန်မှု အပေါ်တွင် မူတည်ပါသည်။ "*အခု အရပ်ဘက် လူမှုအဖွဲ့အစည်း တွေရဲ့ ကဏ္ဍကို မေ့ထား ကြပုံရတယ်*"[95] ဟု အရပ်ဘက် လူမှုအဖွဲ့အစည်းမှ အဆင့်မြင့် ခေါင်းဆောင်တစ်ဦးက နိုင်ငံတကာ အထောက်အပံ့ကို ရည်ညွှန်းပြောဆိုရာတွင် မှတ်ချက်ပြုပါသည်။ အခြားသော စည်းရုံးတိုက်တွန်း ဆွေးနွေးသူ တစ်ဦးကမူ "*အခုဆိုရင် ငြိမ်းချမ်းရေး ကဏ္ဍ တစ်ခုပဲ ရန်ပုံငွေ ထောက်ပံ့တော့တယ်*" ဟု ဆိုပါသည်။[96] ဒေသတွင်း ကိုယ်ထူကိုယ်ထ အဖွဲ့ များကို ထောက်ပံ့ရန် ၂၀၁၇ ခုနှစ်တွင် နိုင်ငံ တကာ အစိုးရမဟုတ်သော အဖွဲ့အစည်း၏ အစပျိုး လုပ်ငန်းတစ်ခုအဖြစ် စတင်ခဲ့သော ပေါင်းကူး အဖွဲ့အား ဒေသအဆင့်တွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများအတွက် ရန်ပုံငွေ ထောက်ပံ့သူ အဖြစ် ဖော်ပြလေ့ရှိပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ နိုင်ငံတကာ ရန်ပုံငွေဖြင့် လုပ်ကိုင်နိုင်စွမ်း သည် မကြာသေးမီကနှစ်များအတွင်း တိုးတက်လာခဲ့ပြီး၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှုသည် အစောပိုင်း ကာလကရန်ပုံငွေရရှိရေးချဉ်းကပ်မှု၏တိကျရှင်းလင်းသောပန်း တိုင်တစ်ခုဖြစ်ပါသည်။[97]

အလှူရှင် အနည်းငယ်က အရပ်ဘက် လူမှုအဖွဲ့အစည်း နှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု အပေါ် တိတိကျကျ အာရုံစိုက်မှု သို့မဟုတ် သီးသန့် အာရုံစိုက်မှု ရှိသော်လည်း အများစုကမူ ယင်းတို့ နှစ်ခုစလုံးအရေးကြီးသည်ဟု ယုံကြည်ကြပါသည်။ တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းရေးတည်ဆောက် မှုတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အစွမ်းကုန် ပါဝင် လုပ်ဆောင်မှုနှင့် အထောက်အကူ ပြုမှုကို အပြည့်အဝ မတွေ့ရသေးကြောင်း အလှူရှင်များအကြား တူညီသော အမြင်ရှိပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ပတ်သက်၍ အလှူရှင် အမျိုးမျိုးနှင့် အဖွဲ့အစည်း အမျိုးမျိုးက သတ်မှတ်ချက် အမျိုးမျိုး ထားရှိသဖြင့် (သို့မဟုတ် သတ်မှတ်ချက် လုံးဝ မထားသဖြင့်) မည်သည့် အဖွဲ့အစည်း သို့မဟုတ် မည်သည့်ကဏ္ဍအား ရန်ပုံငွေထောက်ပံ့မည်ဆိုသည့် ပေါင်းစည်း ထားသော မဟာဗျူဟာ မရှိသည့် သဘောသက်ရောက်ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင် တစ်ဦးဖြစ်သူ ဒေါ်ဆိုင်းရော်က အလှူရှင် ချဉ်းကပ်မှုကို ထင်ဟပ်ပြောဆိုရာတွင် "*လူသားချင်း စာနာ ထောက်ထားမှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ ကာကွယ်စောင့်ရှောက်ရေးနဲ့ အခွင့်အရေး ကိစ္စရပ်တွေကို ငြိမ်းချမ်းရေး တည်ဆောက်ရေး ကိစ္စကနေ ခွဲထုတ်ထားတာဟာ ကျိုးကြောင်း ဆီလျော်မှု မရှိဘူးလို့ ကျွန်မ ထင်တယ်။ နယ်ပယ် တစ်ခု သို့မဟုတ် တခြား နယ်ပယ်ကိုပဲ  တစ်ဖက် စောင်းနင်း ဒါမှမဟုတ် အချိုးအစား မကျဘဲ ထောက်ပံ့တာဟာ အကျိုးမရှိတဲ့အပြင် ဆိုးကျိုးကိုပဲ ဖြစ်စေနိုင်ပါတယ်*" ဟု ပြောပါသည်။[98]

> လူသားချင်း စာနာ ထောက်ထားမှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ ကာကွယ်စောင့်ရှောက်ရေးနဲ့ အခွင့်အရေး ကိစ္စရပ်တွေကို ငြိမ်းချမ်းရေး တည်ဆောက်ရေးကိစ္စကနေ ခွဲထုတ်ထားတာဟာ လွဲမှားနေပါတယ်။

အချို့သော အလှူရှင် သို့မဟုတ် ရန်ပုံငွေ ထောက်ပံ့ရေး အဖွဲ့အစည်းများက စီမံချက်များ၊ လုပ်ငန်းများ သို့မဟုတ် အခမ်းအနားပွဲများအတွက် ရန်ပုံငွေ ထောက်ပံ့မည့်အစား အရပ်ဘက် လူမှုအဖွဲ့အစည်း များအတွက် အဓိကကျသည့် ရန်ပုံငွေကိုသာ ထောက်ပံ့ပါသည်။ ယင်းမှာ ရေရှည်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် ပိုမိုအားကောင်း ခိုင်မာစေရေးကို ထိခိုက်စေသည်ဟု မြင်ကြပါသည်။ "*နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများက*

*ဌာနရုံး၊ တည်းခိုနေထိုင်မှု၊ လစာနှင့် ခရီးသွားလာမှု စသည်တို့ကဲ့သို့ အခြေခံ လိုအပ်ချက်များ အတွက် အဓိက ကျသော ရန်ပုံငွေကို လက်ခံရရှိသော်လည်း ဒေသဆိုင်ရာနှင့် ပြည်တွင်းမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများက ရလေ့မရှိကြပါ။ ယင်းမှာ ၎င်းတို့အား မဟာဗျူဟာမြောက် အစီအစဉ် ရေးဆွဲရေးနှင့် အလှူရှင် ရန်ပုံငွေအတွက် လိုအပ်ချက်များ ပြည့်မီစေနိုင်သည့် စနစ်များ တည်ဆောက်ရေးတွင် အတားအဆီး ဖြစ်စေပါသည်။ ထိုအချက်က ဒေသတွင်း အစိုးရ မဟုတ်သော အဖွဲ့အစည်းများအား ဘေးဖယ်ထားရာ ရောက်စေနိုင်ပြီး၊ ထိရောက်သော ကူညီ ထောက်ပံ့မှုအတွက် အဟန့်အတား ဖြစ်စေပါသည်။”*[99] သို့ရာတွင် အဓိကကျသော ရန်ပုံငွေကို - ဝန်ဆောင်ခ၊ မဟာဗျူဟာ သို့မဟုတ် လုပ်ငန်းတာဝန် - စသည်တို့အနက် မည်သည့်အရာက အဓိက ကျသည်ဟု သတ်မှတ်မည်နည်း ဟူသောအချက်နှင့် အဖွဲ့အစည်း အမျိုးမျိုးတွင် လိုအပ်ချက် အမျိုးမျိုး ရှိသည့် အပေါ်တွင် မူတည်၍ နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်နိုင် ပါသည်။ ပါဝင်ဆွေးနွေးသူ တစ်ဦးက ရန်ပုံငွေနှင့် စီမံခန့်ခွဲရမည့် စီမံချက် အရေအတွက် တိုးလာခြင်းဖြင့် အရပ်ဘက် လူမှု အဖွဲ့အစည်း၏ စွမ်းဆောင်ရည် တိုးတက်မလာနိုင် ဟုဆိုပါသည်။[100]

## ၂-၅။ လက်ရှိ အလားအလာများ

မြန်မာနိုင်ငံ၏ အရှိန်အဟုန်ဖြင့် ပြောင်းလဲမှုသည် အရပ်ဘက် လူမှုအဖွဲ့အစည်း အပေါ်တွင် သိသိ သာသာ အကျိုးသက်ရောက်မှု ဖြစ်စေပါသည်။ အဖွဲ့အစည်းများ ပိုမိုပေါ်ပေါက် လာရုံသာမက ပြောင်းလဲနေသော အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ကြိုးစားရသဖြင့် ၎င်းတို့၏ အာရုံစိုက်မှုမှာလည်း ပြောင်းလဲနေပါသည်။ ယခု ဤ ဆွေးနွေးချက် စာတမ်း တွင် သုတေသန လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကောက်ယူစုဆောင်း ထားသည့် အခြေခံ အချက်အလက် များကို ဆန်းစစ်လေ့လာရာမှ ရရှိလာသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းတွင် ပေါ်ပေါက်လာမည့် အဓိကကျသည့် အလားအလာ ၉ ခုကို စူးစမ်းလေ့လာ သွားမည် ဖြစ်ပါသည်။

### အလားအလာ ၁ - အရပ်ဘက် လူမှုအဖွဲ့အစည်း အသစ်များ တိုးပွားလာခြင်း

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ဤ ဆွေးနွေးချက် စာတမ်း အတွက် တွေ့ဆုံ မေးမြန်းခဲ့သော အဖွဲ့အစည်း ၁၉၇ ခု အနက် ၁၄.၇% - သို့မဟုတ် ၂၈ ဖွဲ့ကသာ ၂၀၀၀ ပြည့်နှစ် မတိုင်မီက ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ ယင်းအဖွဲ့အစည်းများအနက် အများအပြား သို့မဟုတ် အားလုံးမှာ နယ်စပ်ဖြတ်ကျော် အဖွဲ့အစည်းများ ဖြစ်ပါသည်။ ဆိုင်ကလုန်း မုန်တိုင်း နာဂစ် တိုက်ခတ်ပြီးနောက် ၂၀၀၈ ခုနှစ်မှ စ၍ မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း အရေအတွက် လျင်မြန်စွာ တိုးတက်လာပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင်များက ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း အဖွဲ့အစည်း ၂၃ ခု တည်ထောင်ခဲ့ပါသည်။

သမ္မတ ဦးသိန်းစိန်အစိုးရ လက်ထက်တွင် ယင်းအလားအလာမှာ ပို၍ တိုးတက်လာပါသည်။့ အဖွဲ့အစည်းအားလုံး၏ ၄၀% ဖြစ်သော တွေ့ဆုံမေးမြန်းခဲ့သည့် အဖွဲ့အစည်းများမှာ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ နောက်ထပ် ၃၅ ဖွဲ့ - ၁၇.၈% - မှာ၂၀၁၅ ခုနှစ် ကတည်းက ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။[101] ဤ ကိန်းဂဏန်းများမှာ နိုင်ငံရေး အပြောင်းအလဲအတွင်း အရပ်ဘက် လူမှုအဖွဲ့အစည်း အသစ်များ တိုးပွားလာမှုကို ဖော်ပြနေသော်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အဖွဲ့အစည်း အချို့မှာ စေတနာ့ဝန်ထမ်းများ၏ ကွန်ရက်တစ်ခုအပေါ် မှီခို အားထား၍ အလွတ်သဘော ဖွဲ့စည်းထားကြခြင်း ဖြစ်ပြီး၊ ၎င်းတို့၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်ကို အပြည့်အဝ ဖွံ့ဖြိုးရန် လိုနေလေ့ ရှိနေပါသေးသည်။

# မြန်မာနိုင်ငံတွင်ရှိသော အရပ်ဘက်လူ့အဖွဲ့အစည်းများသွားနေသောလမ်းကြောင်း

**၁ အဖွဲ့အစည်းအသစ်များ**

အဖွဲ့အစည်းအသစ်များပြားလာသည်။

**၂ မှတ်ပုံတင်ခြင်း**

အဖွဲ့အများစုသည်မှတ်ပုံတင်လာကြသည်။

**၃ မူဝါဒရေးရာဆိုင်ရာများတွင် ပါဝင်ကြသော အရပ်ဘက်အဖွဲ့အစည်းများ**

အဆိုပါအဖွဲ့အစည်းများသည် မူဝါဒရေးဆိုင်ရာကိစ္စရပ်များတွင် ပိုမိုဆောင်ရွက်လိုကြသည်။

**၄ ကွန်ရက်အဖွဲ့အစည်းများ**

အရပ်ဘက်အဖွဲ့အစည်းများသည် ကွန်ရက်အဖွဲ့များထူထောင်လာကြသည်။

**၅ ကျားမရေးရာဆိုင်ရာအဖွဲ့များ**

အမျိုးသမီးအဖွဲ့အစည်းများသည် ကျားမရေးရာကဏ္ဍတွင်ပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်လာကြသည်။

**၆ လူငယ်အဖွဲ့အစည်းများ**

လူငယ်အဖွဲ့အစည်းများသည်လည်း ပိုမိုလူသိများလာကြသည်။

**၇ အပစ်အခတ်ရပ်စဲရေး**

လက်နက်ကိုင်အဖွဲ့အစည်းများသည် နှစ်ဦးနှစ်ဖက်အပစ်အခတ်ရပ်စဲခြင်းစတင်ပြီး ဆက်သွယ်ဆောင်ရွက်လာကြသည်။

**၈ နယ်စပ်အခြေစိုက်အဖွဲ့အစည်းများ**

နယ်စပ်များတွင်အခြေစိုက်သော အဖွဲ့အစည်းများသည်လည်း အရေးပါအရာရောက်နေဆဲဖြစ်သည်။

**၉ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ**

စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များသည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများအား ထိန်းသိမ်းခြင်းဖြင့် ဖွံ့ဖြိုးအားကောင်းလာကြသည်။

မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ သွားနေသောလမ်းကြောင်းအား ဖော်ပြထားပြီး ဆွေးနွေးမှုအား ၂.၅ အခန်းတွင်တွေ့နိုင်သည်။ အထက်ဖော်ပြပါ အဓိကအချက်များသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီနှင့် ဖွန်လအတွင်းက ကောက်ယူထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း သုတေသနစာတမ်းမှ ထုတ်နှုတ်တင်ပြထားခြင်းဖြစ်သည်။

## အရပ်ဘက်လူမှုအဖွဲ့ အစည်း မှတ်ပုံတင်ခြင်း ဆိုင်ရာ အချိန်ဇယား




အထက်ဖော်ပြပါအချက်အလက်များသည် အဖွဲ့အစည်း (၁၇၇) ဖွဲ့ နှင့်အင်တာဗျူးများမှစည်းထားခြင်းဖြစ်ပါသည်။ ညွှန်းဆိုနိုင်သည့်လားရာကို ဖော်ပြနိုင်စေရန်အတွက် အဖွဲ့အစည်းများအားၿင်းတို့၏မှတ်ပုံတင်ထားသည့်အခြေအနေအား ဖော်ပြရန်တောင်းခံခဲ့ပါသည်။

ယင်းအပြင် အပြောင်းအလဲများ မြန်ဆန်ခြင်းကြောင့် အချို့အဖွဲ့အစည်းများမှာ တည်ထောင်ပြီး မကြာမီ တည်ထောင်သူများ နုတ်ထွက်သွားကြပြီး ပတ်ဝန်းကျင် အသစ်နှင့် ပိုမို၍ လိုက်လျော ညီထွေရှိသည့် အခြားလုပ်ငန်းများ လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ အဖွဲ့ဝင် တစ်ဦး၊ နှစ်ဦးစသာရှိသော အမည်ခံ အဖွဲ့အစည်းများ၏ ဖြစ်ရပ်များလည်း ရှိပါသည်။ ယင်းပြဿနာမှာ အရပ်ဘက် လူမှုအဖွဲ့အစည်းများအကြား အကွဲကွဲ အပြားပြား ဖြစ်မှုနှင့် ဩဇာ၊ အရှိန်အဝါနှင့် နိုင်ငံတကာ ရန်ပုံငွေ ရရှိရေး အပြိုင်အဆိုင် ရှာဖွေ နေခြင်း တို့နှင့် ဆက်စပ်နေပါသည်။

## အလားအလာ ၂ - အဖွဲ့အစည်းများ ပိုမို၍ မှတ်ပုံတင်လာခြင်း။

နိုင်ငံတစ်ဝန်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် တရားဝင်မှတ်ပုံတင်ရေးနှင့် ပတ်သက်၍ နည်းလမ်းအမျိုးမျိုး အသုံးပြုနေကြပြီး၊ အမြင်အမျိုးမျိုး ကွဲပြားနေပါသည်။ အစိုးရနှင့် တက်ကြွစွာ ဆက်သွယ်ဆောင်ရွက်ပြီး အစိုးရအပေါ် သက်ရောက်မှု ရှိလိုသူများက မှတ်ပုံတင်ရန် ရွေးချယ်ကြ သကဲ့သို့ နယ်စပ်အခြေပြု အဖွဲ့အစည်းများနှင့် အစိုးရအား မယုံကြည်သူများ သို့မဟုတ် ကြောက်ရွံ့ သူများက မှတ်ပုံမတင်ဘဲ လူသိရှင်ကြား မဖြစ်စေဘဲ လုပ်ငန်းဆောင်ရွက်ခြင်းကို ပိုမို၍ လိုလားကြပါသည်။ *(အခန်း၏ အောက်ဘက်တွင် ဖော်ပြထားသော 'နယ်စပ်ဖြတ်ကျော် အဖွဲ့အစည်းများက ဆက်စပ်မှု ရှိနေဆဲ ဖြစ်သည်' တွင် ကြည့်ပါ။)* မှတ်ပုံတင်ခြင်းသည် အလှူရှင်ထံမှ ရန်ပုံငွေ ရရှိရန် တင်းကြပ်စွာ ပြဋ္ဌာန်းထားသော လိုအပ်ချက်တစ်ရပ် မဟုတ်စေကာမူ ၎င်းတို့အတွက် နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သည့် အခွင့်အလမ်း ပိုမိုတိုးတက်စေသည်ဟု အများက ထင်မြင်ကြ ပါသည်။

၂၀၁၄ ခုနှစ် အထိ အဖွဲ့အစည်း အနည်းငယ်ကသာ တရားဝင် မှတ်ပုံတင်ခဲ့ပြီး၊ ယင်းသို့မှတ်ပုံတင်ရန် ဥပဒေဆိုင်ရာ မူဘောင် အနည်းငယ် ရှိပါသည်။ ပြည်တွင်း အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (LNGOs)၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs) နှင့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (INGOs) များနှင့် အလားတူ အဖွဲ့အစည်းများနှင့် သက်ဆိုင်သည့် အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဥပဒေကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် အတည်ပြုလိုက်ခြင်းဖြင့် ယင်းအခြေအနေကို ပြောင်းလဲစေခဲ့ပါသည်။ ယင်းဥပဒေမှာ ဥပဒေ ပြုသူများနှင့်အရပ်ဘက်လူမှု အဖွဲ့အစည်းအကြား ဆွေးနွေးညှိနှိုင်းမှု၏ ရလဒ်ပင် ဖြစ်ပါသည်။ မှတ်ပုံတင်ရေး

> “အရပ်ဘက်လူမှု အဖွဲ့ အစည်းအများစုသည် မှတ်ပုံမတင်ရသေးသော်လည်းမကြာသေးမီက မှတ်ပုံတင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားသော အလားအလာ တစ်ခု ရှိပါသည်”

ဥပဒေကို ၂၀၁၄ ခုနှစ်တွင် အတည်ပြု လိုက်ခြင်းကို အရပ်ဘက် လူမှုအဖွဲ့အစည်းကို အရင်းခံသော စည်းရုံးတိုက်တွန်း ဆွေးနွေးမှုနှင့် အစိုးရနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်း များအကြား အပြုသဘောဆောင်သော ဆက်ဆံမှုတို့ အတွက် အောင်မြင်မှုအဖြစ် ယူဆကြပါသည်။ ယခုအခါ အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့၏ လုပ်ငန်းနယ်ပယ် အလိုက်၅ နှစ် သက်တမ်းအတွက် ပြည်ထောင်စု၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် စသည်ဖြင့် အဆင့်အမျိုးမျိုးတွင် မှတ်ပုံတင်ရန် လျှောက်ထား နိုင်ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း အချို့က မှတ်ပုံတင်ပြီးနောက် အစီရင်ခံ တင်ပြရေး လိုအပ်ချက်ကို အခက်အခဲ အဖြစ် ယူဆကြသော်လည်း မှတ်ပုံတင်ရေး လုပ်ငန်းစဉ်ကို ခက်ခဲသည်ဟု မယူဆနိုင်ပါ။ အဖွဲ့အစည်း အချို့က မှတ်ပုံတင်ရေး လုပ်ဆောင်စဉ် နိုင်ငံရေး မဆန်စေရန် သို့မဟုတ် တိုင်းရင်းသား လူမျိုးစု ဂိုဏ်းဂဏ လက္ခဏာကို ရှင်းလင်းစွာ ရည်ညွှန်းဖော်ပြထားသော ၎င်းတို့၏ အမည်များကို ဖယ်ရှားခဲ့ရကြောင်း ပြောပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင် အချို့ကမူ ထိုလိုအပ်ချက်များကို မမှန်မကန် အသုံးပြု နေကြောင်း ပြောပါသည်။

ဤစာတမ်းအတွက် အချက်အလက်များ ကောက်ယူရာမှ မှတ်ပုံတင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားသော အလားအလာ တစ်ခု ရှိကြောင်းတွေ့ ရသည်။ ဤဆွေးနွေးချက် စာတမ်း အတွက် တွေ့ဆုံမေးမြန်းခဲ့သော အရပ်ဘက် လူမှုအဖွဲ့အစည်း အများစုမှာ မှတ်ပုံမတင်ကြပါ။ သို့သော်လည်း မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများ၏ အများစု (၄၆.၇%) မှာ ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင် မှတ်ပုံတင်ခဲ့ကြပါသည်။ မှတ်ပုံတင်ထားသူများ၏ ၂၀% ကျော်မျှမှာ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း မှတ်ပုံတင်ခဲ့ကြပါသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်း တစ်ခုမှာ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၇ ခုနှစ် အကြားနှင့် နှစ်ခုမှာ ၂၀၀၀ ပြည့်နှစ် မတိုင်မီ မှတ်ပုံတင်ခဲ့ကြပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ၁၉၇ ဖွဲ့၏ သုံးပုံတစ်ပုံသာ တရားဝင် မှတ်ပုံတင် ခဲ့ပြီး၊ ၁၀% ကျော်ခန့်က မှတ်ပုံတင်ရန် လျှောက်ထားခဲ့ပြီး၊ အတည်ပြုချက် စောင့်ဆိုင်း နေကြောင်း ပြောပါသည်။

## အလားအလာ ၃ - အရပ်ဘက် လူမှုအဖွဲ့အစည်းများက မူဝါဒတွင် ပိုမိုပါဝင်ပတ်သက်လိုခြင်း။

မကြာသေးမီက အခြားသော ဖြစ်ရပ်မှာ အရပ်ဘက် လူမှုအဖွဲ့အစည်းများက မူဝါဒ လုပ်ငန်းစဉ်တွင်ပို၍ သြဇာလွှမ်းမိုး ကြပါသည်။ အရပ်ဘက် လူမှုအဖွဲ့ အစည်းများသည် အနည်းဆုံး ၂၀၀၀ ပြည့်နှစ် အလယ်ပိုင်းမှစ၍ စည်းရုံးတိုက်တွန်း လှုံ့ဆော်ရေး လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်ခဲ့သော်လည်း မူဝါဒ အထူးပြု အဖွဲ့အစည်းများ အဖြစ်သို့မူ နိုင်ငံရေး အသွင်ပြောင်းလဲမှု လုပ်ငန်းစဉ် ဖြစ်သည့်အချိန် ရောက်ရှိလာပါသည်။ တစ်ဖွဲ့ မှာ ၂၀၁၂ ခုနှစ်တွင် ဗြိတိသျှကောင်စီ ကျောင်းသူ၊ ကျောင်းသားဟောင်းများနှင့် အမေရိကန် ပြန်ကြားရေးဌာနတို့က ထူထောင်ခဲ့ပြီး၊ နိုင်ငံရေးပညာပေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ရန်ကုန် နိုင်ငံရေးသိပ္ပံကျောင်း (YSPS)[102] ဖြစ်ပါသည်။ ရန်ကုန် နိုင်ငံရေးသိပ္ပံကျောင်း၏ ဘေးပန်းရလဒ်အဖြစ် ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲများ အတွက် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE)[103] က နိုင်ငံသားများ ရွေးကောက်ပွဲ စောင့်ကြည့် အကဲခတ်မှုကို အထူးပြု လုပ်ဆောင်ခဲ့ပါသည်။ အမျိုးသား ဒီမိုကရက်တစ် အဖွဲ့အစည်း (NDI) နှင့် နိုင်ငံတကာ ရန်ပုံငွေများ၏ ထောက်ပံ့မှုဖြင့် PACE သည် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲတွင် ပါဝင်လုပ်ဆောင် ခဲ့စဉ်အတွင်း သိသိသာသာ ကြီးထွားလာပြီး၊ လုပ်ငန်း ကျွမ်းကျင်လာပါသည်။ ၂၀၁၁ ခုနှစ်တွင် Myanmar Egress မှ သင်တန်းနည်းပြနှစ်ဦးက တည်ထောင်ခဲ့ပြီး၊ ယင်းဌာနမှ ကျောင်းသူ၊ ကျောင်းသားဟောင်း အများစုဖြင့် ဖွဲ့စည်းထားသည့် ပညာအလင်းပွင့် မြန်မာသုတေသန ဖောင်ဒေးရှင်း (EMReF)[104] သည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက္ကသိုလ်များ၏ အရေးပါသော မိတ်ဖက်တစ်ဦး ဖြစ်လာပြီး၊ သုတေသန လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာခဲ့ပါသည်။

အချို့သော မူဝါဒနှင့် ပညာရှင် အဖွဲ့များတွင် တကောင်း နိုင်ငံရေး လေ့လာမှုအဖွဲ့ (TIPS)[105] ကဲ့သို့သော အဖွဲ့အစည်းများ ပါဝင်ပါသည်။ တကောင်း နိုင်ငံရေး လေ့လာမှု အဖွဲ့ သည် ရှားရှားပါးပါး အထောက်အကူပြုမှုအဖြစ် မူဝါဒ နယ်ပယ်ဖြစ်သော အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို တိုင်းရင်းသား လူမျိုးစု အသီးသီးမှ လူငယ်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့ဖြင့် ၂၀၁၅ ခုနှစ်မှစ၍ ကူညီပံ့ပိုးပေးခဲ့ပါသည်။ အချို့သော အဖွဲ့အစည်း များသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် နောက်ခံသုတေသနနှင့် သတင်းအချက်အလက်များ ပံ့ပိုးပေးရေးအပေါ် အဓိက အာရုံစိုက်ပါသည်။ (အခန်း ၄-၄၊ 'ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းသူများက ပြည်သူ လူထုအား အသိပေးနေပါသည်' တွင်ကြည့်ပါ။) အခြားအဖွဲ့ များမှာ ပြည်ထောင်စု အဖွဲ့အစည်း (PI)[106] နှင့် တိုင်းရင်းသား လူမျိုးများ ရေးရာဌာန (ENAC) တို့ကဲ့သို့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအတွက် သုတေသနနှင့် မူဝါဒ ရေးဆွဲရေးတွင် ပံ့ပိုးကူညီပေးပါသည်။[107]

မူဝါဒဆိုင်ရာ အကြံပေးခြင်းဖြင့် နိုင်ငံရေး ဆွေးနွေးပွဲ လုပ်ငန်းစဉ်တွင် ပါဝင်လုပ်ဆောင်ရန် ရွေးချယ် ခဲ့သော အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုကို နိုင်ငံတကာ အလှူရှင်များက အဓိက ပံ့ပိုးပေးပါသည်။ မူဝါဒချမှတ်ရေးတွင် ယခုထိ ပါဝင် အထောက်အကူပြုမှု မရှိသော ပြည်နယ်/ တိုင်းဒေသကြီး အဆင့်တွင် ပေါ်ပေါက်လာသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ကလည်း ပါဝင် ဆောင်ရွက်လိုစိတ် ရှိလာကြပြီး၊ အဆိုပါနယ်ပယ်အတွက် စွမ်းရည်မြှင့်တင်ရေးကို ပိုမို ဆောင်ရွက် ပေးရန် တောင်းဆိုလာပါသည်။ ထိုသို့ စွမ်းရည်မြှင့်တင်ရန် လိုအပ်သော ပြည်တွင်းမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများကလည်း တစ်ခါတစ်ရံ နည်းပညာဆိုင်ရာ မူဝါဒ ချမှတ် ရေးတွင် ၎င်းတို့အား ကူညီပေးရန် နိုင်ငံတကာ ပညာရှင်များအား ငှားရမ်းကြပါသည်။[108] အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ဤကဲ့သို့ မူဝါဒပိုင်းဆိုင်ရာတွင် ပါဝင်လုပ်ဆောင်သည့် အလားအလာသစ်မှာ နိုင်ငံတော်က မဖြည့်ဆည်းနိုင်သည့် ကဏ္ဍများတွင် ပါဝင်လုပ်ဆောင်ခဲ့သည့် မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ယခင် အနေအထားဟောင်းကို ပြန်လည်ထင်ဟပ် စေပါသည်။ ၎င်းတို့၏ ရပ်ရွာလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေးတို့ကဲ့သို့ ဝန်ဆောင်မှုများ ပေးရန်အတွက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအောက်တွင် ဖွဲ့စည်းခဲ့သော အရပ်ဘက် လူမှု အဖွဲ့အစည်းများ ကဲ့သို့ပင် မူဝါဒနှင့် အတွေးအခေါ်ပိုင်း ဆိုင်ရာ ပံ့ပိုးပေးမှုမရှိသည့် ကွက်လပ်ကို ဖြည့်ဆည်းရန် ယခုအခါ အဖွဲ့များ ဖွဲ့စည်းလာကြပါသည်။

## အလားအလာ ၄ - အရပ်ဘက် လူမှုအဖွဲ့အစည်းများက ကွန်ရက်များ ဖွဲ့စည်းလာကြခြင်း

*"ကျွန်တော်တို့ရဲ့ သဘောထားတွေကို ကျွန်တော်တို့ ပိုပြီး အားကောင်းကောင်းနဲ့ ထုတ်ဖော်နိုင်တယ်။ အရေးကြီးတဲ့ ပြဿနာတွေ တွေ့လာရင် ကျွန်တော်တို့ရဲ့ သဘောထားတွေ အတူတူပဲဆိုတာ ပြနိုင်တယ်။"*

- သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူ၊ ဖေဖော်ဝါရီလ ၂၀၁၇ခုနှစ်၊ ရန်ကုန်မြို့


ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် နှစ်ခုစလုံးတွင် အရပ်ဘက် လူမှု အဖွဲ့အစည်း ကွန်ရက်သစ်များ ပေါ်ပေါက်လာပါသည်။ မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက်သစ်များသည် အရွယ်အစား၊ အလေးပေးမှုနှင့် ဖွဲ့စည်းမှုတို့တွင် တစ်ခုနှင့်တစ်ခု ကွဲပြားကြ ပါသည်။ ယင်းအချက်များမှာ ပြည်ထောင်စု အဆင့်ရှိ ကောင်းစွာဖွဲ့စည်း တည်ဆောက်ထားသော အကြောင်းအရာ ကိစ္စရပ်အခြေပြု ကွန်ရက်များ၊ နယ်စပ်ဖြတ်ကျော် ကွန်ရက်များ၊ နိုင်ငံအဆင့် ကွန်ရက်များနှင့် အဖွဲ့အစည်းများအကြား မခိုင်မာသော မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများနှင့် သက်ဆိုင် ပါသည်။[109] နိုင်ငံအတွင်း၌ ၂၀၀၀ ပြည့်လွန်နှစ်များအတွင်း ကွန်ရက်များ စတင်ဖွဲ့စည်းခဲ့ပြီး၊ အစ ပိုင်းတွင် HIV/AIDS ပြဿနာကို တုံ့ပြန်ရန် ဖွဲ့စည်းခဲ့ကာ နောက်ပိုင်းတွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာကိစ္စရပ်များ တုံ့ပြန်၍ ဆောင်ရွက်ပါသည်။ ၂၀၀၈ ခုနှစ် နာဂစ် ဆိုင်ကလုံးမုန်တိုင်း တိုက်ခတ် ပြီးနောက် ကွန်ရက်များ ပိုမို တည်ထောင်လာကြပါသည်။ ၂၀၁၁ ခုနှစ်မှစ၍ အရပ်ဘက် လူမှု အဖွဲ့ အစည်းများ၏ အခန်းကဏ္ဍ ပေါ်ပေါက်လာခြင်းနှင့်အတူ မူဝါဒဆိုင်ရာ စည်းရုံးတိုက်တွန်း ဆွေးနွေးမှု ကွန်ရက် အများအပြား ဖွဲ့စည်းလာခဲ့ပြီး၊ ယင်းတို့ကို အရပ်ဘက် လူမှုအဖွဲ့အစည်းများက ယုံကြည်မှု ရှိသည့် ခေါင်းဆောင်များက ဖွဲ့စည်းလေ့ရှိပါသည်။[110] သို့ရာတွင် ကွန်ရက်အကျိုးသက်ရောက်မှုမှာ အခြေအနေ အမျိုးမျိုးအပေါ် မူတည်၍ ကွဲပြားပါသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) သည် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မှ လွဲ၍ တိုင်းရင်းသားပြည်နယ်များ အားလုံးရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက် ၉ ခုနှင့် မီဒီယာ ကွန်ရက် ၃ ခုအား ထောက်ပံ့ကူညီခဲ့ပါသည်။ ဖွဲ့စည်းပြီးဖြစ်သည့် ယင်းကွန်ရက်အချို့မှာ ရန်ပုံငွေ ရပ်ဆိုင်းသွားပြီးနောက် ၎င်းတို့၏လုပ်ငန်းများ မည်သို့ ရှေ့ဆက် သွားရမည်ကို တိတိကျကျ မသိစေကာမူ ကွန်ရက် လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်သွားရန် ရည်ရွယ်ပါသည်။ အချို့ ပြည်နယ်များတွင် ပြင်ပမှ ထောက်ပံ့ကူညီမှုဖြင့် စနစ်တကျ ဖွဲ့စည်းရန် လုပ်ဆောင်ရာတွင် ဒေသအဖွဲ့အစည်းများအကြား ပို၍ သဘောထား ကွဲလွဲမှုများ ဖြစ်ပေါ်လာကြကြောင်း အချို့ များ၏ ပြောကြား ချက်အရ သိရပါသည်။ အဖွဲ့အစည်း တစ်ခုတည်းဖြင့် ကွန်ရက်များ၏ လက်တွေ့အသုံးဝင်မှုမှာ အခြားသော အကြောင်းရင်းခံများအနက် ၎င်းတို့၏ ဦးဆောင်မှုနှင့် ပြိုင်ဆိုင်လေ့ရှိသော စီမံ အုပ်ချုပ်မှု တည်ဆောက်ပုံ အပေါ်တွင် မူတည်နေပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အခြေပြု အဖွဲ့အစည်းများက ရန်ကုန်မှလာသော ကွန်ရက်လုပ်ငန်းများကို လက်ခံရန် ငြင်းဆန်မှုများလည်း ရှိပါသည်။ အကြောင်းမှာ တစ်ခါတစ်ရံ ၎င်းတို့က ယင်းလုပ်ငန်းများကို မြို့ပြမှ အထက်တန်းလွှာပိုင်းက စီစဉ်သည်ဟု မြင်ကြခြင်းကြောင့် ဖြစ်ပါသည်။[111]

> "ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် နှစ်ခုစလုံးတွင် အရပ်ဘက် လူမှု အဖွဲ့အစည်း ကွန်ရက်သစ်များ ပေါ်ပေါက်လာပါသည်"

ငြိမ်းချမ်းရေး တည်ဆောက်မှု နယ်ပယ်တွင် ကွန်ရက် အနည်းငယ်သာ ထင်ပေါ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် ငြိမ်းဖောင်ဒေးရှင်းသည် ငြိမ်းချမ်းရေးဆိုင်ရာ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဆွေးနွေးပွဲ (CSFoP) ကို စတင် ကျင်းပခဲ့ပါသည်။ နောက်ပိုင်းတွင် ငြိမ်းချမ်းရေးဆိုင်ရာ အရပ်ဘက် လူမှု အဖွဲ့အစည်းများ ကွန်ရက် (CSNeP) အဖြစ် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ တိုးချဲ့ဖွဲ့စည်းခဲ့ ပါသည်။[112] ပြည်ထောင်စု အဆင့်တွင် ပုံမှန် သတင်းအချက်အလက် မျှဝေရန် အခွင့်အလမ်းများ ပေးထားသော်လည်း ဒေသအဆင့် တွင်မူ အလွန်ပင် နည်းပါးပါသည်။ ကွန်ရက်များတွင် အတူ စုစည်းကြခြင်းသည် အရပ်ဘက် လူမှုအဖွဲ့အစည်း အသစ်များ တိုးပွားလာခြင်းကို တုံ့ပြန်မှု တစ်ခု ဖြစ်ပါသည်။ သို့ရာတွင် စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်းနှင့် ရန်ပုံငွေ ရှာဖွေရေး ကြိုးပမ်းမှုများ ပိုမိုအားကောင်း စေရေးအတွက် အင်အားစုများ ပူးပေါင်းရန် သတိရှိရှိဖြင့် ကြိုးပမ်းမှု တစ်ရပ်လည်း ဖြစ်ပါသည်။[113]

# အရပ်ဖက်အဖွဲ့အစည်းများနှင့်၎င်းတို့၏ ကွန်ရက်များအကြားချိတ်ဆက်မှုများ



## အလားအလာ ၅ - အမျိုးသမီးများသည် ပိုမိုပါဝင်နိုင်ရေးအတွက် စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်း။

အမျိုးသမီးနှင့် ကျား-မရေးရာ အထူးပြု အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ဖွဲ့စည်းမှုဆိုင်ရာ အချက်အလက်များ တိတိကျကျ အရှိဆုံး အဖွဲ့အစည်းများတွင် ပါဝင်ပါသည်။[114] အခြားသော ငြိမ်းချမ်းရေး တည်ဆောက်မှု နယ်ပယ်မှ အဖွဲ့အစည်းများနှင့် မတူဘဲ ၎င်းတို့၏ လုပ်ငန်းများကို အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အစီအစဥ်ကို ပုံဖော်ပေးသည့် အမျိုးသမီးများ အပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူစာချုပ် (CEDAW)[115] နှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် (UNSCRs) တို့ကဲ့သို့သော နိုင်ငံတကာ စံနှုန်းများ အပေါ်တွင် အခြေခံထားပါသည်။[116] ဤနယ်ပယ်တွင် လုပ်ကိုင်နေကြသော မြန်မာ အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အမျိုးသမီးများအတွက် ပို၍ကောင်းမွန်သော အခန်း ကဏ္ဍမှ ပိုမိုပါဝင်နိုင်ရေး အတွက် စည်းရုံးတိုက်တွန်း ဆွေးနွေးကြပါသည်။[117] ကရင် အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့ (KWEG) နှင့် အေးချမ်းမြန်မာ အင်စတီကျူ့ (GDI) တို့ကဲ့သို့သော အဖွဲ့အစည်းများကလည်း စောင့်ကြည့်လေ့လာရေးနှင့် ကျား-မ အခြေပြု အကြမ်း ဖက်မှုများ (GBV) အား တုံ့ပြန်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထိုအတောအတွင်း သင်္ဂဟ ဂျဲန်ဒါ အဖွဲ့ အစည်း (TGO) က *"အပြုသဘောဆောင်သော အမျိုးသားအခန်းကဏ္ဍ"* ကို အာရုံစိုက်လျက်  အမျိုးသားများနှင့် ကျား-မရေးရာ တန်းတူညီမျှမှုအပေါ် ၎င်းတို့၏ သဘောထားတို့ကို တက်ကြွစွာ ထိတွေ့ဆောင်ရွက်ပါသည်။[118]

ကျား-မ အခြေပြုနှင့် အမျိုးသမီးများ၏ ကွန်ရက်များ သည် ပို၍ ယေဘုယျဆန်သော အရပ်ဘက်လူမှု အဖွဲ့အစည်း ကွန်ရက်များနှင့် သဘောချင်းတူညီစွာ ထွက်ပေါ်လာခဲ့ပါသည်။ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအဖွဲ့ အနက် ကျား-မ တန်းတူညီမျှရေး ကွန်ရက် (GEN) နှင့် အမျိုးသမီး အဖွဲ့အစည်းများ ကွန်ရက် (WON)[119] နှစ်ဖွဲ့ စလုံးသည် ဆိုင်ကလုန်း မုန်တိုင်း နာဂစ် တိုက်ခတ်အပြီး ပေါ်ပေါက်လာခဲ့ပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ပတ်သက်၍ ထင်ရှားသော ကွန်ရက်နှစ်ခုမှာ ငြိမ်းချမ်းရေး အတွက် ကျား-မတန်းတူရေး မဟာမိတ် အဖွဲ့ (AGIPP) နှင့် အမျိုးသမီးများအဖွဲ့ချုပ် (WLB) (မြန်မာနိုင်ငံ) တို့ဖြစ်ပါသည်။ AGIPP[120] ကို ၂၀၁၄ ခုနှစ် တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၌ အမျိုးသမီးများနှင့် ကျား-မရေးရာ ပါဝင်မှု တိုးမြှင့်ပေးရန် အဖွဲ့ဝင် များဖြစ်သည့် အဖွဲ့ အစည်း သို့မဟုတ် မိတ်ဖက်[121] ၇ ဖွဲ့ဖြင့် ကွန်ရက်များ၏ ကွန်ရက် တစ်ခုအဖြစ် စတင် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းတို့သည် မူဝါဒဆိုင်ရာ စာတမ်းများ ထုတ်ဝေဖြန့်ချီပြီး၊ ရပ်ရွာလူထု ဝန်ဆောင်မှု လုပ်ငန်းနှင့် အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် အလှူရှင် များအား ဦးတည်သည့် စည်းရုံးတိုက်တွန်း ဆွေးနွေးမှု လုပ်ငန်းများ ဆောင်ရွက်ပါသည်။ ယခုအခါ AGIPP သည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ ကော်မတီ (MNCWA) က ဖွဲ့စည်းပေးခဲ့သည့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နည်းပညာ လုပ်ငန်းအဖွဲ့၏ တွဲဖက် ဥက္ကဋ္ဌ ဖြစ်ပါသည်။ အဆင့်မြင့် အရာရှိ တစ်ဦးက *"ကွန်ရက်က ကျွန်တော်တို့ကို အတူစုစည်းပေးပြီး၊ ပိုပြီး အင်အားကောင်းအောင် လုပ်ပေးတယ်လို့ တကယ်ကို ထင်မိတယ်။ AGIPP က မြန်မာနိုင်ငံရဲ့ အခြေအနေကို အမျိုးသမီး တွေရဲ့ ရှုထောင့်ကနေ ပုံဖော်ပေးတယ်လို့ ကျွန်တော်တို့ တကယ် ယုံကြည်ပါတယ်။ ဒါဟာ ကျွန်တော်တို့ အဖွဲ့အစည်းအတွက် ဖန်တီးပေးတဲ့ တန်ဖိုးပါပဲ။ ဒါပေမဲ့ AGIPP မှာ မျှဝေရေး ယန္တရားက အကန့်အသတ် ရှိနေတယ်"* ဟု ပြောပါသည်။[122]

မြန်မာနိုင်ငံ အမျိုးသမီး အဖွဲ့ချုပ် (WLB) သည် သက်တမ်း အရင့်ဆုံး နယ်စပ်ဖြတ်ကျော် ကွန်ရက် များထဲမှ တစ်ခု ဖြစ်ပါသည်။ အဖွဲ့ဝင်၁၃ဦးရှိပြီး၊[123] ၁၉၉၉ ခုနှစ်တွင်ချင်းမိုင်မြို့ ၌ တည်ထောင် ခဲ့ကာ ပြည်ပ၌ ရုံးတစ်ရုံး ဖွင့်ထားဆဲ ဖြစ်ပါသည်။ ၎င်း၏ အဖွဲ့ဝင်ဖြစ်သော အဖွဲ့အစည်းများသည် အမျိုးမျိုး ရောနှောနေသော်လည်း ၎င်းတို့အားလုံးမှာ တိုင်းရင်းသား လူမျိုးစု ဂိုဏ္ဍသ လက္ခဏာ အရ ဖွဲ့စည်း ထားပြီး၊ အချို့မှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ဆက်သွယ်မှု ရှိပါသည်။ ကချင် အမျိုးသမီးများ အစည်းအရုံး၊ ထိုင်းနိုင်ငံ (KWAT) ကို ၁၉၉၉ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး၊ ချင်းမိုင်ပြင်ပတွင် လုပ်ငန်းများ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ လူကုန်ကူးမှု တုံ့ပြန်ရေးနှင့် ထိခိုက်လွယ်သော ရပ်ရွာ လူထုများအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးပါသည်။[124]



*ကရင်အမျိုးသမီး ကျာ/မရေးရာ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး သင်တန်းတက်ရောက်ပုံ*

## အလားအလာ ၆ - လူငယ် အဖွဲ့အစည်းများသည် ပို၍ အရေးပါလာခြင်း။[125]

*"လူငယ်တွေဟာလည်း ဆက်စပ် ပတ်သက်နေသူတွေထဲက တစ်ဦးပါပဲ။ သူတို့မှာ ငြိမ်းချမ်းရေး  လုပ်ငန်းစဉ်ကနေ စတင်ပြီးတော့ တိုင်းပြည် ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ဖို့ စိတ်ဆန္ဒနဲ့ စွမ်းရည်တွေရှိတယ်။"*

- ရေစကြိုမြို့မှ လူငယ်ခေါင်းဆောင်၊ ၂၀၁၇ ခုနှစ်၊ မတ်လ

ဤ ဆွေးနွေးချက် *စာတမ်း* အတွက် တွေ့ဆုံမေးမြန်းရာမှ ရရှိခဲ့သော အချက်အလက်များ အရ အသက် ၃၅ နှစ်အထက် လူများသည် အရပ်ဘက် လူမှုအဖွဲ့အစည်း နယ်ပယ်တွင် လွှမ်းမိုးထားဆဲ ဖြစ်သော်လည်း လူငယ်များ၏ ပါဝင်မှုမှာ တိုးပွားလာနေပါသည်။ လူငယ်များသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးတွင် ကဏ္ဍတိုင်း၌ ပါဝင် လုပ်ဆောင်နေပါသည်။ ကာလကြာမြင့်စွာက တည်ထောင်ခဲ့သော လူငယ်အဖွဲ့ အများအပြားမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ နယ်ပယ်မှ အစပြုခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံရေး အပြောင်းအလဲက ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးတွင် လူငယ် အဖွဲ့သစ်များ ပေါ်ထွန်းလာရန် အားပေးခဲ့ပါသည်။ ၎င်းတို့သည် နိုင်ငံရေးအရ တက်ကြွမှုရှိပါသည်။ ဥပမာ-လူငယ် အဖွဲ့အစည်း အချို့ပါဝင်သည့် ကွန်ရက် တစ်ခုဖြစ်သည့် ရှမ်းပြည်နယ် ငြိမ်းချမ်းရေး အထူးလုပ်ငန်းအဖွဲ့သည် ၂၀၁၅ ခုနှစ်တွင် မိုင်းရှူးနှင့် ကျေးသီးဒေသတွင် တိုက်ပွဲများ ရပ်တန့်ရေး အတွက် တောင်းဆိုသည့် အနေဖြင့် လက်မှတ် စုဆောင်းရေး လှုပ်ရှားမှုကို စီစဉ်ခဲ့ပါသည်။ ၎င်းတို့သည် ၎င်းတို့၏ တောင်းဆိုမှုကို တပ်မတော်၊ RCSS နှင့် မီဒီယာတို့သို့ ပေးပို့ခဲ့ပါသည်။ ၎င်းတို့သည် ရှေ့တန်းသို့လည်း သွားရောက်ခဲ့ပြီး၊ ဒဏ်ရာရ အရပ်သားများအား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပါသည်။[126] အချို့သော လူငယ်အဖွဲ့များသည် ဘာသာပေါင်းစုံ လှုပ်ရှားမှုတွင် ပါဝင်ခဲ့ ပါသည်။ (အခန်း ၃-၁၊ 'လူမှုရေး ပေါင်းစည်းညီညွတ်မှု' တွင်ကြည့်ပါ။) ဘာသာမတူညီသော လူငယ်များမှာ အများအားဖြင့် အခြားသူများ၏ ဘာသာဓလေ့ ထုံးစံများနှင့် ယုံကြည်မှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် မသိရှိကြပါ။[127]

ရှမ်းပြည်နယ် ငြိမ်းချမ်းရေး အထူးလုပ်ငန်းအဖွဲ့က ဆောင်ရွက်သည့် လုပ်ငန်းကဲ့သို့သော လုပ်ငန်း များသည် ပုံသေ မဟုတ်ဘဲ ပြောင်းလဲနိုင်ပြီး၊ အနည်းဆုံး အဖွဲ့အစည်း နောက်ခံရှိကာ ၎င်းတို့၏ နောက်ကွယ်တွင် ခိုင်မာသော ကွန်ရက်မရှိနိုင်သည့် ပုဂ္ဂိုလ်များက စီစဉ်ဆောင်ရွက် ပေးလေ့ ရှိပါသည်။ ၎င်းတို့သည် ပုံစံတကျ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း တစ်ခုထက် ခပ်လျှိုလျှို လှုပ်ရှားမှု တစ်ခုနှင့် ပို၍ဆင်တူပါသည်။ ဤကဲ့သို့ ဖွဲ့ စည်းလှုပ်ရှားမှုပုံမှာ တိုင်းရင်းသား လူငယ်များမဟာမိတ်အဖွဲ့ (NEYA) နှင့် အတိုင်းအတာ တစ်ခုအထိ အလားတူ ဖြစ်ပေါ်နေပါသည်။ NEYA ကို ၂၀၁၀ ပြည့်နှစ်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၌ အသေးစား လုပ်ငန်းလေးများဖြင့် စတင်ခဲ့ပြီး၊ အကြမ်းဖက်မှု ဖြစ်ပွားပြီးနောက် ၎င်းတို့ရပ်ရွာရှိ ပဋိပက္ခဒဏ် ခံစားရ သူများအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ခြင်းနှင့် အလှူငွေ ကောက်ခံခြင်း တို့ဖြင့် ကြီးထွား ဖွံ့ဖြိုး လာခဲ့ပါသည်။ ၂၀၁၂ ခုနှစ် တွင် ရှမ်း၊ ကချင်နှင့် ပလောင် လူငယ်အဖွဲ့ အချို့ တွေ့ဆုံပြီး၊ ၎င်းတို့အတွက် ပြည်တွင်း၌ ဆောင်ရွက်ရန် မဖြစ်နိုင်သေးသဖြင့် တရုတ်နိုင်ငံတွင် မည်ကဲ့သို့ ပိုမို ကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်နိုင်မည်ကို ဆွေးနွေးခဲ့ကြပါသည်။ ၂၀၁၃ ခုနှစ်မှ စ၍ ၎င်းတို့၏ လှုပ်ရှားမှုသည် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် စိတ်ဝင်စား၊ ထောက်ခံမှုများ ရရှိခဲ့ပါသည်။ ၎င်းတို့ ကြိုးပမ်းမှု၏ ရလဒ်အဖြစ် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ရန်ကုန်မြို့၌ တိုင်းရင်းသား လူမျိုးစု လူငယ်ညီလာခံကို ကျင်းပနိုင်ခဲ့ပြီး၊ နိုင်ငံတစ်ဝန်းမှ လူငယ် ၈၀၀ ခန့်ကို တွေ့ဆုံစေနိုင်ခဲ့ပါသည်။ NEYA သည် AGIPP ကဲ့သို့ပင် UPC ၏ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်ရန် ဖိတ်ကြားခြင်း ခံရပါသည်။

မုံရွာမြို့တွင် ကျင်းပသော မြန်မာနိုင်ငံ လူငယ်များ ဆွေးနွေးပွဲတွင် ပြောကြားရာ၌ ဂါရင့်ကျောင်းသား တစ်ဦးက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် လူငယ်များ၏ ပါဝင်မှုအဆင့် နိမ့်ကျနေသည်ကို ထောက်ပြသွားခဲ့ပါသည်။[128] တနင်္သာရီတိုင်းဒေသကြီးမှ အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးက *"လာမည့် မျိုးဆက် သစ်တွေဟာ ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်နိုင်ဘူးဆိုရင် ဒီကလေးတွေထဲက တစ်ချို့ဟာ လက်နက်ကိုင် အဖွဲ့တွေထဲ ဝင်သွားနိုင်တယ်။ တကယ်လို့ ကျွန်တော်တို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ထိန်းမထားနိုင်ဘူးဆိုရင် သူတို့ပြန်ပြီး တိုက်ခိုက်ကြမှာပဲ"* ဟု ပြောပါသည်။[129]



*နိုင်ဟုံပရိုက်ဖ်၊ မွန်လူငယ်တိုးတက်ရေးအဖွဲ့အစည်း*

## အလားအလာ ၇ - နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲရေးက လက်နက်ကိုင် အဖွဲ့များနှင့် ဆက်ဆံရေးကို ပြောင်းလဲစေခြင်း။

အထူးသဖြင့် ပြည်နယ်များရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း အများအပြားသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် လက်နက်ကိုင် အုပ်စုများနှင့် နီးစပ်မှု အတိုင်းအတာ အမျိုးမျိုး ကွဲပြားပြီး၊ ၎င်းတို့၏ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများအတွက် ဟန်ချက်မျှမည့် အခြေအနေကို ပုံဖော်လေ့ ရှိပါသည်။ ယင်းမှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ အစုအဖွဲ့အဖြစ် ပေါ်ထွက်လာသော အဖွဲ့အစည်းမျှသာ မဟုတ်သည်မှာ မှန်ကန်ပါသည်။ အမျိုးသမီးနှင့် လူငယ် အဖွဲ့အစည်း အများအပြားမှာ အနည်းဆုံး အနေဖြင့် သမိုင်းကြောင်းအရ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ အစိတ်အပိုင်း ဖြစ်ပါသည်။ သာဓကအားဖြင့် ကရင်အမျိုးသမီးများအစည်းအရုံး (KWO) သည် ကရင်အမျိုးသား အစည်းအရုံး၏ ဖွဲ့စည်းပုံ ဥပဒေအရ လုပ်ပိုင်ခွင့် လွှဲအပ်ထားခြင်း ဖြစ်ပြီး၊ အခြေခံအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကဲ့သို့ အစိုးရက ဖွဲ့စည်းပေးသည့် အစိုးရ မဟုတ်သော အဖွဲ့အစည်း (GONGO) နှင့် တူညီပါသည်။ ကရင်နီ ပြည်နယ် လူငယ်များသမဂ္ဂ (UKSY) ၏ အဖွဲ့ဝင် ၄ခုအနက် တစ်ခုဖြစ်သော ကရင်နီ အမျိုးသား လူငယ်အစည်းအရုံး (KNYO) သည် KNPP ၏ အစိတ်အပိုင်း တစ်ခုဖြစ်နေဆဲ ဖြစ်ပြီး၊ ၎င်းတို့နှင့် ပုံမှန်တွေ့ဆုံပါသည်။[130] ယင်းအဖွဲ့အစည်းများနှင့် အလားတူ အဖွဲ့အစည်းများသည် ၎င်းတို့၏ မိခင် အဖွဲ့အစည်း အပေါ် မှီခိုမှု အမျိုးမျိုးနှင့် သစ္စာခံမှုဖြင့် လုပ်ဆောင်ကြပါသည်။ သို့ရာတွင် ၎င်းတို့၏ မူဝါဒများကိုလည်း ဝေဖန်ကြပါသည်။

အရပ်ဘက်လူမှုအဖွဲ့ အစည်းများသည် အပစ်အခတ်ရပ်စဲခြင်း မပြုမီက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ပွင့်ပွင့် လင်းလင်း ဆက်ဆံလေ့ မရှိခဲ့ပါ။ ယင်းမှာ တစ်စိတ် တစ်ပိုင်းအားဖြင့် မတရားအသင်း အက်ဥပဒေကြောင့် ဖြစ်ပါသည်။ ဆက်ဆံမှု ရှိလာသည့်အခါ နိုင်ငံတကာ နယ်နိမိတ် တစ်လျှောက် သို့မဟုတ် အစိုးရ မသိအောင် ဆက်ဆံကြခြင်း ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲခြင်း နှင့် ဆက်လက်၍ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ လက်မှတ်ရေးထိုးသူ အဆင့်အတန်းကို “တရားမဝင်” အဖြစ် တရားဝင် အဆုံးသတ်ပေးလိုက်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်

လက်မှတ် ရေးထိုးခြင်းတို့သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ဆက်ဆံရေးကို သိသိသာသာ ပြောင်းလဲအောင် အစပျိုး ပေးလိုက်ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း အများအပြားက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအား ဆက်လက်၍ အကောင်းမမြင်သော်လည်း ၎င်းတို့နှင့် ရပ်တည်ချက်ချင်း တူညီသည်ဟု ယူဆသဖြင့် မူဝါဒဆိုင်ရာနှင့် စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်း အတွက် အစိုးရနှင့် ဆောင်ရွက်ခြင်းထက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ပိုမို ပွင့်လင်းစွာ ဆောင်ရွက်လိုကြပါသည်။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှဘောင်သည် အထူးသဖြင့် လူမျိုးစု အခြေပြု အမျိုးသားအဆင့် ဆွေးနွေးပွဲများ ပြုလုပ်နေသည့် ပြည်နယ်များတွင် အဆိုပါ ဆက်ဆံရေးများကို အားဖြည့်ပေးပုံ ရပါသည်။

၂၀၁၁ ခုနှစ်တွင် ကချင်လွတ်လပ်ရေးတပ် (KIA) နှင့် တပ်မတော်တို့အကြား နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲရေး ပျက်ပြားခဲ့သည့် ကချင်ပြည်နယ်တွင် အခြေအနေ ကွဲပြားခြားနားပါသည်။ တစ်ခါတစ်ရံ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ကချင် လွတ်မြောက်ရေးအဖွဲ့ (KIO) အကြား မဟာမိတ်အဖြစ် ခွဲထွက်မှုမရှိဘဲ ပူးပေါင်းမှုကို ခိုင်မာအောင် ပြုလုပ်လျက် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ကချင် လွတ်မြောက်ရေးအဖွဲ့ (KIO) နှစ်ဘက်စလုံးက ၎င်းတို့အနေဖြင့် အစိုးရကို ဆန့်ကျင်ကြသည်ဟု ယူဆကြပါသည်။ သို့ရာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း အများအပြားမှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ဆက်ဆံမှု မရှိသည့် အချက်ကို မှတ်သားရန် အလွန်အရေးကြီးပါသည်။ အမှန်စင်စစ် ယင်းသို့သော ဆက်ဆံရေးမျိုးမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တွေ့နေကျဖြစ်ပါသည်။ သို့ရာတွင် ဤအခြေအနေကို အသိုင်းအဝိုင်း အချင်းချင်း သဟဇာတဖြစ်ရေး၊ လူမှုရေး ပေါင်းစည်းညီညွတ်မှုနှင့် အခြား ကိစ္စရပ်များကို လုပ်ကိုင်နေကြသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ဖြစ်ရပ်တွင် မတွေ့ရပါ။

## အလားအလာ ၈ - နယ်စပ်ဖြတ်ကျော် အဖွဲ့အစည်းများ သက်ဆိုင်နေဆဲ ဖြစ်ခြင်း။

နိုင်ငံတကာ အသိုင်းအဝိုင်း၏ အထောက်အပံ့ဖြင့် ချင်းမိုင်မြို့နှင့် အခြား ဒေသများတွင် ကာလ ရှည်ကြာ ဆောင်ရွက်ခဲ့သည့် အရပ်ဘက် လူမှုအဖွဲ့အစည်း စွမ်းဆောင်ရည် မြှင့်တင်မှုသည် မြန်မာနိုင်ငံ အတွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အပေါ်တွင် ကြာမြင့်စွာ သြဇာသက်ရောက်ခဲ့ ပါသည်။ ယင်းမှာ ပြည်ပမှ ပြန်လာသူများက ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို ပြန်လည်ယူဆောင် လာကြခြင်းနှင့် နယ်စပ်ဖြတ်ကျော် စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်း၏ အကျိုးကျေးဇူးကြောင့်လည်း ဖြစ်ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင် အားလုံး မဟုတ်သော်လည်း အချို့က ပြည်တွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ကြီးထွား လာခြင်းကြောင့် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်ခြမ်း နယ်စပ်ဖြတ်ကျော် လုပ်ငန်း ဆောင်ရွက်မှု များမှာ ပေါ်လွင်ထင်ရှားမှု သိပ်မရှိတော့ဟု ယူဆကြပါသည်။ သို့သော်လည်း ယင်းလုပ်ငန်းများမှာ သြဇာသက်ရောက်မှု ရှိနေဆဲ ဖြစ်ပါသည်။ ပဋိပက္ခဒဏ် ခံစားရသော ရပ်ရွာလူထုများအား ကျန်းမာရေးနှင့် ပညာရေး အပါအဝင် ဝန်ဆောင်မှုများ ပေးခြင်းမှာ အထူး အရေးပါနေဆဲ ဖြစ်ပါသည်။

> “နယ်စပ် အခြေပြု အဖွဲ့အစည်းများမှ ခေါင်းဆောင်နှင့် အဖွဲ့ဝင် အချို့က နိုင်ငံရေး အပြောင်းအလဲနှင့် အထူးသဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အနာဂတ်မှာ မရေရာဆဲ ဖြစ်နေသည်ဟု မြင်ကြပြီး”

၂၀၁၀ ပြည့်နှစ်မှ စ၍ ပြည်ပ၌ စည်းရုံးတိုက်တွန်း ဆွေးနွေးသည့် အဖွဲ့များ ထပ်မံလိုအပ်ခြင်း မရှိတော့ဟူသည့် အယူအဆမှာ စိတ်ဝင်စား၊ ထောက်ခံမှုများ ရရှိခဲ့ပါသည်။ ရန်ပုံငွေ လိုအပ်မှုများ ပို၍ပို၍ တွေ့ကြုံလာရခြင်းကြောင့် ယင်းအဖွဲ့များမှာ ယခင်ကကဲ့သို့ သြဇာအရှိန်အဝါ ရှိပုံ မရတော့ပါ။[131] ရန်ကုန် အခြေစိုက် အရပ်ဘက် လူမှုအဖွဲ့အစည်း တစ်ခုမှ အကြီးတန်း တက်ကြွ လှုပ်ရှားသူ တစ်ဦးက “နယ်စပ်ဖြတ်ကျော် လုပ်ငန်း ဆောင်ရွက်တဲ့ သူတွေက ‘ပြည်တွင်း’ အတွက် ကြိုပြီး ပြင်မထား ကြဘူး။” ဆိုလိုတာက သူတို့ရဲ့ ကျွမ်းကျင်မှုနဲ့ နည်းလမ်းတွေက မြန်မာနိုင်ငံထဲမှာ လိုအပ်နေတဲ့ ကျွမ်းကျင်မှုတွေနဲ့ မကိုက်ညီကြဘူး။[132] နယ်စပ် အခြေပြု



*စောဒေထူး၊ ကရင်စာပေနှင့်ယဉ်ကျေးမှု သံတောင်ကြီးမြို့နယ်*

အဖွဲ့အစည်းများမှ ခေါင်းဆောင်နှင့် အဖွဲ့ဝင် အချို့က နိုင်ငံရေး အပြောင်းအလဲနှင့် အထူးသဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အနာဂတ်မှာ မရေရာဆဲ ဖြစ်နေသည်ဟု မြင်ကြပြီး၊ ချင်းမိုင်နှင့် မဲဆောက်တွင် ဗဟိုချက်အဖြစ် ဆက်လက် အသုံးပြုသွားရန် ရွေးချယ်ကြပါသည်။ နယ်စပ်မှ အရပ်ဘက် လူမှုအဖွဲ့အစည်း အချို့သည် ငြိမ်းချမ်းရေး ကိစ္စတွင် တက်ကြွစွာ ဆောင်ရွက်လျက် ရှိကြပါသည်။ ယင်းအဖွဲ့များတွင် ကရင် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေး လှုပ်ရှားမှု ကွန်ရက် (KESAN) ပါဝင်ပြီး ယင်းအဖွဲ့သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာခြင်းနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရပ်ရွာလူထုများအား ထောက်ပံ့ကူညီခြင်းတို့ကို ဆောင်ရွက်ပါသည်။ ကရင် သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုရေး လှုပ်ရှားမှု ကွန်ရက်သည် ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့၌ ရုံးတစ်ရုံး ဖွင့်လှစ်ခဲ့ သော်လည်း ထိုင်းနိုင်ငံတွင် ဆက်လက် အခြေစိုက်ပါသည်။ ယခုအခါ ၎င်းတို့သည် ၎င်းတို့၏ မူဝါဒဆိုင်ရာ စည်းရုံးတိုက်တွန်း ဆွေးနွေးမှုများကို အစိုးရ၊ ကရင် အမျိုးသား အစည်းအရုံး (KNU) နှင့် နိုင်ငံတကာ အသိုင်းအဝိုင်း တို့အား ဦးတည်၍ ဆောင်ရွက်နေပါသည်။[133]

## အလားအလာ ၉ - တိုင်းရင်းသား လူမျိုးစု ယဉ်ကျေးမှု ထိန်းသိမ်းသည့် အဖွဲ့များ အသွင်ပြောင်းလဲလာခြင်း။

မြန်မာနိုင်ငံတွင် တိုင်းရင်းသား အများစု နေထိုင်ရာ ဒေသများတွင် ပျံ့နှံ့နေသော တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု အဖွဲ့များသည် အရပ်ဘက် လူမှုအဖွဲ့အစည်း ပုံစံမျိုးပင် ဖြစ်ပါသည်။ ယင်းအသင်းအဖွဲ့ သို့မဟုတ် ကော်မတီများသည် ဦးနေဝင်း အစိုးရ လက်ထက်က အစိုးရ၏ စောင့်ကြည့်မှုအောက်၌ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အစွမ်းအစများကို ထိန်းချုပ်ထား ရလေ့ ရှိသည့် အချိန်တွင် စတင်ခဲ့ပါသည်။ သို့ရာတွင် အချို့မှာ သက်တမ်းရင့်နေပြီး၊ အချို့မှာမူ များမကြာမီကမှ ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ အစဉ်အလာအရ ၎င်းတို့သည် ရိုးရာဝတ်စုံနှင့် အက စသဖြင့် တိုင်းရင်းသား ဘာသာစကားနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်း၊ သင်ကြားပေးခြင်းကို စူးစိုက်လုပ်ကိုင်ကြပါသည်။ သို့ရာတွင် ၎င်းတို့သည် နိုင်ငံရေး ပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ သို့မဟုတ် ပြည်သူ့စစ်များနှင့် ဆက်ဆံမှု အပါအဝင် အဖွဲ့အစည်းဆိုင်ရာနှင့် နိုင်ငံရေး လုပ်ငန်းစဉ်များထဲတွင် များစွာ ပတ်သက်ငြိစွန်း၍လည်း နေနိုင်ပါသည်။

တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသည် နိုင်ငံရေးနှင့် လူမှုရေး စီမံချက်များ၏ ရည်မှန်းချက်များ အတွက်လည်း ထမ်းဆောင်နိုင်ပါသည်။ ကယားပြည်နယ်တွင် ကရင်နီ စာပေနှင့် ယဉ်ကျေးမှု အသင်းသည် မိခင်ဘာသာစကားဖြင့် သင်ကြားရေးအတွက် ယခုအခါ တရားဝင် အသုံးပြုနေသော ပြဋ္ဌာန်းစာအုပ် ရေးသားရာတွင် အရေးပါသူ ဖြစ်ခဲ့ပြီး၊ အရပ်ဘက် လူမှု အဖွဲ့အစည်း ခေါင်းဆောင်များက အဖွဲ့တွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်နေပါသည်။[134] မွန်စာပေနှင့် ယဉ်ကျေးမှု အဖွဲ့နှင့် မွန်အမျိုးသား ပညာရေးကော်မတီတွင် ပါဝင်သည့် အရပ်ဘက် လူမှု အဖွဲ့အစည်းများ တွင်လည်း အခြေအနေမှာ အလားတူ ဖြစ်ပါသည်။[135] ချင်းစာပေနှင့် ယဉ်ကျေးမှု ကော်မတီမှာ ချင်းပြည်နယ် အတွင်းရှိ မြို့နယ်တိုင်းတွင် ရှိပြီး၊ ဘာသာစကား အမျိုးမျိုး ပြန့်ပွားရေးကို အသီးသီး လုပ်ဆောင်နေကြပါသည်။ ရှမ်းစာပေနှင့် ယဉ်ကျေးမှု ကော်မတီ ဥက္ကဋ္ဌမှာ ၂၀၁၆ ခုနှစ်၊ ဒုတိယအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ၌ ရှမ်းပြည်နယ် ကိုယ်စားပြု တက်ရောက်ခဲ့ပါသည်။[136] ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှာ မြစ်ကြီးနားမြို့ရှိ ရိုးရာ မနောမြေတွင် တည်ရှိပြီး၊ နိုင်ငံရေး ဆွေးနွေးပွဲများကို လက်ခံကျင်းပ ပေးနေပါသည်။

အဆိုပါ အသင်းအဖွဲ့များသည်လည်း နိုင်ငံရေး အပြောင်းအလဲကြောင့် ပြောင်းလဲမှု အခြေအနေများ ဖြစ်ပေါ်လာပုံရပါသည်။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရှိ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ခေါင်းဆောင်က ရှင်းပြရာတွင် ၂၀၁၂ ခုနှစ် မှစ၍ ၎င်းတို့၏

> "ချင်းစာပေနှင့် ယဉ်ကျေးမှု ကော်မတီမှာ ချင်းပြည်နယ် အတွင်းရှိ မြို့နယ်တိုင်းတွင် ရှိပြီး၊ ဘာသာစကား အမျိုးမျိုး ပြန့်ပွားရေးကို အသီးသီး လုပ်ဆောင်နေကြပါသည်။"

ကော်မတီကို ပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းသို့ တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် စနစ်တကျ ဖြစ်လိုကြောင်းနှင့် ပြည်နယ်အဆင့်တွင် မှတ်ပုံတင်ရန် ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ၎င်းတို့၏ ဘုတ်အဖွဲ့မှာ အစဉ်အလာအားဖြင့် အသက်အရွယ်ကြီးသူ အမျိုးသားများက လွှမ်းမိုးနေကြောင်း၊ သို့သော်လည်း အချို့စာပေနှင့် ယဉ်ကျေးမှု အဖွဲ့များမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ရန် ခွဲတမ်းနှင့်ပတ်သက်၍ အငြင်းအခုံ ဖြစ်နေသဖြင့် စိတ်ဝင်စားနေကြကြောင်း၊ သူတို့က အမျိုးသမီးများနှင့် လူငယ်များ ပါဝင်ရမည့် ဦးရေကို တိုးမြှင့်လိုကြကြောင်း၊ အဖွဲ့၏ ဘာသာစကား သင်တန်းနှင့် နွေရာသီ စခန်းများတွင် သင်ယူသူများမှာ အများအားဖြင့် လူငယ်များဖြစ်ကြောင်းဖြင့် ပြောပါသည်။ ဤကရင်အဖွဲ့မှာ မွန်ပြည်နယ်၊ အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက်၏ အဖွဲ့ဝင်ဖြစ်ပြီး၊ ဦးဆောင်သူမှာ တောင်ကြီးနှင့် နေပြည်တော်တွင် ကျင်းပခဲ့သည့် အရပ်ဘက် လူမှုအဖွဲ့အစည်းဆွေးနွေးပွဲ အတွက် ၃၀ ဦးပါ ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်ဖြစ်ပါသည်။ ၎င်းသည် ကရင်အမျိုးသား အစည်းအရုံး (KNU) နှင့် ပြုလုပ်သည့် အမျိုးသားအဆင့် ဆွေးနွေးပွဲတွင်လည်း ပါဝင်တက်ရောက် ခဲ့ပါသည်။

## ဆွေးနွေးရန်မေးခွန်းများ

1. မြန်မာနိုင်ငံ၏သမိုင်းကြောင်းတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် မည်သို့ ပါဝင်ပံ့ပိုးပေး ခဲ့သနည်း။
2. မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလသည် အရပ်ဖက်လူမှုအဖွဲ့အစည်းများကို မည်သို့ သက်ရောက်မှုရှိသနည်း။
3. မြန်မာနိုင်ငံတွင် မည်သည့်အကြောင်းအချင်းအရာများက အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ပံ့ပိုးမှုပေး၍ မည်သည့် အကြောင်းအချင်းရာများက ဟန့်တားရသနည်း။
4. မီဒီယာနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကြားရှိ ဆက်သွယ်မှုမှာ အဘယ်နည်း။
5. ကျားမတန်းတူညီမျှရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မည်သို့တိုးတက်အောင် ဆောင်ရွက်နိုင်သနည်း။
6. မြန်မာ့အသွင်ကူးပြောင်းရေးကာလတွင် နယ်စပ်ဒေသရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ မည်သို့ပြောင်းလဲလာခဲ့ကြသနည်း။

# အခန်း ၃။ ငြိမ်းချမ်းရေးတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

ဤအခန်းမှာ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး တည်ဆောက်ရာ၌ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ Thania Paffenholz ပြုစုထားသော ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများအတွက် မူဘောင်ကို[137] အသုံးပြု၍ သုံးသပ်ထားပါသည်။ ရည်ရွယ်ချက်မှာ ကျယ်ကျယ် ပြန့်ပြန့် ခြုံငုံသုံးသပ်ခြင်းထက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ အမျိုးအမျိုးသော အထောက်အကူ ပြုမှုများကို ဆွေးနွေးရာတွင် စဉ်းစားရန် အကြောင်းအချက်များ ရရှိစေရန်နှင့် ဆန်းစစ်လေ့လာနိုင်ရန် ဖြစ်ပါသည်။

## ၃-၁။ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ လုပ်ငန်းများ - ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အထောက်အကူ ပြုခြင်း

ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မည့် အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်နှင့် ပဋိပက္ခဖြစ်မည့် အလားအလာ လျော့ကျစေရန် ကြိုးပမ်းအားထုတ်မှု ဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ် ဖွင့်ဆိုနိုင်သော်လည်း အများက ချွင်းချက်မရှိ လက်ခံထားသော အဓိပ္ပာယ် ဖွင့်ဆိုချက် မရှိပါ။ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းသည် *"[....] ပြည်တွင်းမှ လှုပ်ရှား ဆောင်ရွက်သူများက တွန်းအားပေး ဆောင်ရွက်လျှင် အထိရောက်ဆုံး ဖြစ်ကြောင်း ထင်ရှားလေ့ရှိပြီး၊ [.....] ပြင်ပမှ အတင်းအကျပ် ချမှတ်လုပ်ဆောင်၍ မရနိုင်ပါ။"*[138]


> ဤဆွေးနွေးချက် စာတမ်းအတွက် တွေ့ဆုံမေးမြန်းခဲ့သော လူအများစုကမူ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းကို ငြိမ်းချမ်းသော လူ့အဖွဲ့အစည်း ပေါ်ပေါက်ရန် အလားအလာများသည့် အပြုသဘောဆောင်သော ငြိမ်းချမ်းရေးထက် အကြမ်းဖက်မှု မရှိသည့် အပြုသဘော မဆောင်သော ငြိမ်းချမ်းရေး အဖြစ် ဖော်ပြလိုဟန် ရှိပါသည်။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး တည်ဆောက်ရာ၌ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အထောက်အကူ ပြုမှုကို သိရှိ နားလည်၍ ဆန်းစစ်လေ့လာနိုင်သည့် နည်းလမ်းတစ်ခုမှာ Thania Paffenholz နှင့် အခြားသူများက ဦးဆောင်ပြုလုပ်ခဲ့သည့် သုတေသန လုပ်ငန်းပင်ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံပေါင်း ၁၆ နိုင်ငံတွင် နှိုင်းယှဉ် ဆောင်ရွက်နေသည့် သုံးနှစ် စီမံချက်အပေါ် အခြေခံ၍ ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများ ဆောင်ရွက်ရမည့် လုပ်ငန်း (၇) ခုကို အဆိုပြုခဲ့ပါသည်။[139] ယင်းလုပ်ငန်း ၇ ခုမှာ - ကာကွယ် စောင့်ရှောက်ရေး၊ စောင့်ကြည့် လေ့လာရေး၊ စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်း၊ လူမှုရေး ပုံသွင်းခြင်း၊ လူမှုရေး ပေါင်းစည်း ညီညွတ်ရေး စေ့စပ်ဖျန်ဖြေခြင်းနှင့် ပံ့ပိုးကူညီခြင်းနှင့်၊ ဂန်ဆောင်မှုပေးခြင်းတို့ဖြစ်သည်။

ယင်းလုပ်ငန်း အမျိုးအစားများမှာ အတိအကျ သတ်မှတ်ထားခြင်း မဟုတ်ဘဲ။ ဆိုလိုသည်မှာ ငြိမ်းချမ်းရေး တည်ဆောက်မှု ဆိုင်ရာ လုပ်ငန်းများသည် သီးခြားလုပ်ဆောင်နေခြင်း မဟုတ်ပါ။ အချို့လုပ်ငန်းများ ထပ်နေပါသည်။[140] မြန်မာနိုင်ငံတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း (CSOs) များမှာ အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေသော အပြောင်းအလဲများကို တုံ့ပြန်နေကြပြီး၊ တီထွင်ဖန်တီးထားသော နည်းလမ်း များဖြင့် တုံ့ပြန်လေ့ရှိပါသည်။ သာဓကအချို့တွင် ၎င်းတို့သည် လုပ်ငန်းတစ်ခုကို အထူးပြု ဆောင်ရွက်ခြင်း မရှိဘဲ တစ်ချိန်တည်းတွင် လုပ်ငန်းပေါင်းစုံကို လုပ်ကိုင်နိုင်ရန် ကြိုးစားနေ ကြပါသည်။ သို့ဖြစ်၍ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ငန်းများအား ယင်းလုပ်ငန်း ၇ မျိုးထဲမှ တစ်မျိုးကို သေသေသပ်သပ်နှင့် အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်ရန် ခက်ခဲနိုင် ပါသည်။ သို့သော်လည်း အကွဲကွဲအပြားပြား ဖြစ်နေသော လုပ်ငန်းအများအပြားကို ငြိမ်းချမ်းရေး လုပ်ငန်းအတွက် ဦးတည်၍ စတင် ဆောင်ရွက်နိုင်ပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းများမှာ ပုံသေမရှိဘဲ ပြောင်းလဲနေပြီး၊ လုပ်ငန်း တစ်ခုချင်း လုပ်ဆောင်သည်ထက် လုပ်ငန်းများ စုပေါင်း၍ လုပ်ဆောင် ပါသည်။ ဥပမာ ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းကို စောင့်ကြည့်လေ့လာရေး လုပ်ငန်းနှင့်အပြိုင် ဆောင်ရွက်လေ့ရှိ ပါသည်။ အလားတူ လုပ်ငန်းများ ပေါင်းစပ်၍ ဆောင်ရွက်သည့်

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ချက်များအား ဆန်းစစ်ခြင်း




## အထက်ဖော်ပြပါဇယားအား ဖတ်နည်း

ဤစာတမ်း၏ရည်ရွယ်ချက်သည် အရပ်ဘက်လူ့အဖွဲ့အစည်းတွင် ကိုက်ညီမှုရှိခြင်းအား မည်ကဲ့သို့အသုံးပြုပြီး ထိရောက်စွာလုပ်ဆောင်ကြခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုပ်သည်။ ဖြစ်ပွားခြင်းဆိုသည်မှာ လုပ်ဆောင်ချက်များအား ထိရောက်စွား ပြုလုပ်သော အကြိမ်အရေအတွက်ဖြစ်သည်။ ထိရောက်မှုရှိခြင်းသည် ပေးထားသောအခြေအနေတွင် လုပ်ဆောင်ချက်များထိရောက်စေရန် စွမ်းအား အပြောင်းအလဲ ပြုလုပ်နိုင်ခြင်းပင်ဖြစ်သည်။

ပုံစံမတူသောအဝါရောင်စက်ဝိုင်းများ၏ ဖော်ပြမှုသည် အဝါရင့် (မြင့်) ဖြစ်ပြီး၊ အဝါဖျော့ (နိမ့်) ခြင်းစသော ဖော်ပြချက်သည် မြန်မာနိုင်ငံ၏ မတူညီသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ဆောင်ရွက်ခြင်းများနှင့်ဆက်စပ်နေသည်။ ပုံစံမတူသောမီးခိုးရောင် စက်ဝိုင်းများသည် မီးခိုးရင့် (မြင့်) ဖြစ်ပြီး၊ မီးခိုးဖျော့ (နိမ့်/နည်း) ခြင်းစသော ဖော်ပြချက်သည် နိုင်ငံတကာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ဆောင်ရွက်ချက်အား ဖော်ပြပါသည်။ နိုင်ငံတကာနှင့် နှိုင်းယှဉ်ဖော်ပြချက်သည် Paffenholz ၏ သုတေသနမှ ကောက်နုတ်ချက်ဖြစ်သည်။


ပုံစံမျိုးကို စောင့်ကြည့်လေ့လာရေး၊ စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်း၊ လူမှုရေး ပုံသွင်းခြင်းနှင့် လူမှုရေးပေါင်းစည်း ညီညွတ်မှု၊ ပံ့ပိုး ကူညီခြင်းနှင့် စေ့စပ်ဖျန်ဖြေခြင်း စသည့် လုပ်ငန်းများ ပူးပေါင်း လုပ်ဆောင်သည်ကို တွေ့ရှိရ ပါသည်။ Paffenholz နှင့် သူမ၏ လုပ်ဖော်ကိုင်ဖက်များ ထောက်ပြသကဲ့သို့ တစ်ခါတစ်ရံ အဆိုပါ လုပ်ငန်းများ၏ အမြင်ဖြင့် မတူညီသော လုပ်ငန်းများမှ အရေးပါသော အပိုင်းများကို ထုတ်နုတ်၍ ဆောင်ရွက်ရန်မှာ အခက် အခဲ ရှိပါသည်။ သို့သော်ငြားလည်း အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ လုပ်ငန်းများအား လေ့လာစိစစ်ခြင်းဖြင့် လေလာဆန်းစစ်မှုအတွက် အဆုံးပိုင်းထက် အစပြု ဆောင်ရွက်ရမည့် အပိုင်းကို ဖော်ထုတ်ပေးပါသည်။

အခြားမှတ်သားထားရမည့် အချက်မှာ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများ၏ ဆက်စပ်မှုမှာ အချိန်နှင့်အမျှ ပြောင်းလဲနေခြင်းပင်ဖြစ်သည်။ ဥပမာ ငြိမ်းချမ်းရေး တည်ဆောက်ရန် ကြိုးပမ်း အားထုတ်မှု အချို့မှာ အကြမ်းဖက်မှု ရှိခြင်း၊ မရှိခြင်းအပေါ် မူတည်၍ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေ တတ်ပါသည်။ (အခန်း ၂-၄ 'အကြမ်းဖက်မှု အခြေအနေ' ကိုကြည့်ပါ။) ခြွင်းချက်အချို့ အနေဖြင့် ဤဆွေးနွေးချက် စာတမ်းအတွက် တွေ့ဆုံမေးမြန်းခဲ့သော လူအများစုကမူ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းကို ငြိမ်းချမ်းသော လူ့အဖွဲ့အစည်း ပေါ်ပေါက်ရန် အလားအလာများသည့် အပြုသဘောဆောင်သော ငြိမ်းချမ်းရေး ထက် အကြမ်းဖက်မှု မရှိသည့် - ဆန့်ကျင်ဘက် သဘော ဆောင်သော ငြိမ်းချမ်းရေး အဖြစ် ဖော်ပြလိုဟန် ရှိပါသည်။[141] ဤသဘောထား အမြင်မှာ ၎င်းတို့၏ နေ့စဉ်ဘဝတွင် တွေ့ကြုံနေရသည့် - အကြမ်းဖက်မှု သို့မဟုတ် ငြိမ်းချမ်းရေး သို့မဟုတ် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ နှစ်မျိုးပေါင်းစပ်နေသော အခြေအနေ - အပေါ် အခြေခံပုံရပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် သို့မဟုတ် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းတွင် ပါဝင် လုပ်ဆောင် နေကြသူ အများအပြားမှာ အကြမ်းဖက်မှုများ ရပ်တန့်ရေး၊ နောက်ထပ် အကြမ်းဖက်မှုများ မဖြစ်ပွားအောင် တားဆီးကာကွယ်ရေး၊ ခံစားနေကြရသော ဆင်းရဲဒုက္ခများနှင့် ကာလရှည်ကြာ တည်ရှိနေသော မညီမျှမှုများ လျော့ပါးသက်သာရေး သို့မဟုတ် ဆွေးနွေးညှိနှိုင်းမှုများကို ထောက်ခံ အားပေးရေး တို့အပေါ် အာရုံစိုက် ဆောင်ရွက်ကြပါသည်။ အပြုသဘောဆောင်သော ငြိမ်းချမ်းရေး မှာ ရေရှည်ရည်မှန်းချက် ဖြစ်သော်လည်း ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းတွင် မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများက အရေးပါ၍ အဓိပ္ပာယ် ပြည့်ဝသော နည်းလမ်းများဖြင့် သိသိသာသာ ပါဝင် အထောက်အကူ ပြုနေပါသည်။

ဤအခန်းတွင် Paffenholz နှင့် အခြားသူများ သတ်မှတ် ဖော်ထုတ်ထားသည့် လုပ်ငန်း ၇ ခုနှင့် မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် မည်သို့သက်ဆိုင်သည်ကို လေ့လာမည် ဖြစ်ပါသည်။

ဤနေရာတွင် မြန်မာနိုင်ငံ အခြေအနေအရ ၎င်းတို့၏ လုပ်ငန်းများနှင့် ဆက်စပ်မှု နှစ်ခုစလုံးကို ဖော်ပြသော ပုံတစ်ပုံ ရှိမည် ဖြစ်ပါသည်။

## လုပ်ငန်းဆောင်ရွက်ချက် ၁ - ကာကွယ်စောင့်ရှောက်ခြင်း




ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အရပ်ဘက် လူမှုဖွဲ့အစည်း တို့ ၏ လုပ်ငန်းတစ်ခုမှာ ပြည်သူလူထုအား လက်နက်ကိုင် အဖွဲ့များ၏ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ပေးရန် ဖြစ်ပါသည်။ ယင်းတို့မှာ ဥပဒေအရ အကာအကွယ်ရရှိနိုင်ရေး အခမဲ့ စည်းရုံး တိုက်တွန်းဆွေးနွေးပေးခြင်း၊ ဘေးကင်း လုံခြုံသော ခိုလှုံရာ သို့မဟုတ် နားခိုရန်နေရာ ထောက်ပံ့ ပေးခြင်းတို့ ဖြစ်နိုင်ပါသည်။ Paffenholz ၏ အဆိုအရ "လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီး နောက်ပိုင်းတွင် ကာကွယ် စောင့်ရှောက်ပေးရေး မလုပ်ဆောင်နိုင်လျှင် အခြားသော အခန်းကဏ္ဍအလိုက် လုပ်ငန်းများကိုလည်း အားလုံးနီးပါး လုပ်ဆောင်ရန် မဖြစ်နိုင် တော့သည့် အခြေအနေ ဖြစ်လာပါသည်။"[142] ၎င်းတို့၏ သုတေသန ပြုလုပ်ချက်အရ ကာကွယ်စောင့်ရှောက်ပေးရေးမှာ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ လုပ်ငန်းတစ်ရပ် ဖြစ်သော် လည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများ အနေဖြင့်မျှော်မှန်း သလောက် ဆောင်ရွက် ပေးနိုင်ခြင်း မရှိကြောင်း တွေ့ရှိ ရပါသည်။ ကာကွယ်စောင့်ရှောက်မှု ပေးရာတွင်လည်း အကြမ်းဖက်မှု အခြေအနေ၊ လုပ်ကိုင်ဆောင်ရွက် နိုင်စွမ်းနှင့် လုပ်ငန်းများအတွက် ရန်ပုံငွေ ရရှိမှု စသည်တို့ အပေါ် မူတည်နေသောကြောင့် ၎င်းတို့၏ ထိရောက်မှုမှာ အမျိုးမျိုး ကွဲပြားနေပါသည်။[143] နိုင်ငံတကာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အဓိက ကာကွယ်စောင့်ရှောက်မှု

လုပ်ငန်းတွင် ငြိမ်းချမ်းရေးဖိုရမ်များ ဖော်ဆောင်ပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများပေးခြင်းတို့ တွဲဖက်ပါဝင်နေပါသည်။ (ဤအခန်း၌ အောက်တွင် ဖော်ပြထားသော ဝန်ဆောင်မှု ပေးခြင်း ကိုကြည့်ပါ။)[144]


ကာကွယ်စောင့်ရှောက်ရေးသည် အများအားဖြင့် အစိုးရ၏ အဓိကတာဝန် ဖြစ်သဖြင့် လက်ရှိ မြန်မာနိုင်ငံတွင် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်း၌ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်း ကဏ္ဍမှာ အကန့်အသတ် ရှိနေပါသည်။ နိုင်ငံတော်က ပဋိပက္ခတွင် ပါဝင်သူ ဖြစ်နေသည့်အခါ ပြည်တွင်းနှင့် နိုင်ငံတကာမှ လုပ်ငန်းဆောင်ရွက်သူများက ကာကွယ်စောင့်ရှောက်မှု ပေးရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးရေးအတွက် ကြားဝင် ဆောင်ရွက်လေ့ ရှိပါသည်။ မြန်မာနိုင်ငံတွင် အများဆုံး လိုအပ်နေသည့် ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများမှာ အဓမ္မစစ်သား စုဆောင်းမှု၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှု၊ ကျား-မ အခြေပြု အကြမ်းဖက်မှုနှင့် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေးနှင့် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေး အတွက် ဒေသအလိုက် ဆောင်ရွက်မှုများ ပါဝင်ပါသည်။[145] ရွှေ့ပြောင်းသွားလာခြင်းနှင့် ဒုက္ခသည်များ၏ သွားလာလှုပ်ရှားမှုများမှာ ကာကွယ်စောင့်ရှောက်မှု မရရှိခြင်းကြောင့် ဖြစ်ပေါ်လာရပြီး၊ မကြာ သေးမီက ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း တို့တွင် လူသားချင်း စာနာထောက်ထားမှု အခြေအနေများနှင့် ဆက်စပ်၍ လူများ သွားလာ လှုပ်ရှားမှုများ အပါအဝင် ၁၉၉၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းကာလမှ စတင်၍ တစ်ကြိမ်မက လူပေါင်းထောင်နှင့်ချီပြီး နေရပ်မှ ထွက်ခွာကြရပါသည်။[146] အစိုးရက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် စစ်ဘေးရှောင် စခန်းများ ထူထောင်ခွင့် ပြုထားပြီး၊ ဘာသာရေး အခြေပြု အရပ်ဘက်လူမှု အဖွဲ့အစည်းများ (အခန်း-၄၊ *"ကချင်ပြည်နယ်"* တွင် ကြည့်ပါ။)[147] အပါအဝင် ပြည်တွင်းနှင့် ဒေသ အခြေစိုက် အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) အပါအဝင် နိုင်ငံတကာမှ အုပ်စုများက ကူညီ ထောက်ပံ့နေကြပါသည်။ ယင်းအရပ်ဘက်လူမှုအဖွဲ့ အစည်းများ ကိုယ်တိုင်လည်း လူသားချင်းစာနာမှု အထောက်အပံ့များ ကူညီပေးသည့်အခါတွင် တားဆီး ပိတ်ပင်ခြင်းများကို ကြုံတွေ့ကြရပါသည်။[148] အရပ်ဘက် လူမှု အဖွဲ့အစည်း များနှင့် ခေါင်းဆောင် တစ်ဦးချင်းက ခိုလှုံရာနှင့် နားခိုရန် နေရာများ ထောက်ပံ့ပေးကြပါသည်။ ကာကွယ်စောင့်ရှောက်ပေးမှု နမူနာ ဖြစ်ရပ်မှာ မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာမြို့ရှိ ရတနာဦး ဘုန်းကြီးကျောင်းမှ

> "အကြမ်းဖက်သည့် စကားများနှင့် အမုန်းစကားများ ပြောဆိုသည့် အန္တရာယ်မှလည်း ကာကွယ်ရန် လိုအပ်နေပါသည်။"

ဘုန်းတော်ကြီး တစ်ပါးဖြစ်သော ဦးဇင်းပိုင်သည် အဓိကရုဏ်းအတွင်း လာရောက် ခိုလှုံကြသည့် မွတ်စလင် ၁,၀၀၀ နီးပါး အသက်မသေစေရန် ကာကွယ်စောင့်ရှောက် ပေးခဲ့ပါသည်။ (အခန်း ၄-၈ 'တိုင်းဒေသကြီးများ' တွင် ကြည့်ပါ။)

ဥပဒေရေးရာ အထောက်အကူ ပြုသူများ၏ ကွန်ရက် အချို့မှာ လူများအား လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားချိန်တွင် ကာကွယ်စောင့်ရှောက်ပေးရန် အာရုံစိုက်ကြပါသည်။ ကချင်ပြည်နယ်တွင် နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေး ပျက်ပြားသွားမှုကို တုံ့ပြန်သည့် အနေဖြင့် ကချင်ရှေ့နေ ၂၀ ကျော်ဖြင့် ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းထားသည့် ကွန်ရက်တစ်ခုဖြစ်သည့် Shingnip ၏ အဖွဲ့ဝင် အများစုမှာ အမျိုးသမီးများ ဖြစ်ကြပါသည်။ ၎င်းတို့သည် ကျား-မ အခြေပြု အကြမ်းဖက်မှုနှင့် မြေယာအခွင့်အရေး အပါအဝင် လူ့အခွင့်အရေး ကိစ္စရပ်များအပေါ် အာရုံစိုက် လုပ်ဆောင်ကြ ပါသည်။ ၎င်းတို့ကိုင်တွယ် ဆောင်ရွက်ရန် ရည်ရွယ်သည့် ကိစ္စရပ်များထဲမှ တစ်ခုမှာ "ပြည်သူ များ၏ ၉၅% က လက်ရှိ ဥပဒေများကို မသိရှိကြခြင်း" ဖြစ်ပါသည်။[149] ကာကွယ်စောင့်ရှောက်မှု လိုအပ်နေသူများထဲမှ ပိုမိုသိသာ ထင်ရှားသူများမှာ ရခိုင်ပြည်နယ် မြောက်ပိုင်းမှ နိုင်ငံမဲ့ မွတ်စလင်များ ဖြစ်ပါသည်။ (အခန်း ၄-၆၊ 'ရခိုင်ပြည်နယ်' တွင်ကြည့်ပါ။) နိုင်ငံတစ်ဝန်းတွင် လူမှု အသိုင်းအဝိုင်းများ အကြား အကြမ်းဖက်မှု အန္တရာယ်အပြင် အကြမ်းဖက်သည့် စကားများနှင့် အမုန်းစကားများ ပြောဆိုသည့် အန္တရာယ်လည်း ရှိနေပါသည်။

## လုပ်ငန်းဆောင်ရွက်ချက် ၂ - စောင့်ကြည့်လေ့လာခြင်း




*"အောက်ခြေအဆင့်မှာ အရပ်သားများရဲ့ စောင့်ကြည့်လေ့လာရေးဟာ နိုင်ငံရေး ဆွေးနွေးမှုအတွက် အတော်အတန် တည်ငြိမ်ပြီး၊ ငြိမ်းချမ်းတဲ့ အခြေအနေ တစ်ရပ် ဖြစ်ပေါ်စေရန် အထောက်အကူ ပြုခြင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို ထိန်းသိမ်းရာမှာ အင်မတန် အရေးပါပါတယ်။"*

- ငြိမ်းဖောင်ဒေးရှင်းမှ အကြီးတန်း အရာရှိ တစ်ဦး၊ ရန်ကုန်၊ ၂၀၁၇ ခုနှစ်၊ မတ်လ။

စောင့်ကြည့်လေ့လာရေး လုပ်ငန်း ဆိုရာတွင် အရပ်သားများက အပစ်အခတ် ရပ်စဲရေး စောင့်ကြည့် လေ့လာခြင်း၊ မီဒီယာ စောင့်ကြည့်လေ့လာခြင်း သို့မဟုတ် လွှတ်တော်အား စောင့်ကြည့် အကဲခတ်ခြင်း စသည်တို့ကို ရည်ညွှန်းပါသည်။ စောင့်ကြည့်လေ့လာခြင်းသည် ကာကွယ် စောင့်ရှောက်ရေးနှင့် စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်း လုပ်ငန်းများအပြင် စောစီးစွာ ကြိုတင် သတိပေးခြင်း လုပ်ငန်းများနှင့် နီးနီးကပ်ကပ် ဆက်စပ်မှု ရှိပါသည်။ သို့ဖြစ်၍ ယင်းဆက်စပ်မှုများကို ကောင်းစွာလေ့လာ ဖော်ထုတ်နိုင်ပါက အထိရောက်ဆုံး ဖြစ်ပါသည်။ Paffenholz လေ့လာခဲ့သည့် ဖြစ်ရပ်များတွင် စောင့်ကြည့်လေ့လာရန် လိုအပ်မှုသည် ဆောင်ရွက်မည့် လုပ်ငန်းအဆင့်နှင့် အမြဲတစေ အပြန်အလှန် ဆက်စပ်နေသည် မဟုတ်ပါ။[150]

မြန်မာနိုင်ငံအတွက် လူ့အခွင့်အရေး စောင့်ကြည့် လေ့လာခြင်းသည် သယံဇာတ ထုတ်ယူမှု လုပ်ငန်း နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ အပါအဝင် အထူးသဖြင့် ရွှေ့ပြောင်းသွားလာ သူများအတွက် လုပ်ဆောင်သော အရပ်ဘက် လူမှုအဖွဲ့အစည်း၏ လုပ်ငန်းများတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ကာလရှည်ကြာ ရှိနေခဲ့ပြီး ဖြစ်ပါသည်။ ပြည်တွင်းမှ စောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းများ၏ လုပ်ငန်းများ၊ အထူးသဖြင့် လူ့အခွင့်အရေး ကိစ္စရပ်များသည် ပြည်တွင်းနှင့် နိုင်ငံတကာ၏ မြန်မာနိုင်ငံ အကြောင်း အစီရင်ခံစာများတွင် ယှဉ်တွဲပါဝင်နေပါသည်။ ပြည်တွင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် အရေးပါသော သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းနှင့် နိုင်ငံရေး အပြောင်းအလဲ၏ အင်အားကို ဆန်းစစ် လေ့လာခြင်းတို့ကို ဆက်လက် ဆောင်ရွက်ကြပါသည်။[151] ပြည်ပတွင် သွားရောက် အခြေပြုသည့် စောင့်ကြည့်လေ့လာရေးနှင့် စည်းရုံး တိုက်တွန်း ဆွေးနွေးရေးဆိုင်ရာ အဖွဲ့အစည်း အချို့မှာ ထိုအချိန်အတောအတွင်း နိုင်ငံတွင်း၌ ရုံးများ စတင်ဖွင့်လှစ်စ ပြုနေကြပြီ ဖြစ်ပါသည်။ (အခန်း ၂-၅၊ *"နယ်စပ်ဖြတ်ကျော် အဖွဲ့အစည်းများ ဆက်လက်ဆက်စပ်နေဆဲ"* တွင် ကြည့်ပါ။)

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ အခြားနိုင်ငံများနှင့် မတူဘဲ နိုင်ငံတကာက ဖွဲ့စည်းတာဝန် ပေးထားသော စောင့်ကြည့်လေ့လာသူများ မရှိပါ။ သို့သော်လည်း နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးပြီး နောက်ပိုင်း အရပ်သားများ၏ အပစ်အခတ် ရပ်စဲရေး စောင့်ကြည့် လေ့လာရေးအစီအစဉ်အချို့ ပေါ်ပေါက်လာပါသည်။ ယင်းလုပ်ငန်း အစီအစဉ်များမှာ တစ်စိတ် တစ်ပိုင်းအားဖြင့် နိုင်ငံတကာနှင့် ထိတွေ့မှုနှင့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့က စေ့ဆော်ပေးခဲ့ပြီး၊ သတင်းအချက်အလက် ရရှိခဲ့ခြင်း ဖြစ်ပါသည်။ တိုင်းဒေသကြီး ၂ ခုနှင့် ပြည်နယ် ၆ ခုတွင် ရပ်ရွာမှ အလွတ်သဘော ငြိမ်းချမ်းရေး စောင့်ကြည့် အကဲခတ်သူ ခန့်မှန်းခြေ ၃၀၀ ခန့်က လုပ်ဆောင်နေကြပါသည်။[152] သာမက အချို့အရ အရပ်ဘက် လူမှုအဖွဲ့အစည်းကြီးများ၏ စောင့်ကြည့်လေ့လာရေး လုပ်ငန်းများမှာ မြေပြင်တွင် လက်ရှိလုပ်ငန်း များနှင့် ထပ်နေပါသည်။ ယင်းမှာ မတူညီသော ငြိမ်းချမ်းရေး စောင့်ကြည့်အကဲခတ်သူများ ပေါင်းစပ် ထားရာမှ ပေါ်ပေါက်လာပြီး၊ ၎င်းတို့၏ စောင့်ကြည့်လေ့လာမှု အလေ့အထများမှာ တစ်နေရာနှင့် တစ်နေရာ မတူညီဘဲ ကွဲပြားနေပါသည်။ ၎င်းတို့၏ လုပ်ငန်းမှာလည်း ပဋိပက္ခများ ဆက်လက် ဖြစ်ပေါ်နေမှုနှင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ရရှိမှုနှင့် မရှိမှုတို့အပေါ် မူတည်၍ ပြောင်းလဲနေပါသည်။ ငြိမ်းချမ်းရေး စောင့်ကြည့် အကဲခတ်သူများ၏ အခန်းကဏ္ဍမှာ ပြောင်းလဲ နေပြီး၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခတို့ ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲမှုအပေါ် ထင်ဟပ်၍ အချိန်နှင့် အမျှ ပြောင်းလဲနေပါသည်။

ငြိမ်းချမ်းရေး စောင့်ကြည့် အကဲခတ်သူများသည် အကြမ်းဖက်မှုများကို ၎င်းတို့၏ အရှိန်အဟုန်ဖြင့် လည်းကောင်း၊




*စောပီတာသိန်းထွန်း၊ ဆာမူထော်*

ဖြစ်ရပ်များကို အစီရင်ခံ တင်ပြခြင်းဖြင့်လည်းကောင်း ဟန့်တားရန် ရည်ရွယ် ပါသည်။ သို့သော်လည်း စောင့်ကြည့်လေ့လာခြင်းသည် ပြည်သူလူထုအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်[153] နှင့် ဒေသအဆင့် ပညာပေး အစီအစဉ်များတွင် ပါဝင်စေသော ကိရိယာ တစ်ခုလည်း ဖြစ်ပါသည်။ ငြိမ်းချမ်းရေး စောင့်ကြည့် အကဲခတ်သူ များသည် ကချင်ပြည်နယ် တစ်ခုတည်းမှာပင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)၊ နှင့် ကချင်လွတ်လပ်ရေးတပ် (KIA) နှင့် တပ်မတော်တို့အကြား ချုပ်ဆိုခဲ့သော ၂၀၁၃ ခုနှစ် စစ်ပြေငြိမ်းမှု ရပ်စဲရေး သဘောတူစာချုပ်တို့အကြောင်း အသိပညာပေး လုပ်ငန်း ၁,၀၀၀ ကျော် ဆောင်ရွက်ခဲ့ပါသည်။[154] စောင့်ကြည့်လေ့လာရေး လုပ်ငန်းသည် ဒီမိုကရေစီ လုပ်ငန်းစဉ်ကိုလည်း အထောက်အကူပြုနိုင်ပါသည်။ သာဓကအားဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်း သည် ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲ စောင့်ကြည့် အကဲခတ်သူများအဖြစ် နိုင်ငံသား ထောင်နှင့် ချီ၍ စည်းရုံးနိုင်ခဲ့ပါသည်။ (အခန်း ၂-၂၊ *"မြန်မာနိုင်ငံ အပြောင်းအလဲ အတွင်းမှ အရပ်ဘက် လူမှုအဖွဲ့အစည်း"* တွင်ကြည့်ပါ။) ၂၀၁၇ ခုနှစ်၊ ဧပြီလ၊ ကြားဖြတ် ရွေးကောက်ပွဲအတွင်း မီဒီယာ စောင့်ကြည့်လေ့လာရေး လုပ်ငန်းများလည်း ဆက်လက် လုပ်ဆောင်ခဲ့ပါသည်။

> "စောင့်ကြည့်လေ့လာခြင်းသည် ပြည်သူလူထုအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ် နှင့် ဒေသအဆင့် ပညာပေး အစီအစဉ်များတွင် ပါဝင်စေသော ကိရိယာ တစ်ခုလည်း ဖြစ်ပါသည်။"

" သွီး" သည် GDI မှ ပံ့ပိုးကူညီပေးခဲ့သော ဒေသဆိုင်ရာ ကွန်ရက်တစ်ခုဖြစ်ပါသည်။ သွီးအနေဖြင့် လူ့အခွင့်အရေး ဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှုအတွက် စောင့်ကြည့်လေ့လာရေးကို မိမိကိုယ်ပိုင်နည်းလမ်းဖြင့် ဖော်ဆောင်ခဲ့သည်။ အရပ်သား ပူးတွဲစောင့်ကြည့်ရေး ကော်မတီနှင့် လေ့ကျင့် သင်တန်းပေးထားသော စောင့်ကြည့်လေ့လာသူများ အကြား အလွတ်သဘော ဆက်ဆံရေးများရှိသော်လည်း ဒေသအဆင့်တွင် တရားဝင်ဆက်သွယ်ရေးလမ်းကြောင်း မပေါ်ပေါက်သေးပါ။ ယင်းအခြေအနေ (၂) ရပ်ကို တစ်နည်းနည်းဖြင့် ပေါင်းစည်းပေးနိုင်ရန် အလားအလာရှိနေပါသည်။

## လုပ်ငန်းဆောင်ရွက်ချက် ၃ - အသိပေး ဆွေးနွေးခြင်း





Paffenholz က စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်းသည် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အဓိက လုပ်ငန်း ဆောင်ရွက်ချက် တစ်ခုဖြစ်ပြီး၊ ပဋိပက္ခ၏ အဆင့်အားလုံးနှင့် သက်ဆိုင်မှုရှိကာ စည်းရုံး တိုက်တွန်း ဆွေးနွေးရမည့် ကိစ္စရပ် အမျိုးမျိုး၏ အရေးပါမှုမှာ အချိန်နှင့်အမျှ ပြောင်းလဲ နေသည်ဟု ဆိုပါသည်။ စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်းသည် လူသိရှင်ကြား ဆောင်ရွက်ခြင်းများ ရှိသကဲ့သို့ အဆင့်အသီးသီးတွင် အလွတ်သဘော လမ်းကြောင်းဖြင့် ဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ယင်း၏ထိရောက်မှုမှာ အခြေအနေပေါ်တွင် များစွာမူတည်ပါသည်။ သို့ရာတွင် ခြုံငုံ၍ ကြည့်ပါက အားလုံးထဲတွင် အထိရောက်ဆုံး လုပ်ဆောင်ချက်ဖြစ်ကြောင်း Paffenholz က တွေ့ရှိခဲ့ပါသည်။ စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်းသည် လူအများအပြားကို စည်းရုံးခြင်းမှသည် ငြိမ်းချမ်းရေး ဆွေးနွေး ညှိနှိုင်းမှုအတွက် အစီအစဉ် ချမှတ်ခြင်း အထိ ပုံစံအမျိုးမျိုး ရှိကြောင်း Paffenholz က သိမြင်လာခဲ့ပါသည်။ Paffenholz ၏ သုတေသန ပြုချက်အရ ဖြစ်ရပ် အများအပြားတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ပြဿနာများကို ငြိမ်းချမ်းရေး ဆွေးနွေး ညှိနှိုင်းပွဲများနှင့် ပြေလည်မှု ရရှိပြီးနောက်ပိုင်း အစီအစဉ်များတွင် ထည့်သွင်းရာ၌ ထိရောက်စွာ ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

> “ စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်းသည် အထိရောက်ဆုံး လုပ်ဆောင်ချက်ဖြစ်ကြောင်း Paffenholz က တွေ့ ရှိခဲ့ပါသည်။ ”

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်း အများစုတွင် စည်းရုံးတိုက်တွန်း ဆွေးနွေးမှု နည်းပါးပြီး၊ အောင်မြင်မှုလည်း နည်းပါးပါသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်းမှာ စည်းရုံးတိုက်တွန်း ဆွေးနွေးမှုတွင် အစွမ်းကုန် ဆောင်ရွက်နိုင်မှု မရှိသေးပုံ ရပါသည်။ ကိစ္စရပ်ပေါ် မူတည်၍ စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်းဖြင့် ထူးထူးခြားခြား အောင်မြင်မှု ရခဲ့သော မှတ်တမ်းတစ်ခုမှာ မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်း ရပ်ဆိုင်းရေးနှင့် အသင်းအဖွဲ့ ဆိုင်ရာ ဥပဒေအသစ် ပေါ်ပေါက်ရေး လှုပ်ရှားမှု ဖြစ်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ကျား-မ အချိုးကျကိုယ်စားပြုမှု ၃၀% အကောင်အထည်ဖော်ရေး မူဝါဒဆိုင်ရာ စည်းရုံးတိုက်တွန်း ဆွေးနွေးမှုကဲ့သို့ အခြားသော စည်းရုံးတိုက်တွန်း ဆွေးနွေးရေး ကြိုးပမ်းမှုများမှာ အောင်မြင်မှု နည်းပါးခြင်း သို့မဟုတ် အရှိန်အဟုန် နှေးကွေးခြင်းများ ဖြစ်ပေါ်နေပါသည်။ မြန်မာနိုင်ငံသည် အများပြည်သူနှင့်ဆိုင်သော ကိစ္စရပ်များတွင် လူထုစည်းရုံးမှုမှာ ကာလရှည်ကြာ သမိုင်းကြောင်း ရှိခဲ့ပြီး၊ အကြမ်းဖက်မှု ရပ်တန့်ရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းက စီစဉ်သော ငြိမ်းချမ်းစွာ လူထုဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့သည့် သာဓကများစွာ ရှိခဲ့ပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ တရားဝင် ပါဝင်နိုင်ရေးအတွက် စည်းရုံးတိုက်တွန်း ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ပါသည်။ ယင်းမှာ အကြောင်းအရာ ကိစ္စရပ် အခြေပြု အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဆွေးနွေးပွဲ၏ သီးခြားလမ်းကြောင်းတွင် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သို့ရာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဆွေးနွေးပွဲနှင့် ပတ်သက်သည့် စည်းရုံးတိုက်တွန်း ဆွေးနွေးမှုမှာ အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင် များအား ကန့်သတ်မှု ရှိနေပြီး၊ အခြားသော ဦးစီးဦးဆောင် ပြုသူများမှာ တရားဝင် အသိအမှတ်ပြု၍ စားပွဲ၌ နေရာတစ်ခု ရရှိရေး တောင်းဆိုရန် ရှိနေပါသည်။ အခြားသော အခြေအနေ မတူသည့် အနေအထားတွင် ဥပမာ-ဂွာတီမာလာ နိုင်ငံ၌ တရားဝင် ဆွေးနွေးညှိနှိုင်းရေး လမ်းကြောင်းများ၏ ပြင်ပမှ ဩဇာ သက်ရောက်မှုကို အသုံးပြုရန် ကြိုးစားခဲ့သည်။ မြန်မာနိုင်ငံတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ အနေနှင့် လုပ်ငန်းစဉ် ပြင်ပမှ ပါဝင်နိုင်မည့် ယန္တရားကို အရပ်ဘက် လူမှုအဖွဲ့အစည်းများက အပြည့်အဝ လေ့လာဖော်ထုတ်ခြင်း မပြုနိုင်သေးပါ။ ဤနယ်ပယ်တွင် အခြားနိုင်ငံများထံမှ လေ့လာရန် အခွင့် အလမ်းများ ရှိနေပါသည်။[155]

## လုပ်ငန်း ဆောင်ရွက်ချက် ၄ - လူမှုရေး ပုံသွင်းခြင်း





လူမှုရေး ပုံသွင်းခြင်း ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်း၏ စံသတ်မှတ်ချက်များကို လိုက်နာရန် တစ်ဦးချင်း လေ့လာသင်ယူမှု လုပ်ငန်းစဉ် ဖြစ်ပါသည်။ လူမှုရေး ပုံသွင်းရာတွင် အရေးအကြီးဆုံးသော နေရာဌာနများမှာ မိသားစုများ၊ ကျောင်းများ၊ ဘာသာရေး အခြေပြု အသိုင်း အဝိုင်းများ၊ အသင်းအဖွဲ့များ၊ ကလပ်များနှင့် အလုပ်ခွင်များဖြစ်ပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် လူမှုရေး ပုံသွင်းခြင်းကို ငြိမ်းချမ်းရေး ပညာပေးခြင်း၊ နိုင်ငံသား ပညာပေးခြင်းနှင့် ဒီမိုကရေစီ တန်ဖိုးများ သင်ကြားပေးခြင်းတို့ ပါဝင်သည့် ငြိမ်းချမ်းရေး အလေ့အထ တစ်ရပ်ကို အားပေးမြှင့်တင်ပေးရန် ကြိုးပမ်းမှုအဖြစ် နားလည်ထားပါသည်။ Paffenholz ၏ အဆိုအရ ဤလုပ်ငန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းဆောင်တာများမှာ မကြာခဏ ဆိုသလို ပြတ်တောင်း ပြတ်တောင်းဖြစ်ခြင်း၊ ဆွေးနွေးညှိနှိုင်းမှု မရှိခြင်း၊ အပြောင်းအလဲအတွက် အရေးပါသော လူထု လှုပ်ရှားမှု တစ်ခု ဖော်ဆောင်ရာ၌ အခက်အခဲများ ကြုံတွေ့ရခြင်းနှင့် ကြီးမားကျယ်ပြန့်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ဩဇာ သက်ရောက်လေ့ မရှိခြင်းတို့ကို တွေ့ကြုံရသည်ဟု ဆိုပါသည်။[156] မည်သို့ပင် ဆိုစေကာမူ သူမ၏ သုတေသနပြုချက်က "ပြည်သူလူထု အနေဖြင့် ပဋိပက္ခကို အပြုသဘောဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန် လူမှုရေး အရပုံသွင်းခြင်းအားဖြင့် ပြုလုပ်နိုင်ကြောင်း" ပြသနေပါသည်။ ဒီမိုကရေစီ တန်ဖိုးများကို အားပေးမြှင့်တင်ရန်နှင့် ငြိမ်းချမ်းရေး အလေ့အထ တစ်ရပ်အတွက် ကာလရှည်ကြာ ကြိုးပမ်းအားထုတ်ရန်မှာ အရပ်ဘက် လူမှုအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ ဆောင်ရွက်ရန်မဟုတ်ဘဲ အမျိုးသား ပညာရေး ပြုပြင်ပြောင်းလဲမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ဆောင်ရွက်ရန်ဖြစ်ကြောင်း သူမက ပြောပါသည်။[157]

မြန်မာနိုင်ငံတွင် အုပ်ချုပ်သည့် အစိုးရ အဆက်ဆက်က ဒီမိုကရေစီ၏ တန်ဖိုးများနှင့် အတွေးအခေါ် တို့ကို သင်ကြားပေးခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို ကန့်သတ်ခဲ့ပါသည်။ နိုင်ငံသား အခွင့်အရေးဆိုင်ရာ ပညာပေးရေး (ပြည်သူ့ နီတိ) အစီအစဉ်ကို ဘာသာရေး အခြေပြု အဖွဲ့များနှင့် ပြည်ပရောက် အဖွဲ့များက ဆောင်ရွက်ခဲ့ပြီး (အခန်း ၂-၁၊ "မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ သမိုင်းအကျဉ်းချုပ်" တွင်ကြည့်ပါ။) လူငယ်မျိုးဆက်များအား ယခင်အစိုးရ နေရာတွင် အခြားရွေးချယ်စရာအဖြစ် ဒီမိုကရေစီ အစိုးရ အကြောင်း စဉ်းစားလာစေပါသည်။ ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ဒီမိုကရေစီ တန်ဖိုးများကို မြှင့်တင် အားပေးသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ တိုးပွားလာပြီး၊ ရက်တို၊ ရက်ရှည် သင်တန်း များနှင့် ကျောင်းများကို ထူထောင်လာကြပါသည်။ သာဓက အနေဖြင့် ငြိမ်း (Shalom) ဖောင်ဒေးရှင်းက နိုင်ငံသား ပညာပေးရေးကို အလေးပေးသော ငြိမ်းချမ်းရေး ပညာပေးမှုများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ အလားတူပင် အမျိုးသား မတူကွဲပြားမှုနှင့် သဟဇာတဖြစ်ရေး ဗဟိုဌာန (CDNH) သည်လည်း ပေါ်ထွက်လာပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ဒီမိုကရေစီ စံနှုန်းများနှင့် ဖက်ဒရယ်စနစ်၊ လူ့အခွင့်အရေး၊ ကျား-မ တန်းတူညီမျှမှုနှင့် မဲပေးခြင်းစသည်တို့နှင့် ပတ်သက်၍ သတိမူသိမြင်ရေးအတွက် အသိပညာပေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ယင်းလုပ်ငန်းများ ထဲမှ အချို့မှာ တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်သည့် အကြောင်းအရာများနှင့် ယန္တရားများ အကြောင်းကိုလည်း ပြည်သူလူထုအား ပညာပေးပါသည်။ နိုင်ငံသား အခွင့်အရေးဆိုင်ရာ ပညာပေးရေး လုပ်ငန်းများသည် နိုင်ငံတကာ၏ ထောက်ပံ့ကူညီမှုဖြင့် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲ မတိုင်မီ ကြီးထွားလာပြီး၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေ ရွေးကောက်ပွဲတွင်လည်း ဆက်လက်လုပ်ဆောင် သွားမည် ဖြစ်ပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်း အများအပြားသည် ပဋိပက္ခ ဖြေရှင်းရေး သင်တန်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများ၊ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများကို ကျင်းပကြ ပါသည်။ ယင်းသို့ကြိုးပမ်း ဆောင်ရွက်မှုများတွင် ပြတ်တောင်းပြတ်တောင်း ဖြစ်ခြင်းနှင့် ညှိနှိုင်း ဆောင်ရွက်မှု မရှိသည့် လက္ခဏာများမှာ Paffenholz လေ့လာခဲ့သည့် နိုင်ငံများနှင့် အလားတူ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ယင်းလုပ်ငန်းများကို တစ်ကြိမ်တည်းသာ လုပ်ဆောင်တတ်သော သဘာဝရှိပြီး၊ နောက်ဆုံးတွင် ရောက်ရှိလုပ်ဆောင်နိုင်မှုမှာလည်း အကန့်အသတ် ရှိသဖြင့် ယင်းလုပ်ငန်းများ၏ ထိရောက်မှုကို တိုင်းတာရန် ခက်ခဲပါသည်။ ယင်းအချက်ကို

ထည့်သွင်းစဉ်းစားပါက အမျိုးသား ပညာရေး ပြုပြင်ပြောင်းလဲမှုက အရပ်ဘက် လူမှုအဖွဲ့အစည်းများက လုပ်ဆောင်နေသော လုပ်ငန်းများထက် ပိုမိုကျယ်ပြန့်သော လူထုထံသို့ ရောက်ရှိနိုင်သည့် အခွင့်အလမ်း တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါသည်။ လူတိုင်းအတွက် ပညာရေးသည် မည်သည့်နိုင်ငံတွင်မဆို လူမှုရေး အရပုံသွင်းပေးနိုင်သည့် အခြေခံ အကြောင်းတရားဖြစ်ပြီး၊ ဒီမိုကရေစီ တန်ဖိုးများထဲတွင် အမြစ်တွယ်နေသည့် ငြိမ်းချမ်းရေး နှင့် စိတ်ရှည် သည်းခံနိုင်မှု အလေ့အထ တစ်ရပ်ကို မွေးမြူပေးနိုင်မည့် အလားအလာကို ဖြစ်ပေါ်စေပါသည်။ အထူးသဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အကြောင်း သတိမူသိမြင်ရေး ထိရောက်သော အသိပညာပေးမှုများမှာ ကျေးရွာအဆင့် အစည်းအဝေးပွဲများမှသည် လူထုဆက်သွယ်ရေး မီဒီယာများအထိ ရှိနိုင်ပြီး၊ လူအများစု ပါဝင်လာနိုင်ပါသည်။

## လုပ်ငန်း ဆောင်ရွက်ချက် ၅ - လူမှုပေါင်းစည်း ညီညွတ်မှု




လူမှုပေါင်းစည်းညီညွတ်မှု ဆိုသည်မှာ မိမိတို့ ၏ လူ့ အဖွဲ့အစည်း ဖြစ်သည်ဟူသော ခံယူချက် ဖြစ်ပေါ်လာကာ ယုံကြည်မှု မြှင့်တင်ပေးပြီး၊ ရပ်ရွာလူထုအားလုံးကို ငြိမ်းချမ်းစွာဖြင့် အောင်မြင်ဖြစ်ထွန်း၍ တိုးတက်နိုင်သည့် အခွင့်အလမ်းကို ဖော်ဆောင်ပေးသော နည်းလမ်းဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင် ကြခြင်းပင် ဖြစ်ပါသည်။ လက်တွေ့အားဖြင့် လူမှုပေါင်းစည်း ညီညွတ်မှု၏ သဘောအဓိပ္ပာယ်မှာ အခြေအနေပေါ်တွင် မူတည်ပါသည်။ ယင်းလုပ်ငန်းမှာ တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် အမြဲတမ်း တိုက်ရိုက် ဆက်စပ်နေသည် မဟုတ်ပါ။ သို့သော်လည်း ငြိမ်းချမ်းရေး သဘော တူညီချက်ပါ သတ်မှတ် ပြဋ္ဌာန်းချက်များသည် လူမှုပေါင်းစည်း ညီညွတ်မှု သို့မဟုတ် အုပ်စု အတွင်းနှင့် အုပ်စု တစ်ခုနှင့် တစ်ခုအကြား ကွဲပြားမှုများ၏ အကြောင်းရင်း ဇာစ်မြစ်ကို ကိုင်တွယ် ဖြေရှင်းပေးနိုင်ပါသည်။[158] အသိုင်းအဝိုင်းအချင်းချင်း သဟဇာတဖြစ်ရေးကို အလေးထား ဆောင်ရွက်ခြင်းမှာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၏ လုပ်ငန်းဆောင်တာပင် ဖြစ်ပါသည်။ လူမှုပေါင်းစည်း ညီညွတ်မှုအပေါ် အာရုံစိုက်ရမည့် နည်းလမ်း သုံးသွယ်ကို Paffenholz က သတ်မှတ် ဖော်ထုတ်ထားပါသည်။ ပထမ နည်းလမ်းမှာ လူမှုရေး ကွဲပြားမှုများကို ပေါင်းကူးဆက်သွယ်ပေးရန် မတူညီသော လူများကို အတူစုစည်းပေးခြင်းဖြင့် ဆက်ဆံရေးကိစ္စကို စဉ်းစားရန် ဖြစ်သည်။ ဒုတိယ အချက်မှာ အကြမ်းဖက်မှု ချုပ်ငြိမ်းစေခြင်း သို့မဟုတ် တားဆီးကာကွယ်ခြင်း စသည်တို့ကဲ့သို့ ရလဒ်အပေါ် အာရုံစိုက်ခြင်းဖြစ်သည်။ တတိယ အချက်မှာ ရလဒ်နှင့်ပင် ဆက်စပ်နေပါသည်။ လူမှုပေါင်းစည်း ညီညွတ်မှုကို စီးပွားရေး ဖွံ့ဖြိုးမှုနှင့်အတူ ယှဉ်တွဲကြည့်ရန် ဖြစ်သည်။


> “လူမှုပေါင်းစည်းညီညွတ်မှုမှာ နေရာတိုင်းနီးပါးတွင် အဓိက ပြဿနာတစ်ရပ် ဖြစ်နေပြီ”

မြန်မာနိုင်ငံတွင် လူမှု ပေါင်းစည်းညီညွတ်မှု ခေါင်းစဉ်အောက်မှ ဆောင်ရွက်သော လုပ်ငန်း များမှာ ရေတိုတွင် ထိရောက်မှုနည်းပါသည်။ သို့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ရေရှည် ခိုင်မြဲသော ရလဒ်ဖြစ်ပေါ် စေရေးအတွက် အထောက်အကူ ပြုနိုင်ပါသည်။ လုပ်ငန်းများမှာ တစ်ခါတစ်ရံ သတိမမူမိသော သိမ်မွေ့သည့် အင်အားများဖြစ်သည့် အုပ်စုအချင်းချင်း ပဋိပက္ခ ဖြစ်မှု၏ အဓိကကျသော အချက်များအပေါ် အာရုံစိုက်လေ့ ရှိပါသည်။[159] မြန်မာနိုင်ငံရှိ လူအများက အသိုင်းအဝိုင်းများအကြား အကြမ်းဖက်မှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုကို မကြာသေးမီက ဖြစ်ပျက်သကဲ့သို့ ဖော်ပြကြပါသည်။[160] ဤပြဿနာအပေါ် တုံ့ပြန်ရာတွင် ကောလဟာလများအား ကိုင်တွယ်ခြင်းနှင့် အမုန်းစကားများအား ဆန့်ကျင်တုံ့ပြန်ခြင်းမှသည် လူငယ်များ ဦးဆောင်သည့် ယုံကြည်မှုပေါင်းစုံ လှုပ်ရှားမှု လုပ်ငန်းများအထိ ပါဝင်ပါသည်။ နမူနာ တစ်ခုမှာ Smile ပညာရေးနှင့် ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း (SEDF) ဖြစ်ပါသည်။[161] SEDF ကို ယုံကြည်မှုပေါင်းစုံ လူငယ်ခရီးစဉ် တစ်ခုကို စီစဉ်ခဲ့ပြီး၊ မတူညီသော ဘာသာရေး အုပ်စုများမှ လူငယ်များသည် မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ ပြည်နယ်နှင့် တိုင်းဒေသကြီး အချို့ ရှိ အခြားသော ဘာသာကိုးကွယ်သူများ၏ ဒေသများသို့ အပြန်အလှန် သွားရောက်ကြပါသည်။ ကယား ပြည်နယ်တွင် မွတ်စလင် လူငယ်အုပ်စု တစ်စုက ၎င်းတို့အချင်းချင်းကြား အစွန်းရောက်မှုများကို တားဆီး ကာကွယ်ရန်အတွက် အဖွဲ့ တစ်ဖွဲ့ကို ထူထောင်ခဲ့ကြပါသည်။ ၎င်းတို့သည် အစ်ပွဲတော်သို့ တက်ရောက်ရန် အခြားဘာသာဝင် လူငယ်များအား ၎င်းတို့၏

ဗလီသို့ ဖိတ်ခေါ်ခဲ့ကြပါသည်။[162] မတူညီသော ဘာသာရေးနောက်ခံ ရှိသည့် လူငယ်များမှာ တစ်ဦးအကြောင်း တစ်ဦး သိပ်မသိကြသဖြင့် ယင်းကဲ့သို့လုပ်ရှားမှု မျိုးမှာ ရှားပါး ပါသည်။ ပဏာမ ဆောင်ရွက်သည့် လုပ်ငန်းများကိုတူညီသော ပန်းတိုင် သို့မဟုတ် ဘုံစိတ်ဝင်စားမှု ဖြင့် ဖွဲ့စည်းသည့်အခါ လူမှု ပေါင်းစည်းညီညွတ်မှုမှာ ပို၍ထိရောက်မှု ရှိပါသည်။ ရခိုင်ပြည်နယ်တွင် လူမှုရေး အသင်းအဖွဲ့တစ်ခုက ဆောင်ရွက်သော ငါးလုပ်ငန်း စီမံချက်က အသက်မွေးဝမ်းကျောင်း လုပ်ငန်း တိုးတက်ရေး ဥပဒေ ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် စည်းရုံးတိုက်တွန်း ဆွေးနွေးရန် ရပ်ရွာလူထုအား အတူစုစည်းပေးခဲ့ပါသည်။ ယင်းစီမံချက်သည် လူမှု အသိုင်းအဝန်းများ အကြား ကွဲပြားမှုများကိုသာမက ရပ်ရွာလူထုနှင့် ဒေသ အာဏာပိုင်များအကြား ပေါင်းကူး ဆက်သွယ် ပေးခဲ့ပါသည်။[163] မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသည် လူမှုနိုင်ငံရေး အနေဖြင့် ရှုမြင်ပြီး၊ အလားတူ လုပ်ငန်းများကို လုပ်ဆောင်ပါသည်။ အပြင်ပန်းအားဖြင့် လူမှုပေါင်းစည်းညီညွတ်မှုနှင့် ဆက်နွယ်ခြင်းမရှိသော နည်းလမ်းဖြင့် လူမှုပေါင်းစည်းညီညွတ်မှုကို မြှင့်တင် အားပေးသည့် လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် တစ်မူထူးခြားပြီး၊ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံရမည့် လမ်းကြောင်းတစ်ခု ဖြစ်နိုင်ပါသည်။ လူမှုပေါင်းစည်းညီညွတ်မှုကို မြှင့်တင်အားပေးရာတွင် ပုဂ္ဂလိက အခန်းကဏ္ဍကို သိရှိနားလည်နိုင်ရန် နောက်ထပ် လေ့လာဆန်းစစ်မှုများ ပြုလုပ်ရန် လိုအပ်မည် ဖြစ်ပါသည်။

လူမှုပေါင်းစည်းညီညွတ်မှုသည် မြန်မာနိုင်ငံတွင် ပဋိပက္ခဖြစ်ပွားရခြင်း အကြောင်းရင်းကို ကိုင်တွယ်ဖြေရှင်းရာတွင် အဓိက ကျပါသည်။ ယင်းသို့ဖြေရှင်းရာတွင် ကိုးကွယ်ယုံကြည်မှုနှင့် ပထဝီဝင်အရ သာမက လူမျိုးစု၊ ကျား-မနှင့် အသက်အရွယ်အလိုက် နိုင်ငံရေးများ အပါအဝင် အသွင်တူ နိုင်ငံရေးပုံစံ အားလုံး ပါဝင်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ပြည်သူများ နှင့် တွေ့ဆုံမေးမြန်းရာတွင် လူမှုပေါင်းစည်းညီညွတ်မှုမှာ နေရာတိုင်းနီးပါးတွင် အဓိက ပြဿနာတစ်ရပ် ဖြစ်နေပြီး၊ ကျယ်ပြန့်သော အုပ်စုအသွင်လက္ခဏာ တည်ဆောက်ပုံ အမျိုးမျိုးနှင့် ဆက်စပ်နေပါသည်။ အုပ်စုအချင်းချင်းနှင့် အုပ်စုတွင်း ဖြစ်ပွားသော ယင်းတင်းမာမှုများ ဖြေရှင်းရေးမှာ ငုပ်လျှိုးနေသော ကွဲပြားမှုများကို ကျော်လွှားရေးနှင့် အနာဂတ်တွင် ပြင်းထန်သော ပဋိပက္ခ ဖြစ်ရပ်များမပေါ်ပေါက်အောင် တားဆီးကာကွယ်ရေးတွင် အဓိက ကျသော်လည်း ယင်းတို့ကို ကိုင်တွယ်ဖြေရှင်းနိုင်မှု မရှိသေးပါ။

## လုပ်ငန်း ဆောင်ရွက်ချက် ၆ - စေ့စပ်ဖျန်ဖြေခြင်းနှင့် ပံ့ပိုးကူညီခြင်း





ဤလုပ်ငန်းက အကြမ်းဖက်မှု တားဆီးကာကွယ်ရန် သို့မဟုတ် ချုပ်ငြိမ်းစေရန် ရည်ရွယ်လျက် ဘက်နှစ်ဘက်အကြား ဆက်သွယ်ရေးအတွက် အားပေးကူညီသော လုပ်ငန်းများကို ဖော်ပြနေ ပါသည်။ Paffenholz က ပံ့ပိုးကူညီခြင်းနှင့် စေ့စပ်ဖျန်ဖြေခြင်းကို ရောစပ်ပြီး အဆိုပါ လုပ်ငန်း များသည် နိုင်ငံသားများနှင့် နိုင်ငံတော်အကြား၊ လက်နက်ကိုင်အဖွဲ့များအကြားနှင့် ရပ်ရွာလူထုနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား၊ အဆင့်အမျိုးမျိုးတွင် တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ ဖြစ်ပေါ်နေကြောင်း ပြောပါသည်။[164] နိုင်ငံတကာတွင် ယင်းလုပ်ငန်းသည် အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် များစွာဆက်စပ်သည်ဟု ယူဆကြပါသည်။ သို့သော်လည်း *"ပဋိပက္ခ စီမံခန့်ခွဲရေးမှာ အစိုးရ၏ လုပ်ငန်းတစ်ရပ် ဖြစ်ပြီး နိုင်ငံတော် သို့မဟုတ် ကမ္ဘာ့ကုလသမဂ္ဂ ကသာ အကောင်းဆုံး ဆောင်ရွက်နိုင်သဖြင့် သံတမန်ရေးရာ ပဋိပက္ခ စီမံခန့်ခွဲရေးတွင် အရပ်ဘက် လူမှု အဖွဲ့အစည်း၏ အထောက်အကူ ပြုမှုမှာ အကန့်အသတ်ရှိနေပြီး၊ ထူးခြားသော အမှုများတွင်သာ တွေ့ရှိရသည်"* ဟု Paffenholz က ဆိုပါသည်။[165] အခြားနိုင်ငံများတွင် အဆင့်မြင့် စေ့စပ် ဖျန်ဖြေရေး ကြိုးပမ်းမှုများ၌ အထောက်အကူ ပြုနေသည့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်း အချို့ ကလည်း မြန်မာနိုင်ငံတွင် လုပ်ငန်းများ ဆောင်ရွက်နေလင့်ကစား စေ့စပ် ဖျန်ဖြေရေး လုပ်ငန်းတွင် လုပ်ဆောင်ခြင်း မဟုတ်ပါ။ ဒေသတစ်ခုလုံးရှိ အရပ်ဘက် လူမှု အဖွဲ့အစည်းမှ စေ့စပ်ဖျန်ဖြေသူများကလည်း ပဋိပက္ခ ဖြစ်ပွားနေသော အဖွဲ့များအား စွမ်းဆောင်ရည် မြှင့်တင်ပေးနေသော်လည်း[166] ကြားလူ၏ စေ့စပ်ဖျန်ဖြေပေးမှု မပါဝင်ပါ။[167]

Paffenholz ၏ သုတေသန ပြုချက်အရ *အမျိုးသားအဆင့်* စေ့စပ်ဖျန်ဖြေရေးမှာ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ချင်း အနေနှင့်သာ ဆောင်ရွက်ရန် ကန့်သတ်ထားလေ့ရှိကြောင်း တွေ့ရှိရပါသည်။[168] မြန်မာနိုင်ငံတွင် စေ့စပ်ဖျန်ဖြေရေး

လုပ်ငန်းကို သမိုင်းကြောင်းအရ အရပ်ဘက် လူမှု အဖွဲ့အစည်းက ကာလရှည်ကြာ ဆောင်ရွက်ခဲ့ပြီး၊ ယင်းသို့ဆောင်ရွက်ရာတွင်လည်း အဖွဲ့အစည်း အနေနှင့်ထက် ဩဇာတိက္ကမ ရှိသော အမျိုးသား ခေါင်းဆောင်များကသာ ဆောင်ရွက်လေ့ ရှိကြပါသည်။[169] ၎င်းတို့ တစ်ဦးချင်း၏ ထိရောက်မှုမှာလည်း ပုဂ္ဂိုလ်ရေး ယုံကြည်မှု၊ ဘက်မလိုက်ရေးထက် လက်လှမ်းမီနိုင်မှုနှင့် တရားဝင်မှု တို့အပေါ် မူတည်နေပါသည်။ ဘာသာရေးနှင့် စီးပွားရေး ဘက်မှ ပံ့ပိုးကူညီမှု လုပ်ငန်း ဆောင်ရွက်သော်လည်း စေ့စပ်ဖျန်ဖြေရေးတွင် ဆောင်ရွက်မှု နည်းပါးပါသည်။ ပဋိပက္ခ စေ့စပ်ဖျန်ဖြေရေး ဆိုရာတွင် အဓိကအားဖြင့် ပဋိပက္ခ စီမံခန့်ခွဲရေးကိုသာ လုပ်ဆောင်ပြီး၊ ရေရှည် ငြိမ်းချမ်းရေး တည်ဆောက်မှုထက် ယာယီ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်း သို့မဟုတ် အပစ်အခတ် ရပ်စဲမှု ရရှိခြင်းသာ ဖြစ်ပုံရပါသည်။ မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်တွင် ပေါ်ထွန်းလာသည့် ခိုင်မာမှု မရှိသော စေ့စပ်ဖျန်ဖြေ သူများ၏ ကွန်ရက်တစ်ခု ဖြစ်သည့် တိုင်းရင်းသား လူမျိုးများ၏ စေ့စပ်ဖျန်ဖြေသူများ အဖွဲ့အစည်း (ENMF) ရှိနေပါသည်။ ယခုအခါ အသစ်အသစ်သော ပဏာမ ဆောင်ရွက်မှုများ ပေါ်ပေါက်လာပြီး၊ အရပ်ဘက် လူမှုအဖွဲ့အစည်း များက ဒေသအဆင့်တွင် စစ်မက်ဖြစ်ပွားနေသော အဖွဲ့များနှင့် ပဋိပက္ခ ဖြစ်ပွားရာ နယ်မြေရှိ ရပ်ရွာ လူထုများ အကြား ဆွေးနွေးညှိနှိုင်းရာတွင် ပံ့ပိုးကူညီနေပါသည်။ အခြားသော အရပ်ဘက် လူမှု အဖွဲ့အစည်း ခေါင်းဆောင်များက ရခိုင်ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင် ဘာသာဝင်များအကြား စေ့စပ်ဖျန်ဖြေပေးလျက် ရှိပါသည်။ ဒေသအဆင့် စေ့စပ်ဖျန်ဖြေ သူများမှာ အကျိုးဆောင် အဖြစ်သာ သတ်မှတ်ထားလေ့ရှိပြီး ရှင်းလင်းတိကျသည့် အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့် သတ်မှတ်ထားခြင်း မရှိဘဲ တမန်များအဖြစ်သာ ဆောင်ရွက်ရလေ့ ရှိပါသည်။

မြန်မာနိုင်ငံတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းသည် နည်းပညာ အကူအညီ ပေးခြင်းဖြင့် ဆွေးနွေး ညှိနှိုင်းမှုများတွင်လည်း ကူညီ ဆောင်ရွက်ပါသည်။ ယင်းအလားအလာ တစ်ရပ်မှာ ဦးသိန်းစိန် အစိုးရ လက်ထက်တွင် စတင် ပေါ်ပေါက်လာခဲ့ပြီး၊ ဒေါ်အောင်ဆန်းစုကြည် အစိုးရလက်ထက်တွင် ဆက်လက်ဆောင်ရွက် နေပါသည်။ ယင်းမှာ သီးသန့် အသိပညာ ဗဟုသုတများ ပံ့ပိုးပေးခြင်း သို့မဟုတ် ဆွေးနွေးညှိနှိုင်းမှု နည်းပညာ ကဲ့သို့သော နယ်ပယ်တွင် စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများပေးခြင်းတို့ဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ လှုပ်ရှားမှုများ စီစဉ်ရာတွင် အကူအညီ ပေးသည့်သဘော သက်ရောက်ပါသည်။ သို့သော်လည်း အရပ်ဘက် လူမှုအဖွဲ့အစည်းမှ ပုဂ္ဂိုလ် အနည်းငယ်မှာ ထိုအခန်းကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် စပ်ဆိုင်သည့် ကျွမ်းကျင်မှုများ ရှိပါသည်။ နည်းပညာ ကျွမ်းကျင်သည့် လုပ်ငန်းဆောင်ရွက်သူများ လိုအပ်ချက် မြင့်မားနေခြင်းမှာ ၎င်းတို့ကိုယ်တိုင် လုပ်ကိုင်နိုင်စွမ်းရှိသည့် ကျွမ်းကျင်သူများဖြစ်ကြောင်း သို့မဟုတ် ထိုသို့ ကျွမ်းကျင်သူများ ဖြစ်လာစေလိုကြောင်း ဖော်ပြနေခြင်း ဖြစ်ပါသည်။ နည်းပညာ အကူအညီ ပေးသူများအဖြစ် အစိုးရ သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံ ယုံကြည်စိတ်ချစွာ ဝင်ထွက်နိုင်သူ ပုဂ္ဂိုလ်များက မကြာခဏ ဆိုသလို တာဝန်ယူ ဆောင်ရွက်ကြပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း အနည်းငယ်က ဤအခန်း ကဏ္ဍတွင် ပညာရှင်ပီသစွာ လွတ်လွတ်လပ်လပ် ဖြည့်ဆည်း ဆောင်ရွက် နေကြပါသည်။ အနာဂတ်တွင် ယင်းတို့ သည် အဖွဲ့ အစည်း ဆိုင်ရာ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများမှ တဆင့် အကျိုးခံစား မှုများရရှိနိုင်ပါသည်။

## လုပ်ငန်း ဆောင်ရွက်ချက် ၇ - ဂရုဏ်ဆောင်မှုပေးခြင်း




ဂရုဏ်ဆောင်မှု ပေးသည့် လုပ်ငန်းများတွင် ကျန်းမာရေး၊ ပညာရေးနှင့် လူသားချင်း စာနာ ထောက်ထားမှု အကူအညီများ ပါဝင်သည်။[170] *"အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် စစ်မက် ဖြစ်ပွားနေသော နယ်မြေများနှင့် မတည်မငြိမ် ဖြစ်နေသည့် ပဋိပက္ခအလွန် အခြေအနေမျိုးတွင် တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဂရုဏ်ဆောင်မှုပေးနေသူများ ဖြစ်လေ့ရှိသည်"* ဟု Paffenholz က ဆိုပါသည်။[171] Paffenholz ၏ သုတေသန ပြုချက်အရ ဂရုဏ်ဆောင်မှု ပေးခြင်းသည် အရပ်ဘက် လူမှုအဖွဲ့အစည်းက အများဆုံး တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ သို့သော်လည်း ငြိမ်းချမ်းရေး တည်ဆောက်မှု ခေါင်းစဉ် အောက်မှ ဆောင်ရွက်လေ့ရှိခြင်း မဟုတ်ပါ။ Paffenholz က ဂရုဏ်ဆောင်မှု ပေးခြင်းသည် ပင်ကို အားဖြင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်း မဟုတ်ပါ။ သို့သော်လည်း ကာကွယ်



*ဘွိုင်နူး (ဝဲ) နှင့် ငိုင်ငိုင်း (ယာ)၊ ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး*

စောင့်ရှောက်ရေး၊ စောင့်ကြည့်လေ့လာရေး၊ စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်းနှင့် လူမှုပေါင်းစည်းညီညွတ်မှု စသည့် အခြား လုပ်ငန်းများ လုပ်ကိုင်နိုင်ခွင့်ကို ဖန်တီးပေးသည်ဟု Paffenholz က ဆိုပါသည်။[172]

> “ဂန်ဆောင်မှု ပေးခြင်းသည် ပင်ကို အားဖြင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်း မဟုတ်ပါ။ သို့သော်လည်း ကာကွယ် စောင့်ရှောက်ရေး၊ စောင့်ကြည့်လေ့လာရေး၊ စည်းရုံးတိုက်တွန်း ဆွေးနွေးခြင်းနှင့် လူမှုပေါင်းစည်း ညီညွတ်မှု စသည့် အခြား လုပ်ငန်းများ လုပ်ကိုင်လာနိုင်ခွင့်ကို ဖန်တီးပေးသည်။”

မြန်မာနိုင်ငံတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ဂန်ဆောင်မှု ပေးခြင်းနှင့် အတိုင်းအတာ ကြီးမားသော အကြမ်းဖက်မှု သို့မဟုတ် သဘာဂ ဘေးအန္တရာယ်များကို တုံ့ပြန်သည့် အခန်းကဏ္ဍတွင် မကြာခဏ ဆောင်ရွက်လေ့ရှိပြီး၊ တစ်ခါတစ်ရံ ကျန်းမာရေး၊ ပညာရေးနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့များနှင့် အတူ ပူးပေါင်း၍ လုပ်ဆောင်ပါသည်။ မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် လိုအပ်ချက် ပေါ်ပေါက်သည့် အခါတိုင်း လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး လုပ်ငန်းတွင် အင်တိုက်အားတိုက် ပါဂင်လုပ်ဆောင် ကြပါသည်။ ဂန်ဆောင်မှု ပေးခြင်းမှာ အလှူရှင် ထံမှ ရန်ပုံငွေ အတော်အတန် ရရှိနိုင်သော အခွင့်အလမ်း တစ်ရပ် ဖြစ်ပါသည်။ တစ်ချိန်တည်း မှာပင် အစားအစာ၊ နေထိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အခြေခံ လိုအပ်ချက် များအပြင် စိတ်လူမှုရေးပိုင်းဆိုင်ရာ သက်သာရာရမှုနှင့် စိတ်ဒဏ်ရာရမှု ကုစားရေး နယ်ပယ်တွင် ကွာဟချက်များ ရှိပါသည်။ အခြားလုပ်ငန်းများနှင့် နှိုင်းစာပါက လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးအတွက် ဂန်ဆောင်မှုပေးခြင်းသည် ဂန်ထမ်းပိုင်းနှင့် အသုံးစရိတ်တွင် မနှိုင်းယှဉ် သာအောင်

ပိုမိုများပြားပါသည်။ မြန်မာနိုင်ငံတွင် ဂန်ဆောင်မှု ပေးခြင်းသည် ပဋိပက္ခများကြောင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက် မြင့်မားသော လုပ်ငန်း နယ်ပယ်များတွင် သွား၍ စုနေပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် နိုင်ငံတကာ အကူအညီ အတွက်နှင့် ၎င်းတို့ကိုယ်တိုင် အခြေခံ ကူညီ ထောက်ပံ့ရေး အေဂျင်စီ အနေနှင့်ပါ နှစ်မျိုးစလုံးအတွက် လုပ်ငန်း အကောင်အထည် ဖော်သူများ အဖြစ် ဆောင်ရွက်နေပါသည်။ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး လုပ်ငန်းများ၊ အထူးသဖြင့် ပြည်တွင်းနေရပ် စွန့်ခွာထွက်ပြေးရသူများ (IDPs) အတွက် အကူအညီ ပေးရာတွင် တားဆီးမှုများ ရှိကြောင်း အစီရင်ခံစာများ အဆက်မပြတ် ရရှိနေပါသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး လုပ်ငန်းတွင် တပ်မတော်၏ ကန့်သတ်ချုပ်ချယ်မှု အပေါ် စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။[173]

လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးရေးနှင့် အခြားဂန်ဆောင်မှု လုပ်ငန်းများအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများက အရေးပါသော အနေအထားတွင် ရှိနေသည့် ကချင် ပြည်နယ်တွင် ဂန်ဆောင်မှု ပေးရေးသည် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသော လူထုများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေး သကဲ့သို့ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်း၏ လုပ်ငန်း ဆောင်တာ တစ်ခု ဖြစ်ပါသည်။ Paffenholz ၏ သုတေသန ပြုလုပ်ချက်ထဲမှ ဆိုမာလီယာနိုင်ငံ၏ ဖြစ်ရပ်ကဲ့သို့ပင် အချို့သော နယ်မြေများ၊ အထူးသဖြင့် ဂေးလံသောဒေသများနှင့် ပဋိပက္ခဒဏ် ခံစားရသော ဒေသများတွင် အစိုးရ၏ ဂန်ဆောင်မှုများ ရရှိနိုင်မှု နည်းပါးခြင်းနှင့် အခွင့်အလမ်း မရှိခြင်းတို့ကြောင့် ကချင်ပြည်နယ်တွင် ဂန်ဆောင်မှု ပေးခြင်းသည် အရေးအပါဆုံး လုပ်ငန်းတစ်ခု ဖြစ်နေပါသည်။[174] ဤဒေသ၏ အခြေ အနေမှာ *"ဂန်ဆောင်မှု ပေးခြင်းသည် အကူအညီပေးသည့် အစိုးရ မဟုတ်သော အဖွဲ့အစည်း များနှင့် အခြားအဖွဲ့အစည်းများ၏ နိုင်ငံရေး စိတ်ဂင်စားမှု မရှိသည့် သဘော သဘာဂကြောင့် စည်းရုံး တိုက်တွန်း ဆွေးနွေးခြင်း အတွက် ဂင်ရောက်ခွင့်ကို ဖန်တီးပေးနိုင်ခြင်း မရှိပါ"* ဟူသော Paffenholz ၏ တွေ့ရှိချက်နှင့် ဆန့်ကျင်ဘက် ဖြစ်နေပါသည်။[175] ကချင်ပြည်နယ်တွင် ဂန်ဆောင်မှု ပေးရေးမှာ နိုင်ငံရေး ရှုထောင့် ရှိနေပြီး၊ လုပ်ငန်း ဆောင်ရွက် နေသော ယင်းအရပ်ဘက် လူမှုအဖွဲ့အစည်းများအား ဟန့်တားခြင်းထက် အကူအညီ ပေးသင့် ပါသည်။ ဂန်ဆောင်မှုပေးရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် ထိခိုက်လွယ်သော လူထုများ၊ အထူးသဖြင့် ပြည်တွင်းနေရပ် စွန့်ခွာထွက်ပြေးရသူများ (IDPs) ၏ အခြေအနေ တိုးတက် ကောင်းမွန်စေရန် စုပေါင်း၍ စည်းရုံး တိုက်တွန်း ဆွေးနွေးခြင်းအတွက် အခြေခံ အကြောင်းရင်း ဖြစ်ပါသည်။ (အခန်း ၄-၂၊ *"ကချင် ပြည်နယ်"* တွင် ကြည့်ပါ။)

## ၃-၂။ အခြားသော လုပ်ငန်းများ - ပေါင်းကူးဆက်သွယ်ပေးခြင်းနှင့် ဆန္ဒထုတ်ဖော်ပေးခြင်း

Paffenholz ၏ လုပ်ငန်း ၇ ခုအပြင် မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အဓိက ကျသော အခန်းကဏ္ဍ တစ်ခုမှာ ရပ်ရွာလူထုအတွက် ပေါင်းကူးဆက်သွယ် ပေးခြင်းနှင့် ဆန္ဒ ထုတ်ဖော်ပေးခြင်း ဖြစ်သည်။ ဒေသတွင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် အကူးအပြောင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိနိုင်မှု နည်းပါးသည့် ရပ်ရွာလူထုအား သတင်းအချက်အလက်များ ပေးပါသည်။ ယင်းသို့ ကြိုးပမ်းမှုကြောင့် အထူးသဖြင့် လက်နက်ကိုင် တပ်ဖွဲ့နှစ်ဘက်စလုံးက ထိန်းချုပ်ထားသော အပစ်အခတ် ရပ်စဲ ထားသည့် နယ်မြေများတွင် ဒေသခံ ရပ်ရွာလူထု၏ လိုအပ်ချက်များနှင့် ဆိုင်သော သတင်း အချက်အလက်များ စုဆောင်းနိုင်ရန် အခွင့်အလမ်း တစ်ရပ် ရရှိစေပါသည်။ ယင်းသတင်း အချက်အလက်များကို အစိုးရ ဌာနများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ သံတမန်များ သို့မဟုတ် နိုင်ငံရေး ဆွေးနွေးပွဲ၏ တစ်စိတ်တစ်ပိုင်းအဖြစ် မျှဝေပေးသည့်အခါ မတူညီသော ဆက်စပ် ပတ်သက် နေသူများအား ဆက်သွယ်ပေးပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းမှ ခေါင်းဆောင် တစ်ဦး၏ ပြောစကားအရဆိုလျှင် *"ကျွန်တော်တို့က ရပ်ရွာလူထု၊ အစိုးရနဲ့ အခြားဆက်စပ်ပတ်သက် နေသူတွေ ကြားမှာ ပေါင်းကူးတံတား တစ်ခုလိုပါပဲ။ မြေပြင်မှာ ဘာတွေ ဖြစ်ပျက်နေလဲဆိုတာ ကျွန်တော်တို့ သိတယ်။ ဒါပေမဲ့ မူဝါဒ ချမှတ်တဲ့ အဆင့်ကိုလည်း ကျွန်တော်တို့သိတယ်"* ဟု ပြောပါသည်။[176]

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သတင်း အချက်အလက်များကို ရပ်ရွာ လူထုအား ထောက်ပံ့ ပေးပြီးနောက် ရပ်ရွာလူထု၏ ရှုထောင့်အမြင်ကို ဆုံးဖြတ်ချက် ချမှတ်သည့် ရာထူးရှိ လူကြီးခေါင်းဆောင်များအား မျှဝေပေး သည့်အခါ မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများ ပျံ့နှံ့လာပုံရပါသည်။ များမကြာမီ နှစ်များအတွင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများက ဤ လုပ်ငန်းကို တိုးတက်လုပ်ဆောင် လာသည့်အခါ ပေါင်းကူး ဆက်သွယ်ပေးရန်နှင့် လုပ်ငန်းကျင့်ဝတ်နှင့်အညီ တီထွင် ဖန်တီးမှုဖြင့် ဆန္ဒများကို ထုတ်ဖော်ပေးရန် သေချာပေါက် လိုအပ်လာပါသည်။

> “ကျွန်တော်တို့က ရပ်ရွာလူထု၊ အစိုးရနဲ့ အခြားဆက်စပ်ပတ်သက် နေသူတွေ ကြားမှာ ပေါင်းကူးတံတား တစ်ခုလိုပါဘဲ။”

၎င်းတို့၏ ရပ်ရွာလူထုအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ပြောဆိုနိုင်စွမ်းနှင့် ပတ်သက်၍ အလေးအနက် စဉ်းစားရန် အရေးကြီးပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း အများအပြားက ၎င်းတို့သည် ဒေသခံ ပြည်သူများ၏ လိုအပ်ချက်များကို နားလည် သိရှိသဖြင့် ဆုံးဖြတ်ချက် ချမှတ်သည့် လူကြီးပိုင်းသို့ ဆက်သွယ်တင်ပြရန် ၎င်းတို့တွင် တာဝန်ရှိသည်ဟု ယူဆကြပါသည်။ သို့ရာတွင် ဒေသအကြောင်း သိရှိနိုင်ခြင်းကြောင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ၎င်းတို့ လုပ်ငန်းဆောင်ရွက်နေသည့် နယ်မြေရှိ ရပ်ရွာလူထုအတွက် ကိုယ်စားလှယ်များ သို့မဟုတ် ပါဝင်ဆွေးနွေးသူများ ဖြစ်သည်ဟု သေချာပေါက် ဆို၍မရနိုင်ပါ။ ကိုယ်စားပြုမှု ပြဿနာသည် အထူးသဖြင့် မြို့ပြမှ အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင်များက ကျေးလက်ဒေသအတွက် သို့မဟုတ် ပဋိပက္ခဒဏ် ခံစားရသော ရပ်ရွာလူထုအတွက် စည်းရုံးတိုက်တွန်း ဆွေးနွေးသည့်အခါ အဓိက အကြောင်းအရာ တစ်ခု ဖြစ်လာပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင် တစ်ဦးက အရပ်ဘက် လူမှုအဖွဲ့အစည်းတွေဟာ *"ကိုယ်တိုင်က တရားနည်းလမ်းကျတာ ဖြစ်နိုင်တယ်။ ကျွန်တော်တို့က နိုင်ငံရေးပါတီ မဟုတ်ပေမဲ့ နိုင်ငံရေး ပါတီတွေလို လုပ်နေရတယ်။ ကျွန်တော်တို့က ကျော်ကြားချင်တယ်။ ပြည်သူလူထု အသိအမှတ်ပြုတာ ခံချင်တယ်"* ဟု ထိုသို့ ဆက်စပ်မှု မရှိခြင်းကို ဝန်ခံပြောဆိုပါသည်။[177] ထိုသို့ပြောဆိုခြင်း မျိုးမှာ ရှားပါးပါသည်။ သို့ရာတွင် အလားတူ သဘောထားမျိုးကို ဖားအံရှိ အစိုးရ မဟုတ်သော အဖွဲ့အစည်းမှ လုပ်သားတစ်ဦးက ပြောဆိုပါသည်။ ၎င်းသည် နိုင်ငံတစ်ဝန်းမှ အခြားသော အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင် များနှင့် ဆန့်ကျင်စွာ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံမှာ မပါဝင်သင့်ဘဲ လုပ်ငန်းစဉ်ကို သီးခြားလမ်းကြောင်းမှ လုပ်ဆောင်သင့်သည်ဟု ယုံကြည်သူ ဖြစ်ပါသည်။[178]

လက်တွေ့ကျင့်သုံးမှုနှင့် စာပေများအရ ကမ္ဘာအနှံ့တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းသည် ပို၍ရေရှည် တည်တံ့သောငြိမ်းချမ်းရေးအတွက် အထောက်အကူ ပြုနိုင်ကြောင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်း သည် ခိုင်မာသော ငြိမ်းချမ်းရေး ရရှိရေးအတွက် ကုထုံးတစ်ခု မဟုတ်ကြောင်းနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများကို ၎င်းတို့၏ မဲဆန္ဒနယ်မြေ ကိုယ်စား ပြောဆိုနိုင်သည့် ရွေးချယ်တင်မြှောက် ခံထားရသော



*နန်းမြသီတာ- လူမှုရေးရာ သုတေသနအဖွဲ့*

ကိုယ်စားလှယ်များက ဦးဆောင်ခြင်း မဟုတ်ကြောင်း ဆိုကြပါသည်။ အထူးသဖြင့် ဒေသ၏ ဥပဒေများတွင် ပါလီမန် ဒီမိုကရေစီက ယင်း၏ အလားအလာများကို ဖြည့်ဆည်းရန် ရှိနေသေးသည့် အခြေအနေမျိုးတွင် ယင်းဟာကွက်ကို ဖြည့်စွက်ရန် လိုအပ်နေကြောင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများက သိမြင်ကြပါသည်။ မြန်မာနိုင်ငံတွင် စွမ်းဆောင်ရည်နှင့် တာဝန်ခံမှု တိုးတက် ကောင်းမွန်လာစေရန် အစိုးရဌာနများနှင့် အတူလုပ်ဆောင်ခြင်းအစား ယင်းတို့ကို အစားထိုးရန် ကြိုးပမ်းရာ၌ အရပ်ဘက် လူမှုအဖွဲ့အစည်းများက ပြင်ပမှနေ၍ အရေးပါသော အထောက်အကူ ပြုသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်ခြင်းသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ထည့်သွင်းစဉ်းပါက ရေရှည်တည်တံ့သော ရွေးချယ်စရာ နည်းလမ်းတစ်ရပ် အမြဲတမ်း မဖြစ်နိုင်ပါ။

## ၃-၃။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ခရီးမှာ အစမျှသာ ရှိပါသေးသည်။

Paffenholz ၏ မူဘောင်ကို အခြေခံ၍ မြန်မာနိုင်ငံတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ ငြိမ်းချမ်းရေး တည်ဆောက်မှု ကြိုးပမ်းချက်များသည် ကမ္ဘာတစ်လွှား အခြားနေရာများတွင် တွေ့မြင်ရသည့် ပုံစံနှင့် ကိုက်ညီနေပြီး၊ အတားအဆီးများ ပေါ်ပေါက်လာပုံ နည်းလမ်းသည် နိုင်ငံအသီးသီး၏ ထူးခြားသော အခြေအနေပေါ်တွင် မူတည်နေသော်လည်း အလားတူ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။[179] မီးမောင်းထိုးပြလိုသော မြန်မာနိုင်ငံ အခြေအနေ၏ ခြားနားချက် တစ်ခုမှာ မြန်မာ နိုင်ငံတွင် လူမှုပေါင်းစည်း ညီညွတ်မှုနှင့် ပတ်သက်၍ နောက်ထပ် ဆောင်ရွက်ရန် ရှိနေ သေးခြင်းပင် ဖြစ်သည်။ အောက်ဖော်ပြပါ ဇယားတွင် Paffenholz ၏ သုတေသန ပြုချက်ကို အရင်းခံ၍ နိုင်ငံတကာမှ တွေ့ရှိချက်များနှင့် အခန်း ၃-၂ မှ ထွက်ပေါ်လာသော တွေ့ရှိချက်များကို အခြေခံသော မြန်မာနိုင်ငံ၏ အခြေအနေ တို့ကို ကြည့်ရှုလေ့လာပြီး၊ Paffenholz ၏ မူဘောင်အရ သတ်မှတ်ထားသော ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်း ၇ ခုကို တစ်ခုစီ လေ့လာ ဆန်းစစ်ထား ပါသည်။

နိုင်ငံတကာမှ အခြားသော ဖြစ်ရပ်လေ့လာချက်များနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး တည်ဆောက်မှုမှာ အခြားနိုင်ငံများနှင့်စာလျှင် အစပိုင်းမျှသာ ရှိပါသည်။ လက်ရှိတွင် အခြေအနေ မှာ အဓိကအားဖြင့် အကြမ်းဖက်မှု လျှော့ချခြင်းနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်အတွက် ဆွေးနွေးညှိနှိုင်းခြင်းများသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံ အနေဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်ကို အပြီးသတ်ရန် ရှိနေသေးပြီး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်မှာ တစ်စိတ်တစ်ပိုင်း သဘောတူညီမှု ရရှိထားခြင်း ဖြစ်ပါသည်။ ထိုအတောအတွင်း အသိုင်းအဝိုင်းများ အကြား တင်းမာမှုများကို တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ ဦးဆောင်မှုဖြင့် ကိုင်တွယ် ဖြေရှင်းခြင်း မပြုနိုင်သေးပါ။ လူမှုအဖွဲ့အစည်းအတွင်း ပဋိပက္ခ အများစုကို ကိုင်တွယ် ဖြေရှင်းရန် အတွက် စည်းကမ်းများ သတ်မှတ်ရန် ကြိုးပမ်းမှုမှာလည်း အခြေတည်ကာစပင် ရှိပါသေးသည်။[180] ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် အဟန့်အတား ဖြစ်နေသော အချက်များမှာ ခက်ခဲရှုပ်ထွေးပြီး၊ နိုင်ငံတော်၏ အရေးယူ ဆောင်ရွက်မှုများမှသည် အရပ်ဘက် လူမှုအဖွဲ့အစည်း များအကြား ပြိုင်ဆိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းအထိ ပါဝင်ပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်ရေး ကြိုးပမ်းမှု အများအပြား ရှိနေသော်လည်း နေ့စဉ်အတွက် ယေဘုယျ အလားအလာမှာ လက်ရှိ ကြိုးပမ်းမှုများနှင့် လုပ်ငန်းစဉ်များမှာ ဆောင်ရွက်ဆဲ ရှိနေစေကာမူ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးမှာ မှေးမှိန်လာနိုင်ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း တစ်ခုတည်းနှင့် ရေရှည် တည်တံ့သော ငြိမ်းချမ်းရေးကို မဖန်တီးနိုင်ပါ။ သို့သော်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး အတွက် အခြေခံများနှင့် စည်းကမ်းသတ်မှတ်ချက်များ ခိုင်မာအားကောင်း စေရန် အထောက်အကူ ပြုနိုင်ပါသည်။


### ဆွေးနွေးရန်မေးခွန်းများ

1. ပြည်တွင်းနှင့် ပြည်ပရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ငြိမ်းချမ်းရေးဖြစ်စဉ်ကို မည်သို့လွှမ်းမိုးသနည်း။
2. အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုများသည် လူမှုပေါင်းစည်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကြား ကွာဟမှုများရှိပါသလား။
3. ငြိမ်းချမ်းရေးတည်ဆောက်သူများသည် လက်ရှိအခြေနေတွင် နိုင်ငံတော်အဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်တို့၌ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းရာတွင် မည်သည့်ညှိနှိုင်းဆောင်ရွက်မှုများကို လုပ်နေကြသနည်း။ ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်စေရန် မည်သို့သော ဆက်သွယ်ရေးလမ်းကြောင်းများလိုအပ်နေပါသနည်း။

# အခန်း ၄။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လျှပ်တစ်ပြက်မြင်ကွင်း

အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ နည်းပညာပံ့ပိုးမှုဖြင့် ကောက်ယူထားသော၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များကို ပြည်နယ်တိုင်းဒေသကြီးများ အလိုက် မြင်သာနားလည်လွယ်အောင် ကိန်းဂဏန်းရုပ်ပုံများဖြင့်ဖော်ပြထားသည်။ အဆိုပါ ၂၀၁၄ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်းသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းသုံးဆယ်အတွင်း ပထမဆုံးဖြစ်ပြီး အချက်အလက်ကောက်ယူသူများသည် အိမ်ထောင်စုပေါင်း (၁၂) သန်းထံမှ ကောက်ယူခဲ့သည်။ သန်းခေါင်စာရင်း အချက်အလက် များအား မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရရှိနိုင်သည်။[181] ဤဆွေးနွေးချက်စာတမ်းတွင် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစဉ် နှင့် အချက်များအား လေ့လာသုံးသပ်ထားခြင်းများသည် ပြည်သူများလေ့လာရန် ရရှိနိုင်ပါသည်။[182]

## ၄-၁။ ချင်းပြည်နယ်




ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင်ရှိပြီး အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ တောင်ကုန်းတောင်တန်းထူထပ်သော ပြည်နယ်တစ်ခု ဖြစ်ကာ မြန်မာနိုင်ငံ၏ အငေးဆုံးနှင့် ဖွံ့ဖြိုးမှု အနည်းဆုံး ဒေသများထဲတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ပြည်နယ် နှင့်တိုင်းဒေသကြီးများအနက် တက္ကသိုလ်မရှိသည့် တစ်ခုတည်းသော ဒေသဖြစ်ပြီး အလုပ်အကိုင်နှင့် ပညာရေးအခွင့်အလမ်းနည်းပါးသည့်အတွက် လူငယ်အများအပြားမှာ အလုပ်အကိုင် ရှာဖွေရန်အတွက် နေရပ်ကို စွန့်ခွာလိုစိတ်များ ဖြစ်ပေါ်နေကြပါသည်။

ပြည်နယ်၏ အခြေခံအဆောက်အအုံ များမှာလည်း ဖွံ့ဖြိုးမှု မရှိဘဲ ဤဒေသတွင် နေထိုင်သူများမှာ တောင်ပေါ် လမ်းများကိုသာ အသုံးပြု

သွားလာနေကြရသည်။ အဆိုပါ လမ်းများမှာလည်း ကောင်းမွန်စွာ မခင်းထားသည့် အတွက် အထူးသဖြင့် မိုးရာသီတွင် အန္တရာယ် ရှိနိုင်ပါသည်။ သို့ရာတွင် ပြည်နယ် မြို့တော် ဖြစ်သော ဟားခါးမြို့သို့ သွားသည့် အဓိက လမ်းမကြီးကို ပြုပြင်ခြင်းနှင့် လေဆိပ်တစ်ခု တည်ဆောက်ရန် အစီအစဉ် ရှိခြင်း တို့အပါအဝင် ဖွံ့ဖြိုးမှု အရိပ်လက္ခဏာများကို တွေ့မြင်နေရပါသည်။

လေ့လာသူများ၏ အဆိုအရ ဦးသိန်းစိန် အစိုးရ တက်လာပြီးနောက် ချင်းပြည်နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျဆင်း လာကြောင်း အစီရင်ခံစာများ ရှိနေပါသည်။ သို့ရာတွင် အထူးသဖြင့် ခရစ်ယာန် ဘာသာ ကိုးကွယ်သည့် ပြည်နယ်တွင် ဘာသာရေး လွတ်လပ်ခွင့် မရှိဟု ယူဆချက်များ ရှိနေခြင်းသည် ဖြစ်ပါသည်။ အခြား ပြည်နယ် များနှင့်မတူဘဲ ချင်းပြည်နယ် အတွင်းရှိအရပ်ဘက်လူမှု အဖွဲ့အစည်း (CSOs) က၎င်းတို့ နှင့် ဒေသအစိုးရ၏ ဆက်ဆံရေးမှာ ၂၀၁၆ ခုနှစ် နောက်ပိုင်းတွင် တိုးတက်လာကြောင်း ပြောပြပါသည်။

ချင်းပြည်နယ်တွင် ဘာသာစကား အမျိုးမျိုး ကွဲပြားပြီး၊ အနီး ပတ်ဝန်းကျင်ရှိ မြို့များတွင်ပင် မတူညီသော ဘာသာ စကား အမျိုးမျိုးကို ပြောဆိုလေ့ ရှိပါသည်။ ယင်းအချက်အပြင် သယ်ယူ ပို့ဆောင်ရေးကောင်းမွန်မှုမရှိသည့်အတွက်အရပ်ဘက်လူမှု အဖွဲ့အစည်း အနေဖြင့် အချင်းချင်း ချိတ်ဆက်မှု ခိုင်မာအောင် ပြုလုပ်ရေးတွင် အခက်အခဲ ဖြစ်ပေါ်စေပါသည်။ ချင်းပြည်နယ်ရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းအများစုမှာ အလွတ်သဘော တည်ထောင်ထားသော ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBOs) ဖြစ်ကြပြီး၊ အစွန်အဖျား ဒေသများသို့ အကန့်အသတ်ဖြင့်သာ သွားရောက်နိုင်ကြပါသည်။ ၎င်းတို့မှာ အရင်းအမြစ်နှင့် သင်တန်း အခွင့်အလမ်း နည်းပါးပြီး၊ ၎င်းတို့၏ လူမျိုးစု၊ ဘာသာစကားနှင့် ၎င်းတို့ ကိုးကွယ်သည့် ခရစ်ယာန် ဘာသာရေးဂိုဏ်း တို့အပေါ် မူတည်၍ အုပ်စုများ ကွဲသွားလေ့ရှိပါသည်။ လူမှုအသင်းအဖွဲ့ အများစုတွင် အမျိုးသမီး များ၏ ကိုယ်စားပြုမှု အချိုးအစား မှာလည်း နည်းပါးနေပါသည်။

ဒေသအတွင်း ထူထောင်ထားသော အဖွဲ့အစည်း အများစုမှာ အလှူရှင်များ၏ ထောက်ပံ့မှု အနည်းအကျဉ်း မျှသာ ရရှိပါသည်။ ချင်းအရပ်ဘက်လူမှု အဖွဲ့အစည်းအတွက် ရန်ပုံငွေ ထောက်ပံ့မှုများမှာ အဓိကအားဖြင့် ရန်ကုန်မြို့တွင် အခြေစိုက်သည့် အဖွဲ့အစည်းများသို့သာ တိုက်ရိုက်ပေးအပ်ကြဟန် ရှိပါသည်။ သို့ရာတွင် မြို့ပေါ်နေ ချင်းလူမျိုးအများအပြားမှာ ၎င်းတို့၏ ဇာတိမြို့များနှင့် နီးနီးကပ်ကပ် အဆက်အသွယ် ရှိကြသည်ဟု ထင်မြင်ကြပါသည်။ ဟားခါးမြို့ရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက်က ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ် (CSOs Forum) ကို ပြည်နယ်မှ ပါဝင် တက်ရောက် မည့်သူ အချို့၏ အမည်စာရင်းအား အနီးကပ်မှ ပေးပို့ခဲ့သော်လည်း ချင်းပြည်နယ်မှ

“၎င်းတို့သည် မြန်မာဘာသာဖြင့် အမည် ပေးထားသော လမ်းအများစုနှင့် ပတ်သက်၍ အစည်းအဝေး ကျင်းပပြီးနောက် ချင်းလူမျိုးများ၏ စိတ်ဓာတ်ကို နိုးကြားစေမည့် လမ်းအမည်များသို့ ပြောင်းလဲရေးကို အာဏာပိုင်များနှင့်ဆွေးနွေး ဆောင်ရွက်ခဲ့ကြပါသည်”

ချင်းလူမျိုးများ ပါဝင်တက်ရောက်ရန်အတွက် အဓိကအားဖြင့် ရန်ကုန်မှ စီစဉ်ပေးခဲ့ပုံ ရပါသည်။

သမိုင်းကြောင်းအရ ချင်းအမျိုးသားတပ်ဦး (CNF) တွင် အရင်းခံခဲ့သော ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)[183] သည် မကြာသေးမီက အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေ (LIFT) မှ အလုပ်သမား ရွှေ့ပြောင်း လုပ်ကိုင်မှု စီမံချက်အတွက် ရန်ပုံငွေ ရရှိပြီးနောက် ချင်းပြည်နယ်သို့ ပြန်လည်ရောက်ရှိ လာခဲ့ပါသည်။ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် သီးခြား စောင့်ကြည့် လေ့လာသူအဖြစ် ကနေဦးပါဝင်ခဲ့ပြီး၊ ယခုအခါ လူမှုရေးကဏ္ဍအတွက် မေးမြန်းရန် မေးခွန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်ပေးပါသည်။

ချင်းပြည်နယ်သည် များသောအားဖြင့် လက်နက်ကိုင် ပဋိပက္ခများမှ နှစ်ပေါင်းများစွာ ကင်းဝေးခဲ့ပါသည်။ ချင်းအမျိုးသားတပ်ဦး (CNF) မှာ အခြားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ (EAO) များနှင့် နှိုင်းယှဉ်ပါက အရွယ်အစား သေးငယ်ပြီး၊ ၂၀၁၂ ခုနှစ်တွင် တပ်မတော်နှင့် နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေးကို သဘောတူလက်မှတ် ရေးထိုးခဲ့ပါသည်။ ချင်းအမျိုးသားတပ်ဦး က၂၀၁၇ ခုနှစ် အစောပိုင်းတွင် ဦးဆောင်ကျင်းပခဲ့သောချင်းပြည်နယ် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲတွင် ချင်းပြည်နယ်အတွင်းနှင့် ပြည်နယ်ပြင်ပမှ လူဦးရေ ၇၀၀ ကျော် တက်ရောက်ခဲ့ကြပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများလည်း ပါဝင်ခဲ့ကြပါသည်။

ချင်းပြည်နယ် ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ (CCMT) သည် ချင်းအမျိုးသား တပ်ဦး (CNF) နှင့် တပ်မတော်တို့အကြား ၂၀၁၂ခုနှစ်၊ နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်ပါ စည်းကမ်း သတ်မှတ်ချက်များကို တရားဝင် လေ့လာ စောင့်ကြည့်သည့် တစ်ခု တည်းသော ချင်း အရပ်ဘက် လူမှု အဖွဲ့အစည်း ဖြစ်ပါသည်။

### ချင်းမီဒီယာ ကွန်ရက် - မိမိတို့ရေးသား ဖော်ပြသည့် ကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်သည့် စာနယ်ဇင်းသမားများ

ချင်းမီဒီယာကွန်ရက် (CMN) တွင် ပါဝင်ဖွဲ့စည်းထားသည့် လွတ်လပ်သော ထုတ်ဝေသူ ၁၆ ဦးသည် ၎င်းတို့၏ စာဖတ်ပရိသတ် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို အစီရင်ခံ တင်ပြရုံသာ မဟုတ်ဘဲ ပြည်နယ်တစ်ဝန်းရှိ ဒေသခံများနှင့် တွေ့ဆုံမှုများ ပြုလုပ်ပြီး၊ လုပ်ငန်းများ တိုးတက်စေရန် မည်သို့ ဆောင်ရွက်မည်ကိုလည်း နည်းလမ်းများ ရှာဖွေပါသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) ထံမှ ရန်ပုံငွေဖြင့် ၂၀၁၄ ခုနှစ်တွင် တည်ထောင်ခဲ့သော ကွန်ရက်တွင် ချင်းတိုင်းရင်းသားဘာသာစကား ၄ မျိုး၊ မြန်မာနှင့် အင်္ဂလိပ် စသည့် ဘာသာစကား အမျိုးမျိုးဖြင့် ထုတ်ဝေသော သတင်းစာများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား အသံလွှင့်ဌာနများ ပါဝင်ပါသည်။


ယင်းမှာ ပြည်နယ်အနှံ့ရှိ ရပ်ရွာလူထုထံ ရောက်ရှိရေးတွင် အခြား အရပ်ဘက် လူမှုအဖွဲ့အစည်းများ တွေ့ကြုံ နေရသည့် ဘာသာစကား အခက်အခဲကို ကျော်လွှားနိုင်ရန် အထောက်အကူ ဖြစ်စေပါသည်။ ၂ နှစ်တာ ကာလအတွင်း ကွန်ရက် အနေဖြင့် မြို့ နယ်အသီးသီး တွင် အစည်းအဝေး ၆ ကြိမ် ကျင်းပပြုလုပ် ခဲ့ပါသည်။ ၎င်းတို့သည် မင်းတပ်မြို့တွင် မြေယာ အခွင့်အရေးနှင့် ပတ်သက်၍ ဆွေးနွေးရန် တက်ရောက်သူများကို ဖိတ်ခေါ်ခဲ့သည်။ တီးတိန်မြို့ တွင်မူ အကန့်အသတ်ဖြင့် ရေရရှိသည့် ကိစ္စကို အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းခဲ့ပြီး၊ ဟားခါးမြို့တွင် မီဒီယာနှင့် အစိုးရ ဆက်ဆံရေး အပေါ် အမြင်များကို ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးများ ပြီးဆုံးပြီးနောက် တက်ရောက်သူများက တင်ပြသည့် စိုးရိမ်ပူပန်မှုများနှင့် ပတ်သက်၍  (CMN) မှဆက်လက် ဆွေးနွေးဆောင်ရွက် ကြပါသည်။ ချင်းပြည်နယ်၏ ဒုတိယ အကြီးဆုံး မြို့ဖြစ်သော ဖလမ်းမြို့တွင် ၎င်းတို့သည် မြန်မာဘာသာဖြင့် အမည်ပေးထားသော လမ်းအများစုနှင့် ပတ်သက်၍ အစည်းအဝေး ကျင်းပပြီးနောက် ချင်းလူမျိုးများ၏ စိတ်ဓာတ်ကို နိုးကြားစေမည့် လမ်းအမည်များသို့ ပြောင်းလဲရေးကို အာဏာပိုင်များ နှင့် ဆွေးနွေး ဆောင်ရွက်ခဲ့ကြပါသည်။ မတူပီမြို့တွင်ရွေးချယ်ရန် ဆက်သွယ်ရေး စနစ်များမရှိခြင်းနှင့် ပတ်သက်၍ ဆွေနွေးပွဲများကျင်းပပြီးနောက် လက်ကိုင်ဖုန်း သုံးစွဲသူများသည် ရွေးချယ်စရာ ဆက်သွယ်ရေး ကွန်ရက်များ ပိုမိုရှိလာပါသည်။

ချင်းမီဒီယာကွန်ရက် (CMN) သည် အစည်းအဝေးများ မကျင်းပမီ ရပ်ရွာ အသီးသီး၌ မည်သည့် ကိစ္စရပ်က အရေးအပါဆုံး ဖြစ်သည်ကို သိရှိနိုင်ရန် လေ့လာဆန်းစစ်ချက် ပြုလုပ်ပါသည်။ အစည်းအဝေးများ ပြီးဆုံးပြီးနောက် ချင်းမီဒီယာကွန်ရက် (CMN) သည် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ပြီး၊ အဖွဲ့ဝင် ၁၆ ဦးက သတင်းစာ ရှင်းလင်းပွဲအကြောင်းကို ၎င်းတို့၏ သတင်းဌာနများမှ တစ်ဆင့် ရပ်ရွာလူထုအား အသိပေး ဖော်ပြခြင်းနှင့် ဒေသ အာဏာပိုင်များ အနေဖြင့်  အရေးတယူ ဆောင်ရွက်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်းများ ပြုလုပ်ကြ ပါသည်။ ချင်းမီဒီယာကွန်ရက် (CMN) သည် ကိစ္စရပ်များနှင့် ပတ်သက်၍လည်း တာဝန်ရှိသူများနှင့် အစည်းအဝေးများ ကိုလည်း ပြုလုပ်လေ့ရှိပြီး၊ ယခုအခါ ဒေသမှ ဝန်ကြီး အချို့မှာ တွေ့ဆုံရန် ပိုမိုလွယ်ကူလာကြောင်း ပြောဆို ကြပါသည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) ၏ ရန်ပုံငွေ ထောက်ပံ့မှုမှာ ယခုအခါ ပြီးဆုံးသွားပြီ ဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့ အနေဖြင့် အစည်းအဝေးများကို ဆက်လက် ပြုလုပ်သွားမည် ဖြစ်ပြီး၊ နောင်တွင် ပညာရေး အခွင့်အလမ်း နည်းပါးမှု ကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေး ညှိနှိုင်းနိုင်ရန် မျှော်လင့်နေကြောင်း ချင်းမီဒီယာကွန်ရက် (CMN) က ပြောပါသည်။


## ၄-၂။ ကချင်ပြည်နယ်

မြန်မာနိုင်ငံ၏
၁၃% နှန်း



ပဋိပက္ခဖြစ်ပွားသော
အခြေအနေ


စုစုပေါင်းလူဦးရေ
၁၆၈၉၄၄၁




လူငယ်


| | |
|---|---|
| ၁၅-၂၉ နှစ် | ၂၉ % |
| ၁၅-၃၄ နှစ် | ၃၇.၉ % |
| ၁၅ နှစ်အထက် | ၅၄.၄ % |

### ကိုးကွယ်သောဘာသာများ




| | |
|---|---|
| ဗုဒ္ဓဘာသာ | ၆၂.၂ % |
| ခရစ်ယာန် | ၃၂.၉ % |
| အစ္စလာမ် | ၁.၆ % |
| နတ်ကိုးကွယ်သူ | ၀.၂ % |
| ဟိန္ဒူ | ၀.၃ % |
| အခြား | ၀ % |
| ဘာသာမဲ့ | ၀ % |
| မည်သည့်ဘာသာကိုး ကွယ်ကြောင်းမသိရှိ | ၂.၈ % |

### အလုပ်လုပ်သော အသက်အပိုင်းအခြား ၁၅ နှစ်မှ ၆၄ နှစ်အတွင်း




### စာတတ်မြောက်မှုနှုန်း အသက် ၁၅နှစ်အထက်




ကချင်ပြည်နယ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းသည် ခိုင်မာမှု ရှိသည်ဟု ယူဆရပါသည်။ တပ်မတော်နှင့် ကချင် လွတ်လပ်ရေးအဖွဲ့ (KIO) ၏ စစ်ရေးအဖွဲ့ဖြစ်သော ကချင်လွတ်လပ်ရေးတပ် (KIA) တို့အကြား ချုပ်ဆိုခဲ့သော ၁၇ နှစ်ကြာ တည်ရှိခဲ့သည့် နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ် ပျက်ပြားခဲ့သည့် ၂၀၁၁ ခုနှစ် နောက်ပိုင်း ကချင်ပြည်နယ်တွင် ပဋိပက္ခများ ပိုမိုဖြစ်ပွား လာခဲ့ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း အများစုမှာ ဘာသာရေး အခြေခံသော အဖွဲ့အစည်းများ ဖြစ်ကြပြီး၊ အချို့မှာမူ ကာလ ရှည်ကြာ တည်ထောင်ထားခဲ့သော အဖွဲ့များ ဖြစ်ကြ၍ အချို့မှာ ၂၀၁၀ ပြည့်နှစ်၊ ဦးသိန်းစိန် အစိုးရ ပေါ်ပေါက်လာ ပြီးမှသာ အသစ် တည်ထောင်ထားသော အဖွဲ့များ ဖြစ်ကြပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက် များသည် EAOs ထိန်းချုပ်သည့် နယ်မြေများအထိ တိုးချဲ့ ခဲ့ပါသည်။ ဘာသာရေး အခြေပြု အဖွဲ့အစည်း များသည် အထူးသဖြင့် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများတွင် ပို၍ အားကောင်းကြပါသည်။ ၁၉၉၄ ခုနှစ်၊ နှစ်ဦးနှစ်ဘက် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ရပ်စဲရေး သဘောတူစာ ချုပ်ရေးထိုးပြီးသည့်နောက်ပိုင်း ကချင်ပြည်နယ်တွင် ထင်ရှားသော အဖွဲ့အစည်းနှစ်ခုဖြစ်သည့် မေတ္တာ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းနှင့် ငြိမ်းဖောင်ဒေးရှင်းတို့ ပေါ်ပေါက်လာပြီး ယခုအခါ တစ်နိုင်ငံလုံးတွင် လုပ်ငန်းများ ဆောင်ရွက်နေကြပါသည်။

အလားတူပင် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများ ဆောင်ရွက်သော ပူးတွဲမဟာဗျူဟာအဖွဲ့ (JST) ကဲ့သို့သော အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက်များလည်း ပေါ်ပေါက်လာပါသည်။ (ဖြစ်ရပ် လေ့လာချက်ကို ကြည့်ပါ။) အခြားကွန်ရက်များမှာ ပညာရေး၊ သဘာဝ ပတ်ဝန်းကျင်အကြောင်း သတိမူ သိမြင်ရေး၊ ကျား-မ ရေးရာ တန်းတူညီမျှမှု၊ လူငယ်နှင့် နိုင်ငံရေး ကဏ္ဍများတွင် လုပ်ဆောင်နေကြပါသည်။ ယင်းအဖွဲ့များတွင် ပြည်ထောင်စုအဆင့်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို တုံ့ပြန်သည့် အနေဖြင့် ပေါ်ပေါက်လာကြသော ကချင်ပြည်နယ်၊ အရပ်ဘက်

လူမှုအဖွဲ့အစည်း ကွန်ရက် (KSCSN) နှင့် ငြိမ်းချမ်းရေး ဆိုင်ရာ အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက် (CSNeP) တို့အပြင် ကချင်ပြည်နယ်၊ အမျိုးသမီးများ ကွန်ရက် (KSWN) နှင့် ကချင်အမျိုးသား လူငယ်ကွန်ရက် (KNYN) တို့ ပါဝင်ပါသည်။

လက်ရှိ နိုင်ငံရေး လုပ်ငန်းစဉ်တွင် အရပ်ဘက်လူမှု အဖွဲ့အစည်း အများစုမှာ နိုင်ငံရေးကို ပေါ်ပေါ်ထင်ထင် အသားပေးကြပြီး၊ အချို့မှာ လက်ရှိ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အရေးကြီးသည့် ဖွံ့ဖြိုးမှုများကို ပိုမို အလေးထားခြင်း သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်မှုများ တိုးပွားလာခြင်းနှင့် ဒေသရှိ ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးရသူများ (IDPs) ကိစ္စကို တင်ပြ ဆွေးနွေး ခြင်းများ ပြုလုပ်ကြပါသည်။ ယခင်အစိုးရနှင့် KIO အကြား ဆက်သွယ် ပေးရန် ထူထောင်ခဲ့ကြသော အဖွဲ့အစည်းများက ၂၀၁၆ ခုနှစ် အစိုးရ အပြောင်းအလဲ ဖြစ်ပေါ်ပြီးနောက်ပိုင်း အဆိုပါ ဆက်ဆံရေးများ ပြတ်တောက်သွားပြီး၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်များမှာလည်း ဆက်လက် ပေးအပ်ထားခြင်း ရှိ-မရှိ မသေချာတော့ဟု ဆိုပါသည်။ အဆိုပါ အဖွဲ့အစည်းများမှာ ငြိမ်းချမ်းရေး ဖော်ဆောင်မှု အဖွဲ့ (PCG)၊ ဒေသခံ စီးပွားရေး လုပ်ငန်းရှင်များ အသင်းနှင့် ၊ တပ်မတော်နှင့် ချုပ်ဆိုထားသော ၂၀၁၃ ခုနှစ်၊ စစ်မက်ဖြစ်ပွားမှု ရပ်နားရေး သဘောတူစာချုပ် အရ KIO က ထူထောင်ထားသော ဆက်ဆံရေးအဖွဲ့ ဖြစ်သော နည်းပညာ အကြံပေးအဖွဲ့ (TAT)တို့ဖြစ်ပါသည်။

KIO သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် (NCA) တွင် လက်မှတ် ရေးထိုးခြင်း မရှိသော်လည်း ၂၀၁၇ ခုနှစ်၊ အစောပိုင်းတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ဆက်ဆံရေးကို ရှေ့တိုး လုပ်ဆောင်ခဲ့ပြီး၊ လာမည့် နိုင်ငံရေး ဆွေးနွေးပွဲအတွက် အမျိုးသမီး ၃၀ဦး ပါဝင်သည့် ကိုယ်စားလှယ် ၁၀၀ ဦးကို ရွေးချယ်ရန် လိုင်ဇာနှင့် မြစ်ကြီးနား မြို့တို့တွင် စုံညီ အစည်း အဝေးများ ကျင်းပခဲ့ပါသည်။ ကချင်ပြည်နယ် အတွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများကလည်း အရပ်ဘက်အဖွဲ့အစည်းများ ဖိုရမ် (CSO Forum) လုပ်ငန်းစဉ်တွင် တက်တက်ကြွကြွ ပါဝင်လုပ်ဆောင် ခဲ့ပါသည်။ သို့ရာတွင် နေပြည်တော်နှင့် တောင်ကြီးတွင် ပြုလုပ်သည့် ဆွေးနွေးပွဲများသို့ တက်ရောက်ရန် အမည်စာရင်း ပေးသွင်းရာတွင် အဆောတလျင် လုပ်ဆောင်ခဲ့ရသဖြင့် အားလုံး အပြည့်အဝ ပါဝင်နိုင်ခဲ့ခြင်း မရှိပုံ ရပါသည်။

ကချင်ပြည်နယ်တွင် အမျိုးသမီးများသည် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ဦးဆောင်မှု ကဏ္ဍမှ ပိုမိုပါဝင်လာကြပါသည်။ သို့ရာတွင် ကျား/မ ရေးရာဆန်းစစ်ချက်များအားထည့်သွင်းခြင်း ကို ကျား-မ အခြေပြု အဖွဲ့အစည်းများမှ လွဲ၍ အဖွဲ့အစည်း အနည်းအကျဉ်းကသာ မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များနှင့် အသိပေး ရှင်းလင်းပွဲများတွင် အသားပေး လုပ်ဆောင်ကြပုံ ရပါသည်။

ပဋိပက္ခနှင့် နိုင်ငံရေး အပြောင်းအလဲက ကချင်ပြည်နယ်အတွင်း မတူကွဲပြားသည့်လူမျိုးများ၊ ဘာသာရေးယုံကြည်သူများ အကြား ပေါင်းကူး ဆက်သွယ်ပေးရန် လိုအပ်ကြောင်း သိမြင်လာစေပါသည်။ ယခုကဲ့သို့ အခြေတည်စတွင် ယင်းသို့ ကြိုးပမ်း မှုများက အကွဲကွဲ အပြားပြား ဖြစ်နေသော အုပ်စုများအကြား နောင်တွင် ပေါ်ပေါက်လာနိုင်သည့် အကြမ်းဖက်မှု များကို တားဆီးရန်အတွက် ကွဲပြားမှုများ ဖြစ်ပေါ်စေသည့် အရင်းခံ အကြောင်းရင်းများကို ယန္တရားတစ်ရပ်အနေဖြင့် ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးကြောင်း ညွှန်ပြနေပါသည်။

လတ်တလော ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများအား ကန့်သတ်မှုများနှင့် မတရားအသင်း အက်ဥပဒေ တို့က ၎င်းတို့အတွက် အဟန့်အတားသဖွယ် ဖြစ်နေကြောင်း ကချင်ပြည်နယ်မှ အချို့သော အရပ်ဘက် လူမှုအဖွဲ့အစည်းများက ပြောပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ရန်ပုံငွေ အများစုမှာ ကာလတို သို့မဟုတ် စီမံချက် အတွက်သာ ဖြစ်ကြပြီး၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အကြားနှင့် နိုင်ငံရေး ပါတီများနှင့် အစိုးရ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပိုမို တိုးတက်ရန် လိုအပ်နေပါသည်။

### ပူးတွဲ မဟာဗျူဟာအဖွဲ့ - အကူအညီပေးရေး လုပ်သားများအား ၎င်းတို့၏ လုပ်ငန်းများ ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန် အထောက်အကူ ပြုမည့်ကွန်ရက်

၂၀၁၁ ခုနှစ်တွင် အကြမ်းဖက်မှုများ တစ်ကျော့ပြန် ဖြစ်ပွားပြီးနောက် ကွဲပြားခြားနားသည့် အုပ်စု အများအပြားက အကူအညီ လိုအပ်သူများအား အကူအညီပေးရန် စုစည်းခဲ့ကြပြီး၊ အများအားဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆောင်ရွက်လေ့ ရှိကြပါသည်။ ထိုသို့ ကြိုးပမ်း ဆောင်ရွက်ခဲ့ကြ သော်လည်း ၎င်းတို့အနေဖြင့် စိန်ခေါ်မှု များစွာ ကြုံတွေ့ခဲ့ကြရပါသည်။ အကူအညီပေးရေး အဖွဲ့များအတွက် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများအပေါ် ကန့်သတ်ချုပ်ချယ်မှုများ ရှိရုံသာမက အရပ်ဘက် လူမှုအဖွဲ့အစည်း များမှာလည်း စနစ်တကျ ဖွဲ့စည်းမှု မရှိကြဘဲ အကူအညီပေးရေး အဖွဲ့ အချင်းချင်းသော်လည်းကောင်း၊ အဖွဲ့များနှင့်သော်လည်းကောင်း ပြင်ပနှင့်ပါ ဆက်သွယ်နိုင်ရန် ရုန်းကန်လှုပ်ရှား နေကြရပါသည်။ အဖွဲ့အများအပြားမှာ ရန်ပုံငွေ ကန့်သတ်မှုကြောင့် ဝန်ထမ်းမလုံလောက်မှုများ ဖြစ်ပေါ်နေပါသည်။

ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းမှာ အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs) အတူ ပူးပေါင်း လုပ်ကိုင် နိုင်ရန်နှင့် အကူအညီပေးမှုများကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရေးအတွက် ကူညီပေးနိုင်ရန် ကွန်ရက်တစ်ခု ထူထောင်ရေးပင် ဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် အစိုးရထိန်းချုပ် နယ်မြေနှင့် အစိုးရ မထိန်းချုပ်သော နယ်မြေများမှ ဒေသခံ အဖွဲ့အစည်း ၉ ခုက ပူးတွဲ မဟာဗျူဟာအဖွဲ့ (JST) ကို ဖွဲ့စည်းခဲ့ ပါသည်။ ယင်းတို့တွင် မေတ္တာ ဖောင်ဒေးရှင်း၊ ငြိမ်းဖောင်ဒေးရှင်း၊ ကချင် နှစ်ခြင်း အသင်းတော် နှင့် ကချင် အမျိုးသမီးများအသင်း တို့ ပါဝင်ပါသည်။

JST ၏ အဓိက လုပ်ငန်းများမှာ လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများ ဆောင်ရွက်ခွင့် ရအောင် စည်းရုံးတိုက်တွန်း ဆွေးနွေးရန်အတွက် အစိုးရနှင့် အလှူရှင်များကို ဆက်သွယ်ခြင်းနှင့် ကွာဟချက်များ ဖြည့်ဆည်းခြင်း၊ အဖွဲ့အသီးသီးက ဆောင်ရွက်သော လုပ်ငန်းများ ထပ်မနေစေရန် ဆောင်ရွက်ခြင်း တို့ဖြစ်သည်။ "ညှိနှိုင်း ဆောင်ရွက်မှုတွေကတော့ ပိုကောင်းလာပါတယ်။ JST ကလည်း ပိုပြီး ထိထိရောက်ရောက် ဆောင်ရွက်နေပါတယ်" ဟု မေတ္တာဖောင်ဒေးရှင်းမှ ဒေါ်လုဂျာက ပြောပါသည်။[184]

> ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းမှာ အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs) အတူ ပူးပေါင်း လုပ်ကိုင်နိုင်ရေးပင် ဖြစ်သည်။

Oxfam ဦးဆောင်သော ပူးပေါင်းအဖွဲ့ တစ်ခုသို့ JST က ဝင်ရောက်လိုက်သည့်အခါ JST အဖွဲ့ဝင်များသည် ဥရောပ သမဂ္ဂ (EU) မှ ရန်ပုံငွေ ရရှိပါသည်။ သို့ရာတွင် အချို့ ကလည်း အခြား အလှူရှင်များထံမှ ရန်ပုံငွေ ရရှိပါသည်။ JST သည် ရေရှည်ခိုင်မြဲ၍ အဓိပ္ပာယ် ပြည့်ဝသော ငြိမ်းချမ်းရေး ရရှိရန်အတွက် တိုက်တွန်း စည်းရုံးဆွေးနွေးရန် အခြား အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး၊ ယခုအခါ ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးရသူများ (IDPs) နေရပ်ပြန်နိုင်ရေး သို့မဟုတ် နေရာချထား ပေးနိုင်ရေး အတွက် မည်သို့ ဆောင်ရွက်နိုင်မည်ကို သိရှိနိုင်ရေးအတွက် အစိုးရအား IDPs များနှင့် ညှိနှိုင်း ဆွေးနွေးရန် တိုက်တွန်းစည်းရုံး နေပါသည်။[185]


## ၄-၃။ ကယားပြည်နယ်

မြန်မာနိုင်ငံ၏
၂% နှုန်း



ပဋိပက္ခဖြစ်ပွားသော
အခြေအနေ


စုစုပေါင်းလူဦးရေ
၂၈၆၆၂၇




လူငယ်


| | |
|---|---|
| ၁၅–၂၉ နှစ် | ၂၇% |
| ၁၅–၃၄ နှစ် | ၃၅.၁% |
| ၁၅ နှစ်အထက် | ၆၁% |

### ကိုးကွယ်သောဘာသာများ



| | |
|---|---|
| ဗုဒ္ဓဘာသာ | ၄၉.၉% |
| ခရစ်ယာန် | ၄၅.၈% |
| အစ္စလာမ် | ၁.၁% |
| နတ်ကိုးကွယ်သူ | ၁.၉% |
| ဟိန္ဒူ | ၀.၁% |
| အခြား | ၁.၂% |
| ဘာသာမဲ့ | ၀% |

### အလုပ်လုပ်သော အသက်အပိုင်းအခြား ၁၅ နှစ်မှ ၆၄ နှစ်အတွင်း




### စာတတ်မြောက်မှုနှုန်း အသက် ၁၅နှစ်အထက်




ကယားပြည်နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး၊ မြန်မာနိုင်ငံ၏ အသေးငယ်ဆုံး ပြည်နယ် ဖြစ်ပါသည်။ သို့ရာတွင် ပြည်နယ်တွင် နေထိုင်ကြသူများမှာ ဘာသာစကား အမျိုးမျိုးဖြင့် ပြောဆိုကြပြီး၊ ခရစ်ယာန်ဘာသာဂိုဏ်း အမျိုးမျိုး ယုံကြည်ကိုးကွယ်မှု အပါအဝင် ဘာသာတရား အမျိုးမျိုးကို ကိုးကွယ်ကြ ပါသည်။ ယင်းပြည်နယ်မှာလည်း ဖွံ့ဖြိုးမှု မရှိဘဲ ကျေးရွာ အများအပြားမှာ လျှပ်စစ်နှင့် ရေ မရရှိကြပါ။

အဓိကကြီးစိုးနေသည့် လက်နက်ကိုင်အဖွဲ့မှာ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) ဖြစ်ပါသည်။ သို့ရာတွင် အခြား အဖွဲ့ ၅ ဖွဲ့မှာလည်း ပြည်သူ့စစ် သို့မဟုတ် နယ်ခြားစောင့်တပ် (BGFs) အသွင်ဖြင့် လှုပ်ရှားနေကြပြီး၊ နယ်မြေ အငြင်းပွားမှုများ ဖြစ်ပွားနေကြပါသည်။ ၂၀၁၂ ခုနှစ်တွင် နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲပြီးနောက်ပိုင်း ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် တပ်မတော်တို့အကြား တိုက်ပွဲများ ဖြစ်ပွားခြင်း မရှိသော်လည်း ပဋိပက္ခများ ပြန်လည် ဖြစ်ပွားလာမည်ကို စိုးရိမ်နေကြပါသည်။ သို့သော် ငြားလည်း အရပ်ဘက် လူမှုအဖွဲ့အစည်း အနည်းငယ်ကသာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တိုက်ရိုက်ပါဝင် လုပ်ဆောင်နေကြပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်း (CSOs) အများစုမှာ လူမျိုးစုနှင့် ဘာသာစကား အရသာ ဖွဲ့စည်းထားကြ သော်လည်း အခမဲ့ နာရေးကူညီမှုအသင်းကမူ ကိုးကွယ်သည့်ဘာသာ၊ လူမျိုးစုနှင့် နယ်မြေ မခွဲခြားဘဲ လုပ်ကိုင် ဆောင်ရွက်နေပါသည်။[186] အရပ်ဘက် လူမှုအဖွဲ့အစည်းများကမူ စည်းရုံးတိုက်တွန်း လှုံ့ဆော်မှုများ ပြုလုပ်ရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) များက အစိုးရထက် ပိုမိုလွယ်ကူစွာ လက်ခံနိုင်ကြသည်ဟု မြင်ကြဟန် ရှိပါသည်။ နိုင်ငံရေး အပြောင်းအလဲ မစတင်မီက

အရပ်ဘက် လူမှု အဖွဲ့အစည်း အသစ်များ ပေါ်ထွန်းလာခဲ့သော်လည်း ပြည်နယ်အတွင်းတွင် ဘုရားကျောင်း အခြေပြုနှင့် နယ်စပ်ဖြတ်ကျော် အဖွဲ့အစည်းများကသာ စစ်ရှောင်စခန်းများအား ထောက်ပံ့ကူညီပေးခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ကြ ပါသည်။ ထိုအတောအတွင်း နယ်စပ်ဖြတ်ကျော် နိုင်ငံရေး လှုပ်ရှားမှုများမှာ ထိုင်းနိုင်ငံ အတွင်းရှိ ဒုက္ခသည် စခန်းများတွင် ထောင်နှင့်ချီ၍ ကျန်ရှိနေသေးသော လူများအား အကူအညီ ပေးရန် ကြိုးပမ်းမှုများ ရှိနေဆဲ ဖြစ်သော်လည်း ၎င်းတို့၏ လုပ်ငန်းမှာ မကြာသေးမီ နှစ်များ အတွင်းက များစွာ အရေးမပါတော့သလို ဖြစ်လာပါသည်။

အချို့သော အဖွဲ့များမှာ တရားဝင် အနေအထား ဖြစ်လာသည့်အခါ လုပ်ဆောင်ရန် လိုအပ်သော အစီရင်ခံတင်ပြရမည့် အချက်များနှင့် စည်းမျဉ်း၊ စည်းကမ်းများကြောင့် မှတ်ပုံတင်ရန် ချီတုံချတုံ ဖြစ်ကြရသဖြင့် ကယားပြည်နယ်တွင် တရားဝင် မှတ်ပုံတင်ထားသော အရပ်ဘက် လူမှုအဖွဲ့အစည်းများမှာ အနည်းစုသာ ရှိပါသည်။ နိုင်ငံတကာ အလှူရှင်များမှာ မှတ်ပုံတင်ထားသည့် အဖွဲ့များကိုသာ ရန်ပုံငွေ ထောက်ပံ့လေ့ ရှိသည့်အတွက် ယင်းအချက်မှာ အချို့သော အဖွဲ့များအတွက် အခက်အခဲတစ်ခု ဖြစ်နေပါသည်။ လွိုင်ကော်မြို့တွင် တွေ့ဆုံ မေးမြန်းခဲ့သူတစ်ဦး တစ်ဦးကမူ "နိုင်ငံတကာ အစိုးရ မဟုတ်တဲ့ အဖွဲ့ အစည်းတွေ (INGOs) ရောက်လာတာကြောင့် အရပ်ဘက် လူမှုအဖွဲ့အစည်းတွေရဲ့ တန်ဖိုးတွေ ယိမ်းယိုင်လာတယ်" ဟု ပြောပါသည်။[187]

အရပ်ဘက် လူမှုအဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့၏ အမှီအခို ကင်းမှုနှင့် ကြားနေမှုတို့ကို စွဲကိုင်ထားနိုင်ရန် ကြိုးပမ်းနေသော်လည်း KNPP အပေါ် ဘက်လိုက်မှု ရှိသည်ဟု ၎င်းတို့ အပေါ် မြင်ကြကြောင်း ယူဆကြ ပါသည်။[188] ၎င်းတို့ အား အစိုးရက

> "နိုင်ငံတကာ အစိုးရ မဟုတ်တဲ့ အဖွဲ့ အစည်းတွေ (INGOs) ရောက်လာတာကြောင့် အရပ်ဘက် လူမှုအဖွဲ့အစည်းတွေရဲ့ တန်ဖိုးတွေ ယိမ်းယိုင်လာတယ်"

အသိအမှတ် မပြုခြင်းကို ညွှန်ပြကြပြီး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ (EAOs) များက ထို့ထက်ပင် အသိအမှတ်ပြုမှု ပို၍ နည်းပါးကြောင်း မှာစိန်ခေါ်မှုတစ်ရပ်အဖြစ် ပြောပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခြင်းမရှိသည့် အတွက် အချို့သော အရပ်ဘက် လူမှုအဖွဲ့အစည်းများ အနေဖြင့် မတရားအသင်း အက်ဥပဒေ ရှိနေခြင်း သည် ၎င်းတို့ပါဝင် လုပ်ဆောင် ရာတွင် အတားအဆီး တစ်ခု ဖြစ်နေသည်ဟု ဆိုပါသည်။

ကယားပြည်နယ်မှ ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့သည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်သော အကြိုဆွေးနွေးပွဲသို့ ပါဝင် တက်ရောက်ခဲ့ပါသည်။ သို့ရာတွင် နေပြည်တော်၌ ပြုလုပ်ခဲ့သော အရပ်ဘက် လူမှု အဖွဲ့အစည်းများ ဆွေးနွေးပွဲ (CSO Forum) သို့ ဆက်လက်တက်ရောက်ခြင်း မပြုခဲ့ပါ။ အကြောင်းမှာ ၎င်းတို့အနေနှင့် ကြိုတင်ပြင်ဆင်မှု မပြုရသေးဟု ထင်မြင်ယူဆသည်က တစ်ကြောင်း နှင့် KNPP ရော ကရင်နီ နိုင်ငံရေးပါတီများကပါ ပြည်ထောင်စု အဆင့်တွင် ကိုယ်စားပြု တက်ရောက်ခြင်း မရှိသဖြင့် ၎င်းတို့ အနေနှင့် လည်း ပြည်နယ်ကိုယ်စားပြု တက်ရောက်လိုခြင်း မရှိသည်က တစ်ကြောင်းတို့ကြောင့်ဖြစ်သည်။

### ကယားပြည်နယ် ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေး ကွန်ရက် - မြေပြင် အခြေအနေတွင် လေ့လာသူ များက ငြိမ်းချမ်းရေး ထိန်းသိမ်းကြသည်။

ကယားပြည်နယ် ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေး ကွန်ရက် (KSPMN) ကို ၁၉၉၀ ပြည့်လွန်နှစ်များ ကတည်းက KNPP နှင့် တပ်မတော်တို့အကြား ကူညီ၍ စေ့စပ်ဖျန်ဖြေ ပေးခဲ့သည့် အုပ်စုများဖြင့် ၂၀၁၂ ခုနှစ်တွင် တရားဝင် ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့အစည်း ၁၅ ခုက အဖွဲ့ဝင်အဖြစ် ပါဝင်သော KSPMN သည် KNPP နှင့် တပ်မတော်တို့အကြား ၂၀၁၂ ခုနှစ် နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ပါ စည်းကမ်း သတ်မှတ်ချက်များကို နှစ်ဖက်စလုံးက လိုက်နာရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ရန် စောင့်ကြည့်လေ့လာသူ ၄၅ ဦးအား ပြည်နယ်အတွင်းရှိ မြို့နယ် ၇ ခုသို့ ဖြန့်ခွဲ ချထားပါသည်။

၂၀၁၇ ခုနှစ်တွင် KSPMN သည် စောင့်ကြည့်လေ့လာသူ များနှင့်အတူ လုပ်ဆောင်မှုများကို အစီရင်ခံ တင်ပြခဲ့ပါသည်။ စောင့်ကြည့်လေ့လာသူ ၄၅ ဦးအနက် ၁၀ ဦးမှာ အမျိုးသမီးများ ဖြစ်ကြပြီး၊ စောင့်ကြည့် လေ့လာသူများကို ပြည်နယ်အတွင်းရှိ လူမျိုးစုနှင့် ဘာသာရေး အုပ်စု အားလုံးမှ ခေါ်ယူခဲ့ကြောင်း KSPMN က ဆိုပါသည်။ KSPMN တွင် နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်နှင့် မပတ်သက်သည့် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး အလွဲသုံးမှုများကို တင်ပြရန် နောက်ဆက်တွဲ ဆက်လက် ဆောင်ရွက်သည့် အဖွဲ့တစ်ဖွဲ့ ရှိပြီး၊ ယင်းအမှုကိစ္စတို့ကို အခြားအဖွဲ့အစည်းများသို့ လွှဲပို့ပါသည်။

၂၀၁၅ ခုနှစ်မှစ၍ အဖွဲ့၏ အဓိက ရန်ပုံငွေကို ထောက်ပံ့သူမှာ ဥရောပ သမဂ္ဂ (EU) ဖြစ်ပါသည်။ ယင်းမတိုင်မီက ၎င်းတို့၏ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင်များနှင့် အခြား အဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများကို စုဆောင်းခဲ့ကြရပါသည်။


ကွန်ရက်၏ စောင့်ကြည့် လေ့လာသူများမှာလည်း ရွာသူရွာသားများအား နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် အကြောင်း တိုက်ရိုက် သတင်းအချက်အလက် ပေးနေသူများထဲမှ[189] အချို့ပင် ဖြစ်ပါသည်။ အစည်းအဝေးများတွင် ၎င်းတို့သည် မူးယစ်ဆေး ရောင်းဝယ်မှုကိစ္စ၊ မြေသိမ်းဆည်းသည့် ကိစ္စ၊ တရားမဝင် အခွန်ကောက်ခံသည့် ကိစ္စနှင့် တရားမဝင် သစ်ခိုးထုတ်သည့် ကိစ္စ စသော ရွာသူရွာသားများ၏ စိုးရိမ် ပူပန်မှုများကိုလည်း နားထောင်ပေးကြပါသည်။ ဤသို့အားဖြင့် ရပ်ရွာလူထုက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တက်တက်ကြွကြွ ပါဝင်ချင်လာအောင် အထောက်အကူ ပြုပေးပြီး၊ KSPMN အဖွဲ့ဝင် တစ်ဦးကမူ "သူတို့ ရင်ဖွင့်လို့ ရတာပေါ့" ဟု ဆိုပါသည်။[190]


အချို့သော ကျေးရွာများတွင် စောင့်ကြည့်လေ့လာသူများမှာ မတူညီသော လက်နက်ကိုင် အုပ်စု ၆ ခု အထိပင် ထိတွေ့ဆက်ဆံရပြီး၊ တစ်ခါတစ်ရံ တင်းမာမှုများမှာ အမြင့်ဆုံး အဆင့်အထိ ရောက်ရှိတတ် ပါသည်။ KSPMN သည် KNPP နှင့် တပ်မတော်အကြား တင်းမာမှု လျော့ကျသွားအောင် နှစ်ကြိမ်တိုင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကွန်ရက်သည် သမာသမတ် ကျစေရန် ကြိုးပမ်းနေသော်လည်း KNPP ဘက်သို့လိုက်သည်ဟု အထင်ခံရဆဲ ဖြစ်ကြောင်း ပြောပါသည်။ အခြားသော စိန်ခေါ်မှုတစ်ခုမှာ ဖြစ်ရပ်အစီရင်ခံစာများကို စုံစမ်းလေ့လာ၍ ကိုင်တွယ် ဆောင်ရွက်ရန်အတွက် နှစ်ဖက်စလုံးကို စည်းရုံးသိမ်းသွင်းရခြင်း ဖြစ်သည်ဟု ဆိုပါသည်။ KSPMN အနေဖြင့်မူ တရားဝင် သတ်မှတ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များ (TOR) ပါရှိသည့် ပိုမိုတိကျ ရှင်းလင်းသော လုပ်ပိုင်ခွင့် အရ ဆောင်ရွက်နိုင်ရန်နှင့် တရားဝင် အသိအမှတ်ပြု ခံရရန် ပိုမို လိုလားမည် ဖြစ်ပါသည်။

## ၄-၄။ ကရင်ပြည်နယ်











ကရင်ပြည်နယ်၏ နေရာ အတော်များများတွင် လက်နက်ကိုင် ပဋိပက္ခမှာ အတော်ရှည်ကြာ နေပြီဖြစ်ပြီး၊ အချို့သော နယ်မြေများတွင်မှ ၁၉၄၉ ခုနှစ်တွင် တပ်မတော်နှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) တို့ ပဋိပက္ခ ဖြစ်ပွားခဲ့ ကတည်းက စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် KNU မှ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ် (BGFs) ဟူ၍ အဖွဲ့များ ခွဲထွက်ချိန်မှ စ၍ ရပ်ရွာလူထုများနှင့် လက်နက်ကိုင် အဖွဲ့များ အကြား ဆက်ဆံရေးမှာလည်း ရှုပ်ထွေးလာခဲ့ပါသည်။

၂၀၁၂ ခုနှစ်၊ တပ်မတော်နှင့် KNU တို့အကြား နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲမှု မစတင်မီ အချိန်က နိုင်ငံတကာ အဖွဲ့အစည်း အနည်းအကျဉ်းမျှသာ နိုင်ငံတွင်းမှ ကရင်ပြည်နယ်သို့ တရားဝင် ဝင်ရောက်နိုင်သဖြင့် အဖွဲ့အစည်း အများစုမှာ နယ်စပ်တွင် လုပ်ငန်းများ လုပ်ကိုင်ခဲ့ကြရသည်။ သို့ရာတွင် ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ပြောင်းလဲမည့် လက္ခဏာများ တွေ့မြင်ခဲ့ရပါသည်။ "၂၀၁၀ ပြည့်နှစ် မတိုင်ခင်ကဆိုရင် ကျွန်တော်တို့မှာ ငြိမ်းချမ်းရေးဆိုတဲ့ စကားကို ပြောခွင့် မရှိ၊ ငြိမ်းချမ်းရေးကိုလည်း မခံစားကြရ၊ ငြိမ်းချမ်းရေး အကြောင်းကိုတောင် မစဉ်းစားရဲကြဘူး" ဟု ကရင်ပြည်နယ် အရပ်ဘက် လူမှုအဖွဲ့အစည်း၌ တက်ကြွစွာ ဆောင်ရွက်နေသည့် လူငယ်တစ်ဦးက ပြောပါသည်။[191]

မြန်မာနိုင်ငံတွင် နိုင်ငံရေး အပြောင်းအလဲ ဖြစ်ပေါ် ပြီးနောက် အထူးသဖြင့် ၂၀၁၂ ခုနှစ်တွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ (EAOs) နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲရေး သဘောတူ လက်မှတ် ရေးထိုးပြီးနောက်ပိုင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများ ရှေ့နောက်အစီအရီ ပေါ်ပေါက်လာပါသည်။ အဆိုပါအရပ်ဘက်လူမှု အဖွဲ့အစည်းသည် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး၊ ရပ်ရွာ ဖွံ့ဖြိုးရေး၊ လူငယ်လုပ်ငန်းများ၊ ပညာရေး၊ ဘာသာပေါင်းစုံ ဆွေးနွေးပွဲများ၊ ကျားမတန်းတူရေး၊ ငြိမ်းချမ်းရေး တည်ဆောက်ရေး နှင့် ရပ်ရွာလူထု

ပေါင်းစည်းညီညွတ်ရေး စသည်ဖြင့် လုပ်ငန်းကိစ္စ အမျိုးမျိုးကို ဆောင်ရွက်ကြပါသည်။

> "၂၀၁၀ ပြည့်နှစ် မတိုင်ခင်ကဆိုရင် ကျွန်တော်တို့မှာ ငြိမ်းချမ်းရေးဆိုတဲ့ စကားကို ပြောခွင့် မရှိ၊ ငြိမ်းချမ်းရေးကိုလည်း မခံစားကြရ၊ ငြိမ်းချမ်းရေး အကြောင်းကိုတောင် မစဉ်းစားရဲကြဘူး။"

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် NCA ကို လက်မှတ်ရေးထိုးရန် KNU က ဆုံးဖြတ်လိုက်ရာ အချို့က စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဖွဲ့အား နိုင်ငံရေး လှုပ်ရှားမှု၏ ကိုယ်စားလှယ် တစ်ဦးအနေနှင့် ကျယ်ကျယ်ပြန့်ပြန့် ယူဆထားကြပြီး၊ မကြာသေးမီက အဖွဲ့အတွင်း ရွေးချယ်တင်မြှောက်ပွဲက KNU ကို ဦးဆောင်သူများ၏ လက်မှတ် ရေးထိုးရေး ထောက်ခံမှုကို ထပ်လောင်းအတည်ပြုခဲ့ပါသည်။[192] အရပ်ဘက် လူမှု အဖွဲ့အစည်း အများစုကမူ နိုင်ငံရေးအရ စိတ်ဓာတ်တက်ကြွနေပြီး၊ ကရင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အသီးသီးနှင့် ဆက်ဆံရေး ကောင်းမွန်မှုကို နှစ်ခြိုက် နေကြပါသည်။

ကရင်ပြည်နယ်သည် ၂၀၁၂ ခုနှစ်၊ အပစ်အခတ် ရပ်စဲပြီးနောက်ပိုင်း လက်နက်ကိုင် အုပ်စုငယ်များကြောင့် အာရှ အဝေးပြေး လမ်းမကြီး တစ်လျှောက် အသေးစား ထိတွေ့ပစ်ခတ်မှု များမှလွဲ၍ အတော် အတန်ပင် ငြိမ်းချမ်းခဲ့ပါသည်။ လူ့အခွင့်အရေး အတွက် တိုက်တွန်းနှိုးဆော် နေသူများက ပြည်နယ် အတွင်း လက်နက်ကိုင်တပ်များ ဆက်လက် ချထားနေမှုအတွက် စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော် ပြောကြားနေချိန်တွင် ယင်းတိုက်ခိုက်မှုများက အခြေအနေ မတည်မငြိမ်ဖြစ်နေသည်ဟု အထင်ရောက်စေပါသည်။[193] အရပ်ဘက် လူမှုအဖွဲ့အစည်းကလည်း အပစ်အခတ် ရပ်စဲထားသော နယ်မြေအတွင်း လက်နက်ကိုင် တပ်ဖွဲ့များမှ သယံဇာတများ ထုတ်ယူနေခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုကို ထုတ်ဖော် ပြောကြားခဲ့ပါသည်။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း နှစ်ဘက်လုံးက ထိန်းချုပ် ထားသော နယ်မြေများ အပါအဝင် ကရင်ပြည်နယ်၏ အချို့သော နယ်မြေများမှာ ပြင်ပမှ လူများအဖို့ ဝင်ရောက်ရန် ခက်ခဲနေဆဲ ဖြစ်ပါသည်။

သန်းခေါင်စာရင်း အချက်အလက်များအရ ကရင်ပြည်နယ်ရှိ ပြည်သူ အများစုမှာ ဗုဒ္ဓဘာသာ သို့မဟုတ် ခရစ်ယာန်ဘာသာ ကိုးကွယ်သူများ ဖြစ်ကြပါသည်။ ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး ကြိုးပမ်းမှုများက ယခုအထိ လူမှုအသိုင်းအဝိုင်းများအကြား သဟဇာတဖြစ်မှု တိုးတက်ရေးထက် ပြည်တွင်းစစ် နှင့် ဆက်နွယ်သော ပြဿနာများ ကိုင်တွယ်ဖြေရှင်းရေးကို အဓိက အာရုံစိုက်နေ သော်လည်း ဗုဒ္ဓဘာသာဝင် အမျိုးသားရေး ဝါဒီများ၏ အယူအဆ[194] ကို ကိုင်စွဲသည့် လက်နက်ကိုင် အဖွဲ့အချို့မှာ ဗုဒ္ဓဘာသာနှင့် မွတ်စလင် အသိုင်းအဝိုင်းအကြား တင်းမာမှုများတွင် ပါဝင်ပတ်သက် နေကြပါသည်။

ကရင်တိုင်းရင်းသားတို့ ၏ လုပ်ငန်းအစီအစဉ် အတော်များများမှာ ရန်ကုန်တွင် အခြေစိုက်ပြီး၊ ကရင်ပြည်နယ်အပြင် ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသနှင့် တနင်္သာရီတိုင်း ဒေသကြီး အပါအဝင် ပြည်နယ်ပြင်ပမှ ကရင်လူထု၏ လိုအပ်ချက်များကို ဖြေရှင်း ဆောင်ရွက်ပေးပါသည်။

### လူမှုဗေဒနှင့် ဂေဟာဗေဒဆိုင်ရာ သုတေသနဌာန - ငြိမ်းချမ်းရေး သံတမန်များက ပြည်သူလူထုအား သတင်းပေး ပါသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အထောက်အကူ ပြုရန်နှင့် တာဝန်ခံမှု ပိုမိုတိုးတက်စေရန်အတွက် လူမှုဗေဒနှင့် ဂေဟာဗေဒဆိုင်ရာ သုတေသနဌာန (RISE) ကို ကရင် အမျိုးသမီး တစ်ဦးက ၂၀၁၅ ခုနှစ်တွင် ကရင် ပြည်နယ်၏ မြို့တော် ဖားအံမြို့၌ တည်ထောင်ခဲ့ပါသည်။ အဓိက ရည်ရွယ်ချက်မှာ စီမံအုပ်ချုပ်မှုနှင့် ပြည်နယ် ဥပဒေပြုအဖွဲ့ ပိုမို အားကောင်းစေရေးအတွက် ငြိမ်းချမ်းရေးအကြောင်း ပညာပေးခြင်း၊ သိမြင်နားလည်မှု မြှင့်တင်ပေးခြင်းနှင့် စည်းရုံးဆွေးနွေးခြင်းတို့အတွက် အထောက်အကူ ပြုရန်နှင့် လူထု ပါဝင် ဆောင်ရွက်မှုကို အားပေးရန် ဖြစ်သည်။

RISE အဖွဲ့သည် ဝန်ထမ်း ၇ ဦးမျှဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ဒေသ၏ စီမံအုပ်ချုပ်မှု၏ လှုပ်ရှား ဆောင်ရွက်မှုများကို ပြည်သူလူထုအား အသိပေးရန် အခွင့်အလမ်း တစ်ရပ်ကို ဖန်တီးခဲ့ပါသည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် လူထုညှိနှိုင်း အစည်းအဝေးများ၊ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲများ၊ လွှတ်တော် အစည်းအဝေးများနှင့် အခြား လှုပ်ရှားမှုများကို မှတ်တမ်းတင်ခဲ့ပါသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်း ကလည်း အဆိုပါ လှုပ်ရှားဆောင်ရွက်မှုများမှ ၎င်းတို့၏ အတွေ့အကြုံကို မျှဝေပေးရန် သတင်းစာ ရှင်းလင်းပွဲများ ကျင်းပခဲ့ပါသည်။

RISE သည် ဒုတိယအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (UPC) နှင့် ၂၁ ရာစု ပင်လုံ အစည်းအဝေး ကဲ့သို့သော ပွဲများတွင် ပံ့ပိုးကူညီခြင်းနှင့် စော့စပ်ညှိနှိုင်းသူအဖြစ်လည်း ဆောင်ရွက်ခဲ့ ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ပဓာနကျသော မှတ်တမ်းများကိုလည်း တိုင်းရင်းသား ဘာသာ အမျိုးမျိုးဖြင့် ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ ယင်းတို့တွင် NCA ၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ် များနှင့် ကရင် အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲများနှင့် ကရင် အရပ်ဘက် လူမှု အဖွဲ့အစည်းများဖိုရမ် ဆွေးနွေးပွဲတို့မှ စာတမ်းမူကြမ်းများ ပါဝင်ပါသည်။

ပင်လုံညီလာခံ၏ အနှစ် ၇၀ မြောက် နှစ်ပတ်လည်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် အရပ်ဘက် လူမှု အဖွဲ့အစည်း ခေါင်းဆောင် အချို့တို့၏ ဆွေးနွေးပွဲ တက်ရောက်ရန် RISE တည်ထောင်သူအား ဖိတ်ကြားခဲ့ပါသည်။

### ဆာမူထော် - သံတမန်များက စစ်မက်ဖြစ်ပွားနေသော အုပ်စုများ အတွက် ကြားဝင်စေ့စပ် ပေးသူအဖြစ် ဆောင်ရွက် ပါသည်။


ဆာမူထော် ကို ၂၀၁၁ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပြီး၊ ထိုစဉ်ကပင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၌ ထဲထဲဝင်ဝင် ပါဝင်လုပ်ဆောင်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နှင့် ကရင်ပြည်နယ်၊ သံတောင် မြို့ သစ်မှ ဘာသာရေး အခြေပြု အဖွဲ့အစည်း ခေါင်းဆောင်တစ်ဦး ဦးဆောင်သော စာမူထော် တွင် အဖွဲ့ဝင် ၃၀ ရှိရာတွင် ၁၀ ဦးမှာ အမျိုးသမီးများ ဖြစ်ပြီး၊ အဖွဲ့တွင် အစိုးရ အရာရှိဟောင်းများ၊  ရပ်ရွာ ခေါင်းဆောင်များနှင့် ဘာသာရေး ခေါင်းဆောင်များ ပါဝင်ပါသည်။

> ဆာမူထော် သည် နိုင်ငံရေး လုပ်ငန်းစဉ်ကို ရပ်ရွာလူထုသို့ ရှင်းပြရန် အတွက် KNU နှင့် အစိုးရ နှစ်ဘက်စလုံးမှ ကိုယ်စားလှယ်များအား ဖိတ်ကြားခဲ့ပါသည်


ဆာမူထော် သည် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်း ဒေသကြီးအကြား နယ်နိမိတ်တစ်လျှောက် ပဋိပက္ခ ဖြစ်ပွားနေသောနယ်မြေရှိ မြို့နယ် ၄ မြို့နယ်တွင် လုပ်ငန်းများဆောင်ရွက်ပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်း၏  အဖွဲ့ဝင်များမှာ စစ်မက်ဖြစ်ပွားနေသော အဖွဲ့များအကြား တမန် သို့မဟုတ် ကြားဝင် စေ့စပ်ညှိနှိုင်းသူများ အဖြစ် ဆောင်ရွက်ပါသည်။ ထို့ပြင် ဆာမူထော် သည် ပွင့်လင်းမြင်သာမှုကို အားပေးရန်နှင့် ယုံကြည်မှု တည်ဆောက်ရန် ရည်ရွယ်၍ ၂၀၁၃ ခုနှစ်တွင် နိုင်ငံရေး လုပ်ငန်းစဉ်ကို ရပ် ရွာလူထုသို့ ရှင်းပြရန်အတွက် KNU နှင့် အစိုးရ နှစ်ဘက်စလုံးမှ ကိုယ်စားလှယ်များအား ဖိတ်ကြား ခဲ့ပါသည်။ ဤလုပ်ငန်းမှာ ယခုအခါ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်း တစ်ခုက ထောက်ပံ့ကူညီမှုဖြင့် ငြိမ်းချမ်းရေး ပညာပေး လုပ်ငန်းအစီအစဉ် တစ်ခုအဖြစ် ပြောင်းလဲ သွားပြီဖြစ်သည်။

## ၄-၅။ မွန်ပြည်နယ်






### ကိုးကွယ်သောဘာသာများ




### အလုပ်လုပ်သော အသက်အပိုင်းအခြား ၁၅ နှစ်မှ ၆၄ နှစ်အတွင်း




### စာတတ်မြောက်မှုနှုန်း အသက် ၁၅နှစ်အထက်




မွန်ပြည်နယ်သည် မြန်မာနိုင်ငံ အရှေ့တောင်ဘက်ခြမ်းရှိ အန်ဒမန် ပင်လယ်ကမ်းခြေ တစ်လျှောက်တွင် တည်ရှိသည်။ မွန်ပြည်သစ်ပါတီ (NMSP) နှင့် တပ်မတော်တို့သည် ၁၉၉၅ ခုနှစ်တွင် နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲရေး သဘောတူညီခဲ့ပြီး၊ ၂၀၁၂ ခုနှစ်တွင် ယင်းသဘောတူညီမှုကို ထပ်မံအတည်ပြုခဲ့သဖြင့် အတော်အတန် ငြိမ်းချမ်း၍ တည်ငြိမ်သော ဒေသတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် အရပ်ဘက် လူမှု အဖွဲ့အစည်း များမှာ ပဋိပက္ခများ အတော်အတန် ကင်းရှင်းသည့် အခြေအနေတွင် ရှင်သန်ဖြစ်ထွန်းပြီး၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း နှစ်ဖွဲ့လုံးမှ ထိန်းချုပ်သည့် နယ်မြေများအတွင်း ဂန်ဆောင်မှုများ ပံ့ပိုးခွင့် ရနေပါသည်။

၂၀၁၂ ခုနှစ်မှ စ၍ အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် အစိုးရ ဦးဆောင်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပေါင်းစည်းသည့် အနေဖြင့် ဂန်းရံလုပ်ကိုင် ခဲ့ကြပါသည်။ သို့ရာတွင် မွန်ပြည်သစ်ပါတီသည် အခြားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ (EAOs)နှင့် မဟာမိတ် ပြုသည့်အနေဖြင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခြင်း မပြုခဲ့ပါချေ။ အပစ်အခတ် ရပ်စဲထားသော နယ်မြေများအတွင်းရှိ IDPs အခြေအနေမှာ မတည်ငြိမ်သေးဘဲ ရှိနေပြီး ၎င်းတို့သည် ရာမည ငြိမ်းချမ်းရေး ဖောင်ဒေးရှင်း (RPF) အပါအဝင် အရပ်ဘက် လူမှုအဖွဲ့အစည်း များထံမှ ကူညီထောက်ပံ့မှုများ ရရှိပါသည်။

မွန်ပြည်နယ် အတွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း အများအပြားမှာ နိုင်ငံရေး ရည်မှန်းချက် ပန်းတိုင်များ ရှိကြပြီး၊ မွန်ပြည်သစ်ပါတီ နှင့် နီးနီးကပ်ကပ် ဆောင်ရွက်ကြပါသည်။ ၎င်းတို့သည် ရပ်ရွာဖွံ့ဖြိုးရေး၊ လူငယ်၊ ကျား-မ ရေးရာ၊ လူ့အခွင့်အရေး၊ အပစ်အခတ် ရပ်စဲမှု စောင့်ကြည့်လေ့လာရေးနှင့် မွန်စာပေနှင့် ဘာသာစကား ပြန့်ပွားရေး စသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်ကြပြီး၊ မွန်စာပေ ပညာရေး အပေါ်များစွာ

အာရုံစိုက်၍ ဆောင်ရွက်ကြပါသည်။[195] မွန်ပြည်နယ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက် (The Mon State CSO Network) နှင့် မွန် အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက် (The Mon CSO Network) ဟူ၍ အရပ်ဘက်လူမှု အဖွဲ့အစည်းကွန်ရက် နှစ်ဖွဲ့ရှိပါသည်။

နယ်စပ်ဒေသ အခြေပြု အဖွဲ့အစည်းများကို အပစ်အခတ် ရပ်စဲထားသည့် အစောပိုင်း ကာလအတွင်း ပြည်နယ်အတွင်း ထူထောင်ကြပါသည်။ မွန် အမျိုးသမီးအဖွဲ့ (MWO) ကို ၂၀၀၀ ပြည့်နှစ်တွင် ထူထောင်ခဲ့ပြီး မွန်ဒေသ လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM) သည် ၂၀၁၃ ခုနှစ်တွင် ပြည်နယ်အတွင်းသို့ စတင် ဝင်ရောက်လာခဲ့ပါသည်။

မွန်ပြည်နယ်အတွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs) က ၎င်းတို့အနေဖြင့် ပြည်နယ် ဥပဒေပြု လွှတ်တော်နှင့် ပုံမှန်ထိတွေ့ ဆောင်ရွက်လေ့ ရှိသော်လည်း ၂၀၁၆ ခုနှစ်တွင် အစိုးရသစ် အာဏာရ လာပြီးနောက် စိန်ခေါ်မှုများ ပိုမိုများပြားလာသည်ဟု ဆိုပါသည်။

**မွန်လူငယ် တိုးတက်ရေးအဖွဲ့ (Mon Youth Progressive Organization) - ယခင်က တိုင်းပြည်မှ ထွက်ခွာခဲ့ကြ သူများသည် ရွာသူ ရွာသားများအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကြောင်း သင်ကြားပေး ကြပါသည်။**

မွန်လူငယ် တိုးတက်ရေးအဖွဲ့ (MYPO) အဖွဲ့ဝင်များက ဒေသခံ ရပ်ရွာလူထုများ အတွင်းနှင့် ကျေးလက် ဒေသများတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကြောင်း အသိပညာပေး လုပ်ငန်း အစီအစဉ်များ စတင် ဆောင်ရွက်သည့်အခါ ၎င်းတို့အနေနှင့် ကြီးမားသော ထင်မြင်ချက်တစ် ရပ်ကိုချမိကြောင်း သိလာရ ပါသည်။ လူထုအနေနှင့် ဤရှုပ်ထွေးသော အကြောင်းအရာနှင့် ပတ်သက်၍ မသိရှိသေးသော အရာများစွာ ရှိနေကြောင်း သဘောပေါက်လာကြသည်။

"*ကျွန်တော်တို့ ငြိမ်းချမ်းရေး အကြောင်း ပြောတဲ့အခါ ပြည်သူတွေက တကယ်ကို နားမလည်ကြဘူး*" ဟု MYPO အဖွဲ့ဝင် တစ်ဦးက ပြောပါသည်။ "*ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုတာ [...] ရွာမှာရှိတဲ့ လူတွေအတွက် အတော်ကို စိမ်းနေသေးတယ်ဆိုတာ ကျွန်တော်တို့ သိလာရတယ်။ ဒါကြောင့် ငြိမ်းချမ်းရေး အကြောင်း သူတို့နဲ့ ဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့ သင်ရိုးညွှန်းတမ်း တစ်ခု ဆွဲရတယ်။*"[196]

ယခုအခါ MYPO အနေနှင့်ငြိမ်းချမ်းရေး အဓိပ္ပာယ်ဆွေးနွေးပွဲများစတင် ဆွေးနွေးနေပြီဖြစ်သည်။ ထို့နောက် ညှိနှိုင်းသူများက ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အပါအဝင် အတွင်းစိတ် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေများ ဖြစ်ပေါ် တိုးတက်မှု တို့ကို ဆက်စပ်မှုကိုနားလည်နိုင်စေရန် ကူညီပေး ကြပါသည်။

" ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုတာ [...] ရွာမှာရှိတဲ့ လူတွေအတွက် အတော်ကို စိမ်းနေသေးတယ်ဆိုတာ ကျွန်တော်တို့ သိလာရတယ်။ ဒါကြောင့် ငြိမ်းချမ်းရေး အကြောင်း သူတို့နဲ့ ဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့ သင်ရိုးညွှန်းတမ်း တစ်ခု ဆွဲရတယ် "

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အထောက်အကူပေးရန်နှင့် ယင်းလုပ်ငန်းအတွက် အထောက်အကူ ရစေရန် ခိုင်မာသော အရပ်ဘက် လူမှုအဖွဲ့အစည်းတစ်ခု ထူထောင်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် မွန်ပြည်နယ် နှင့် ကရင်ပြည်နယ်မှ လူငယ်များ ပါဝင်သော မွန်လူငယ် တိုးတက်ရေးအဖွဲ့ကို ၂၀၀၁ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ဖွဲ့စည်းခဲ့ပါသည်။ ၎င်းသည် မြန်မာနိုင်ငံ ကျောင်းသားများနှင့် ပြည်ပရောက် လူငယ်အဖွဲ့အစည်း ၁၅ ခု၏ ကွန် ရက်တစ်ခုလည်းဖြစ်ပြီးလူငယ်များ ကွန်ဂရက် (SYCB) အဖွဲ့ဝင်လည်း ဖြစ်ပါသည်။

မွန်အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက်နှင့် မွန်အမျိုးသမီး ကွန်ရက် တို့၏ တက်ကြွသော အဖွဲ့ဝင် ဖြစ်သည့် မွန်လူငယ် တိုးတက်ရေးအဖွဲ့ သည် အခြား မွန်အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် လုပ်ကိုင် ဆောင်ရွက်ပါသည်။ မွန်လူငယ် တိုးတက်ရေးအဖွဲ့ ၏ လုပ်ငန်း အစီအစဉ်များမှာ စွမ်းဆောင်ရည် တည်ဆောက်ရေး၊ အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေး၊ အစီရင်ခံစာများ ထုတ်ပြန်ရေး၊ အခွင့်အရေးများ အကြောင်း သိရှိနားလည်ရေး၊ သဘာဝ

ပတ်ဝန်းကျင် အကြောင်း သိရှိနားလည်ရေးနှင့် မွန်ဘာသာစကား တတ်မြောက်ရေးကို အားပေးရေး တို့ပါဝင်သည်။ ၂၀၁၂ ခုနှစ်တွင် နယ်စပ်ဒေသမှ ပြည်နယ်အတွင်းသို့ ပြောင်းရွှေ့လာခဲ့သော မွန်လူငယ် တိုးတက်ရေးအဖွဲ့တွင် ဝန်ထမ်း ၂၀ ခန့်နှင့် အဖွဲ့ဝင် ၁၅၀ ကျော် ရှိပြီး၊ အများစုမှာ စေတနာ့ဝန်ထမ်းများ ဖြစ်ကြပါသည်။

၎င်းတို့သည် ၎င်းတို့၏ မိတ်ဖက် အဖွဲ့အစည်းများနှင့်အတူ တနင်္သာရီ တိုင်းဒေသကြီး၊ ရေဖြူမြို့နယ်ရှိ  Kroeng Batoi ရွှေ့ပြောင်း ဖွံ့ဖြိုးရေး စီမံချက်တွင် ပါဝင်လုပ်ဆောင်ခဲ့ကြပါသည်။  ယင်းစီမံချက်ကို မြန်မာနိုင်ငံ ငြိမ်းချမ်းရေး အထောက်အကူပြု လုပ်ငန်း (MPSI) အရ စတင်ခဲ့ခြင်း ဖြစ်ပြီး၊ အခြေခံ အဆောက်အအုံများ အဆင့်မြှင့်တင်ရေးနှင့် ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး တို့အတွက် ထောက်ပံ့ပေးခြင်းဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယုံကြည်မှု ရရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ယခုအခါ ဤစီမံချက်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) မှပံ့ပိုးမှုဖြင့် အခြေခံ အဆောက်အအုံများအတွက် လုပ်သားအင်အား၊ ဆေးအဖွဲ့အတွက် လစာများ၊ သင်ကြားရေး ပစ္စည်းများနှင့် သင်တန်းများ ပံ့ပိုးပေးပါသည်။ နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေး ရေရှည်တည်တံ့စေရန် သာမက ပဋိပက္ခ ဖြစ်ပွားနေသော ဒေသများရှိ ပြည်တွင်း နေရပ်စွန့်ခွာရသူများ အကြား ယုံကြည်မှု တည်ဆောက်နိုင်ရန် ရည်ရွယ်သည်။ မွန်လူငယ် တိုးတက်ရေး  အဖွဲ့သည် ဤစီမံချက် အတွက် ပြည်သူများအား သင်တန်းပေးရာတွင် ကူညီပေးနေပါသည်။

မွန်လူငယ် တိုးတက်ရေးအဖွဲ့ သည် ၂၀၁၄ ခုနှစ်တွင် မွန်ပြည်နယ် မြို့တော်၊ မော်လမြိုင် မြို့၌လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ လည်းကောင်း အခြား တိုင်းရင်းသား အဖွဲ့အစည်းများနှင့် လူငယ်များ အပြန်အလှန် ဖလှယ်ရေး အစီအစဉ် နှစ်ခုကိုလည်း စီစဉ်ပေးခဲ့ပါသည်။ ညီလာခံများတွင် လူငယ်များသည် ဖက်ဒရယ်ဂါဒအပါအဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ ဒီမိုကရေစီ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ မိခင်ဘာသာစကားဖြင့် ပညာသင်ကြားရေးနှင့် တရားမဝင် ဆေးဝါးများ စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ ကြပါသည်။


## ၄-၆။ ရခိုင်ပြည်နယ်

မြန်မာနိုင်ငံ၏
၅% နှုန်း



ပဋိပက္ခဖြစ်ပွားသော
အခြေအနေ


စုစုပေါင်းလူဦးရေ
၃၁၈၈၈၀၇




လူငယ်

| | | |
|---|---|---|
| 15-29 နှစ် | | ၁၆% |
| 15-34 နှစ် | | ၃၁.၇% |
| 15 နှစ်အထက် | | ၄၁.၇% |

### ကိုးကွယ်သောဘာသာများ



| | |
|---|---|
| ဗုဒ္ဓဘာသာ | ၆၃.၃% |
| ခရစ်ယာန် | ၁.၂% |
| အစ္စလာမ် | ၃၅.၁% |
| နတ်ကိုးကွယ်သူ | ၀.၁% |
| ဟိန္ဒူ | ၀.၃% |
| အခြား | ၀% |
| ဘာသာမဲ့ | ၀% |

### အလုပ်လုပ်သော အသက်အပိုင်းအခြား ၁၅ နှစ်မှ ၆၄ နှစ်အတွင်း




### စာတတ်မြောက်မှုနှုန်း အသက် ၁၅နှစ်အထက်




ရခိုင်ပြည်နယ်သည် ရပ်ရွာအသိုက်အဝန်းများအကြား တင်းမာမှုများနှင့် အကြမ်းဖက်မှုများ အနှံ့အပြား ဖြစ်ပေါ်မှုနှင့် ကြုံတွေ့ခဲ့ရပါသည်။ ပြည်နယ်အနှံ့တွင် လူမျိုးစုများနှင့် ဘာသာရေး အုပ်စုများ အတွင်းနှင့် တစ်ခုနှင့် တစ်ခုအကြား နက်ရှိုင်း၍ ရှုပ်ထွေးသော ခွဲခြားမှုများ ရှိနေပါသည်။ ၂၀၁၂ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော အကြမ်းဖက်မှုသည် ကြာရှည်လေးမြင့်သော လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကြပ်အတည်းတစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီး၊ လူများ ထောင်သောင်းချီ၍ အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရကာ ဗုဒ္ဓဘာသာနှင့် မွတ်စလင် အသိုင်းအဝိုင်း နှစ်ခုအကြား ခွဲခြားမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ မွတ်စလင်များမှာ ယခုအခါ ပြည်နယ် မြို့တော်ဖြစ်သော စစ်တွေမြို့၏ ဆင်ခြေဖုံးရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြပါသည်။ ရခိုင်ပြည်နယ်၊ မြောက်ပိုင်းရှိ မွတ်စလင်များမှာ လွတ်လပ်စွာ သွားလာခွင့်နှင့် စုရုံးခွင့် ကန့်သတ်ခြင်း ခံနေရပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် နောင်အခါ အာရ်ကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် (ARSA) ဟု ၎င်းတို့ ဘာသာ ခေါ်တွင်သော အုပ်စုတစ်စုသည် ရခိုင်ပြည်နယ်၊ မြောက်ပိုင်းရှိ နယ်ခြားစောင့်တပ် စခန်းများကို ဝင်ရောက် တိုက်ခိုက်ခဲ့ရာ လုံခြုံရေးအရ တုံ့ပြန်မှု ဖြစ်ပွားစေခဲ့သည်။ ထိုဖြစ်ရပ်သည် ပဋိပက္ခ၏ ခက်ခဲရှုပ်ထွေးမှုကို ပိုမိုနက်ရှိုင်းစေပြီး ရခိုင်ပြည်နယ်အတွင်း အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများ ဖြစ်ပေါ်ခဲ့ပါသည်။[197] ဤဆွေးနွေးချက် စာတမ်း အတွင်း လေ့လာဆန်းစစ်ချက်မှာ ၂၀၁၇ ခုနှစ်၊ ဖွန်လအထိသာ အကျုံးဝင်သဖြင့် ၂၀၁၇ ခုနှစ်၊ ဖွန်လအတွင်း ARSA အဖွဲ့၏ တိုက်ခိုက်မှုနောက်ပိုင်း လုံခြုံရေးအရ နယ်မြေရှင်းလင်းသော စစ်ဆင်ရေးများ၏ အကျိုးဆက်များမှာ စာတမ်းတွင် ပါဝင်နိုင်ခြင်း မရှိပါ။ သို့ရာတွင် အဆိုပါ ဖြစ်ရပ်များမှာ ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေး အခြေအနေကို ပိုမို ယိုယွင်းလာစေကြောင်း သတိပြုမိရန် အရေးကြီးပါသည်။

ရခိုင် အရပ်ဘက် လူမှုအဖွဲ့အစည်းမှာ အခြေတည်စ ဖြစ်ဆဲရှိနေပြီး၊ နာရေးကူညီမှု အသင်းငယ်များနှင့် သွေးလှူရှင် အဖွဲ့အစည်းများ ပါဝင်ကြကာ အချို့ အဖွဲ့အစည်းများမှာ ၂၀၁၀ ပြည့်နှစ်၊ ဆိုင်ကလုံး ဂီရိ တုံ့ပြန်ရေးအတွက် ပေါ်ပေါက်လာကြသည့် အဖွဲ့အစည်းများ ဖြစ်ပါသည်။ အခြား အရပ်ဘက် လူမှု အဖွဲ့အစည်း များမှာမူ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုကို ဖြေရှင်းရေးအတွက် တည်ထောင်ထားကြခြင်း ဖြစ်ပါသည်။ စိတ်ဝင်စားဖွယ် ကောင်းသည်မှာ ရခိုင်ပြည်နယ်တွင် အခြား ပြည်နယ်များထက် ငြိမ်းချမ်းရေး တည်ဆောက်မှု အတွက် သတ်သတ်မှတ်မှတ် ဆောင်ရွက်သည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပိုမိုပေါ်ပေါက် လာခြင်းဖြစ်သည်။ သို့ရာတွင် အရပ်ဘက် လူမှု အဖွဲ့အစည်း များဘက်မှ ဤအသုံးအနှုန်းကို ရွေးချယ်ရခြင်းမှာ ထိုကိစ္စ အတွက် အလှူရှင်များ၏ ဦးစားပေး ရန်ပုံငွေ ထောက်ပံ့မှုများ ရှိနေခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

ရခိုင် အရပ်ဘက် လူမှုအဖွဲ့အစည်း အများစုမှာ ရခိုင်လူမျိုးစု အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပြီး၊ ရခိုင်ပြည်နယ်၊ မြောက်ပိုင်းရှိ မွတ်စလင် အသိုင်းအဝိုင်းကြား၌ သော်လည်းကောင်း၊ စစ်တွေမြို့ တစ်ပိုက်ရှိ ဒုက္ခသည် စခန်းများ၌ သော်လည်းကောင်း ပုံစံတကျ ဖွဲ့စည်းထားသည့် အရပ်ဘက် လူမှုအဖွဲ့အစည်း မရှိပါ။[198] သို့သော်လည်း စခန်းများတွင် INGO များနှင့် အပြန်အလှန် ဆက်သွယ်ရေးအတွက် တာဝန်ခံအဖြစ် ဆောင်ရွက်သည့် ခေါင်းဆောင်များ ရှိကြပြီး၊ သင်တန်းများ ပို့ချနိုင်ရေးအတွက် အကူအညီ ပေးကြပါသည်။ သံတွဲမြို့ တောင်ဘက်ဖျားတွင် ကမန် မွတ်စလင်များမှာလည်း အကြမ်းဖက်မှုကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရပြီး၊ ခရီးသွားလာရေး ကန့်သတ်မှုများနှင့် ကြုံတွေ့နေရပါသည်။ ရပ်ရွာအခြေပြု အဖွဲ့အစည်း တစ်ခုဖြစ်သော ကမန် လူမှုဖွံ့ဖြိုးရေးနှင့် အကူအညီပေးရေးအဖွဲ့သည် လူမှု သဟဇာတဖြစ်မှု တိုးတက် ရေးအတွက် ၎င်းတို့အနီးအနားမှ ရခိုင်လူမျိုးများနှင့်အတူ လူငယ်အားကစားပွဲများ ကျင်းပကြပါသည်။[199]

ရခိုင်ပြည်နယ်တွင် လူမှု ပေါင်းစည်းညီညွတ်ရေး လုပ်ငန်းမှာ ကာလရှည်ကြာ တည်ရှိခဲ့သည့် ထိလွယ် ရှလွယ်သော ကိစ္စရပ် တစ်ခုဖြစ်ပြီး၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ နောက်ပိုင်းတွင် ပို၍ပင် အထိမခံသော ကိစ္စရပ် ဖြစ်လာပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ချက်ချင်းဆိုသလို လူသားချင်း စာနာထောက်ထားမှု၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးစသည့် ကိစ္စရပ် အမျိုးမျိုးတွင် ပါဝင်လုပ်ဆောင်ရေးနှင့် ပတ်သက်၍ တားဆီးဟန့်တားမှုများ ပိုမိုများပြားလာပါသည်။ ဥပမာအားဖြင့် လူမှု ပေါင်းစည်းညီညွတ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် လူမှုရေးအရ ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့နေ ခဲ့ရသည့်အတွက် ရခိုင်အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် အလုပ်လုပ်သော ရခိုင်လူမျိုး အချို့သည် မွတ်စလင်ရပ်ရွာများတွင် ဆက်လက်ထိတွေ့ လုပ်ကိုင်ရန် တွန့်ဆုတ်လာကြပါသည်။ အဆိုပါပုဂ္ဂိုလ်များက ရခိုင်လူမျိုးစု အသိုင်းအဝိုင်းများအကြား မွတ်စလင် ဆန့်ကျင်ရေး သဘောထားများ ပိုမိုတင်းမာလာခြင်းသည် အထူးသဖြင့် ၎င်းတို့၏ လူမှုရေး ပေါင်းစည်းညီညွတ်မှုအတွက် လူထုအကြား စည်းရုံးမှုအပေါ် အကျိုးသက်ရောက်စေသည့် အဓိက အချက်ဖြစ်သည်ဟု ဆိုပါသည်။ နိုင်ငံရေးအရ ကန့်သတ်ချုပ်ချယ်မှု များအပြင် အရပ်ဘက် လူမှုအဖွဲ့အစည်းများကြား ညှိနှိုင်းဆောင်ရွက်မှု နည်းပါးခြင်း၊ အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အားနည်းခြင်း၊ ပြင်ပမှ ရန်ပုံငွေရရှိမှု အနည်းအကျဉ်းသာ ရှိခြင်းတို့သည် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူမှုရေး ပေါင်းစည်းညီညွတ်ရေး လုပ်ငန်းများတွင် ၎င်းတို့ပါဝင်လုပ်ဆောင်ရာ၌ အဓိက အဟန့် အတားများ ဖြစ်ကြောင်း ရခိုင်ပြည်နယ်တွင် လုပ်ငန်းများ လုပ်ဆောင်နေသည့် အရပ်ဘက် လူမှု အဖွဲ့အစည်းများက ဆိုပါသည်။

ရခိုင်အမျိုးသားပါတီ (ANP) သည် ရခိုင်ပြည်နယ် လွှတ်တော်တွင် လွှမ်းမိုးထားသော်လည်း ပြည်နယ် အစိုးရကိုမူ ၂၀၁၆ ခုနှစ် ကတည်းက NLD ပါတီက ဦးဆောင်နေပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း အများအပြား၏ အဆိုအရ အစိုးရနှစ်ရပ် တွေ့နေရသည်ဟု ဆိုရလောက်အောင် တပ်မတော်က နိုင်ငံရေးအရ ဩဇာအာဏာ အခိုင်အမာ ကိုင်စွဲထားသည်ဟု ယူဆရပါသည်။ ရခိုင် အရပ်ဘက် လူမှု အဖွဲ့အစည်းများက အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဆွေးနွေးပွဲ လုပ်ငန်းစဉ်တွင် ပါဝင် လုပ်ဆောင် နေသော်လည်း ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အနေဖြင့် ရခိုင် ပြည်နယ်တွင် အမျိုးသားဆင့် ဆွေးနွေးပွဲ ကျင်းပရေးအတွက် သဘောတူ ခွင့်ပြုချက်ပေးရန် လိုအပ်နေ ပါသေးသည်။

### ပြည်သူများအတွက်ပြည်သူ - တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်ဟောင်းက ရပ်ရွာအသိုက်အဝန်းကြား သဟဇာတ ဖြစ်ရေး လုပ်ဆောင်နေပါသည်။

ပြည်သူများအတွက် ပြည်သူ (PfP) အဖွဲ့ကို ၂၀၁၂ ခုနှစ်တွင် ရခိုင်တပ်မတော် (AA) အဖွဲ့ဝင်ဟောင်းက အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့၏ နယ်နိမိတ်ဆုံရာနေရာ၌ တည်ထောင်ခဲ့ပါသည်။ ယင်းအဖွဲ့ အစည်းသည် တစ်နိုင်ငံလုံး၌ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် စတင်ပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ ရောက်ရှိလာပြီး၊ ၂၀၁၄ ခုနှစ်တွင် ပြည်နယ်၌ မှတ်ပုံတင်ခဲ့ပါသည်။

ရည်ရွယ်ချက်မှာ “နိုင်ငံရေးထက် လူမှုရေး လုပ်ငန်းများတွင်” ပါဝင် လုပ်ဆောင်ရန် ဖြစ်ပါသည်။[200] ယင်း အရပ်ဘက် လူမှုအဖွဲ့အစည်းသည် ၈၈ မျိုးဆက် ကွန်ရက် (ရခိုင်) နှင့် ပူးပေါင်းလုပ်ကိုင်ပြီး၊ ရခိုင်ပြည်နယ် တစ်ဝန်းတွင် ပဋိပက္ခဖြေရှင်းရေးအတွက် သင်တန်းများ စတင်ပေးခဲ့ပါသည်။ ယင်းတို့တွင် ကြိုတင်သတိ ပေးခြင်းနှင့် တုံ့ပြန်ရေး စနစ်များ သင်ကြားပေးခြင်းများ ပါဝင်ပါသည်။ အဖွဲ့တွင် စစ်တွေ၌ ဝန်ထမ်း ၁၀ ဦးရှိပြီး၊ မြို့နယ်တိုင်း၌ စေတနာ့ဝန်ထမ်းများ ရှိပါသည်။ အဖွဲ့ခေါင်းဆောင်များတွင် အမျိုးသမီး ၅၀% ပါဝင်ကြောင်း ပြောပါသည်။ ၂၀၁၇ ခုနှစ်တွင် PfP သည် ဩစတြေးလျမှ Deakin တက္ကသိုလ်နှင့် ပူးတွဲ၍ သုတေသန ပြုလုပ်ခဲ့ပြီး၊ INGOs အချို့နှင့် အတူ လုပ်ဆောင်နေပါသည်။

၎င်းတို့သည် နိုင်ငံတကာ အလှူရှင် တစ်ဖွဲ့ထံမှ ကာလတိုအတွက် ထောက်ပံ့ရန်ပုံငွေဖြင့် ဂံလက် ဒေသ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း နှင့် အခြားသော အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြို့နယ်အချို့တွင် တစ်မြို့နယ်လျှင် အဖွဲ့ဝင် ၈ ဦးမှ ၉ ဦးစီ ပါဝင်သော ငြိမ်းချမ်းရေး လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားပြီး ၊ ထိုကော်မတီများတွင် ဖြစ်နိုင်သမျှ လူမျိုးစု အသီးသီးပါဝင်အောင် ဖွဲ့စည်းထားပါသည်။


ယင်းကော်မတီများသည် မြေသိမ်းဆည်းမှုများမှသည် သယံဇာတ ထုတ်ယူမှုနှင့် မူးယစ်ဆေး အလွဲသုံးမှု များအထိ ဒေသတွင် တွေ့ကြုံနေရသော စိန်ခေါ်မှု အမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပါသည်။ ၎င်းတို့သည် ရမ်းဗြဲရှိ IDP စခန်းတွင်လည်းကောင်း၊ ရသေ့တောင်တွင် တောင်သူလယ်သမားများနှင့် လည်းကောင်း၊ မြောက်ဦးတွင် လူနည်းစု ကျေးရွာများ၌လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်ပါသည်။ ၎င်းတို့သည် ရခိုင်ပြည်နယ်၊ မြောက်ပိုင်း မောင်တောမြို့နယ်တွင်လည်း ကော်မတီ တစ်ရပ် ဖွဲ့စည်းထားရာ ရခိုင်နှင့် မွတ်စလင် အဖွဲ့ဝင်များ ပါဝင်ပါသည်။ သို့သော်လည်း ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ နောက်ပိုင်းတွင် ယင်းကော်မတီမှာ ရပ်ဆိုင်းသွားပါသည်။

> “ယင်းကော်မတီများသည် မြေသိမ်းဆည်းမှုများမှသည် သယံဇာတ ထုတ်ယူမှုများအထိ ဒေသတွင် တွေ့ကြုံနေရသော စိန်ခေါ်မှု အမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပါသည်”


PfP အနေဖြင့် ၎င်းတို့၏ ရပ်ရွာလူထုကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကြောင်း ဆွေးနွေးပွဲ များနှင့် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပိုမိုပါဝင်စေလိုပါသည်။ သို့ရာတွင် ဤဆွေးနွေးချက် စာတမ်း အတွက် သုတေသန ပြုလုပ်ချိန်တွင်ရန်ပုံငွေ ထပ်မံ မရရှိတော့ပါ။ PfP အနေဖြင့် ပြင်ပလေ့လာမှု အတွေ့အကြုံ ပိုမိုရရှိရန် စိတ်အား ထက်သန်ပါသည်။ “နိုင်ငံတကာ အသိုင်းအဝိုင်းက ငြိမ်းချမ်းရေးနဲ့ ရပ်ရွာအသိုက်အဝန်းများကြား သဟဇာတ ဖြစ်ရေးကို စိတ်ဝင်စားကြတယ်။ ဒါဟာ အင်မတန်ကောင်းတဲ့ လက္ခဏာပဲ။ ကျွန်တော်တို့ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေက သူတို့နဲ့ အတူတွဲ လုပ်နိုင်တယ်။”[201] ဟု အဖွဲ့ဝင် တစ်ဦးက ပြောပါသည်။

## ၄-၇။ ရှမ်းပြည်နယ်





ကိုးကွယ်သောဘာသာများ




အလုပ်လုပ်သော အသက်အပိုင်းအခြား ၁၅ နှစ်မှ ၆၄ နှစ်အတွင်း




စာတတ်မြောက်မှုနှုန်း အသက် ၁၅နှစ်အထက်




ရှမ်းပြည်နယ်တွင် မြို့နယ် ၅၅ မြို့နယ်ရှိပြီး၊ အကြီးဆုံးပြည်နယ်တစ်ခုဖြစ်ပါသည်။ ရှမ်းပြည်နယ်တွင် အမျိုးမျိုးသော တိုင်းရင်းသားလူမျိုးများ နေထိုင်ကြပြီး ဘာသာစကားနှင့် ကိုးကွယ်သည့် ဘာသာတရား စုံလင်သည့် ဒေသတစ်ခုဖြစ်သည်။ ပြည်နယ်ကို မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းဟူ၍ ဒေသကြီး ၃ ခုဖြင့် အုပ်စုခွဲ ဖော်ပြလေ့ရှိပြီး၊ ပြည်နယ်မြို့တော်ဖြစ်သော တောင်ကြီးမြို့မှာ တောင်ပိုင်းတွင် တည်ရှိ ပါသည်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပြည်သူ့စစ်အဖွဲ့ အမျိုးမျိုးတို့မှာ ပြည်နယ်တစ်ဝန်းတွင် ရှိနေကြောင်း တွေ့ရပါသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းသည် ငြိမ်းချမ်းသော ဒေသ တစ်ခုဖြစ်ပြီး၊ တောင်ပိုင်းတွင်မူ မိုင်းရှူးနှင့် ကျေးသီး မြို့နယ်များမှလွဲ၍ အတော်အတန် ငြိမ်းချမ်းမှု ရှိပါသည်။ သို့သော်လည်း ရှမ်းပြည်နယ် မြောက်ပိုင်းတွင်မူ လက်နက်ကိုင် ပဋိပက္ခများမှာ ၂၀၁၁ ခုနှစ် နောက်ပိုင်း အရှိန်မြင့်တက်လာခဲ့ပြီး၊ အရပ်သားများ သေဆုံးမှု၊ ဒဏ်ရာရမှု၊ သွားလာရေး ထိန်းချုပ်မှု၊ အတင်းအဓမ္မ တပ်သားစုဆောင်းမှုနှင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများကို တွေ့မြင်နေရပါသည်။

ရှမ်းပြည်နယ်တွင် လက်နက်ကိုင် အဖွဲ့များ အားလုံးက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်လုပ်ဆောင် နေကြသည်မဟုတ်ပါ။ ရှမ်းပြည်နယ် တပ်မတော်-တောင်ပိုင်း/ ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေး ကောင်စီ (SSA-S/RCSS) က ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် (NCA) ကို လက်မှတ်ရေးထိုး ခဲ့သော်လည်း ရှမ်းပြည်နယ် မြောက်ပိုင်းရှိ လက်နက်ကိုင် အဖွဲ့များက လက်မှတ် ရေးထိုးခြင်း မပြုခဲ့ပါ။ ရှမ်းပြည်နယ်သည် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်မှလွဲ၍ NLD က တောင်ပြိုကမ်းပြို အနိုင်ရခဲ့ခြင်း မရှိသည့် တစ်ခုတည်းသော ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ဖြစ်ပါသည်။ ပြည်နယ် အစိုးရနှင့် လွှတ်တော်တွင် ပြည်ထောင်စု

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က လွှမ်းမိုးထားဆဲဖြစ်သော်လည်း တိုင်းရင်းသားပါတီ အသီးသီးလည်း ပါဝင်နေပါသည်။

လူမျိုးစုများ ကွဲပြားသည့် အလျောက် ရှမ်းပြည်နယ်တွင် မတူညီသည့် စိတ်ဝင်စားမှု နယ်ပယ်နှင့် အဖွဲ့အစည်း ဆိုင်ရာ စွမ်းဆောင်ရည် ကွဲပြားကြသည့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSOs) ရှိပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း အများစုမှာ လူမျိုးစု လက္ခဏာအပေါ် အခြေခံ၍ ဖွဲ့စည်းထားပြီး၊ လူမျိုးစု ဆိုင်ရာ အလိုက် လုပ်ငန်းဆောင်ရွက်ကြပါသည်။ အများစုမှာ ဦးသိန်းစိန် အစိုးရ တက်လာချိန်တွင် ပေါ်ပေါက်လာပြီး၊ ရှေးဦးစွာ ရပ်ရွာအခြေပြု အဖွဲ့အစည်းများအဖြစ် စတင်ဖွဲ့စည်း၍ နိုင်ငံရေး မနွယ်သော အင်္ဂလိပ်စာ သင်တန်းများ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်း အစီအစဉ်များနှင့် လူငယ်များအတွက် စာကြည့်တိုက် နှင့် လေ့လာသင်ယူမှု ဌာနများ စသည့် လုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ နောက်ပိုင်းတွင်မှ ၎င်းတို့သည် မြေသိမ်းဆည်းခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှု စသည့် လူမှုရေးနှင့် နိုင်ငံရေး ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ၎င်းတို့၏ လုပ်ငန်းများကို တိုးချဲ့ခဲ့ကြပါသည်။

ပဋိပက္ခများ ဆက်လက်ဖြစ်ပွား နေသည့်အတွက် ရှမ်းပြည်နယ်၊ မြောက်ပိုင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း များသည် နိုင်ငံရေးကိစ္စများတွင် ကြိုတင်ပြင်ဆင်မှုဖြင့် ပိုမိုဆောင်ရွက်ကြပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် အပြောင်းအလဲ ကိစ္စများတွင် ပို၍ ဆန်းစစ်ဝေဖန်မှုဖြင့် ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ လားရှိုးနှင့် ကွတ်ခိုင် သို့မဟုတ် မူဆယ်ရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် နိုင်ငံအတွင်း လုံခြုံမှု အနည်းဆုံးဖြစ်သော ဒေသအချို့တွင် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တစ်ခါတစ်ရံ တိုက်ပွဲများ ဖြစ်ပွား နေသည့်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းများ ဖျက်သိမ်းခြင်း သို့မဟုတ် ရွှေ့ဆိုင်း ခြင်းများ ပြုလုပ်ရပါသည်။ ယင်းသို့ စိန်ခေါ်မှုများ ရှိနေသော်လည်း ၎င်းတို့၏ လုပ်ငန်းများ ရေရှည် တည်တံ့ရေးနှင့် ပဋိပက္ခဒဏ် ခံစားနေရသော ရပ်ရွာလူထုကိုယ်စား ဆောင်ရွက်နိုင်ရန် နည်းလမ်းများ ဆက်လက်ရှာဖွေ နေကြပါသည်။

အချို့သော အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ (EAOs) များအား ထောက်ပံ့ပို့ဆောင်ရေးနှင့် နည်းပညာ အထောက်အပံ့ ပေးခြင်းဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အလွတ် သဘော ပါဝင်ဆောင်ရွက် နေကြပါသည်။ ယင်းအဖွဲ့များတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့ (CPD)[202] ၊ ရှမ်းပြည်နယ် မျိုးဆက်သစ်အဖွဲ့  (NGSS) နှင့် အမျိုးသမီးများနှင့် ငြိမ်းချမ်းရေး လှုပ်ရှားမှု ကွန်ရက် (WAPAN) တို့ ပါဝင်ပါသည်။ ရှမ်းပြည်နယ်တွင် အရပ်သားများ ပါဝင်သော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စောင့်ကြည့်လေ့လာရေး ကွန်ရက်နှစ်ခုလည်း ရှိပြီး၊ တစ်ခုမှာ တောင်ပိုင်းတွင် လည်းကောင်း၊ ကျန်တစ်ခုမှာ မြောက်ပိုင်းတွင်လည်းကောင်း တည်ရှိပါသည်။

အခြားသော အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင် ကြပြီး၊ ယင်းတို့ကို ဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်ရန် မီဒီယာမှတစ်ဆင့် စည်းရုံး၊ တိုက်တွန်းကြပါသည်။ လူမျိုးစုများအကြား တင်းမာမှု အများအပြား ဖြစ်ပေါ်နေသော်လည်း အရပ်ဘက် လူမှုအဖွဲ့အစည်း အနည်းအကျဉ်းကသာ လူမှု ပေါင်းစည်းညီညွတ်မှုနှင့် သဟဇာတဖြစ်ရေးတို့ကို ဦးစားပေး လုပ်ဆောင် နေကြပါသည်။ ခြွင်းချက် အနေနှင့် တောင်ကြီးမြို့ရှိ ဘာသာပေါင်းစုံ လူငယ်များအဖွဲ့ (IFY) ကသာလျှင် ဘာသာမတူ ကွဲပြားသည့် ရပ်ရွာလူထုများအကြား ကွဲပြားမှုများကို ပေါင်းစည်းပေးရန် ဆောင်ရွက်လျက် ရှိပါသည်။

ကချင်ပြည်နယ် မှာကဲ့သို့ပင် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများတွင် ဘာသာရေး အခြေပြု အဖွဲ့အစည်းများက လွှမ်းမိုးနေပါသည်။ အကြောင်းအရာ အခြေပြု အရပ်ဘက် လူမှုအဖွဲ့အစည်းများ အပြည့်အဝ ဖွံ့ဖြိုးလာရန် လိုအပ်နေပြီး၊ လုပ်ငန်းဆောင်ရွက်ချက်များမှာ ကျယ်ပြန့်၍၊ မဟာဗျူဟာကျကျ ဆောင်ရွက်မှု မရှိကြသေးပါ။ ပြည်နယ်အတွင်း နယ်စပ်ဖြတ်ကျော် အဖွဲ့အစည်းများ ရောက်ရှိလာခြင်းမှာ အသစ်အဆန်း သဖွယ်ဖြစ်နေပြီး၊ ၎င်းအဖွဲ့များမှာ ကောင်းမွန်သော ရုံးစီမံခန့်ခွဲမှု၊ လူ့စွမ်းအား အရင်းအမြစ်နှင့် ရှေ့နောက်ညီညွတ်မှု ရှိသည့် လုပ်ငန်းအစီအစဉ်များနှင့် ပြည်ပတွင် ရရှိခဲ့သည့် ၎င်းတို့၏ ရရှိခဲ့သောအတွေ့အကြုံများကို လက်တွေ့ပြသနိုင်ပါသည်။ ပိုမိုငယ်ရွယ်၍ လှုပ်ရှားပြောင်းလဲမှု အခြေပြုသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှာ စည်းရုံးဖွဲ့စည်းမှုတွင် အနည်းငယ် အားပျော့ပြီး၊ စေတနာ့ဝန်ထမ်း အခြေပြု အဖွဲ့များ ဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့သည် ကွန်ရက်ချိတ်ဆက်မှုနှင့် နိုင်ငံရေးအမြင်များ ထုတ်ဖော်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြပါသည်။ ရှမ်းပြည်နယ် တစ်ဝန်းတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ကဏ္ဍ၌ လူငယ်များနှင့် အမျိုးသမီးများမှာ ပေါ်လွင်ထင်ရှားကြပါသည်။

တောင်ကြီးနှင့် နေပြည်တော်တွင် ကျင်းပခဲ့သည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ဆွေးနွေးပွဲ (CSO Forums) များသည် သက်တမ်းရှည်ကြာသည့် CSO များနှင့် အသစ်ပေါ်ထွန်းလာသည့် CSO များအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မူဘောင်အတွင်း ပူးပေါင်း ပါဝင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အတူတကွ ရှာဖွေနိုင်သော အခွင့်အလမ်း ရရှိစေပါသည်။ ပါဝင် တက်ရောက်သူ အမည်စာရင်း ပေးရေးအတွက် အရည်အချင်း သတ်မှတ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းမှု မရှိသဖြင့် ၎င်းတို့နှင့် ညှိနှိုင်းခဲ့ခြင်း မရှိသည့်အတွက် အချို့သူများ အနေဖြင့် စိုးရိမ်ပူပန်မှုများကို တင်ပြရန် ရှိနေလင့်ကစား ရှမ်းပြည်နယ်ရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း အများအပြားက ဤဖြစ်ထွန်းမှုကို အကောင်းဘက်မှ ရှုမြင်ကြပါသည်။[203]

**ပဋိပက္ခ လျော့ပါးရေး ကော်မတီများ - အရပ်သားများ လွတ်မြောက်ရေးအတွက် တိုင်းရင်းသား လူမျိုးစု အုပ်စု နှစ်စု အတူတွဲ လုပ်ဆောင်နေပါသည်။**

> "ဒေသအဆင့်တွင်ပဋိပက္ခဖြေရှင်းရေးမှာ အရေး ပါသည်။"

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် (NCA) ကို လက်မှတ်ရေးထိုးပြီးနောက် လအတန်ကြာတွင် ရှမ်းပြည်နယ် တပ်မတော်-တောင်ပိုင်း (SSA-S) သည် အခြား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ တစ်ခုဖြစ်သော တအာန်း အမျိုးသား လွတ်မြောက်ရေးတပ် TNLA) နှင့် နယ်မြေ အငြင်းပွားမှု ဖြစ်ပွားခဲ့ပါသည်။ ယင်းကဲ့သို့သော အခြေအနေ မှသည် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး၊ လူ့အခွင့်အရေး ချိုးဖောက်ကြောင်း အစီရင်ခံစာများ ထွက်ပေါ်လာခဲ့ပါသည်။


ဤအရေးကိစ္စကြောင့် ရှမ်းနှင့် တအာင်း လူထုများအကြား စိတ်ဝမ်းကွဲမှု ဖြစ်ပေါ်စေပြီး၊ အချို့က အကြမ်း ဖက်မှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်ခဲ့ကြပါသည်။ ယင်းကိစ္စကို ဖြေရှင်းနိုင်ရန် အတွက် အရပ်ဘက် လူမှု အဖွဲ့အစည်းအချို့က တင်းမာမှုလျော့ပါးစေရန် စုပေါင်းကြိုးပမ်းခဲ့ကြပါသည်။ ယင်းတို့တွင် လားရှိုးအခြေစိုက် သျှမ်းလူငယ်အဖွဲ့ (Tai Youth Organization)[204] ၊ တအာန်း ကျောင်းသားနှင့် လူငယ်များ သမဂ္ဂ (TSYU) နှင့် တအာန်း အမျိုးသမီးများအဖွဲ့ (TWO) တို့ ပါဝင်ပါသည်။

၂၀၁၆ ခုနှစ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် တစ်ဖက်စီမှ လူ ၅၀ စီကို တွေ့ဆုံစေခဲ့ပါသည်။ လူငယ်များ၊ ဘုန်းတော်ကြီးများနှင့် ရပ်ရွာခေါင်းဆောင်များ အားလုံးသည် လားရှိုးတွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြပါသည်။ လူငယ် အများစု ပါဝင်သည့် နှစ်ဖက်စလုံးမှ ပံ့ပိုးကူညီသူများက အနာဂတ်တွင် တင်းမာမှုများ မဖြစ်ပွားအောင် မည်သို့တားဆီးကာကွယ် နိုင်မည်နှင့် စပ်လျဉ်း၍ ဦးဆောင် ဆွေးနွေးခဲ့ကြပြီး၊ အရေးပေါ် ဆက်သွယ်ရေး အဖွဲ့များ ဖြစ်သည့် ပဋိပက္ခ လျော့ပါးရေး ကော်မတီများကို ဖွဲ့စည်း ခဲ့ကြပါသည်။ နှစ်ဖက်စလုံးက အရပ်သားများအား အကာ အကွယ်ပေးရန် အရေးကြီးကြောင်း အသိအမှတ် ပြုကြပါသည်။

အစည်းအဝေး ပြီးဆုံးပြီးနောက် ကော်မတီများသည် ထိန်းသိမ်း ခံထားရသော အရပ်သားများ လွတ်မြောက် ရေးအတွက် စေ့စပ်ညှိနှိုင်းရန် SSA-S ၏ နိုင်ငံရေး အဖွဲ့၊ RCSS နှင့် TNLA တပ်မှူးများနှင့် တွေ့ဆုံခဲ့ကြ ပါသည်။ ရလဒ်အဖြစ် ရှမ်းအရပ်သား ၁၁ ဦးနှင့် တအာန်းရွာသားတစ်စုတို့ လွတ်မြောက် လာကြပါသည်။ အဖွဲ့၏ ရည်မှန်းချက်မှာလည်း ပြည်တွင်းနေရပ် စွန့်ခွာထွက်ပြေးရသူများ၊ မြေမြှုပ်မိုင်း များနှင့် နေအိမ်နှင့် ပစ္စည်းများဖျက်ဆီးမှု စသည်တို့အား ကိုင်တွယ် ဖြေရှင်းရန်အဖြစ် ပြောင်းလဲသွား ပါသည်။ TYSU ၏ အထွေထွေ အတွင်းရေးမှူးဖြစ်သော Mai Cyruk က ငြိမ်းချမ်းရေးမှာ အပေါ်ပိုင်း၌ မရရှိသေးချိန်တွင် ဒေသအဆင့်တွင် ပဋိပက္ခ ဖြေရှင်းရေးမှာ အရေးပါကြောင်း ပြောပါသည်။[205]


## ၄-၈။ တိုင်းဒေသကြီးများ

မြန်မာနိုင်ငံ၏
၄၆% နှုန်း





ပဋိပက္ခဖြစ်ပွားသော
အခြေအနေ


စုစုပေါင်းလူဦးရေ
၃၆၃၈၉၆၇၃




ကိုးကွယ်သောဘာသာများ




အလုပ်လုပ်သော အသက်အပိုင်းအခြား
၁၅ နှစ်မှ ၆၄ နှစ်အတွင်း




စာတတ်မြောက်မှုနှုန်း
အသက် ၁၅နှစ်အထက်




မြန်မာနိုင်ငံ၏ အလယ်ပိုင်းရှိ တိုင်းဒေသကြီးများသည် အများအားဖြင့် နိုင်ငံ လူဦးရေ စုစုပေါင်း၏ အများစု နေထိုင်ရာဖြစ်သည်။ မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးအရ တိုင်းဒေသကြီး ၇ ခုရှိရာ ယင်းတို့မှာ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီနှင့် ရန်ကုန်တို့ ဖြစ်ကြပါသည်။

ဗမာ ဗုဒ္ဓဘာသာဝင် အများစု နေထိုင်ကြသော ယင်းဒေသများရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ပတ်သက်ပါက နိုင်ငံ၏အစွန်အဖျား ဒေသများရှိ ပြည်နယ်များနှင့် အခြေခံအားဖြင့် ကွဲပြားပါသည်။ အများအားဖြင့် တိုင်းဒေသကြီးများသည် နယ်စပ်ဒေသတွင် ဖြစ်ပွားသော ပြည်တွင်းစစ်၏ဒဏ်ကို ပြည်နယ်များလောက် မခံစားရပါ။ တိုင်းဒေသကြီးများရှိ အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် မကြာသေးမီကအထိ တရားဝင် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများတွင် ထိတွေ့မှု နည်းပါးပြီးယင်းအတွက်ကြောင့်ပင် ယနေ့အထိ အများစု၏ ပါဝင်ဆောင်ရွက်မှု များစွာနည်းပါးနေပါသည်။ သို့ရာတွင် ပဋိပက္ခများ၏ အကျိုးဆက်များ သက်ရောက်မှုကို ဖွံ့စည်း တည်ဆောက် ပုံအရ အကြမ်းဖက်ခြင်း၊ စီးပွားရေးလုပ်ငန်းတွ င်ဖယ်ကျဉ်ခြင်း၊ ကျားမအခြေပြု အကြမ်းဖက်ခြင်း၊ ဆင်းရဲခြင်း၊ လက်လှမ်းမမှီနိုင်ခြင်း၊ အခွင့်အရေးများလည်း ငြင်းဆန်ခံနေရခြင်း စသည့်ဖြင့် ထိခိုက်နစ်နာမှုများရှိနေပါသည်။ တိုင်းဒေသကြီး သည် ပြည်တွင်းစစ်ဒဏ်ကို မခံစားရဟု မဆိုလိုပါ။ ထို့အပြင် အထက်ပါ တိုင်းဒေသကြီးများတွင် ဗမာ မဟုတ်သော တိုင်းရင်းသားများလည်း နေထိုင်ကြပါသည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်း ဒေသကြီး တွင် ကရင်လူမျိုး အများအပြားနေထိုင်ကြပါသည်။ အထက်ပါ အခြေအနေများသည် ရွှေ့ပြောင်းသွားလာမှုနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုများနှင့် အတူ တိုးပွားလာနိုင်သလို အဆိုပါ တိုင်းဒေသကြီး များတွင် လူမှု ပေါင်းစည်းညီညွတ်မှု အခြေအနေအား ဆန်းစစ် နိုင်ပါသည်။

လူမှုဝန်ထမ်း လုပ်ငန်းများနှင့် ရပ်ရေးရွာရေး ဆောင်ရွက်သော ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBOs) နှင့် ဒေသခံ ကိုယ်အားကိုယ်ကိုး အဖွဲ့များမှာ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးများတွင် ကာလရှည်ကြာ တည်ရှိခဲ့ကြ ပါသည်။ နိုင်ငံရေး အပြောင်းအလဲ ဖြစ်ပေါ်သည့်အခါ ယင်း ရပ်ရွာအခြေပြု အဖွဲ့အစည်း အများအပြားမှာ ၎င်းတို့၏ လုပ်ငန်းများကို စတင်၍ သီးသန့်ရွေးချယ် လုပ်ကိုင်လာကြပြီး၊ အကျိုးခံစားခွင့်ရှိသူများကိုလည်း ရွေးချယ်သတ်မှတ်လာကြပါသည်။ ရန်ကုန်အခြေစိုက် အဖွဲ့အစည်းများနှင့် ကွန်ရက်များသည် ၎င်းတို့၏ ရုံးခွဲများနှင့် ဌာနခွဲများကို စတင် ဖွင့်လှစ်ခဲ့ပါသည်။

ဦးသိန်းစိန် အစိုးရ တက်လာပြီးနောက်ပိုင်း များမကြာမီ နိုင်ငံရေး အကျဉ်းသားများအား အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ပေးပြီးနောက် ၈၈ မျိုးဆက်သစ်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး၊ နိုင်ငံတစ်ဝန်းတွင် ယင်း၏ ကွန်ရက်များ ပြန်လည်ရှင်သန်လာပါသည်။ တောင်သူလယ်သမားများ၊ ဆရာ/မများ၊ ရှေ့နေများနှင့် အခြားသော လူတန်းစား အများအပြား၏ အသက်မွေးကျောင်း အလိုက်သမဂ္ဂများနှင့် အသင်းများ ပြန်လည် လှုပ်ရှားလာကြပြီး၊ လူငယ်အုပ်စုသစ်များလည်း ပေါ်ထွန်းလာပါသည်။ အမျိုးသမီး အုပ်စုများမှာ တိုင်းဒေသကြီးများအတွင်း အရပ်ဘက် လူမှုအဖွဲ့ အစည်းများတွင် တစ်စိတ်တစ်ပိုင်း အနေဖြင့်သာ ပါဝင်ပံ့ ရပါသည်။

မန္တလေး၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီ အပါအဝင် တိုင်းဒေသကြီး များတွင် မွတ်စလင်နှင့် အခြား လူနည်းစု ဘာသာဝင်များကို ဦးတည်လေ့ရှိသည့် ရပ်ရွာအသိုက်အဝန်းများအကြား အကြမ်းဖက်မှုဖြစ်စဉ် ပေါ်ပေါက်လာ ပြီးနောက်[206] ယင်းအခြေအနေကို တုံ့ပြန်ရန်အတွက် ဘာသာရေး အခြေပြုနှင့် အခြားအရပ်ဘက် လူမှု အဖွဲ့အစည်းများ အတူတကွကစုစည်း ဆောင်ရွက်ခဲ့ကြပါသည်။[207] ဥပမာအားဖြင့် မန္တလေးမြို့တွင် ဘုန်းကြီးအချို့နှင့် မေတ္တာ လှုပ်ရှားမှုနှင့် စင်ရော် ဖောင်ဒေးရှင်းတို့ ကဲ့သို့သော အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ လူများက ရပ်ရွာအသိုက်အဝန်းများအကြား တင်းမာမှုကို ကျော်လွှား နိုင်ရန် အတူ လုပ်ဆောင်ခဲ့ကြပါသည်။ ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် ၎င်းတို့သည် မန္တလေး ငြိမ်းချမ်းရေး တည်ဆောက်ရေး ကော်မတီကို ထူထောင်ခဲ့ပါသည်။ ဤသို့သော အခြေအနေမျိုး၌ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းကို အဓိကအားဖြင့် အသိုင်းအဝိုင်း အချင်းချင်း သဟဇာတဖြစ်စေရေးကို ရှေးရှုပါသည်။ ထို ကော်မတီဝင် များသည် ပြည်နယ်များ ငြိမ်းချမ်းရေး အတွက် တိုက်တွန်းနှိုးဆော်ပြီး နိုင်ငံရေး ဆွေးနွေးပွဲများတွင်လည်း ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

တရားဝင် နိုင်ငံရေး ဆွေးနွေးပွဲများ စတင်ကျင်းပခြင်းသည် တိုင်းဒေသကြီးများ အတွင်းရှိ အရပ်ဘက် လူမှု အဖွဲ့အစည်းများအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပုံစံသစ်ဖြင့် ပါဝင်ခွင့် ရရှိစေပါသည်။ တိုင်းဒေသကြီး အားလုံးတွင် အကြောင်းအရာအခြေပြု ဆွေးနွေးပွဲ (CSO Forum) အတွက် အကြိုပြင်ဆင်ရေး အစည်းအဝေးများကို ပြုလုပ်ခဲ့ကြသော်လည်း ယခု သုတေသန ပြုလုပ်ချိန်တွင် တနင်္သာရီတိုင်းဒေသကြီး တစ်ခုသာလျှင် ဒေသအစိုးရက စီစဉ်ကျင်းပသည့် ဒေသအဆင့် ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါသည်။ ဖြစ်ရပ်အများစုတွင် ရန်ကုန်ရှိ CSO Forum လုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များသည် အဆိုပါ ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ ကြပါသည်။ တိုင်းဒေသကြီးအတွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အကြောင်း သတင်းအချက်အလက် စတင် မျှဝေခဲ့သည့် အဖွဲ့အစည်း အချို့မှာ NCA လက်မှတ်ရေးထိုးသည့် အဖွဲ့များနှင့် ချိတ်ဆက်မှုရှိ ကြပါသည်။

**ထီလာသုခ သမာဂီ - အဓိကရုဏ်းများ ဖြစ်ပွားပြီးနောက် စိတ်ဒဏ်ရာဒဏ်ချက်များကို ကုစားရန် ဘာသာပေါင်းစုံ အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။**

၂၀၁၃ ခုနှစ်တွင် မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာမြို့တွင် ဗုဒ္ဓဘာသာနှင့် မွတ်စလင် အသိုင်းအဝိုင်း နှစ်ခုအကြား အကြမ်းဖက်မှု ဖြစ်ပွားခဲ့ရာ အစ္စလမ် ဘာသာရေးကျောင်းမှ ကျောင်းသား ၂၀ နှင့် ဆရာအချို့ အပါအဝင် လူ ၄၀ ကျော် သေဆုံးခဲ့ပါသည်။

နောက်ထပ် လူ ထောင်နှင့်ချီ၍ အိုးအိမ်စွန့်ခွာ ထွက်ပြေးရပြီး၊ ဆွေမျိုးများ သို့မဟုတ် ကြုံရာ စခန်းများတွင် ခိုလှုံရာ ရှာဖွေခဲ့ကြရပါသည်။[208] ရပ်ရွာခေါင်းဆောင်များ၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများ အတူစုစည်း၍ အခြေအနေကို လျော့ပါးသက်သာအောင် ကြိုးပမ်းပြီးနောက် ပဋိပက္ခ ပြေလည်သွားခဲ့ပါသည်။ ယင်းဖြစ်ရပ်မှာ အသိုင်းအဝိုင်း အားလုံး အပေါ် ကာလရှည်ကြာစွာ အကျိုး သက်ရောက်စေခဲ့ပါသည်။ အကြမ်းဖက်မှု ဖြစ်စဉ် ဖြစ်ပွားပြီး ၄ နှစ်ကျော်သည်အထိ ဒေသခံများက အခြေအနေကို သတိဖြင့် စောင့်ကြည့်နေရဆဲ ဖြစ်ပါသည်။

အကြမ်းဖက်မှု ဖြစ်စဉ် ဖြစ်ပွားပြီးနောက် ပြင်ဦးလွင်မှ အာရှအလင်းရောင် ဆရာတော်နှင့် အခြားသော လူသားချင်း စာနာထောက်ထားမှု လုပ်ငန်း ဆောင်ရွက်သူများက မိတ္ထီလာမြို့သို့ လာရောက်၍ ဘာသာ ပေါင်းစုံ လှုပ်ရှားမှုများကို စတင်စည်းရုံး ဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့သည် ပဋိပက္ခကြောင့် ထိခိုက်ခံစား ရသူများအား ကူညီထောက်ပံ့ရန်အတွက် နှစ်ဖက်လုံးမှ ဘာသာရေး ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြ ပါသည်။ ယင်းကြိုးပမ်းမှုကြောင့် ဒေသမှ ခေါင်းဆောင် ၁၇ ဦးက ပဋိပက္ခ ဖြေရှင်းရေး ဆောင်ရွက်ရန် ထီလာသုခ သမာဂီ ဘာသာပေါင်းစုံ အဖွဲ့ကို ဖွဲ့စည်းခဲ့ကြပါသည်။

> “ကျောင်းသား ၁၂၀၀ အတွက် ကျောင်းသို ဘေးကင်းလုံခြုံစွာ ပို့ ဆောင်နိုင်ရေး အတွက် ကူညီခဲ့ကြသည်”

အသစ်ဖွဲ့စည်းလိုက်သော အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) သည် ရှေးဦးစွာ အလှူငွေ လက်ခံရေး ဌာနအဖြစ် ဆောင်ရွက်ပြီး၊ နောက်ပိုင်းတွင် ဒုက္ခသည် စခန်းများအား အစားအသောက်၊ ရေ၊ ကျန်းမာရေးနှင့် ပညာရေး အပြင် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုတို့ကို ထောက်ပံ့ခဲ့ကြပါသည်။ မွတ်စလင် မိဘများ အနေဖြင့် ခွဲခြား ဆက်ဆံမည်ကို စိုးရိမ်သော်လည်း ၎င်းတို့၏ ကလေးများကို ကျောင်းပြန်ထားရန် လိုအပ်ကြောင်း ထီလာသုခ သမာဂီ အဖွဲ့ဝင်များ က ၎င်းမိဘများအား လက်ခံလာအောင် ဆွေးနွေးနိုင် ခဲ့ပါသည်။ ၎င်းတို့သည် မွတ်စလင် ကလေးငယ်များ၏ ပညာရေး၊ ကျောင်းသား ၁,၂၀၀ အတွက် ကျောင်းသို့ ဘေးကင်းလုံခြုံစွာ ပို့ဆောင် နိုင်ရေးနှင့် ကျောင်းသုံး ပစ္စည်းများနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ရေး တို့အတွက် စည်းရုံးဆွေးနွေးရန် မြို့နယ်ရှိ ပညာရေး ဌာနနှင့်လည်း တွေ့ဆုံခဲ့ကြပါသည်။



မိထော်ညက် မွန်အမျိုးသမီးကွန်ယက်

# နောက်ဆက်တွဲ ၁၊ နည်းစနစ်

ဤ *ဆွေးနွေးချက်စာတမ်း* ဆန်းစစ်လေ့လာရာ၌ မြန်မာနိုင်ငံ၏ ခက်ခဲရှုပ်ထွေးသော အပြောင်းအလဲအတွင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ပြောင်းလဲလာမှုကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအထိ လေ့လာဆန်းစစ်ထားပါသည်။ ဤ *ဆွေးနွေးချက် စာတမ်း* သည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ကျယ်ကျယ်ပြန့်ပြန့် သုတေသန ပြုမှုနှင့် ဆန်းစစ် လေ့လာမှုများမှ ထွက်ပေါ်လာသော ရလဒ် ဖြစ်ပါသည်။ ယင်းသုတေသန လုပ်ငန်းကို Michael Lidauer က မြန်မာ သုတေသီသုံးဦးဖြစ်သည့် စောချစ်သက်ထွန်း၊ လဆန်အောင်နှင့် စိမ့်စိမ့်ထွန်း တို့နှင့်အတူ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ သုတေသန လုပ်ငန်းစဉ်ကို နိုင်ငံတကာ လေ့လာမှု စာအုပ်စာတမ်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်မှ ရရှိခဲ့သည့် သင်ခန်းစာများနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် အသိုင်းအဝိုင်းများ အကြား သဟဇာတဖြစ်ရေးနှင့် ပတ်သက်သည့် အစီရင်ခံစာများကို ကျယ်ကျယ် ပြန့်ပြန့် လေ့လာ၍ လုပ်ဆောင်ခဲ့ပါသည်။[209] ပြည်နယ်နှင့် တိုင်းဒေသကြီးများ အကြောင်း အကျဉ်းချုပ် ဖော်ပြချက်တွင် ရည်ညွှန်းဖော်ပြထားသည့် သန်းခေါင်စာရင်း အချက်အလက်များကို လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ထုတ်ပြန်သော အစီရင်ခံစာများမှ ထုတ်နုတ် ရယူ ထားပါသည်။[210]

သုတေသန အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအတွင်း မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးမှ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဦးဆောင်သူများအား တွေ့ဆုံမေးမြန်းမှု ၂၂၈ ခုနှင့် ဦးတည်အုပ်စု ဆွေးနွေးပွဲ (FGDs) ၃ ခု ပြုလုပ်ခဲ့ပါသည်။ သုတေသန အဖွဲ့သည် ပြည်ထောင်စု အဆင့်တွင် လုပ်ကိုင်နေပြီး ပထဝီဝင် ဒေသများကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံနိုင်သော မြန်မာနိုင်ငံမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများအပြင် အောက်ခြေအဆင့်တွင် လုပ်ငန်းများ ဖော်ဆောင်နေသည့် ဒေသဆိုင်ရာ အရပ်ဘက် လူမှုအဖွဲ့အစည်း အတော်များများနှင့်လည်း ဆွေးနွေးပြောဆိုခဲ့ပါသည်။ သုတေသန လေ့လာမှုကို စီစဉ်ရန်နှင့် ဖြစ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံး၏ မြို့တော်များနှင့် နယ်မြေတိုင်းတွင် အနည်းဆုံး နောက်ထပ် တစ်မြို့နယ်စီသို့ သွားရောက် ခဲ့ပါသည်။ သုတေသန ပြုလုပ်ရာတွင် ငြိမ်းချမ်းရေး တည်ဆောက်မှု အတွက် ဦးတည် လုပ်ဆောင်သည့် လုပ်ငန်းများကို အာရုံစိုက် ဆောင်ရွက်မှု၏ ရလဒ်အဖြစ် ပြည်နယ်များအပေါ် ယိမ်းယိုင်သော သဘောထား တစ်ရပ်ကို နမူနာ တွေ့ရှိခဲ့ရပါသည်။ မည်သို့ပင်ဖြစ်စေ တိုင်းဒေသကြီးများရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှာ ယင်းဒေသများတွင် ငြိမ်းချမ်းရေး လုပ်ငန်း၌ အရပ်ဘက် လူမှုအဖွဲ့အစည်း၏ ပါဝင်ပတ်သက်မှုကို ပို၍ နားလည် သဘောပေါက်ရန် ရှိနေပါသည်။

သုတေသန အဖွဲ့သည် အဓိကကျသော ပုဂ္ဂိုလ်များ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း အမျိုးမျိုးနှင့် တွေ့ဆုံမေးမြန်းမှုအတွက် အဓိက ဦးတည်အုပ်စု မဟုတ်ဟု ယူဆသော်လည်း ရပ်ရွာအခြေပြု အဖွဲ့အစည်း (CBOs) အချို့ထံ သွားရောက် ခဲ့ပါသည်။ သုတေသန အဖွဲ့သည် အရပ်ဘက် လူမှုအဖွဲ့အစည်းများကို အောက်ပါအတိုင်း အုပ်စုခွဲများနှင့် အတွဲများခွဲရန် ကြိုးစားခဲ့ရာ အချို့မှာ တစ်ခုနှင့်တစ်ခု ထပ်နေပါသည်- နိုင်ငံအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီး အဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ကွန်ရက်များ၊ နယ်စပ်ဖြတ်ကျော် အဖွဲ့အစည်း များနှင့် ကွန်ရက်များ၊ ဘာသာရေး အခြေပြု အဖွဲ့အစည်းများ၊ လူငယ် အဖွဲ့အစည်းများ၊ အမျိုးသမီး အဖွဲ့အစည်းများ၊ စာပေနှင့်ယဉ်ကျေးမှု အဖွဲ့များ၊ လုပ်ငန်းအလိုက် အစည်းအရုံးများနှင့် အသင်း အဖွဲ့များနှင့် ရပ်ရွာအခြေပြု မီဒီယာ လုပ်ငန်းများ စသည်ဖြင့် အုပ်စုများ ခွဲခဲ့ပါသည်။ သုတေသန အဖွဲ့သည် အရည်အသွေးဆိုင်ရာ ဆန်းစစ်လေ့လာမှုနှင့် အချက်အလက် ကောက်ယူရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုသော နမူနာကို ရွေးထုတ်ရန် ကြိုးစားခဲ့သော်လည်း ရလဒ်များမှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး တည်ဆောက်မှုအကြောင်း ပြည့်ပြည့်စုံစုံ ကိုယ်စားပြု ဖော်ပြခြင်းထက် ရည်ညွှန်း၍သာ ဖော်ပြပါသည်။

သုတေသန အဖွဲ့သည် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ ယေဘုယျ အဓိပ္ပာယ် ဖွင့်ဆိုချက်အပေါ် မူတည်၍ အဓိကအားဖြင့် အောက်ဖော်ပြပါ အုပ်စုများကို ချန်လှပ်ထားပါသည်- ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၊ နိုင်ငံရေး ပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ (EAOs)၊ စီးပွားရေး လုပ်ငန်းများနှင့် မီဒီယာ ဌာနများ။ သို့ရာတွင် လူပုဂ္ဂိုလ်များ၏ ရာထူး များမှာ အချိန်နှင့်အမျှ ပြောင်းလဲနေပြီး၊ အရပ်ဘက် လူမှုအဖွဲ့အစည်းကို တိကျ ရှင်းလင်းသော အမျိုးအစား သတ်မှတ်ချက် မရှိသဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ ပုံသေကားကျ မဟုတ်ဘဲ ပြောင်းလဲတတ်သည့် သဘာဝကြောင့် ယင်းအုပ်စုများထဲမှအချို့ ကိုလည်း ထည့်သွင်းနိုင်ပါသည်။[211] အလှူရှင်များနှင့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (INGOs) များမှာ ဆန်းစစ် လေ့လာရာ၌ ရှေ့ဆုံးတွင် ရှိမနေပါ။ သို့ရာတွင် အခြေအနေကို ဆက်စပ်စဉ်းစား နိုင်ရန်နှင့် ဆန်းစစ်လေ့လာမှုကို ပြည့်စုံစေရန် သုတေသန အဖွဲ့သည် အလှူရှင် ကိုယ်စားလှယ် ၆ ဦးနှင့် တွေ့ဆုံမေးမြန်ခဲ့ပြီး၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်း ၂၁ ခုနှင့် အလွတ်သဘော ဆွေးနွေး ပြောဆိုခဲ့ပါသည်။ ထို့ပြင် သုတေသန အဖွဲ့သည် နိုင်ငံတစ်ဝန်းမှ အရပ်ဘက် လူမှု အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အလုပ်ရုံ ဆွေးနွေးပွဲကို စီစဉ် ပြုလုပ်ခဲ့ပြီး၊ ပဏာမ တွေ့ရှိချက်များနှင့် ပတ်သက်၍ Paung Sie Facility ၊

အလှူရှင်များ၊ အခြား ရန်ပုံငွေ ထောက်ပံ့ရေး ဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲ ၄ ခု ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲများကို နိုင်ငံတကာ ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ (IPSG)၊ အထောက်အပံ့နှင့် ပဋိပက္ခဆိုင်ရာ လုပ်ငန်းအဖွဲ့က ပံ့ပိုးကူညီပေးပါသည်။ လေ့လာသုံးသပ်သူ နှစ်ဦးဖြစ်သော Roger Mac Ginty (မန်ချက်စတာ တက္ကသိုလ်) နှင့် Ashley South (ချင်းမိုင် တက္ကသိုလ်) တို့ကလည်း *ဆွေးနွေးချက်စာတမ်း* နှင့် ပတ်သက်၍ အချက်အလက်များ ပံ့ပိုးပေးခဲ့ ပါသည်။

ဤ *ဆွေးနွေးချက် စာတမ်း* သည် ငြိမ်းချမ်းရေး လုပ်ငန်းများအကြောင်း အကျယ်တဝင့် ဖော်ပြ ခြင်းထက် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများနှင့် ယင်းလုပ်ငန်းများ၏ အထောက်အကူ ဖြစ်စေသော အခြေအနေများနှင့် ပိတ်ပင်ဟန့်တားသော အခြေအနေများ အပေါ် အာရုံစိုက်ထား ပါသည်။ သုတေသန ပြုလုပ်စဉ်အတွင်း ပါဝင်ဆွေးနွေးသူများ၏ ကိုယ်ပိုင်ဆွေးနွေး ဆောင်ရွက်  ချက်များသည် ငြိမ်းချမ်းရေး တည်ဆောက်မှု ဆိုသည့် ဝေါဟာရကြောင့် ဖြစ်သည်ဟု ယူဆခြင်း မယူဆခြင်းမှာ အရေးမကြီးပါ။ သုတေသန အဖွဲ့က ၎င်းတို့သည် *"ပဋိပက္ခ လျော့ကျရေးနှင့် အကြမ်းဖက်မှု ရှောင်ရှားရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည်"* ဟု အဓိပ္ပာယ် ကောက်ယူစေကာမူ ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် ပါဝင်ပတ်သက်သူ အများအပြားမှာ သူတို့ကိုယ်သူတို့ ထိုကဲ့သို့ တိတိကျကျ သတ်မှတ်မထားပါ။[212] သို့ဖြစ်၍ သုတေသန အဖွဲ့သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် အသိုင်းအဝိုင်း အချင်းချင်း သဟဇာတဖြစ်ရေး နှင့် သက်ဆိုင်သည့် မည်သည့်လုပ်ငန်းကိုမဆို အာရုံစိုက်သည့်နည်းတူ ငြိမ်းချမ်းစွာဖြင့် ပိုမို၍ အတူယှဉ်တွဲ နေထိုင် နိုင်ရေးအတွက် အထောက်အကူပြုသည့် လုပ်ငန်းများနှင့် ထိုသို့နေထိုင် နိုင်ရေးအတွက် အတား အဆီးများကို အာရုံစိုက်ပါသည်။

အဓိကကျသော ပုဂ္ဂိုလ်များနှင့် အရေးပါသော တွေ့ဆုံမေးမြန်းမှု အများအပြားကို ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် ကွဲပြားစွာ လုပ်ဆောင်နေသော ဆောင်ရွက်မှုများကို မျှမျှတတ စဉ်းစားပေးနိုင်ရန် ဆွေးနွေးပြောဆိုမှု အများစုကို ပြည်နယ်နှင့် တိုင်း ဒေသကြီး မြို့ တော်များနှင့် အခြားမြို့ များတွင် ပြုလုပ်ခဲ့ပါသည်။ အခန်း ၄ တွင် ဖော်ပြထားသော ဖြစ်ရပ်လေ့လာချက်မှာ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အမျိုးမျိုးသော လုပ်ငန်းအများအပြားကို သာဓကအဖြစ် ရွေးချယ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ သို့သော်လည်း နောက်ထပ် ပါဝင်နိုင်သော ဖြစ်ရပ် အများအပြား ရှိပါသည်။

မြန်မာနိုင်ငံတွင် ပဋိပက္ခများမှာ အနည်းဆုံး ပုံစံနှစ်မျိုးဖြင့် ပေါ်ပေါက်လေ့ရှိပါသည်။ တစ်ခုမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs) ပါဝင်ပတ်သက်ပြီး၊ အခြားတစ်ခုမှာ ထင်ထင်ရှားရှား ပါဝင် လုပ်ဆောင်သူ သို့မဟုတ် အဖွဲ့အစည်းဟူ၍ သိပ်မရှိဘဲ အသိုင်းအဝိုင်းများ အကြား ဖြစ်ပွားသော ပဋိပက္ခများ ဖြစ်ပါသည်။ ယင်းပုံစံ နှစ်ခုအကြား ကွဲပြားခြားနားမှုမှာ သုတေသန ပြုရာတွင် မတူညီသော စာပေသုံးသပ်ချက်များ အပေါ် အရင်းခံရမည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ယင်းမှာ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ပြည်တွင်းမှ တုံ့ပြန်မှုမှာ အများအားဖြင့် အဘယ့်ကြောင့် သီးခြားစီ ဖြစ်နေရသည်ကိုလည်း ဖော်ပြပါသည်။ ဤ ဆွေးနွေးချက် စာတမ်း အတွက် တွေ့ဆုံမေးမြန်းခဲ့သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင် လုပ်ဆောင်နေသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းမှ လုပ်ငန်းဆောင်ရွက်သူ အများစုမှာ အသိုင်းအဝိုင်း အချင်းချင်း သဟဇာတဖြစ်ရေး  (ICH) အပေါ် အာရုံစူးစိုက် လုပ်ဆောင်နေသူများသာ မဟုတ်ဘဲ အသိုင်းအဝိုင်း အချင်းချင်း ပဋိပက္ခဖြစ်မှုမှာလည်း တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ ထိန်းချုပ်မှုအောက်တွင် မရှိပါ။

# နောက်ဆက်တွဲ ၂ - 'ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး စာစဥ်များအတွက် ကူညီထောက်ပံ့မှုများ'

ဤ ဆွေးနွေးချက် စာတမ်း သည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် Paung Sie Facility (PSF) ၏ တတိယမြောက် ကူညီထောက်ပံ့ခြင်း ဖြစ်ပါသည်။ ပထမဆုံး စာတမ်းဖြစ်သော "*အမျိုးသမီးများ အသင့် ဖြစ်နေပြီ - မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး ပြုပြင် ပြောင်းလဲမှုအတွက် အခွင့်အလမ်း တစ်ရပ်*" စာတမ်းတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဥ်နှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု၌ အမျိုးသမီးများ၏ ပါဝင်မှုနှင့် ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာ ဆန်းစစ်လေ့လာ ထားပါသည်။[213] ဒုတိယစာတမ်းဖြစ်သော မြန်မာ့ လူငယ်နှင့် နေ့စဥ်ငြိမ်းချမ်းရေး - *မြန်မာ့လူငယ်များ၏ အသုံးမပြုရသေးသော အစွမ်းအစများကို မြှင့်တင်ခြင်း*[214] စာတမ်းတွင် ငြိမ်းချမ်းရေး တည်ဆောက်မှု၌ လူငယ်များ၏ ပါဝင်မှုအပေါ် အာရုံစိုက် ဖော်ပြထားပါသည်။

ဤစာစဥ်များ၏ ဆွေးနွေးချက် စာတမ်း တွင် အပြီးသတ်အဖြစ် ဖော်ပြမှုထက် ဆွေးနွေးရန် အစဖော် ပေးခြင်းသာ ဖြစ်ပါသည်။ စာတမ်းအားလုံးသည် လုပ်ဆောင်သူ အသီးသီး၏ အခန်းကဏ္ဍများကို သိရှိနားလည်ရန်နှင့် အသိပညာနှင့် နားလည်သဘောပေါက်မှု တို့အကြား ကွာဟချက်များကို ဖော်ထုတ်နိုင်ရန်အတွက် အဓိကကျသော အကျိုးဆက်စပ် ပတ်သက်သူများနှင့် အတူပါဝင် ထိတွေ့ ဆောင်ရွက်မှုမှ ရရှိလာခြင်း ဖြစ်ပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာမှ ရရှိခဲ့သော သင်ခန်းစာများ အရ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးမှာ အမျိုးမျိုးသော အကျိုးစီးပွားများ၊ ပြဿနာများ၊ အုပ်စုများနှင့် အသိုင်းအဝိုင်းများ အားလုံးကို လွှမ်းခြုံပါဝင်နိုင်မှုအပေါ် မှီတည် နေကြောင်း အထင်အရှား ပြသနေပါသည်။ တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဥ်တွင် ပါဝင်ပတ်သက် နေသည့် အဓိကကျသော ဆုံးဖြတ်ချက် ချမှတ်သူများအား ကောင်းစွာ အာရုံစိုက်သော်လည်း ဤစာတမ်းများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဥ်က တစ်စထက်တစ်စ တိုး၍ အမှီပြုလာရမည့် စေ့စပ်ဖျန်ဖြေသူများနှင့် ငြိမ်းချမ်းရေး တည်ဆောက်သူများ အကြောင်းသိရှိ နားလည်နိုင်ရန်နှင့် ၎င်းတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ပြောဆို ဆွေးနွေးနိုင်ရန် ကြိုးစားပါသည်။

PSF သည် နိုင်ငံအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အရပ်ဘက် လူမှုအဖွဲ့အစည်း အမျိုးမျိုးနှင့် လူမှုရေး ပေါင်းစည်းညီညွတ်မှုနှင့် ငြိမ်းချမ်းရေးနှင့် ဆက်စပ်နေသည့် လုပ်ငန်းများအား ထောက်ပံ့ကူညီပေးခဲ့ပြီး၊ ၎င်းတို့၏ ဆက်လက်အထောက်အကူ ပေးနေမှုများနှင့် စွမ်းပကားကို အသိအမှတ် ပြုပါသည်။ PSF ၏ လက်ရှိ အလှူရှင်ဖြစ်သော ယူနိုက်တက်ကင်းဒမ်း (UK)၊ ဩစတြေးလျနှင့် ဆွီဒင် နိုင်ငံ အစိုးရများသည် အရပ်ဘက် လူမှုအဖွဲ့အစည်းများအား ၎င်းတို့၏ ဖွံ့ဖြိုးရေး လုပ်ငန်း အစီအစဥ်များ၏ အဓိကကျသော အစိတ်အပိုင်း တစ်ခုအဖြစ် အားပေးကူညီ သွားရန် ကတိကဝတ်ပြုကြောင်း ဖော်ပြခဲ့ကြပါသည်။



*မာမာချို၊ သံတောင်ကြီးအမျိုးသမီးများအဖွဲ့*

# နောက်ဆက်တွဲ ၃ - ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ တို့၏ ခေတ်ပြိုင်စွမ်းအားများ

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ် - အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းသည် နိုင်ငံအတွင်း ဖြစ်ပေါ်နေသော ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများနှင့် ဆက်နွယ်နေသဖြင့် စာရှုသူသည် ယင်းသမိုင်းကြောင်းနှင့် ပတ်သက်၍ အခြေခံအားဖြင့် နားလည် လိမ့်မည်ဟု ဤ *ဆွေးနွေးချက် စာတမ်း* က ယူဆပါသည်။ ဤနောက်ဆက်တွဲသည် အကုန်အစင် မဟုတ်သော်လည်း နိုင်ငံ၏ စွမ်းအားနှင့် ငြိမ်းချမ်းရေးအတွက် အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ အထောက်အကူ ပြုမှုအပေါ် မည်သို့သြဇာ သက်ရောက်သည်ဆိုသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ရင်းနှီးမှု သိပ်မရှိသည့် စာရှုသူများအတွက် အစပျိုးပေးခြင်း ဖြစ်ပါသည်။ ဤ ဆွေးနွေးချက် စာတမ်း တွင် မြန်မာနိုင်ငံ၏ အပြောင်းအလဲများကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအထိ အာရုံစိုက် လေ့လာ ဆန်းစစ်ထားပါသည်။ လေ့လာဆန်းစစ်မှု ပြုလုပ်သည့် ကာလနောက်ပိုင်း ဖြစ်ပွားခဲ့သော ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ရခိုင်ပြည်နယ် မြောက်ပိုင်း တိုက်ခိုက်မှု ဖြစ်စဉ်များကဲ့သို့ အဓိကကျသည့် ဖြစ်ရပ်များမှာ နိုင်ငံတွင်း ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ အခြေအနေ များအပေါ် အကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။

အရှေ့တောင်အာရှ နယ်မြေ၏ အခြား အစိတ်အပိုင်းများ ကဲ့သို့ပင် မြန်မာနိုင်ငံ၏ ပိုင်နက် အထူးသဖြင့် အစွန်အဖျား ဒေသများသည် မည်သည့်အခါကမျှ ဗဟိုအစိုးရ၏ ထိန်းချုပ်မှု အောက်တွင် လုံးလုံးလျားလျား ကျရောက်ခဲ့ခြင်း မရှိပါ။ ရှေးခေတ် မြန်မာနိုင်ငံသည် ဘုရင့်နိုင်ငံများ ပါဝင်ပြီး၊ ဆက်ဆံရေးများမှာ အိမ်နီးချင်း နိုင်ငံများ၊ မင်းသားအုပ်ချုပ်ခံ နိုင်ငံများနှင့် ပြည်သူများသို့ ပြောင်းရွှေ့ သွားခဲ့ကာ အားလုံးမှာ ဗဟိုမှ ချုပ်ကိုင်သော အမိန့်အာဏာ အုပ်စိုးမှု မရောက်ရှိနိုင်သည့် နေရာများ ဖြစ်ပါသည်။[215] ဗြိတိသျှ ကိုလိုနီ ကာလအတွင်း ယခင်က မတည်မြဲဘဲ ပြောင်းလဲ နေသော ဂိုဏ်းဂဏ လက္ခဏာများဖြင့် နယ်နိမိတ် သတ်မှတ်မှုမှသည် ထင်ရှားသော ဂိုဏ်းဂဏ လက္ခဏာ ပြယုဂ်အဖြစ် လူမျိုးစုအလိုက် (အနည်းအကျဉ်းမှာ ဘာသာရေး အလိုက်) ပို၍တိကျစွာ တင်းတင်း ကျပ်ကျပ် သတ်မှတ်လာပါသည်။ လူမျိုးစု ဂိုဏ်းဂဏ လက္ခဏာဖြင့် ခေါ်ဝေါ် သတ်မှတ် မှုသည် ကိုလိုနီခေတ် နောက်ပိုင်း ရှုပ်ထွေးသော သမိုင်းကြောင်းတစ်လျှောက် ပဋိပက္ခများကို ဖြစ်ပေါ်စေခဲ့ပါသည်။[216] လူမျိုးစု လူထုများကို ကိုယ်စားပြုသည်ဟု ဆိုကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (EAOs) အချို့မှာ ၁၉၄၀ ပြည့်လွန်နှစ်များမှ စ၍ ၎င်းတို့၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့် အတွက် တိုက်ပွဲဝင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး မရမီ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းသည် အားလုံးမဟုတ်သော်လည်း တိုင်းရင်းသား ခေါင်းဆောင် ကိုယ်စားလှယ်များနှင့် ပင်လုံညီလာခံကို ကျင်းပခဲ့ပါသည်။ သမိုင်းဝင် ပင်လုံညီလာခံတွင် အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးတို့တွင် ကိုယ်ပိုင်လုပ်ပိုင်ခွင့် အပါအဝင် အခွင့်အရေးနှင့် ပါဝင်ဆောင်ရွက်ခွင့် တန်းတူ ရည်တူ ရရှိရေးကို အာမခံသော သဘောတူညီချက် ရရှိခဲ့ပါသည်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ခွဲထွက်ခွင့်ကို ပါဝင် ထည့်သွင်းထားပါသည်။ သို့ရာတွင် ယင်းသဘောတူညီချက်မှာ မည်သည့်အခါကမျှ မဖြစ်မြောက်ခဲ့ပါ။ လွတ်လပ်ရေး ရပြီး မကြာမီ မြန်မာ ထိပ်တန်းပုဂ္ဂိုလ်များက နိုင်ငံကို လွှမ်းမိုးနိုင်ရန် စတင်ဆောင်ရွက်မှု များနှင့်အတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ကြိုးပမ်း လှုပ်ရှားမှုများ ပေါ်ပေါက်လာကာ နိုင်ငံတော်၏ ညီညွတ်ရေးကို ခြိမ်းခြောက်လာခဲ့ပြီး၊ ယနေ့အထိ တည်ရှိဆဲဖြစ်သော လက်နက်ကိုင် အဖွဲ့များ၏ နိုင်ငံရေး လွတ်လပ်ခွင့် လှုပ်ရှားမှုများ ဖြစ်ပွား လာခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် ဦးစောမောင် အာဏာရလာပြီးနောက် ဝပြည် သွေးစည်း ညီညွတ်ရေးတပ်ဖွဲ့ (UWSA, ၁၉၈၉ ခုနှစ်)၊ ကချင်လွတ်မြောက်ရေးတပ် (KIO, ၁၉၉၄ ခုနှစ်) နှင့် မွန်ပြည်သစ်ပါတီ (NMSP, ၁၉၉၅ ခုနှစ်) တို့အပါအဝင် အဖွဲ့များနှင့် နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု အချို့ ရရှိခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်၊ အထွေထွေ ရွေးကောက်ပွဲ မတိုင်မီ အစိုးရ ဟောင်းက တိုင်းရင်းသား တပ်ဖွဲ့များအား မြန်မာ့ လက်နက်ကိုင် တပ်ဖွဲ့များနှင့် ပူးပေါင်းရန် ရည်ရွယ်ချက်ဖြင့် နယ်ခြားစောင့်တပ် (BGF) စီမံချက်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ အဖွဲ့အစည်း ငယ်များနှင့် ခွဲထွက်အဖွဲ့ အနည်းငယ်ကသာ နယ်ခြားစောင့်တပ် ဖွဲ့စည်းရန် အဆိုပြုချက်ကို လက်ခံခဲ့ကြပါသည်။ အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ပြည်သူ့စစ် အဖွဲ့များ အဖြစ် ပြောင်းလဲကြပြီး၊ ၎င်းတို့မှာ လောလောဆယ်တွင် တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ ဦးဆောင်မှု ပြင်ပတွင် ရှိနေကြပါသည်။[217]

သမ္မတ ဦးသိန်းစိန်သည် ၎င်း၏ ၅ နှစ်တာ သက်တမ်း၏ အစဖြစ်သော ၂၀၁၁ ခုနှစ်၊ ဧပြီလတွင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုနှင့်အတူ ၎င်း၏ အစိုးရအဖွဲ့၏ နိုင်ငံရေး ဦးစားပေး လုပ်ငန်းအဖြစ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် စေ့စပ်ညှိနှိုင်းရေးကို ကြေညာခဲ့ပါသည်။ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်း နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ် သို့မဟုတ် သက်တမ်းတိုးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဘားအံမြို့ ၌ လက်မှတ် ရေးထိုးခဲ့သော ကရင်အမျိုးသား အစည်းအရုံး (KNU) နှင့် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ကမ္ဘာ့ အရှည်ကြာဆုံး ပြည်တွင်းစစ်ကို ခေတ္တ ရပ်ဆိုင်းစေခဲ့ပါသည်။ ဝန်ကြီး ဦးအောင်မင်းသည် အလှူရှင်များက ထောက်ပံ့ပေးသော မြန်မာ ငြိမ်းချမ်းရေးစင်တာ (MPC) ၏ အကူအညီဖြင့် သမ္မတ ဦးသိန်းစိန်၏ ဦးဆောင် ဆွေးနွေး ညှိနှိုင်းသူ ဖြစ်လာပါသည်။

တစ်ချိန်တည်းမှာပင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အများအပြားမှာ နောက်ပိုင်းမှ လုပ်ဆောင်မည့်အစား တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ် မရေးထိုးမီ နိုင်ငံရေးအရ အဖြေရှာနိုင်ရန် ကြိုးပမ်းနေကြပါသည်။ နိုင်ငံရေး ပြဿနာများမှာ အထူးသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အာဏာခွဲဝေရေး ကိစ္စရပ်များဖြစ်ပြီး၊ ယင်းတို့ကို တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အတည်ပြု လက်မှတ်ရေးထိုး ပြီးနောက် စတင်ကျင်းပမည့် အဆင့်ပေါင်းစုံ ပါဝင်သော အမျိုးသား အဆင့် နိုင်ငံရေး ဆွေးနွေးပွဲ လုပ်ငန်း စဉ်တွင် ဆွေးနွေးရန် ရွှေ့ဆိုင်းထားပါသည်။[218]

တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် နေပြည်တော်၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့က လက်မှတ်ရေးထိုး ပြီးနောက်[219] ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်၌ အတည်ပြုခဲ့ပါသည်။[220] တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အချို့မှာ စာချုပ်လက်မှတ် ရေးထိုးရာတွင် ကျန်ရှိနေခဲ့ပြီး၊ အချို့မှာ စာသားများကို သဘောတူညီမှု ရှိထားစေကာမူ ထိုအချိန်က စာချုပ်ကို လက်မှတ် ရေးထိုးခြင်း မပြုခဲ့ပါ။ ထို့ကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) မှာ တစ်ဖက်တစ်ပျက် သဘောတူညီမှု ဖြစ်နေပြီး၊ အဖွဲ့အားလုံးကို ငြိမ်းချမ်းရေး လုပ်ငန်း စဉ်တွင် ပါဝင်ရန် ဖိတ်ခေါ်ခြင်း မဟုတ်ဘဲ[221] အချို့ကမူ ပါဝင်ခြင်း မပြုရန် ဆုံးဖြတ်ခဲ့ကြပါသည်။[222] တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို နိုဝင်ဘာ ၈ ရက်၊ ၂၀၁၅ ခုနှစ်၊ အထွေထွေ ရွေးကောက်ပွဲမကျင်းပမီ ရက်သတ္တပတ် အနည်းငယ် အလိုတွင်သာ လက်မှတ် ရေးထိုးပွဲ ကျင်းပခဲ့ပါသည်။ ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) က အပြတ်အသတ် အနိုင်ရရှိခဲ့ပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ရှေ့ဆက်သွားနိုင်ရန် အဓိက အကောင်အထည်ဖော်မှု ပုံစံနှစ်မျိုး ဖြစ်သော ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တို့ကို ဖွဲ့စည်းပေးခဲ့ပါသည်။[223] ဦးသိန်းစိန် အစိုးရ သက်တမ်း ကုန်ဆုံးခါနီးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (UPC) ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း နေပြည်တော်၌ ၅ ရက်ကြာ ကျင်းပခဲ့ပါသည်။ ငြိမ်းချမ်းရေး ညီလာခံကို အစပိုင်းတွင် ငြိမ်းချမ်းရေး လမ်းပြမြေပုံ၏ ပြည့်စုံခိုင်မာသော ခြေလှမ်းတစ်ရပ်အဖြစ် မျှော်မှန်းခဲ့သော်လည်း အဓိကအားဖြင့် အမှတ်သင်္ကေတ အဖြစ်သာ ကျန်ရှိနေခဲ့ပါသည်။ သို့သော်လည်း ငြိမ်းချမ်းရေးညီလာခံတွင် တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၊ နိုင်ငံရေး ပါတီများ၊ လူမျိုးစု ကိုယ်စားလှယ် များနှင့် မြန်မာနိုင်ငံ၏ အဓိက အုပ်ချုပ်ရေး နယ်မြေဒေသ ၁၄ ခုရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ တက်ရောက်သူ ၇၀၀ ကျော် ပါဝင်စေနိုင်ခဲ့ပါသည်။

## အကျဉ်းချုပ် - အသိုင်းအဝိုင်းများအကြား တင်းမာမှုများ

မြန်မာနိုင်ငံတွင် နိုင်ငံရေး အပြောင်းအလဲများ စတင်ချိန်မှစ၍ အသိုင်းအဝိုင်း အချင်းချင်း အကြမ်းဖက်မှုများ တစ်ကျော့ပြန် ပြန်လည်ဖြစ်ပွား လာသည်ကို တွေ့မြင်ရပါသည်။ ယင်းအကြမ်းဖက်မှုမျိုးမှာ အဓိက အားဖြင့် လူနည်းစု အသိုင်းအဝိုင်းများ အထူးသဖြင့် မွတ်စလင် အသိုင်းအဝိုင်းများအား ဦးတည်ခြင်းဖြစ်ပြီး၊ ဗုဒ္ဓဘာသာဝင် အမျိုးသားရေး ဂါဒီများက ပြုလုပ်လေ့ရှိပါသည်။[224] ဗုဒ္ဓဘာသာဝင်များနှင့် အမျိုးသားရေး ဂါဒီများမှာ ဗြိတိသျှ ကိုလိုနီ အုပ်ချုပ်မှု လက်အောက်တွင် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်စဉ် ကာလအတွင်း အတူရောနှော ပူးပေါင်းခဲ့ကြပါသည်။ ဗြိတိသျှတို့သည် ရှင်ဘုရင်ကို နန်းချပြီး၊ ဘုန်းတော်ကြီးများ၏ နိုင်ငံရေး သြဇာအာဏာကို သိသိသာသာ လျှော့ချခဲ့ပါသည်။[225] သို့ရာတွင် ထိုအချိန်က အသိုင်းအဝိုင်း အချင်းချင်း အကြမ်းဖက်မှုမှာ အဓိကအားဖြင့် အိန္ဒိယနွယ်ဖွားများအား ဦးတည်လေ့ရှိပြီး၊ ၎င်းတို့အား ကိုလိုနီ အုပ်ချုပ်ရေး၏ အဖွဲ့ဝင်များအဖြစ် အသုံးချရန် လူဦးရေ အမြောက်အမြား ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပါသည်။ အချို့သော ဆန်းစစ် လေ့လာသူများကမူ *"အတိအကျ ဆိုရလျှင် (အိန္ဒိယ ဆန့်ကျင်ရေးထက်) မွတ်စလင် ဆန့်ကျင်ရေး တင်းမာမှုများက ၁၉၃၈ ခုနှစ်တွင် အကျပ်အတည်း အဆင့်သို့ ဦးစွာ ရောက်ရှိလာကြောင်း"* ထောက်ပြကြပါသည်။[226] အလားတူ ထိပ်တိုက်ဆန့်ကျင်မှုများမှာ ၁၉၅၈ ခုနှစ်၊ ၂၀၀၁ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တို့တွင်[227] ဖြစ်ပွားခဲ့ပြီး၊ လူနည်းစု အများအပြားက အလားတူ ဖယ်ကြဉ် ထားခံရမှုများ တွေ့ကြုံခံစား နေရသော်လည်း အိန္ဒိယ ဆန့်ကျင်ရေးနှင့် အခြား နိုင်ငံခြားသားကိုမနှစ်သက်သော အကြောင်းအရာများ ကျယ်ကျယ် ပြန့်ပြန့် ဖြန့်ဝေလာကြခြင်းတို့က အချိန်နှင့်အမျှ မွတ်စလင် ဆန့်ကျင်ရေး စိတ်ဓာတ် ဖြစ်ပေါ်လာစေပါသည်။[228]

နိုင်ငံ၏ အခြား ဒေသများတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် စေ့စပ်ညှိနှိုင်းမှုများ အရှိန်အဟုန်ဖြင့် တိုးပွားလာနေစဉ်မှာပင် ရခိုင်ပြည်နယ်၌ အကြမ်းဖက်မှုများ ပေါ်ပေါက်လာခဲ့ ပါသည်။ ၂၀၁၂ ခုနှစ်တွင် စစ်တွေမြို့နှင့် အခြားမြို့ကြီးများနှင့် အချက်အချာကျသော နေရာများ၌ ပေါ်ပေါက်ခဲ့သော အကြမ်းဖက်မှုများကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ကြရပြီး၊ အများအားဖြင့် မွတ်စလင်များ ဖြစ်ကြသော[229] ခန့်မှန်းခြေ လူပေါင်း ၁၄၅,၀၀၀ ခန့်မှာ နေရပ် စွန့်ခွာ ထွက်ပြေးကြရ၍ "ယာယီ" စခန်းများသို့ ပြောင်းရွှေ့ခဲ့ကြရပါသည်။[230] ယင်း ဖြစ်ရပ်ကြောင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ

အရေးအခင်းကို ပိုမိုရှည်ကြာစေပြီး၊ အသိုင်းအဝိုင်းများ အကြား အကွဲကွဲဖြစ်မှုမှာ ယနေ့ထက်တိုင် ဆက်လက်ဖြစ်ပွားနေပါသည်။ ထို့ပြင် ဒုက္ခသည်များ ကုန်းကြောင်းနှင့် ပင်လယ်ရေကြောင်းမှ ရွှေ့ပြောင်းသွားလာမှုများ အကြီးအကျယ် များပြားလာပြီး၊ လက်ရှိ တင်းမာမှုများကို ထူးခြားသော ဒေသတွင်း တုံ့ပြန် ပြောင်းလဲမှုများ ထပ်ဆောင်းလိုက် သကဲ့သို့ ဖြစ်စေပါသည်။[231] ရခိုင်ပြည်နယ် ပြင်ပတွင်လည်း မွတ်စလင် အသိုင်းအဝိုင်းများ ပါဝင် ပတ်သက်သည့် အကြမ်းဖက်မှုများ မိတ္ထီလာမြို့ နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း၊ လားရှိုးမြို့၊ မန္တလေးမြို့နှင့် အခြား ဒေသများတွင် ဖြစ်ပွားခဲ့ပါသည်။[232] အသိုင်းအဝိုင်းများအကြား အကြမ်း ဖက်မှုကို ရခိုင်လူမျိုးတို့၏ အမြင်တွင် မြင်လေ့ရှိစေကာမူ ဂိုဒေသ လက္ခဏာအပေါ် အခြေခံ၍ ချန်လှပ်ထားမှုများမှာ နိုင်ငံအနှံ့အပြားတွင် နည်းအမျိုးမျိုးဖြင့် ပေါ်ပေါက်နေခြင်းက မြန်မာနိုင်ငံ၏ ပဋိပက္ခ ဖွဲ့စည်းဖြစ်ပေါ်လာမှု သဘောသဘာဝကို ဖော်ပြနေ ပါသည်။

မွတ်စလင် ဆန့်ကျင်ရေး စိတ်ဓာတ်များမှာ အမျိုး ဘာသာ သာသနာ စောင့်ရှောက်ရေး အဖွဲ့ သို့မဟုတ် မဘသ ဟု ခေါ်ဆိုသော အမျိုးသားရေး ဝါဒီအုပ်စုနှင့် ၎င်း၏ အရင် ပေါ်ပေါက်ခဲ့သော ၉၆၉ လှုပ်ရှားမှု နှင့်အတူ ဆက်စပ် ပတ်သက်နေပါသည်။[233] ထိုသို့သော အဖြစ်အပျက်များမှာ မြန်မာနိုင်ငံတွင် ပျံ့နှံ့နေပြီး၊ ယင်းကိုတုံ့ပြန်သည့် အနေဖြင့် ဘာသာပေါင်းစုံ ဆွေးနွေးပွဲများကို အားပေးမှုများမှာ အထူးသဖြင့် အကြမ်းဖက်မှု ဖြစ်ရပ်များ တွေ့ကြုံရသည့် နယ်မြေဒေသများတွင် ပေါ်ပေါက်လာပါသည်။ ဒေါ်အောင်ဆန်းစုကြည် အစိုးရ လက်ထက်တွင် နိုင်ငံတွင်း အမြင့်ဆုံး ဗုဒ္ဓဘာသာ အဖွဲ့အစည်းဖြစ်သော နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့က မဘသ အဖွဲ့အား ဖျက်သိမ်းရန် အမိန့်ပေးခဲ့ပြီး၊[234] ယင်းအဖွဲ့၏ အထင်ရှားဆုံး ခေါင်းဆောင်တစ်ဦးဖြစ်သော အရှင် ဝီရသူအား[235] ရှေ့နေဦးကိုနီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ဖေ့စ်ဘွတ် လူမှုကွန်ရက်တွင် ၎င်း၏ မှတ်ချက် ရေးသားမှုကြောင့် လူထုထဲတွင် တရားဟောခွင့် တစ်နှစ် ပိတ်ပင်ခဲ့ပါသည်။[236]

## ၂၀၁၆ ခုနှစ်၊ ဧပြီလနောက်ပိုင်း အရေးပါသော ဖြစ်ရပ်များ

ဒေါ်အောင်ဆန်းစုကြည်သည် ဦးသိန်းစိန် ကဲ့သို့ပင် ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် ၎င်း၏အစိုးရ အာဏာ ရလာပြီး မကြာမီပင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် ကြေညာခဲ့ ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ထောက်ခံခဲ့ပြီး၊ စာချုပ်ကို လက်မှတ် မထိုးရသေးသော အဖွဲ့များအား သူမ၏ အစိုးရသစ်က ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ တရားဝင် အဖွဲ့အစည်းများအား ပြောင်းလဲ ပြင်ဆင်နေစဉ် လက်မှတ်ရေးထိုးကြရန် တိုက်တွန်းခဲ့ပါသည်။[237] အစိုးရအဖွဲ့နှင့် အဓိကကျသော ပုဂ္ဂိုလ် များအား အပြောင်းအလဲ ပြုလုပ်မှုများနှင့်အတူ နိုင်ငံတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအကြား အလွတ်သဘော ဆွေးနွေးမှုများတွင် လူသစ်များဖြင့်အစားထိုးခဲ့ပြီး၊ နှစ်အတန်ကြာ ဆက်ဆံရေး တည်ဆောက်ခဲ့သော စေ့စပ်ညှိနှိုင်းသူများနှင့် သိသိသာသာ သဘောထား ကွဲလွဲမှုများ ရှိခဲ့သည်ဟု ဆိုပါသည်။[238] ထို့ပြင် အစိုးရ အဖွဲ့အတွင်းမှ အရပ်သား အဖွဲ့ဝင်များနှင့် စစ်တပ် အရာရှိများအကြား ဆက်သွယ်ရေးမှာလည်း ယခင်ကထက် ပိုမိုခက်ခဲ လာသည်ဆိုသော သတင်း အချို့လည်း ရရှိခဲ့ပါသည်။[239]

၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ရုံးက မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC) ကို အစားထိုးရန် အမျိုးသား ပြန်လည်သင့်မြတ် ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ကို ထူထောင်ခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ကျင်းပ ပြုလုပ်ခဲ့သော ပင်လုံညီလာခံ အမှတ်တရ အနေဖြင့် ဒုတိယအကြိမ် ပင်လုံညီလာခံကို ၂၁ ရာစု ပင်လုံညီလာခံအမည်ဖြင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၄ ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ယင်းညီလာခံတွင် ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အထူး ဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ပါသည်။ ညီလာခံတွင် အစိုးရ၊ နိုင်ငံရေး ပါတီများနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားသူ များနှင့် လက်မှတ် မထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ စုစုပေါင်းလူဦးရေ ၈၅၀ ခန့် ပါဝင်တက်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းရင်းသားလူငယ်များ မဟာမိတ်အဖွဲ့ (NEYA) နှင့် ငြိမ်းချမ်းရေးအတွက် ကျား-မ တန်းတူရေးမဟာမိတ်အဖွဲ့ (AGIPP) အပါအဝင် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အနည်းငယ်မျှသာ လေ့လာသူ အဖြစ် ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ထင်ရှားသော ပုဂ္ဂိုလ်များကလည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ကျား-မ ဆိုင်ရာနှင့် လူငယ်များ ပါဝင်ရန် လိုအပ်မှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။[240]

